
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆုမြတ်မွန်မွန်

အပျိုစင်နှလုံးသားဖြစ်နေသောကြောင့်

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ် (၅၉) ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၅၅၇၃)၊ စေတနာ Offset

အမှတ် (၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်

ဆုမြတ်မွန်မွန် ၈၉၅. ၈၃

အပျိုစင်နှလုံးသားဖြစ်နေသောကြောင့်၊ ဆုမြတ်မွန်မွန် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၃

၂၈၈-စာ၊ ၅×၇

(၁) အပျိုစင်နှလုံးသားဖြစ်နေသောကြောင့်



# ဆုမြတ်မွန်မွန်



## အပျိုစင်နှလုံးသား ဖြစ်နေသောကြောင့်



စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



# ၉ ၊ ၉

"သဘောကျရဲ့လား အနှောင်း"

မိုးနှောင်းက ဆယ့်နှစ်ထပ် အမြင့်ကနေ၍ မြင်နေရသော ရန်ကုန်မြို့၏ ရှုခင်းမှာ ဘယ်လောက်များ ငေးမောသက်ဝင်မိနေလဲ မသိချေ။ နောက်က အသံကြားလိုက်သောအခါ လူက ဆတ်ခနဲတောင် ဖြစ်သွားလေသည်။ မိုးနှောင်းရဲ့နောက်နားနီးနီးမှာ လာရပ်သော သူက မိုးနှောင်းကို ပခုံးဖက်တာမျိုး၊ ခါးဖက်တာမျိုး မလုပ်ပါချေ။ အင်းလေ … အဲဒါကလည်း …

ဆက်မတွေးဖြစ်တော့ပဲ မိုးနှောင်းက တံတွေးကို တစ်ချက်မျိုချမိသွားသည်။

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းရဲ့ "ဟုတ်" က လည်ချောင်းထဲမှာ ခြောက်ကပ်ပြီး ထွက်လာသော ဟုတ်,အဖြစ် အက်ကွဲကွဲထွက်သွားသည်ဟု ထင်သည်။ သူက မိုးနှောင်းရဲ့ ပခုံးတစ်ဖက်ကို တစ်ချက်ဖျစ်ညှစ်ကာ ...

"စိတ်ကို ပေါ့ပေါ့ပါးပါးပဲ ထားလေ အနှောင်း ... နှော်၊ မင်းစိတ်ထဲမှာ ခံစားနေရတာတွေ ဘာမဆို ပွင့်ပွင့်လင်းလင်း ပြောနိုင်တယ်။ ကိုယ်နဲ့ မင်းက ပါတနာတွေပဲ"

"ပါတနာ ! "

ရုတ်တရက် ယောင်ယမ်းပြီး မိုးနှောင်းပါးစပ်က ထွက်သွားမိသည်။ ပါတနာ ! ... ပါတနာတဲ့လား။ ဩော် ... နားဝင်ချိုအောင် ပြောတတ်လှချည်လား ဦးထန်မိုးရယ်။

"ဟုတ်တယ် ... ပါတနာတွေလို့ပဲ သတ်မှတ်ထားပါ အနှောင်း။ ကိုယ်တို့က တစ်ယောက်ရဲ့စိတ်ချမ်းသာမှုကို တစ်ယောက်ဆီမှာ ရှာဖွေကြရမယ့် သူတွေပဲ မဟုတ်လား"

"အင်း ... ဟုတ်ပါတယ်လေ"

မိုးနှောင်းက တွေးတွေးဆဆလေး ပြန်ပြောလိုက်လျှင် သူက သဘောကျဟန်ဖြင့် မိုးနှောင်းရဲ့ လည်တိုင်လေးကို





ငုံ့နမ်းလိုက်လျှင် လူတစ်ကိုယ်လုံး တောင့်မတ်သွားရသည်။ ကိုယ်တိုင်သာ သိနိုင်သော အခြေအနေတစ်ခုကို သူကတော့ သတိထားမိပုံမပေါ်ပါ။

"ကဲ ... ကိုယ် ရေသွားချိုးလိုက်ဦးမယ်။ ပြီးရင် တစ်ခုခုသောက်ချင်တယ်၊ ရှန်ပိန်လေးဖြစ်ဖြစ် အဆင်ပြေနိုင်မလား။ ဘားမှာ အစုံရှိတယ်"

"အေးအေးဆေးဆေးသာချိုးပါ၊ ကျွန်မ စီစဉ်ထားပေးပါ့မယ်"

"အိုခေ ... သင့်ခ်ယူ"

သူက အနားမှ ထွက်ခွာသွားပြီး အခန်းထဲသို့ ဝင်သွားသည်။ သူ မရှိတော့မှပဲ မိုးနှောင်းဟာ အခန်းတစ်ခုလုံးကို ဝေ့ဝဲကြည့်မိသည်။ မိုးနှောင်းနေဖို့ စီစဉ်ပေးထားသော အဆင့်မြင့်ကွန်ဒိုကြီးဟာ ရန်ကုန်မြို့ရဲ့ ဆိတ်ငြိမ်ရပ်ကွက်တစ်ခုမှာ ရှိပါသည်။ အတွင်းအပြင်ကလည်း ခမ်းနားရှိုးရှင်းစွာ ပြင်ဆင်ထားသဖြင့် ရောက်လာသော ဧည့်သည်ဟာ အိမ်ရှင်ရဲ့အဆင့်အတန်းကို ခန့်မှန်းနိုင်သည်။ အခန်းအတွင်းမှာ Bar လေးတစ်ခုကိုပါ ထည့်သွင်းထားတာကတော့ သူ့စိတ်ကူးပဲ ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းက ဘားဆီသို့ လျှောက်သွားကာ သူ ကြိုက်နှစ်သက်သည့် ရှန်ပိန်ပုလင်းကို ပြင်ဆင်ထားလိုက်သည်။ ပြီးတော့ ဘယ်ရီသီးလေးများကို ဖန်ပန်းကန်လုံး လှလှလေးထဲတွင် စားချင်စဖွယ် ထည့်လိုက်သည်။ နောက် သူ ကြိုက်သော ပန်းသစ်တော်သီးကို ရေခဲသေတ္တာထဲမှ ထုတ်ကာ အစီအရီစိတ်ပြီးနောက် ပန်းကန်ထဲမှာ ထည့်သည်။ အဲဒီနောက် အိပ်ခန်းရဲ့ ဘေးဘက် မှန်ချပ်ကြီးများရှိရာ ရှုခင်းသာဘက်က စားပွဲလေးတွင် ရှန်ပိန်နှင့်အတူ ခင်းကျင်းလိုက်သည်။

အခန်းထဲမှ ရေပန်းမှ ရေစီးကျသံနှင့်အတူ သူ့ရဲ့ လေချွန်သံကို တစ်ချက် တစ်ချက် ကြားရသည်။ အားလုံးပြင်ဆင်ပြီးလျှင် မိုးနှောင်းက တယောတေးသွားချည်းသာ ပါဝင်သော CD player ကို ခပ်တိုးတိုး ကြားနိုင်သည် ဆိုရုံမျှသာ ဖွင့်လိုက်သည်။ နောက်တော့ ခံမှာဝင်ထိုင်ရင်း ရန်ကုန်မြို့ရဲ့ ဆယ့်နှစ်ထပ်ရှုခင်းကို ငေးမောနေမိပြန်သည်။ ဒီတစ်ခါတော့ အမြင့်ပျံရှုခင်းကို ကြာကြာငေးမောခွင့် မသာတော့ချေ။ တံခါးဖွင့်သံကိုကြားရပြီးနောက် ရေချိုးခန်းထဲမှာ ထွက်လာသော သူ့ကိုတွေ့လိုက်ရ၍ဖြစ်သည်။ သူက မိုးနှောင်းကို လှမ်းပြုံးပြသည်။



စီစဉ်သူ မောင်ကျော်ရှိုင်
စေတနာစာပေ၏ စင်တင်ကလောင်သစ်

Alter Writer



www.burmeseclassic.com

စိတ်ညီသူ မောင်ကျော်လှိုင်
စေတနာစာပေ၏ ဝင်တင်ကလောင်သစ်

Alter Writer

အပြင်းစားရင်ခုန်သံ

BURMESE CLASSIC .com





မိုးနှောင်းကလည်း ပြန်ပြုံးပြလိုက်ပါသည်။ အပေါ်ပိုင်း ဗလာကျင်း၊ အောက်ဘက်က တဘက်အဖြူတစ်ထည်ပတ်ထားသော သူ့ကိုယ်ပေါ်ကနေ မျက်လုံးကို လွှဲလိုက်မိသည်။ မကြာခင် အနားသို့ ရောက်လာတော့မည့် သူတစ်ယောက်အတွက် ရှန်ပိန်ကို အဆင်သင့် ပြင်ထားပေးလိုက်သည်။ ခဏနေတော့ လွတ်လပ်ပေါ့ပါးသည့် ချည်သားဝတ်စုံကိုဝတ်ကာ သူ ရောက်လာလေသည်။ သူ သုံးလာသော Body Shop သံလွင်သီး Shower ရနံ့သည် အနားသို့ လာနေပြီဆိုတာ ကြိုသိစေသောအနံ့မျိုး ဖြစ်သည်။

သူက ရှန်ပိန်ကိုသောက်ရင်း ကျေနပ်သွားဟန်ဖြင့် “အား”ခနဲ ရေရွတ်သည်။ မိုးနှောင်းသည် အမြင့်ပျံရှခင်းကို ငေးနေရာမှ အဲဒီအသံကြောင့် အသာအယာ လှည့်ကြည့်မိသည်။ ခုမှပဲ ဦးထန်မိုးကို စေ့စေ့စပ်စပ် ကြည့်မိတာ ဖြစ်တော့သည်။ ဦးထန်မိုး ရဲ့ပုံစံမှာ အရပ်မနိမ့်မမြင့်မှာ မပိန်မဝသော ခန္ဓာကိုယ်ရှိသည်။ ရေကူးအားကစားကို ခုံမင်သောကြောင့် သူ့အသက်အရွယ်နှင့် ဆာလျှင် ဗိုက်မထွက်ချေ။ သူ့ငွေ အရှိန်အဝါကြောင့်လား။ နဂို Power ကောင်းတာကြောင့်လားတော့ မသိ။ သူ့ပုံစံဟာ ကြည့်ကောင်းသည်ဟု မြင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဘာတွေ စိတ်ဝင်စားနေတာလဲ အနှောင်း"

အနှောင်း ... တဲ့။ ဖြစ်နိုင်လျှင် ဒီနာမည် မခေါ်စေချင်ပေ။ ဒီနာမည်ကို အမေကလည်း ခေါ်သည်။ သို့သော် ... အမေနဲ့ ဦးထန်မိုးသည် တစ်ယောက်နဲ့တစ်ယောက် သိတောင်မသိကြပေ။

"ကျွန်မ ဦးထန်မိုးကို ခုမှပဲ သေချာကြည့်မိလို့ပါ"

"ဟုတ်လား ... အင်း ... ခါတိုင်းက ဒီလို လွတ်လွတ်လပ်လပ်မှ မရှိတာပဲလေ"

သူကတော့ ပုံမှန်အတိုင်းပဲ ပြောလိုက်တာ ဖြစ်ပေမယ့် မိုးနှောင်းကတော့ ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားသည်။ ဘယ်သူ့ကို လွမ်းဆွတ်ရမှန်း မသိသော ခံစားချက်မျိုးဖြင့် ရင်ထဲမှာ ထိုင်းမှိုင်းသွားသည်။ တကယ်ဆို ဒီလိုသာယာ ယစ်မူးဖွယ်ကောင်းသော အနေအထားလေးဟာ ကိုယ့်ချစ်သူ ယောကျ်ားတစ်ယောက်နဲ့သာဆိုလျှင် ဘယ်လောက် ရင်ခုန်ကျေနပ်ဖွယ်ကောင်းမလဲ။

ခုတော့ ... ... ...။

"ရှန်ပိန် နည်းနည်းသောက်ပါလား အနှောင်း"



BURMESE CLASSIC .com



သူ ကိုယ်တိုင် ထည့်ပေးသည်။ အနှောင်းဟာ အရက်တွေ ဘီယာတွေ သောက်လေ့ သောက်ထ မရှိပေမယ့် ဒီတစ်ခါတော့ သောက်မိသည်။ ဖြစ်နိုင်လျှင် မိုးနှောင်း မူးပြီး ဘာမှန်းမသိတော့ရင်လဲ ကောင်းတာပဲလေ၊ မိုးနှောင်းက ရှန်ပိန်ကို တစိမ့်စိမ့်သောက်ရင်း သွေးတွေက ပူနွေးလာကာ ဦးထန်မိုးကို စူးစူးစိုက်စိုက် ကြည့်မိပြန်သည်။

သူကလည်း မိုးနှောင်းကို ပြုံးပြီးပြန်ကြည့်နေသည်။ တကယ်ဆို ဒီလို ရမ္မက်ဆန်တဲ့ အကြည့်မျိုးကို အတွေ့အကြုံမရှိတဲ့ မိုးနှောင်းက ရှက်ရွံ့ရင်မဆိုင်ရဲ ဖြစ်ရမှာ မဟုတ်ဘူးလား။ ရည်းစားတစ်ယောက်တော့ ထားဖူးသော်လည်း အဲဒီရည်းစားနဲ့ ပါးလေးနမ်းရုံက မပိုခဲ့သော မိုးနှောင်းအတွက် ဒီလူနဲ့ ဒီလိုဆုံတွေ့ချိန်မှာ အရမ်းကို စိတ်လှုပ်ရှားနေရမှာလေ။ ဒါပေမဲ့ မိုးနှောင်းမှာ ရှန်ပိန်သောက်ထား၍ ရီဝေဝေ ဖြစ်နေသည့် ခံစားချက်မျိုးမှလွဲ၍ ဘာမှရှိမနေပေ။

ဦးထန်မိုးနှင့် မိုးနှောင်းသည် လွန်ခဲ့သော တစ်လလောက်တည်းက သိကျွမ်းခဲ့ရပေမယ့် အတူမုန့်စား၊ စကားပြော၊ တစ်ခါတလေ သူ အရက်သောက်နေစဉ် ဘေးမှာ အမြည်းထိုင်စားပေးရုံကလွဲပြီး အထူးတလည် ပတ်သက်ရင်းနှီးတာမျိုး မရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



သေးချေ။ သူက မိုးနှောင်းကို စောင့်ကြည့်လေ့လာနေတာလည်း ဖြစ်လိမ့်မည်။ အဲဒီထဲက မိုးနှောင်း ရင်တွေ နာကျင်ခဲ့ရတာပဲ မဟုတ်လား။ ဒီနေ့ကတော့ သူ စနစ်တကျ စီစဉ်ထားသည့် အတွက် နှစ်ယောက်သား လွတ်လွတ်လပ်လပ် စတင်ဆုံစည်းကြ တာဖြစ်သည်။ ဒါပေမဲ့လည်း ရင်ဘတ်ထဲမှာ နာကျင်စရာတွေရှိ နှင့်နေခဲ့ပြီးသော မိုးနှောင်းဟာ စိတ်လှုပ်ရှား ဆန်းကြယ်တာမျိုး ရှိမနေတော့ပါ။

ဘယ်ရီသီးကို ပါးစပ်ထဲ ပစ်ထည့်လိုက်၊ ရှန်ပိန် ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေသော မိုးနှောင်းကို သူက မျက်ခုံးပင့်ကြည့်ကာ ...

"သောက်လှချည်လား အနှောင်း။ ကြိုက်လို့လား"

"ကြိုက်တော့ မကြိုက်ဘူး။ ဒါပေမဲ့ သောက်ချင်စိတ်လည်း ဖြစ်တယ်"

မိုးနှောင်းရဲ့ ဒဿနဆန်သော စကားကို သူက အဓိပ္ပာယ်ပေါက်ဟန်ဖြင့် ပြုံးသည်။ နောက်တစ်ခွက် ထပ်မော့ မည်ပြင်သော မိုးနှောင်းရဲ့လက်ချောင်းများကို ရုတ်တရက် ဖမ်း ဆွဲလိုက်သဖြင့် လေထဲမှာ တန့်သွားရသည်။ နှစ်ဦးသားဆုံတွေ့ ကြသော အကြည့်များဟာ မျှောလွင့်နေတဲ့တိမ် ဖြစ်ပါသည်။





"မသောက်ပါနဲ့တော့ အနှောင်း"

မိုးနှောင်းရဲ့လက်ချောင်းများကို ပို၍ ဖျစ်ညှစ်လိုက် ရင်း သူက တိုးတိုးပြောသည်။ မိုးနှောင်းကို ကြည့်နေသော သူ့ မျက်လုံးများထဲတွင် သာယာမှုထံ အပြေးအလွှား သွားချင်သော အရိပ်အယောင်တွေကို တွေ့မြင်နေရသည်။ အင်းပေါ့လေ ... သူ မိုးနှောင်းဆီက လိုချင်တာ အဲဒီသာယာမှုပဲဟာ။ မိုးနှောင်း ဘာ ကိုမှ မခံစားချင်တော့စွာဖြင့် မျက်လုံးနှစ်လုံးကို ပိတ်ချလိုက်သည်။ ဝင်သက်ထွက်သက် တစ်ခုက မိုးနှောင်းရဲ့ လည်တိုင်နားဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေခဲ့သည်။

တယောသံခပ်ချွဲချွဲသည် အခန်းထဲတွင် လွင့်ဆွေး ဆွေး လွင့်ပျံ့ဆဲ ဖြစ်လေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



# ( ၂ )

သိစိတ်နှင့် မသိစိတ်တို့ တစ်ထပ်တည်းကျ ကပ်ငြိစဉ်ဝယ် သူ အိပ်ရာမှ နိုးလာခဲ့သည်။ အိပ်ရာနိုးသွားပြီ ဟူသော အသိဖြင့် အနည်းငယ် လူးလွန့်မိလျှင် သူ့လက်တစ်ဖက်က တစ်စုံတစ်ယောက်ရဲ့ လက်မောင်းကို သွားထိသဖြင့် သူတောင် ဆတ်ခနဲ ဖြစ်သွားရသည်။ ပြီးတော့မှ သူ သတိထားမိတာက ဩော် … အနှောင်း ပေပဲဟု။ ခါတိုင်း ရက်ပေါင်းများစွာ လပေါင်းများစွာ တစ်ယောက်တည်းအိပ် … ပြီး တစ်ယောက်တည်း နိုးလာတတ်သော သူ့အတွက် အနှောင်းကို သတိမထားမိတာ ဖြစ်နိုင်ပါသည်။





သူက အနှောင်းကို စိတ်ဝင်စားစွာ ငဲ့ကြည့်မိသည်။ အနှောင်းသည် သူ့ဘက်သို့ နောက်ကျောပေးထားကာ စောင်ကို ရင်ဘတ်ထိခြုံလျက် ဘေးတစောင်း အိပ်နေသည်။ ကြိုးတစ်ချောင်းတပ် စွပ်ကျယ်လက်ပြတ်လေးကို ဝတ်ဆင်ထားတာမို့ သူမလက်မောင်းလုံးဝန်းဝန်းလေးကို အရှင်းသား တွေ့မြင်နေရသည်။ ကျောလယ်ထိရှိသော ခွေနွဲ့နေသည့် အညိုရင့်ရောင် ဆံနွယ်တွေများမှာ ခေါင်းအုံးပေါ်၌ ကြဲပြန့်နေပြီး အိပ်နေပုံသည် Skin Care ကြော်ငြာထဲက မော်ဒယ်လိုလို ဒါမှမဟုတ် အားဆေးကြော်ငြာထဲက မင်းသမီးလိုလိုဖြစ်သည်။

အင်း … အနှောင်းတဲ့။ သိပ်လှတယ်ဟု မခေါ်သာသော်လည်း ဘယ်နေရာက ဆွဲဆောင်မှုရှိမှန်းမသိ ရှိနေသော ကောင်မလေးတစ်ယောက်ပဲ ဖြစ်ပါသည်။ သေချာတာကတော့ Body Structure အရမ်းမိုက်တဲ့ ကလေးမ ဖြစ်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ ကောင်မလေးတစ်ယောက်ကို နိုးမသွားစေချင်သော စေတနာဖြင့် သူက အိပ်ရာမှ အသာအယာ ထွက်လိုက်ပါသည်။ ကြည်လင်နေသော ရေချိုင့်ထဲက ရေတစ်ဖန်ခွက်ကို ယူသောက်လိုက်ပြီး ခန်းဆီးလိုက်ကာကို ဆွဲဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလှဆုံးသော အနေအထားဖြင့် ရန်ကုန်မြို့ရဲ့ရှုခင်းက ကြိုဆိုပါသည်။ သူ ထသောအချိန်ဟာ နံနက်ခြောက်နာရီခွဲ။ ညဘက် ဘယ်လောက်ပဲ အိပ်ရာဝင်နောက်ကျ နောက်ကျ မနက်ကိုတော့ ခြောက်နာရီခွဲမှာ ပုံမှန်နိုးလေ့ရှိသည်။

အနှောင်းကတော့ စောစောထမည့်ပုံ မပေါ်ပါ။ သူက အောက်ထပ်မှာရှိသော Gym မှာ သွားကစားမှာမို့ သူမအတွက် စာတိုလေးတစ်စောင်ရေးကာ ခုတင်ဘေးက စားပွဲပေါ်တွင် ဖိပေးခဲ့သည်။ ပြီးတော့ အားကစားဝတ်စုံကိုလဲကာ အောက်သို့ ဆင်းခဲ့ပါသည်။ ကျန်းမာမှ အလုပ်,လုပ်နိုင်မည် ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားသော သူ့အတွက်တော့ နေ့စဉ် Exercise လုပ်ခြင်းသည် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ပဲ ဖြစ်ပါသည်။

နာရီဝက်လောက် ချွေးထွက်အောင် ကစားပြီးချိန်မှာပဲ သူ့ထံသို့ ဖုန်းတစ်ကော ဝင်လာသည်။ သူ့ပါတနာ ကိုအောင့် ထံမှပဲ ဖြစ်ပါသည်။ သူက ရှင်လန်းစွာ နှုတ်ဆက်လိုက်သည်။

"မောနင်း ... ကိုအောင်"





"ဟား ဟား ... ခင်ဗျားအတွက်တော့ ဂွဒ်ပြီး မောတဲ့နင်း ဖြစ်မှာပါ။ ဟုတ်တယ်ဟုတ် ? ... ဟား ဟား ဟား"

အလကားနေရင်း အသံဝါဝါကြီးနှင့် ကျယ်ကျယ်လောင်လောင် ရယ်တတ်သော ကိုအောင့် အသံကြောင့် သူ ပိုပြီး မြူးထူးရသည်။ သူနှင့် အနှောင်း အခြေအနေကို အသိဆုံးက ကိုအောင်ပဲ ဖြစ်သလို ဆုံစည်းစေခဲ့တာလည်း ကိုအောင့်ကြောင့်ပဲ ဖြစ်ပါသည်။

"ဆိုပါတော့ ကိုအောင်ရာ။ Where r u ? "

"ဒီနေ့ ကိုယ် ဂေါ့ဖ် ရိုက်တယ်လေ"

"ဩော် ... ဩော် ... ကောင်းတာပေါ့။ ကျွန်တော်ကတော့ Gym မှာ"

"မိုးနှောင်းရောလား"

"ဟက် ... သူ ဘယ်နိုးဦးမလဲ"

"........."

ကိုအောင်က သူ့ကို အနည်းငယ် ညစ်ညမ်းသောဟာသဖြင့် နောက်လိုက်သည်မို့ သူက တဟားဟား ရယ်မိသည်။

"Relationships ကရော ဘယ်လိုနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးထဲတွင် အမြဲတမ်း ရီဝေဆွေးလျှသလို ရှိနေသည့် အနှောင်းရဲ့ပုံရိပ်ကို ပြန်မြင်ယောင်လာသည်။ သူ အရင်က ပတ်သက်ခဲ့ဖူးသည့် ကောင်မလေးတွေလို ဟာယုတယ တွေ၊ အကဲပိုတာတွေ၊ Sexy တွေ လုပ်ပြနေတာမျိုးတွေ မရှိပါ။ စတင်သိကျွမ်းခဲ့ရကတည်းက တစ်ခုခုကို တွေးတွေးဆဆဟန်လေးဖြင့် အမြဲငေးမောနေတတ်သည့် ဒီကောင်မလေးဟာ သူ တွေ့ဖူးခဲ့သည့် တခြားမိန်းကလေးတွေနှင့် ဘယ်နေရာကမှ မတူချေ။ စတွေ့တည်းက အထင်သေးလို့ မရအောင်၊ အထင်မသေးရက်အောင် သူမရဲ့ပုံစံနှင့် ဘဝပေးအခြေအနေက တစ်သီးတစ်သန့်တည်ရှိနေခဲ့လေသည်။

"အဆင်ပြေပါတယ်၊ သူက အေးဆေးတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်လို့ ထင်တယ်"

"ခင်ဗျားအထင် မှန်မှာပါ။ မိုးနှောင်းလွန်က အဆိပ်ရှိတဲ့ မိန်းကလေးတစ်ယောက် မဟုတ်လောက်ပါဘူး၊ အဆင်ပြေပါစေဗျာ ...

ရေရှည်လက်တွဲလို့ ရပါစေ၊ ဘယ်အလုပ်မှာမဆို စေတနာပါရင် အကောင်းဆုံးပေါ့၊ ဟုတ်တယ်မှလား"





"ဟား ... ဟား ... ဟား ... ကိုအောင်ကတော့ဗျာ"

"အိုခေ ... အိုခေ ... ကဲရီးအွန် ... ကိုယ်လည်း ဆက်လှုပ်ရှားလိုက်ဦးမယ်။ ဆီးယူ"

"အိုခေ ... ဆီးယူ ကိုအောင်"

သူက ဖုန်းပိတ်လိုက်သည်။ အဲဒီနောက် Gym ဆက်ကစားပြီးနောက် အပေါ်သို့ပြန်တက်လာခဲ့ပါသည်။ လျှို့ဝှက်နံပါတ်ဖြင့် ဖွင့်ရသည်မို့ သူက တံခါးကို ကိုယ့်ဘာသာဖွင့်ပြီး ဝင်လာခဲ့သည်။ အခန်းထဲတွင် သူမက အိပ်ပျော်နေဆဲ ဖြစ်တာမို့ သူက တစ်ချက်ပြုံးမိသည်။ အဲဒီနောက် ချွေးတိတ်အောင်စောင့်ရင်း TV ဖွင့်ကာ သတင်းကြည့်နေမိသည်။ ခဏနေတော့ သူ ရေချိုးပါသည်။ ရေချိုးရင်းနဲ့ မိုက်ဆာတာကို သိသိသာသာခံစားသောက်ရသည်။

အင်း ... အိမ်မှာဆိုရင်တော့ ဒေါ်မြဉ္စွန့်က သူ့အတွက် သူနှစ်သက်သော Breakfast အမျိုးမျိုးကို မရိုးရအောင် စီစဉ်ထားပေလိမ့်မည်။ အခုတော့ အနှောင်း စားဖို့တောင် သူက စီစဉ်ပေးရဦးမည့်ပုံ။ အင်းပေါ့လေ ... ကွာတာကတော့ ကွာသည်။ ဟို ရေချိုးခန်းထဲမှ ထွက်လာချိန်ဝယ် သူမကို ရန်ကုန်မြို့ကြီးအား



www.burmeseclassic.com

www.burmeseclassic.com



အမြင့်ပျံရှခင်းမှ ငေးမောနေပုံကို နောက်ကျောပေး အနေအထား ဖြင့် တွေ့မြင်ရသည်။

ဆံပင်တွေကို တစ်ဖက်သို့ စုသိမ်းကာ ရှေ့ဘက်မှာ ပုံချထားပြီး လက်ပိုက်၊ မတ်တတ်ရပ် အနေအထားဖြင့် ရှိနေသော သူမဟာ တံခါးဖွင့်သံကြားရ၍ထင့် ဖျတ်ခနဲ လှည့်ကြည့်လာသည်။

"နိုးပြီလား"

"........."

အင်းလား အဲလား အမ်းလား မသဲကွဲသော နှ ခမ်းမဖွင့်သည့် အမူအရာဖြင့် သူမက ခေါင်းညိတ်ပြသည်။ သူ ကြည့်ရသည်မှာ မျက်နှာတောင် သစ်ရသေးဟန်မတူပါ။ အဆိ သလို ဖြစ်နေသည့် မျက်နှာမှာ အိပ်ရေးဝထားဟန်ဖြင့် ဖူးဖြ နေသည်။

"ရေချိုးမလား"

"မချိုးသေးဘူး၊ မျက်နှာသစ်လိုက်ဦးမယ်"

သူမက ပြောရင်းနဲ့ သူ့အနားက ဖြတ်လျှောက်သွား သည်။ သူက သူမရဲ့လက်တစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ဆွဲထား မိပါသည်။





"အနှောင်း"

သူမက သူ့ကို အကြည့်များဖြင့် ပြန်ထူးသည်။ အဲဒီလို ကြည့်တတ်သော မျက်လုံးမျိုးကို ဒီတစ်ခါပဲ သူ တွေ့ဖူး ပါသည်။ တကယ်ကို မျှောမျှောလွင့်လွင့် အကြည့်မျိုး။

"မင်း အဆင်ပြေပါတယ်နော်၊ အစစအရာရာပေါ့"

"ခုထိတော့ ပြေနေတုန်းပဲ"

သူမစကားကို သူက အရမ်းသဘောကျသွားမိသည်။ သူမရဲ့ဆွဲဆောင်မှုဆိုတာ အဲဒီလို မထင်တဲ့ စကားလုံးလေးတွေ သည်း ပါတတ်ပါသည်။

"အိုခေ ... ကိုယ် ဝမ်းသာပါတယ်။ ကိုယ် ဗိုက်ဆာတယ်၊ ဒီအိမ်မှာ ဘာစားစရာရှိလဲ"

သူမက သူ့ကို အထူးအဆန်း သတ္တဝါနှယ် မျက်လုံး ပြူးကြည့်သည်။ ပြီးတော့ ရယ်ဟဟ ပုံစံဖြင့် ...

"ကျွန်မ ဒီအိမ်ကို မနေ့ကမှ ဦးထန်မိုး ခေါ်လို့ ရောက် လာတာလေ"

"အားရှ် ... ဆောရီးကွာ ... ကိုယ်မေ့သွားတယ်။ ဒီလိုဆို မင်းရော ဗိုက်ဆာနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"စားမယ်ဆိုလည်း ရတဲ့အခြေအနေမှာ မစားရသေးဘူး ဆိုလည်း နောက်တစ်နာရီလောက် စောင့်လို့ရတဲ့အနေ အထားမျိုးပေါ့"

သူမဟာ အဲဒီလို မိန်းကလေးမျိုး။ စကားမပြောချင် ရင်လည်း တစ်ခွန်းတလေတောင် ပြောရမှာ ဝန်လေးသလို ပြော ချင်ရင်လည်း သိုင်းဝိုင်းပြီး ပြောဆိုတတ်တာမျိုးမို့ နည်းနည်းတော့ နားလည် ရခက်ပါသည်။

"အင်း ... ကိုယ့်ဒရိုင်ဘာကို Breakfast တစ်ခုခု လာပို့ ခိုင်းမှပဲ။ မင်း ဘာစားချင်လဲ"

"ဘာစားစား ရတယ်လို့ ပြောရင် ဦးထန်မိုး ပိုသဘောကျ မလား။ တကယ်တမ်းက ကျွန်မ စားချင်တာ မုန့်ဟင်းခါး"

သူက သဘောကျလွန်း၍ နှာခေါင်းထဲမှ လေထွက် ရုံ ဟက်ခနဲ ရယ်မိသည်။ သူမက ထပ်ပြောသည်။

"အတိအကျ ပြောရရင် စံပြဒေါ်ကြည်မုန့်ဟင်းခါး"

"အိုခေ ... အိုခေ ... ရစေရမယ်။ ကဲ ... မင်း ရေချိုးရင်း စောင့်လိုက်ပေါ့"





သူမက လှစ်ခနဲ ပြုံးပြကာ လှည့်ထွက်သွားသည်။ အားကစားဘောင်းဘီပျော့ပျော့ကို ဝတ်ဆင်ထားသော သူမရဲ့ နောက်ပိုင်းအလှကို အမှတ်တမဲ့ ငေးကြည့်ကာ ကျန်ရစ်ခဲ့သည်။ ဒီလောက်ဆို မဆိုးပါ။ သူ့ကို တယုတယတွေ မနေပေးပေမယ့် လည်း ဒါက တစ်မျိုးတစ်ဘာသာ စိတ်ဝင်စားဖို့ ကောင်းသည်ဟု ထင်ပါသည်။

ဒီနေ့ဟာ သူ အားလပ်သော Super Sunday ဖြစ် တာမို့ သူမနှင့်အတူတူ ရင်းနှီးမှုထပ်ယူဖို့ လိုပါမည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄ ၊ ၁

"တင်း တောင်"

ဘဲလ်သံကြားပြီး မရှေးမနှောင်းမှာပင် တံခါးကိုလာဖွင့်သံ ကြားရသည်။ တံခါးသာ ဖွင့်လိုက်ပေမယ့် လူကိုမမြင်ရချေ၊ မိုးနှောင်းက ထင်တဲ့အတိုင်း အောက်သို့ငုံ့ကြည့်လိုက်လျှင် ပါးစပ်အဖြဲသားလေးနှင့် ရယ်ပြနေသော တူလေးချမ်းထက်ကို တွေ့ရသည်။

"ဟီး ဟီး တီတီလေး လာပြီဟေ့ ... တီတီလေး ... လာပြီ ... လာပြီ ... ဝေး ... မုန့်ချားရတော့မယ်"

"ဩော် ... ဒီကလေးကလည်း တံခါးတော့ဖွင့်မပေးဘဲနဲ့။ ခုန်ဆွ ခုန်ဆွ အော်နေတယ်၊ ဟိုမှာ တီတီလေးက အထုပ်တွေ ကိုင်ထားရတာ လေးနေမှာပေါ့"





"တားမှ မမီတာ"

"တွေ့လား ... ဒီအရွယ်နဲ့ ဆင်ခြေပေးတတ်နေပြီ။ ဘာလို့ မမီရမှာလဲ။ ခြေဖျားထောက်ပြီး မီအောင်ယူတတ်တဲ့ မုန့်တို့ ဘာတို့တော့ ရှိပါတယ်"

မိုးနှောင်းက သားအမိနှစ်ယောက် အခြေအတင် ဖြစ်နေပုံကို ပြုံးကြည့်ကာ ဖွင့်ထားသောတံခါးမှ အိမ်ထဲသို့ဝင်လာခဲ့သည်။ မိသားစု ငါးယောက်လောက် အတော်ကြီး ချောင်ချောင်ချိချိ နေလို့ရသော အခန်းလေးကတော့ ယခင်ထဲကအတိုင်း သပ်သပ်ရပ်ရပ် နွေးနွေးထွေးထွေး ရှိဆဲပါပင်။ အရင်ကတော့ ဒီအိပ်ခန်းလေးထဲမှာ ဖေဖေရယ်၊ မေမေရယ်၊ ကိုကြီးရယ်၊ မိုးနှောင်းရယ် မိသားစုလေးယောက် ပျော်ရွှင်နွေးထွေးစွာ နေခဲ့ကြဖူးတာပေါ့။

"မေမေ နေကောင်းတယ် မဟုတ်လား မဇင်"

မိုးနှောင်းက လက်ထဲမှ မုန့်ထုပ်များ၊ အိမ်သုံးပစ္စည်းတချို့ကို စားပွဲပေါ်သို့ တင်ပေးရင်း မေးလိုက်သည်။ ကိုကြီးမိန်းမ၊ မိုးနှောင်းရဲ့ယောက်မ မဇင်ကလည်း တချို့ပစ္စည်းတွေကို စားပွဲပေါ်တင်ရင်း ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ နှောင်းဆီကိုတောင် ဖုန်းဆက်ခိုင်းနေသေးတယ်"

"အင်း ... မိုးနှောင်းကတော့ ဆက်မနေတော့ဘဲ Juction Square ကနေပဲ ချက်ချင်းဝင်လာလိုက်တာ"

"မိုးနှောင်း Taxi နဲ့ လာတာလား"

"ဟုတ်တယ်၊ ဩော် ... မဇင် ရော့၊ သတိရတုန်း"

မိုးနှောင်းက အိတ်ထဲမှ တစ်ထောင်တန်တစ်အုပ်ကိုထုတ်ကာ မဇင်ရဲ့လက်ထဲသို့ ထည့်ပေးလိုက်သည်။ မဇင်က အားတုံ့အားနာဟန်ဖြင့် ငြင်းသည်။

"အို ... နေပါစေ မိုးနှောင်းရယ်။ အမေ့ဆီမှာလည်း ပေးထားခဲ့ဦးမှာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ... ဒါက သပ်သပ်ပါ။ မဇင် ဘာသာစုချင်လည်း စုထားပေါ့၊ အရေးအကြောင်းလိုရင် ကိုယ့်ဘာသာ ထုတ်သုံးလို့ ရတာပေါ့"

"ကျေးဇူးပါပဲ မိုးနှောင်းရယ်"

တိုတိုတုတ်တုတ် ကျေးဇူးတင်စကားလေး ဖြစ်ပေမယ့် မဇင်ရဲ့မျက်နှာမှာ ကျေးဇူးတင်ရိပ်က အထင်းသားပေါ်လွင်





နေတယ်ဆိုတာ တွေ့မြင်နေရသည်။ ပြောရလျှင် ကိုကြီးကလည်း စီးပွားရေး သိပ်ပြေလည်သည် မဟုတ်ပါ။ တလောက လေဖျန်းသလို ဖြစ်သွားပြီး ကားတောင် မမောင်းနိုင်တော့ချေ။ ခုမှ ပြန်ကောင်းလာတာ မကြာသေး။ မမောင်းပါနဲ့ဦး ဆိုတာကို ရသလောက်တော့ မောင်းကြည့်မယ်ဆိုပြီး အရဲကိုးနေတာဖြစ်သည်။ စရိတ်ကြီးလှသော ရန်ကုန်တွင် မေမေ့ရဲ့ဆေးကုသစရိတ်၊ ကိုကြီးရဲ့ဆေးကုသစရိတ်၊ အိမ်စရိတ်၊ ကစားစရိတ် စတာတွေသည် မိုးနှောင်းရဲ့တာဝန်တွေသာ ဖြစ်ခဲ့လေသည်။

မိုးနှောင်းက မေမေ့ အခန်းထဲသို့ ဝင်လာခဲ့သည်။ တရားတော်ကို ခပ်တိုးတိုးဖွင့်ထားသော မေမေ့အခန်းထဲတွင် အလင်းရောင် ဖျော့ဖျော့သာရှိသည်။

"မေမေ"

မိုးနှောင်းက ခပ်တိုးတိုးခေါ်ရင်း ခုတင်အနားသို့ အသာတိုးကပ်သွားမိသည်။ မေမေက လွန်ခဲ့သော တစ်လလောက်ကမှ ဗန်ကောက်မှာ နှလုံးခွဲထားရတာ ဖြစ်ပါသည်။ နှလုံးမှ မခွဲစိတ်ရတော့လျှင် အသက်ရှင်ဖို့ အခွင့်အလမ်း နည်းပါးခဲ့ပြီဖြစ်သဖြင့် မိုးနှောင်းမှာ ရွေးစရာလမ်း မရှိခဲ့ချေ။ ဖေဖေ ဆုံးပါးစဉ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကတော့ အရွယ်ရောက်သေးသည်မို့ ဘာမှမတတ်နိုင်ခဲ့သော မိုးနှောင်းသည် ကိုကြီးက လေဖျန်းပြီး ဘာမှမလုပ်နိုင်သည့်အခြေအနေမှာ မေမေရဲ့နှလုံးရောဂါဟာလည်း စိုးရိမ်ရေမှတ်သို့ ရောက်နေချိန်ဝယ် အလွယ်လမ်းပဲ လိုက်သည်ဆိုဆို ပေးလာသည့်အခွင့်အရေးတစ်ခုကို မိမိရရ အသုံးချခဲ့ပါသည်။

"အင်း ... သမီး ... ရောက်လာပြီလား"

"မေမေ အိပ်ပျော်နေတာလား"

"အင်း ... အိပ်ပျော်တယ်လည်း မဟုတ်ပါဘူး သမီးရယ်။ ထမင်းစားပြီးတော့ တရားနာနေတာပေါ့"

"ဟုတ် ... မေမေ"

မိုးနှောင်းက မေမေ့ခုတင်ဘေးက ကြိမ်ခုံပုလေးပေါ်တွင် အသာဝင်ထိုင်ရင်း မေမေ့လက်ချားလေးတွေကို ဖျစ်ညှစ်ဆုပ်ကိုင်မိသည်။ ဖြစ်နိုင်လျှင် မေမေ့အနားမှာ နေချင်သည်။ မေမေ့ကို အနီးကပ် ပြုစုစောင့်ရှောက်ချင်လေသည်။ ဒါပေမဲ့လည်း အလုပ်သဘောအရ အဲဒီအခွင့်အရေးမျိုး မိုးနှောင်းတွင် မရှိခဲ့ချေ။

"သမီးလေးရော ... နေကောင်းရဲ့လား"





"ဟုတ် ... ကောင်းပါတယ် မေမေ"

"အလုပ်တွေရော အဆင်ပြေရဲ့လား"

"ပြေပါတယ် မေမေ၊ သိပ်မကြာခင် Promotion ရမယ် ထင်ပါတယ်၊ မရခင် ခွင့်ရမယ်လည်း ထင်တယ်။ မေမေ ခရီးထွက်ချင်လား"

"အင်း ... မထွက်ချင်ပါဘူး သမီးရယ်။ အိမ်မှာနားတာပဲ ကောင်းပါတယ်"

"ဆေးရော သောက်တယ်မှလား မေမေ၊ မှန်မှန်သောက်နော်"

"သောက်ပါတယ် သမီးရယ်၊ သောက်ရတာပေါ့ မေမေ့အနေအထားက ဆေးမသောက်လို့မှ မရတာ။ သောက်ပါတယ်ကွယ်။ မေမေ ကျန်းမာရေးလည်း ဂရုစိုက်ပါတယ်။ သမီးလေးသာ အစစအရာရာ ဂရုစိုက်ပါ"

"အင်း ... စိုက်ပါတယ် မေမေရဲ့။ ဒါနဲ့ မေမေက ထမင်းတောင် စားပြီးပြီပေါ့။ သမီးက မေမေနဲ့အတူတူ စားမယ်ဆိုပြီး လာတာကို"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဟုတ်လား၊ ဖုန်းဖြင့် ကြိုဆက်လိုက်ရောပေါ့ သမီးရယ်"

"အဟင်း ... တမင် မဆက်တာပါ၊ မေမေ ဆာရဲ့သားနဲ့ စောင့်နေရမှာစိုးလို့။ ညနေစာ စားသွားမယ်လေ ကိုကြီး လည်း ပြန်လာမှာ မဟုတ်လား"

"အေး ... လာမှာပေါ့၊ အပြန်ကျ သမီး ကိုကြီးပြန်လိုက်ပို့ လိမ့်မယ်"

"မေမေ ဘာဟင်းနဲ့စားလဲ"

"ဒီနေ့ ငါးနဲ့ မုန်လာဥချဉ်ရည်ဟင်း ချက်တယ်။ ဘဲဥမွှေကြော်ပေါ့၊ ညနေစာ သမီး စားသွားမယ်ဆို မေဇင်ကိုဈေး သွားခိုင်းလိုက်မယ်။ ဘာစားချင်လဲ"

"အင်း ... ရပါတယ် မေမေရယ်၊ ဈေးသွားစရာ မလိုပါဘူး။ သမီး City Mart ကနေ ဈေးဝယ်လာတယ်လေ၊ ပုစွန်တွေရော ကြက်ရော ဝက်ရော အသီးနှံတွေရော အများကြီးပဲ"

"ဟုတ်ပါ့ ... မိုးနှောင်း တစ်ယောက်တော မနိုင်မနင်း တောင် သယ်လာရမယ်"





အခန်းထဲဝင်လာသော မဇင်က ပြောလိုက်သည်။

မဇင်က မိုးနှောင်းရဲ့ဘေးမှာ ပြုံးပြုံးလေး လာရပ်ရင်း ...

"မိုးနှောင်း ... ညနေမှ ပြန်မှာမဟုတ်လား။ ထမင်းစား သွားနော်"

"အေး ... သူ စားလိမ့်မယ် သမီး။ ခုတောင် သူ ထမင်း မစားရသေးဘူး၊ ဘာထပ်လုပ်ပေးလို့ ရမလဲ"

"ကြက်သားလေးတော့ ..."

"နေပါစေ မမေဇင်။ ဘာမှမလုပ်နဲ့တော့ မုန်လာဥချဉ် ဟင်းပဲ ကြိုက်တယ်၊ အဲဒါနဲ့ပဲ စားတော့မယ်။ မိုးနှောင်း City Mart က ပုစွန်ခြောက်ကြော်တို့ ဆတ်မွှကြော်တို့ ဝယ်လာသေးတယ်။ အဲဒါတွေလည်း စားမယ်"

"ဒါဆို အစ်မ ဟင်းရည်နွေးထားလိုက်တော့မယ်နော်။ မေမေရော ဘာသီးစားမလဲ၊ သခွားမွှေးလေး စိတ်ပေးရမလား"

"အေး ... အေး ... စားတာပေါ့"

"ဟုတ် ... ခဏနေ ထွက်လာခဲ့တော့နော် မိုးနှောင်း"



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းက ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး မေမေ့ဘက်လှည့်ကာ ပြုံးပြလိုက်သည်။

"တော်သေးတယ်နော် ... မမေဇင်က အားကိုးရတဲ့ ချွေးမ ဖြစ်လို့"

"အေးပေါ့ သမီးရယ်၊ လုပ်ပေးချင်တဲ့ စေတနာလေးရှိတော့ စိတ်ချမ်းသာရသေးတာပေါ့။ သမီးလည်း စိတ်ဖြောင့်ဖြောင့် အလုပ်,လုပ်နိုင်တာပေါ့"

မေမေ့စကားကြောင့် မိုးနှောင်းက တစ်ချက်ရယ်သွမ်းသွေးမိသည်။ အဲဒီ ရယ်သွမ်းသွေးမှုဟာ သွေးရူးတမ်းရူး ရယ်သွမ်းသွေးမှုလားဟု ကိုယ့်ကိုယ်ကိုယ် ထင်မိသည်။ မိုးနှောင်း ဘာတွေလုပ်နေတယ်ဆိုတာ အတိအကျ မေမေ မသိပါ။ ကိုကြီးလည်း မသိ။ မမေဇင်လည်း မသိ။ အို ... သိသူမှာ သက်နွယ် တစ်ယောက်ပဲ ရှိပါသည်။

"သက်နွယ်ရော နေကောင်းရဲ့လား သမီး"

"ဟုတ် ... ကောင်းပါတယ် မေမေ။ သူက ဒီနေ့ အလုပ် ရှိတယ်လေ"





သက်နွယ်နှင့် မိုးနှောင်းကို အတူနေသည်ဟု မေမေက သိထားပါသည်။

"အင်း ... ကောင်းပါတယ်။ သတိဝီရိယနဲ့တော့ လုပ်ကြပေါ့ကွယ်၊ မေမေလည်း သမီးတို့ အန္တရာယ်ကင်းဖို့ပဲ ဆုတောင်းပေးနေတာပါ"

"ဟုတ် ... မေမေ။ သမီးတို့လည်း ဂရုတော့စိုက်ပါတယ်"

မေမေတို့ သိထားသည်မှာ သက်နွယ်နှင့် မိုးနှောင်းမှာ ဗုန်ကောက်က သူဌေးတစ်ယောက်ထံတွင် အလုပ်,လုပ်နေကြသည်ဟု သိထားတာ ဖြစ်ပါသည်။ သူဌေးက ပစ္စည်းတချို့ကို တရားမဝင်သွင်းတာလည်း ရှိသလို တရားဝင်လည်း သွင်းသည်။ သက်နွယ်သည် ဆယ်တန်းအောင် ပြီးတည်းက သူဌေးထံမှာ အလုပ်လုပ်ခဲ့သဖြင့် ခုချိန်မှာလူယုံဖြစ်နေခဲ့ပြီ။ မိုးနှောင်းတို့အိမ်ရဲ့ အခက်အခဲကိုလည်း သက်နွယ်ကပဲ ကူညီကာ နောက်မှ မိုးနှောင်းတာ လုပ်ငန်းခွင်ထဲကရသော လစာငွေများဖြင့် တတ်နိုင်သလောက် ဖြည်းဖြည်းချင်း ဆပ်ရမည်ဟု နားလည်ထားကြသည်။

"အင်း ... ဘာပဲပြောပြော သက်နွယ်ရဲ့ ကျေးဇူးတွေတော့ အများကြီးရှိတယ်၊ သူ အားတဲ့တစ်ရက်လောက် အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြ သမီးတို့ရယ်၊ မေမေ သူကြိုက်တဲ့ မုန့်ဟင်းခါးချက်ကျွေးချင်လို့”

“ပင်ပန်းပါတယ် မေမေရယ်။ သမီးတို့ အပြင်ကနေ ဝယ်ခဲ့ပါမယ်”

“ဩော် ... မပင်ပန်းပါဘူး သမီးရယ်။ မေမေက နည်းနည်းပါးပါး လုပ်ရုံပါ။ မေဇင် တစ်ယောက်လုံး ရှိတာပဲဟာ”

“ဟုတ် ... မေမေ။ သက်နွယ်ကို မေးကြည့်လိုက်မယ်နော်”

အဲဒီနေ့က မိုးနှောင်း တစ်ယောက် မိသားစုနှင့် စိတ်ချမ်းသာ ပျော်ရွှင်မှုရခဲ့သည်။ အိမ်မှာစားရသော မုန်လာဥချဉ်ရည်ဟင်းသည် ဦးထန်မိုးနှင့် Treaders Hotel မှာစားရသော ညစာထက် အဆပေါင်းများစွာ မြိန်ခဲ့ပါသည်။ တူလေးဖြစ်သူ ချမ်းထက်နှင့် ကြည့်ရသော ကာတွန်းကားနှင့်အတူ မိုးနှောင်းရဲ့ စိတ်တွေ ပေါ့ပါးလန်းဆန်းခဲ့ရသည်။ သိပ်ပြီး မသားနားသော်လည်း သပ်ရပ်သန့်ရှင်းသည့် အခန်းထဲတွင် နွေးထွေးစွာ ခြုံလွှမ်းထားသော မေတ္တာဓာတ်များရှိသည်။





အဲဒီနေရာလေးက မခွာချင်ပေမယ့်လည်း အချိန်တန်တော့ ခွာခဲ့ရတာပါပဲ။ ကိုကြီး မောင်းပို့သော ကားနှင့်နေထိုင်ရာ ကွန်ဒိုအခန်းကြီးဆီသို့ ပြန်ရောက်တော့ ကြိုသူ မရှိခဲ့။ ကားပြောသံ ရယ်မောသံ ဘာတစ်ခုမှ မရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ လျှို့ဝှက်ကုဒ်နံပါတ်ကိုနှိပ်ရင်း အခန်းတံခါးကို ဖွင့်လိုက်တာနှင့် မီးက အလိုလျောက် ပွင့်လာသည်။ ခမ်းနားလှသော်လည်း အထီးကျန်ဆန်လွန်းသည့် အခန်းတစ်ခန်းသည် ကြိုသူမရှိဘဲ စောင့်စားနေခဲ့လေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၄

Sky Net မှ လာနေသော ကမ္ဘာကျော် တရုတ်မင်းသမီး ဂေါင်းလီ ပါဝင်သည့် Curse of the Golden Flower ရုပ်ရှင်ဇာတ်ကားကို မိုးနှောင်း ကြည့်နေပါသည်။ ဘယ်လိုခေတ်ကို ထင်ဟပ်ထားသလဲတော့ မသိဘဲ မင်းသမီးမှစကာ ရံရွေတော်အဆုံး ရင်သားတစ်ဝက်လောက် လှစ်ဟပြထားသည့် အဝတ်အစားကို တစ်ကားလုံး ဝတ်ဆင်ကြသည်မို့ မိုးနှောင်းက ဂေါင်းလီ ပြောသော စကားတစ်ခွန်းကို သွားသတိရမိသည်။

ဘာတဲ့ ... ဒီရုပ်ရှင်ကား ထွက်လာတော့ သတင်းထောက်တွေက သူမကို ဝိုင်းမေးကြသည်။ Curse of the Golden Flower မဟုတ်ဘဲ Breast of the Goledn Flower ဟု ပြော





ကြသောအခါ ဂေါင်းလီက ဘာဖြစ်လဲ ... ဒါ မိန်းမတစ်ယောက်ရဲ့ ဂုဏ်ယူရမယ့်အလှပဲဟု ပြောခဲ့သည်ကို မိုးနှောင်း စာအုပ်ထဲမှာ ဖတ်ဖူးခဲ့ပါသည်။ အဲဒါကို သတိတရဖြစ်ကာ ပြုံးနေမိတုန်းမှာပဲ ဘဲလ်သံကြားလိုက်ရသည်။

မိုးနှောင်းက ထိတ်ခနဲ ဖြစ်သွားသောရင်ဖြင့် ဘယ်သူပါလိမ့်ဟု စဉ်းစားမိသည်။ ဦးထန်မိုး ဆိုလျှင်လည်း သူမိုးနှောင်းကို ဖုန်းကြိုဆက်မှာပါပဲ။ မိုးနှောင်းက ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ တံခါးပေါက်နားသို့သွားကာ လုံခြုံရေးတီဗီငယ်လေးကို ဖွင့်ကြည့်လိုက်လျှင် အပြင်က တံခါးရှေ့မှာ ရပ်နေသူ၏ မျက်နှာကို တွေ့ရသည်။

"ဟယ် ... သက်နွယ်"

မိုးနှောင်းက ပျော်သွားကာ တံခါးကို ချက်ချင်းဖွင့်ပေးလိုက်သည်။ သက်နွယ်က မိုးနှောင်းကို ပြောင်ပြပြီး ဝင်လာသည်။ သက်နွယ် ပုံစံက အမြဲတမ်း အဲဒီအတိုင်းပါပဲ။ ဘာကိုမှ သိပ်ဂရုမစိုက်ဟန်ဖြင့် အမြဲတမ်း လွတ်လပ်ပေ့ါပါး နေတတ်သည်။ သိပ်ရှည်ရှည်ဝေးဝေး မစဉ်းစားတတ်။ တစ်နည်းအားဖြင့် အဲလိုနေတတ်တာဟာလည်း ကောင်းတော့ ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး ဖုန်းမဆက် ဘာမဆက်နဲ့။ ငါ အပြင်သွားနေရင် ဘယ်လိုလုပ်မလဲ"

"ဟာ ... ဟ ... နင် ဘယ်မှ မသွားဘူးဆိုတာ ငါ သိသားပဲ"

သက်နွယ်က စလွယ်သိုင်းလွယ်လာသော COACH အိတ်ကို ဆိုဖာပေါ်သို့ ပစ်ချရင်း သူကိုယ်တိုင်လည်း ခြေပစ်လက်ပစ် ထိုင်ပစ်သည်။ ခါးတို မြောက်တက်နေသော တီရှပ်တစ်ထည်၊ ဂျင်း(န်)ဘောင်းဘီတိုဖြင့် သက်နွယ် ပုံစံက ခပ်ပေါ့ပေါ့ဖြစ်သည်။ သူမပုံစံကလည်း ပိန်ပိန်ပါးပါးမို့ ကြည့်လို့အဆင်ပြေသည်။ မိုးနှောင်းကတော့ ကိုယ်လုံးထွားသူမို့ တအားတိုပြတ်တာတွေ မဝတ်ရဲချေ။ သက်နွယ်ကတော့ ငယ်တုန်းမှာ မဝတ်ဘူးဟု၍ မြည်တွန်တောက်တီးလေ့ရှိသည်။

"ဘယ်လိုလဲ ... နင် အဆင်ပြေလား"

သက်နွယ်ရဲ့ အမေးက တိုတိုတုတ်တုတ်ပေမယ့် အဓိပ္ပာယ်တွေ အများကြီး ပါဝင်သည်ကို အချင်းချင်းပဲ နားလည်လိုက်ပါသည်။

"အင်း ... ပြေပါတယ်"





"ပြေရတော့မှာပေါ့ မိုးနှောင်း။ ငါတို့တွေက ဒီဘဝထဲမှာ အမြဲသွားမှာ မဟုတ်ပါဘူး။ ကိုယ်လိုချင်တဲ့ နေရာတစ်ခုကိုရောက်ဖို့ လှေကားထစ်တစ်ခုကို နင်းလျှောက်သွားတယ်ပဲ သဘောထားပါ ...

အဲဒီလှေကားထစ် အဲဒီအဆင့်မှာပဲ အမြဲရပ်နေမှာ မဟုတ်ဘူးလေ။ ငါပြောတာ သဘောပေါက်လား"

"အင်း ... ပေါက်ပါတယ်။ ဒါပေမဲ့ ... ဒါပေမဲ့လည်း ... သက်နွယ်ရယ်"

မိုးနှောင်းက ပြောမထွက်သလိုဖြင့် ရပ်တန့်သွားလျှင် သက်နွယ်က နားလည်လိုကြည့်ကာ ...

"ဒီမှာ မိုးနှောင်း။ နင့်အခြေအနေက ပြောရရင် ငါ့ထက်အများကြီးသာတယ် သိလား။ အဆိုးအခြေအနေလို့ နင်ထင်ထားရင်တောင် အကောင်းဘက်ကနေ နင် တွေးကြည့်စမ်းပါ ...

ဦးထန်မိုးက မိန်းမ,မရှိဘူး။ Single ပဲ။ အဲဒီအတွက် နင့်မှာ ဒု–သ–န–သော ဆိုတာ မရှိဘူး။ နင့်အခြေအနေက ငါ့ထက် အများကြီးကောင်းတယ် မိုးနှောင်း။ အခု နင်



www.burmeseclassic.com

www.burmeseclassic.com



ဘဝရော၊ နင့်မိသားစုရော ဘယ်လောက်အဆင်ပြေလဲ။ နင်သာ ဒီလိုမဆုံးဖြတ်ရင် နင့်အမေ ခုချိန်မှာ အသက်ရှူနေမယ် ထင်လား။ နင် ပေးလိုက်ရတာ အပျိုရည်ဂုဏ်ရှိမယ်၊ သိက္ခာတချို့ရှိမယ်။ ဒါပေမဲ့ အဲဒါတွေက ဘယ်သူသိလဲ။ အခု နင် ရန်ကုန်မြို့ထဲ လျှောက်သွားကြည့်၊ နင့်ကို ဘယ်သူက ဘာထင်မှာလဲ ...

နင့် နေပုံထိုင်ပုံမျိုးနဲ့ဆိုရင် လူတွေက ပိုတောင် မထင်ကြဦးမယ်"

စိတ်လိုက်မာန်ပါ ပြောနေသော သက်နွယ်ရဲ့စကားတွေကို မိုးနှောင်းက ငေးကြည့်နေမိသည်။ သူမ ပြောတာတွေကလည်း ဟုတ်မှန်ပါသည်။ မိုးနှောင်း တစ်ယောက် မျက်စိစုံမှိတ်ခုန်ချခဲ့သော ချောက်ရဲ့အောက်တွင် ရေရှိနေမယ် ဆိုတာကိုလည်းသိသောကြောင့် သတ္တိရှိခဲ့ခြင်းဖြစ်သည်။ ဦးထန်မိုးဟာ လူလွတ်တစ်ယောက် ဖြစ်ခဲ့တာကလည်း မိုးနှောင်း တစ်ယောက် မိုးခါးရေသောက်ဖို့ စွန့်စားခန်းတစ်ခု ဖြစ်ခဲ့ပါလိမ့်မည်။

သက်နွယ်ကတော့ မိသားစုက အဆင်အပြေကြီးမဟုတ်ပေမယ့် သူမကိုယ်တိုင်က ချမ်းသာချင်တာဖြစ်သည်။





လူကုံထံတွေကြားမှာ အလုပ်,လုပ်နေတော့ ဘာရန်းဒက် ဆိုတာတွေ နားလည်လာသည်။ အဲဒီချိန်မှာ သူမရဲ့သူဌေးက ဗန်ကောက်ဘက်သို့ နယ်ပတ်ချဲ့ရင်း ခရီးထွက်သည့်အခါ သက်နွယ်ကိုခေါ်သွားရာမှ ဇာတ်လမ်းစ,ခဲ့သည်ဟု သိရသည်။ မိုးနှောင်းလည်း သက်နွယ် အကူအညီနှင့် အလုပ်ဝင်ခဲ့သေးသည်။ ရာထူးရယ်တိတိကျကျ မရှိဘဲ သက်နွယ် ခရီးသွားလျှင် အတူလိုက်ပေးတာမျိုး၊ ကူလုပ်ပေးတာမျိုးနှင့်သာ လစာရခဲ့တာပါပဲ။ သက်နွယ်ကြောင့် အနေအစား ချောင်ခဲ့ရသည်။

ဦးထန်မိုးကတော့ သက်နွယ်ရဲ့ မိတ်ဆွေတစ်ယောက်၏ ပါတနာ ဖြစ်ပါသည်။ ဒီလိုနှင့် ဦးထန်မိုးနဲ့ သိကျွမ်းခဲ့ရတာဖြစ်သည်။ ကောင်မလေးတွေနှင့် ဇာတ်လမ်းရှိတာတ်သော ဦးထန်မိုးနှင့် မေးမြန်းတီးခေါက်မှုမှာ သက်နွယ်က ပွဲစားလုပ်ပေးခဲ့သည်။ မိုးနှောင်းရဲ့ အခက်အခဲကို သူက ကူညီမည်။ မိုးနှောင်းကလည်း သူ့ရဲ့ အနားယူ အပန်းဖြေစရာအဖြစ် အချိန်တိုင်းအတွက်အဆင်သင့် ရှိနေရမည်။

လူထူးလူဆန်းပဲလား ... သူ့အတွက်ကတော့ မိန်းမတစ်ယောက်နှင့် အိပ်ရသည်မှာ ဘာမှမဆူးဆန်းသော ကိစ္စမို့လို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



လားတော့ မသိ။ မိုးနှောင်းရဲ့မေမေ ဆေးရုံတက်ဖို့၊ ခွဲစိတ်ကုသဖို့ ကိစ္စအဝဝကို ကူညီဖြေရှင်းပေးခဲ့ပြီး အခြေအနေတွေ အားလုံးတည်ငြိမ်သွားပြီ ဆိုတော့မှ မိုးနှောင်းကို ဒီကွန်ဒိုမှာ နေစေမှာဖြစ်ကြောင်း ဖွင့်ပြောခဲ့တာဖြစ်သည်။ နောက်တော့ ဒီကို ခေါ်လာခဲ့တာပါပဲ”

“ငါ နားလည်ပါတယ် သက်နွယ်ရယ်”

“အေး ... ဒါဆို၊ ငါ ဗိုက်ဆာလာတာလည်း နားလည်တော့ဟေ့။ ငါ ထမင်းမစားရသေးဘူး။ နင့်အိမ်မှာ ဘာရှိလဲ”

ဘာချက်စားလဲဟု မမေးတာကတော့ ကိုယ့်အချင်းချင်း ကိုယ့်အကြောင်းကိုယ် သိ၍ပဲဖြစ်မည်။ မိုးနှောင်းက တစ်ချက်ပြုံးလိုက်ကာ ...

“နင်က ငါ့ကို အထင်သေးတာကိုးဟ။ ဒီနေ့ ငါ့အိမ်မှာ ပုစွန်ငါးဆုပ်ဆီပြန်ရယ်၊ ဝက်ချိုချက်ရယ်၊ ကြက်သားနဲ့ အစိမ်းကြော်ရယ်၊ မြင်းခွာရွက်သုပ်၊ ဘူးသီးဟင်းခါး၊ ငါးပိရည် တို့စရာအစုံ အဲဒီဟင်းတွေ ရှိတယ်ဟ”

“ဟမ် ... ဒါတွေ နင်တစ်ယောက်တည်း ... သြော် ... ငါ သိပြီ။ ဦးထန်မိုး လာမှာမို့လို့လား”





“မဟုတ်ပါဘူး။ ငါ့ဟာငါ စားဖို့ပါ၊ သူ မလာဘူးထင်တယ်”

ပြောရင်းနဲ့ မိုးနှောင်းရဲ့မျက်လုံးထဲမှာ ဦးထန်မိုးကို သွားပြီးမြင်ယောင်သည်။ သူ့ရဲ့တောင့်တင်းကြံ့ခိုင်သော ကိုယ်ခန္ဓာနှင့် ခပ်စူးစူးကြည့်တတ်သော မျက်ဝန်းတစ်စုံ။ ချက်ချင်းပဲ မိုးနှောင်းရဲ့ရင်မှာ နွေးသွားသည်။ သူ အသက်ဘယ်လောက်များ ရှိလောက်မလဲ။ သေချာတာတော့ လေးဆယ်တောင် မရှိသေးဘူး ထင်သည်။

“ဒါဖြင့်ရင် နင်တစ်ယောက်တည်းစားဖို့ ချက်ထားတာပေါ့”

“မဟုတ်ပါဘူး။ ငါ ချိုင့်ဆွဲ မှာထားတာ”

“သြော် ... အေး ... ကောင်းတာပေါ့။ တစ်ယောက်စာပဲလား”

“အင်းပေါ့ ... တစ်ယောက်စာတောင် တော်တော်များပါတယ်။ နှစ်ယောက်လောက်တော့ စားလို့ရတာပဲလေ”

“ဟိ ... ကော်တာပဲ။ ငါ နောက်နေ့တွေ ဗိုက်ဆာရင်ဆာသလို၊ လမ်းကြုံရင် ကြုံသလို နင့်ဆီ ဝင်စားတော့မယ် မိန်းမ။ အိုခေ ... ဆွဲကြမယ်၊ နင်ရော စားပြီးပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပြီ ... စား ... စား။ ငါ ဘောက ထိုင်ပေးမယ်"

"ဝါး ... နင့်အခန်းကြီးက အပျံစားပဲ မိုးနှောင်းရာ။ ရှယ်ပဲ သိန်းရှစ်ထောင်လောက် တန်တယ်လို့ ကြားတယ်။ နင်တော့ ပွတာပဲ မိုးနှောင်း"

သက်နွယ်ရဲ့ ပွင့်လင်းလွတ်လပ်သော စကားကြောင့် မိုးနှောင်းက အသာပြုံးမိသည်။ သက်နွယ်က ဒီကွန်ဒိုကို အခုမှ ရောက်ဖူးတာပါ။ ဒါကြောင့် ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ပြီး ချီးမွမ်းနေတာဖြစ်သည်။ မိုးနှောင်းက သက်နွယ် ထမင်းထိုင်စားသောခုံရဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပြီး အသာအယာ ပြောမိသည်။

"ငါနဲ့ ဒီအခန်းနဲ့က ဘာမှ မဆိုင်ပါဘူး သက်နွယ်ရယ်။ ငါက ခဏနေတဲ့သူပဲ"

"အိုး ... ဘာလို့ မဆိုင်ရမှာလဲ။ ဒါ နင် လိမ္မာရင် လိမ္မာသလို ရမယ်အရာတွေပဲ။ သူ့အတွက် ဒီအခန်းတစ်ခန်းဆိုတာ ပိုင်ဆိုင်မှုထဲက တစ်ခါတလေ သတိတောင်မရတော့တဲ့ အစအန်လေးလောက် ရှိတာမျိုး"

သက်နွယ်က လက်သန်းလောက် သေးသေးလေးကို ဆစ်ပြကာ ထမင်းကို အားရပါးရစားရင် ပြောသည်။ အင်း





ပေါ့ ... သူကတော့ ပြေးလွှားလှုပ်ရှားနေရတာနဲ့ မောပြီး စားကောင်းနေလိုက်ဟာ။ မိုးနှောင်းကတော့ တစ်ယောက်တည်း တိတ်ဆိတ်ခြောက်ကပ်စွာစားရသည်မို့ မေမေ့ကိုလည်းသတိရကာ ဟင်းတွေ ဒီလောက်ကောင်းနေတာတောင် သိပ်စားမကောင်းသလိုပါ။

"ဦးထန်မိုးက ဘယ်မိန်းကလေးကို ဒီလောက်အတိုင်းအတာမျိုး၊ ရှယ်မျိုး Sponsor မပေးဖူးဘူး။ နင် ကံကောင်းတယ်"

သက်နွယ်ရဲ့စကားကြောင့် မိုးနှောင်းမှာ ဟက်ဟက်ပက်ပက် ရယ်မောမိလေသည်။ ငိုချင်လွန်းလို့ ရယ်မိတယ်ဆိုတာ ဒါမျိုးပဲ ဖြစ်လိမ့်မည်။

"နင်က သူ အရင်တွေ့ဖူးတဲ့ မိန်းကလေးတွေမျိုးနဲ့ မတူတာလည်း ပါလိမ့်မယ်"

သက်နွယ်က ပုစွန်ငါးဆုပ်တစ်လုံးကို ပါးစပ်ထဲ အရသာရှိရှိထည့်ရင်း ပြောလေသည်။ မိုးနှောင်းက သက်နွယ် အားရပါးရ စားနေပုံကို လက်ထောက်ပြီးတော့သာ ငေးနေမိတော့သည်။ စားကောင်းကောင်းနှင့် ပြောနေသည့်ပုံက ကြည့်လို့ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ငါ့ရပ်တည်မှုက သူတို့နဲ့တော့ ဘာမှသိပ်မထူးခြားပါဘူး။ ငါ ... ငါတို့ဟာ ကောင်းတဲ့မိန်းကလေးတော့ မဟုတ်တော့ဘူး မှလား"

မိုးနှောင်းရဲ့ ဆို့နင့်သလို အသံကို သက်နွယ်က ရှုးခနဲ မော့ကြည့်သည်။

"နင် ကိုယ့်ကိုယ်ကိုယ် အဲဒီလို ဘယ်တော့မှ မတွေးနဲ့ မိုးနှောင်း။ အဲဒီလိုတွေးရင် Depression ဝင်သွားတော့မှ အဲဒီထက်ဆိုးတဲ့ဘဝကို နင် ဆင်းသွားမှာ ...

နင်ဆိုလိုချင်တာ ငါသိပါတယ်။ ငါတို့က ကြေးစားတွေလို့ နင် သတ်မှတ်ချင်နေတာ မဟုတ်လား။ မှားတယ် မိုးနှောင်း။ ငါတို့က ကြေးစားမဟုတ်ဘူး။ သူတို့နဲ့ ငါတို့ဟာ အပေးအယူတစ်ခုနဲ့ ပတ်သက်ကြတာ မှန်ပေမယ့် သူတို့လည်း တို့ကို အတိုင်းအတာ တစ်ခုတော့ Role ထားရတာပဲ ...

ငါတို့က ကလေကချေ မဟုတ်ဘူး။ ငါ့သူဌေးလည်း ငါ့ကို Respect တစ်ခုနဲ့ ဆက်ဆံသလို ဦးထန်မိုးလဲည်း နင့်ကို အသိမှတ်ပြုထားရတာပဲ ...





ဘယ်သူကမှ ဘာမှ လာမပြောပဲနဲ့ နင့်အတွေးနဲ့ နင် ချောင်ပိတ်မနေစမ်းပါနဲ့ဟာ"

"အေးပါ သက်နွယ်ရာ။ နင့်စိတ်ဓာတ်ကိုတော့ ငါ တကယ် အားကျပါတယ်"

"အေး ... ကိုယ်စိတ်ဓာတ်ကိုသာ မြှင့်တင်။ ကိုယ့်မရှိလို့ ဘယ်သူမှ လာမပေးဘူး"

"ဒါနဲ့ ... ဦးထန်မိုးက လူပျိုကြီးလား"

"ဟက် ... ဟက် ... နင်ကလည်း ကိုယ့်ဘဲကြီးအကြောင်း ကိုယ်မသိဘူးလား၊ ငါ့လာမေးနေတယ်"

"ဟင့်အင်း ... နင် စပြောတုန်းကလည်း ငါ့အာရုံနဲ့ငါ ရှုပ်နေတာဆိုတော့ သူ့မှာ လက်ရှိမိန်းမ မရှိတာပဲ သိတယ်၊ ကျန်တာ သိပ်မသိဘူး"

"အဟက် ... သူက တစ်ခုလပ်ပါဟာ"

"တစ်ခုလပ် ! "

မိုးနှောင်းက သက်နွယ်ရဲ့စကားကို သံယောင်လိုက် ရှုတ်ကြည့်ရင်း ဦးထန်မိုးရဲ့ပုံစံကို မျက်လုံးထဲ ပြန်မြင်ယောင်လာ



www.burmeseclassic.com

သည်။ အင်းပေါ့ ... သူ့လို အဘက်ဘက်ကပြည့်စုံတဲ့ ယောက်ျား တစ်ယောက်ဟာ ဒီအသက်ရွယ်ထိ လူပျိုကြီးတော့ ဘယ်ဖြစ်နေဦးပါ့မလဲ။ သူ့မိန်းမနဲ့ ဘာကြောင့် ကွဲသွားရတာတဲ့လဲ။ သူ မွေလို့ ရုပ်လို့လား၊ သားသမီးတွေရော မရှိဘူးလား။ အစုမှပဲ မိုးနှောင်းရဲ့ခေါင်းထဲမှာ မေးခွန်းတွေက တန်းစီပြီး ထွက်လာသည်။

အို ... ငါ ဦးထန်မိုး အကြောင်းကို ဘာမှလဲမသိပါလား။ မိုးနှောင်းရဲ့စိတ်ကို သက်နွယ်က ဖတ်မိသည့်အလား သူ သိထားတာတွေ ပြောပြလာသည်။

“ဦးထန်မိုးက အသက်ငယ်ငယ်မှာ အိမ်ထောင်ကျခဲ့တယ်လို့ ပြောတယ်။ သူ့မိန်းမဘက်က တော်တော်ချမ်းသာတယ်တဲ့။ ခုလို ဒီဘက်ခေတ်မှာ ကုမ္ပဏီတွေ ခေတ်မစားခင်တည်းက သူတို့က ကုမ္ပဏီပိုင်လာတာ။ အဲဒီမိန်းမနဲ့ သူကရတာ၊ သူ့ဌေးသမီး ဆိုပါတော့။ နောက် ခြောက်နှစ်လောက်ပဲပေါင်းပြီး ကွာရှင်းလိုက်တယ်။ အဲဒီမိန်းမနဲ့ ကလေးတစ်ယောက် ရတယ် ပြောတယ်။ အဲဒီမိန်းမက သူ့ထက် အသက်လည်းကြီးတယ်တဲ့ ...





ကွဲကွာကြတော့ ဦးထန်မိုးက တော်တော်ရလိုက်တယ်လို့ ပြောတယ်။ နဂိုကမှ အလုပ်,လုပ်တာ တော်တဲ့သူဆိုတော့ မြင်းကို ချိုတပ်ပေးလိုက်တဲ့ အတိုင်းပဲတဲ့၊ အကွက်လည်းမြင် အရင်းအနှီးကလည်းရှိ ဆိုတော့ တအားကို ထောင်တက်သွားတာ၊ ကြောက်စရာကောင်းလောက်အောင်ကို ချမ်းသာသွားတာပေါ့”

“အင်း ... ငယ်ငယ်လေးနဲ့ ချမ်းသာတာပေါ့”

“ဟက် ... ဟက် ... ဒါ ငယ်ငယ်လေးပေါ့ ... ဟုတ်လား”

သက်နွယ်က လှောင်သလိုလို ပြောတာကြောင့် မိုးနှောင်းက မသိမသာ မျက်စောင်းထိုးမိသည်။ အဲဒါကတော့ သူ့ကိုထိ၍ နာတာမဟုတ်ဘဲ ကိုယ်ပြောတာကို လှောင်သလိုလုပ်ဘာမို့ မျက်စောင်းကဲမိခြင်းဖြစ်သည်။

“ဘဲကြီးက သုံးဆယ့်ခြောက်, ခုနစ်လောက် ရှိမယ်ထင်တယ်။ ငါ့သူဌေးထက် ငယ်တာတော့ အမှန်ပဲ။ လေးဆယ်လောက်လည်း ဖြစ်နိုင်တယ် ...

မှန်းမရဘူး သူ့ပုံစံက”

www.burmeseclassic.com



မိုးနှောင်းက ဘာမှ ပြန်မပြောမိပါ။ ဦးထန်မိုး ပုံစံကိုသာ မြင်ယောင်မိသည်။ အားကစားလိုက်စား၍ သူ့ပုံစံက ကျစ်လစ်သန်မာသည်။ ဆွဲဆောင်မှုရှိသော ယောကျ်ားတစ်ယောက်ရဲ့ပုံစံပဲ ဖြစ်ပါသည်။

"ဘာပဲဖြစ်ဖြစ် နင် မိုက်ပါတယ်ဟာ။ နှင့် ဘဲကြီးက အထာကျတာပဲ။ ရုပ်ဆိုးကြီးထက်စာရင် ဒီလိုအထာကျတဲ့ ဘဲကြီးနဲ့ နင့်ပုံစံ တည်တည်ငြိမ်ငြိမ်နဲ့ဆို တွဲသွားတောင် လူတွေက ဘယ်သူမှ ဘာမှ ထင်မှာမဟုတ်ပါဘူး"

မိုးနှောင်းက ဘာမှမပြောဘဲ ငြိမ်သက်နေမိသည်။ သက်နွယ်က ထမင်းစားပြီးသွား၍ ပန်းကန်သွားဆေးနေရာမှ အမှတ်တမဲ့ လှမ်းပြောသည်။

"ဘာပဲဖြစ်ဖြစ် နင် စိတ်မချမ်းသာတောင် ဆိုးဆိုးဝါးဝါး စိတ်ဆင်းရဲတော့ မနေဘူး မဟုတ်လား"

အဲဒီ မေးခွန်းအတွက် ကိုယ့်ကိုယ်ကိုယ်တောင် သေချာမစဉ်းစားရသေးဘဲ ခေါင်းညိတ်ပြတာက အရင်ဖြစ်သည်။ တကယ်ပဲ မိုးနှောင်း စိတ်မချမ်းသာတောင် စိတ်မဆင်းရဲဘူး ဆိုတာတော့ သေချာသလောက် ရှိပါမည်။





## ( ၁ )

"ဒါပြီးရင် ဘာရှိလဲ မောင်နေ"

"မရှိတော့ပါဘူး ဆရာ။ ချက်ထရိယမ်မှာ လုပ်မယ့် ဒင်နာက ဆရာမတက်လည်း ဖြစ်တာမျိုးပါ။ ဆရာ နား မယ်ဆို နားလို့ရပါတယ်။ ဘယ်လိုလုပ်ချင်လဲ ဆရာ"

သူ့အမေးကို သူ့ရဲ့ မန်နေဂျာဆိုလည်းဟုတ်၊ ...ဘွာတေရီ ဆိုလည်းဟုတ်သော မောင်နေက ပြန်ဖြေတာကို ...ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်ရင်း စဉ်းစားမိသည်။ ...အနားယူရမလား။ သေချာတာကတော့ ဒင်နာသို့ မသွားချင် ... ဒါဆို ဘယ်သွားရမလဲ။ သူ့မျက်လုံးထဲတွင် မျက်ဝန်းတစ်စုံ ... ဖျတ်ခနဲ မြင်ယောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာများ လုပ်နေပါလိမ့်။ ဒီရက်ပိုင်း အလုပ်ရှုပ်ခဲ့သဖြင့် သူမထံသို့ မရောက်ဖြစ်တာ ဒီတစ်ပတ်လုံးပဲ ဖြစ်ပါမည်။ သူ ဖုန်းတောင်မဆက်ဖြစ်ခဲ့။ သူမကလည်း မဆက်ခဲ့ချေ။ ကောင်းလိုက်တာ။

“ငါ (......)ကွန်ဒိုကို သွားမယ်”

“ဟုတ်ကဲ့ ဆရာ။ ဒါဆို ကားကို ရယ်ဒီ လုပ်ခိုင်းထားလိုက်ပါ့မယ်”

သူက ခေါင်းတစ်ချက် ညိတ်ပြပြီးနောက် လုပ်လက်စကို လက်စသတ်ရင်းမှ သူမဆီ ဖုန်းခေါ်ကြည့်ရမလားဟု စဉ်းစားဖြစ်သည်။ သို့သော် အခြားစိတ်တစ်ခုက ချက်ချင်းကန့်ကွက်သည်။ သူနဲ့ အဆက်အသွယ်မရတဲ့ အချိန်အတွင်း၊ သူ့ကိုလည်း မဆက်သွယ်သော သူမက ဘာကြောင့် ငြိမ်သက်နေရသလဲ။ ဘာတွေများ လုပ်နေပါလိမ့်။ သူ့ဟာသူပဲ အကြောင်းမကြားဘဲ သွားကြည့်ဖို့ ဆုံးဖြတ်မိသည်။

သူ့ဒရိုင်ဘာမောင်းလာသော ကားနောက်ခန်းထဲတွင် အေးဆေးသက်သာစွာ ထိုင်ရင်းမှ သူမအကြောင်းကို စဉ်းစားလာမိသည်။ သူမဟာ သူတွေ့ခဲ့ဖူးသော၊ ထောက်ပံ့ပေးခဲ့





ဖူးသော မိန်းကလေးတွေနဲ့ နည်းနည်းလေးမှ မတူတာကို သတိပြုမိသည်။ တခြားမိန်းကလေးတွေလို သူတို့ကို စွဲမက်သထက် စွဲမက်အောင် မာယာမျိုးစုံ သုံးတာမျိုးလည်းမရှိ။ စိတ်ကုန်ချင်စရာ အသက်မပါ ခံစားချက်မဲ့နေလား ဆိုတော့လည်း မဟုတ်ဘဲ တစ်မျိုးသော ရီဝေနေသည့် မျက်ဝန်းတွေက ဆန်းသစ်စေပါသည်။ စိတ်ဝင်စားစေပါသည်။

“စောင့်ပေးရမလား ဆရာ”

“အေး ... ခဏစောင့်ကွာ။ ဆယ့်ငါးမိနစ်နေလို့မှ ပြန်မလာဘူးဆိုရင် မင်း ပြန်တော့။ လိုအပ်ရင် ငါ ဖုန်းဆက်မယ်။ ဖုန်းမဆက်ရင်တော့ မနက်ကျ စောစောပြန်လာခေါ်”

“ဟုတ်ကဲ့ပါ ဆရာ”

သူ့ဒရိုင်ဘာက ကွန်ဒိုရဲ့ကားပါကင်မှာ ရပ်ပေးရင်း သူ့ကို တံခါးဖွင့်ပေးပြီး ခေါင်းတစ်ချက် ညွှတ်ပြသည်။ သူက Lift နှင့် ဆယ့်နှစ်ထပ်သို့ တက်လာခဲ့ပါသည်။ နောက် လျှို့ဝှက်နံပါတ်များဖြင့် တံခါးကိုဖွင့်ကာ ဝင်လာခဲ့သည်။ အိမ်ထဲကို စ၊ ဝင်လာတည်းက သူ့မှာ အာရုံတစ်ခု ရလိုက်သည်။ အဲဒါကတော့ တစ်စုံတစ်ယောက် ရှိနေတယ်ဆိုသော အာရုံပဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက သူမအခန်းရှိရာဘက်သို့ လျှောက်လာခဲ့သည်။ စကားပြောသံသဲ့သဲ့ ကြားရ၍ သူ မျက်မှောင်တစ်ချက် ကျုံ့သွား ကာ တံခါးနားသို့ အသာယာကပ်ပြီး နားထောင်ကြည့်မိသည်။ သူ ကြားဖူးနေကျ ဇာတ်လမ်းတွေထဲကလို ဖြစ်နေမလား။ ဖျစ် ခနဲ မြည်သွားသော သွေးပျစ်သံတွေနှင့် သူက တံခါးလက်ကိုင် ဘုကို ဖျတ်ခနဲ ဆွဲလှည့်ပစ်လိုက်သည်။

ခုတင်ပေါ်မှာ ခေါင်းအုံးကိုမှီပြီး ထိုင်လျက်အနေ အထားဖြင့် TV ကြည့်နေဟန်တူသော သူမဟာ သူနဲ့ မျက်နှာ ချင်းဆိုင် အနေအထားမှာ ရှိနေသည်။ ဩော် ... လက်စသတ် တော့ သူမ TV ကြည့်နေတာပဲ။ အတွေးထဲမှာ သူမကို အားနာ သွားမိပါသည်။ သူ့ကို ရုတ်တရက် မြင်လိုက်ရသော သူမက အံ့အားသင့်သလို ကြည့်နေပြီးမှ အနည်းငယ် လှုပ်ရှားလာသည်။

"ဟို .... ဘယ် ... တုံ့နိုး ... က ရောက် ..."

"အင်း ... ခုပဲလေ"

"လာရင် ဖုန်းကြိုဆက်မယ် ထင်နေတာ"

သူမက မပွင့်တပွင့်ပြောရင်း ခုတင်ပေါ်မှ ဆင်းလာ သည်။ တီရှပ်အပြာနုရောင် အကျပ်လေးမှာ၊ ချည်သားဘောင်းဘီ





ကိုဖြင့် သူမပုံစံက လွတ်လပ်ပေါ့ပါးစွာ ရှိနေသည်၊ ကျောလယ် ခန့်ရှိ ဆံနွယ်ခွေတွေကတော့ ကပိုကရို ဝဲဖြာဆင်းနေကြပါသည်။

"ဘာဖြစ်လို့လဲ၊ အပြင်သွားနေတာနဲ့ ကြုံမှာစိုးလို့လား"

"အင်း ... အဲလိုလည်း ပါမယ်ထင်တယ်"

သူမက မပွင့်တပွင့် ပြောလိုက်လျှင် သူ အသည်း ယားသွားသည်။ သူမရဲ့ကပိုကယိုအလှက သူ့ကို သွေးဆူစေပါ သည်။ သူမ အနားသို့ ရောက်သွားကာ ခါးကိုဆွဲပင့်မိရင်း သူ့ ရင်ခွင်ထဲ ထည့်မိသည်။ ရုတ်တရက် သူ့လုပ်ပုံကြောင့် သူမက အလိုက်သင့်ပါလာကာ အံ့ဩသွားပုံလည်း ရပါသည်။ အံ့ဩ၍ ပွင့်အာသွားသော နှုတ်ခမ်းများကို သူက နမ်းမိသည်။

နှုတ်ခမ်း၊ ပါးရိုးတစ်လျှောက်၊ လည်တိုင် ...။ သူမ ထံမှ အသက်ရှူသံပြင်းပြင်းကို ကြားရပါသည်။ ခဏကြာတော့မှ သူက သူမခါးကိုဖက်ရင်း ခုတင်စွန်းမှာ ထိုင်ချလိုက်မိသည်။ သူ ကြည့်သော အကြည့်များကို သူမက ရင်မဆိုင်သလို မျက်နှာလွှဲ သွားသည်။

ဟား ... ဘာလဲ။ ဒီကောင်မလေး ရှက်နေတာလား။ သူ့ပတ်ဝန်းကျင်မှာ ယောကျ်ားတစ်ယောက် နမ်းတာကို ရှက်ရွံ့



www.burmeseclassic.com

www.burmeseclassic.com



သွားသော မိန်းကလေးမျိုးကို မကြုံဖူးသဖြင့် သူ့အတွက် အထူး တဆန်း ဖြစ်စေလေသည်။

"ကိုယ်တို့ မတွေ့ဖြစ်တာ ဘယ်လောက်ကြာပြီ ထင်လဲ"

"တစ်ပတ်"

"မင်း ကိုယ့်ဆီကို ဖုန်းလေးတစ်ချက်တောင် မဆက်ပါလား"

သူ့ရဲ့အပြစ်တင်လေသံကို သူမ သဘောပေါက်ပါလိမ့်မည်။ အရင် ငုံ့ကြည့်လာသော ရီဝေဝေ အကြည့်များထဲတွင် အကြောင်းပြချက် တစ်စုံတစ်ရာ ပါဝင်နေဟန်ရှိပါသည်။

"ကျွန်မ သတိရပါတယ် ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဟို ... မဆက်ရဘူး ထင်နေတာ။ ဆက်လို့မရဘူး ထင်နေတာ"

"ဘာရယ် ... ဆက်လို့မရဘူး ! ဟုတ်လား။ ဘာလို့ အဲလို ထင်ရတာလဲ"

သူ တကယ်ပဲ မသိ၍ မေးခြင်းဖြစ်သည်။ ဒါကြောင့် ပြောတာပေါ့။ ဒီကောင်မလေးဟာ စိတ်ဝင်စားစရာ ကောင်းပါ





တယ်လို့။ သူမရဲ့ နှင်းဆီဖူးနှုတ်ခမ်းများထဲမှ စကားသံထွက်ကျလာသည်။

"ဦးထန်မိုးကသာ ကျွန်မဆီ ဖုန်းဆက်ခွင့်၊ လူကိုယ်တိုင် ရောက်လာခွင့် စသဖြင့် အဲဒါမျိုးတွေ ရှိတယ် ထင်မိတာ။ ကျွန်မကတော့ အဲဒါမျိုးတွေ လုပ်ခွင့်မရှိဘူး ထင်မိတယ်"

အိုး ... ဘယ်လိုမိန်းကလေးမျိုးပါလိမ့်။ သူမလို အနေအထားမှာ သူ့ကို တွယ်ကပ်နေရမှာမျိုး မဟုတ်ဘူးလား။ အနားနားမှာ ကပ်ချွဲပြီး ပေးထားတဲ့ အခွင့်အရေးထက် တခြား အခွင့်အရေးတွေကိုပါ အဆင်ပြေရင် ပြေသလို တောင်းဆိုရမှာ မဟုတ်ဘူးလား။

"နေ့ခင်းရယ်"

သူက သူမ ပခုံးတစ်ဖက်ကို မချင့်မရဲဖြင့် ဖျစ်ညှစ်မိသည်။ သူမက လက်ချောင်းများကို ချိုးလိမ်ရင်း ငြိမ်သက်နေသည်။ အပြင်က ရောက်လာသော ယောကျာ်းတစ်ယောက်ကို အင်္ကျီလဲပြီး နားမလား၊ ရေချိုးမလား၊ ဘာစားမလဲ ပြုစုယုယပေးဖို့ဆိုတာ သိကို မသိတာနဲ့ တူပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ ကိုယ့်ဆီ ပတ်သက်ဆက်နွယ်နိုင်တဲ့ အခွင့်အရေး တစ်စုံတစ်ရာ ရှိပါတယ်"

သူမ မျက်ဝန်းထဲမှာ အရောင်တော့ ဖျတ်ခနဲလက်သွားသည်ဟု ထင်မိပါသည်။ ခဏနေတော့မှ "ကျေးဇူး"ဟူသော အသံတိုးတိုးလေး ထွက်လာသည်။

"ကိုယ် ရောက်မလာတဲ့ အတောအတွင်း မင်း ဘာတွေ လုပ်နေလဲ"

"တစ်ခါတလေလည်း သက်နွယ်နဲ့ အပြင်လိုက်ပေးဖြစ်တယ်။ များသောအားဖြင့် အိမ်မှာပါပဲ။ စာဖတ်တယ် TV ကြည့်တယ်"

"ကိုယ့်ကို သတိမရမိဘူးလား"

"ရပါတယ်၊ ခုနက ပြောသလိုပေါ့"

"အင်း ... ဒီရက်ပိုင်းတွေ ကိုယ် အရမ်းအလုပ်ရှုပ်ခဲ့တယ်။ အာရုံတွေလည်း နောက်ခဲ့တာပေါ့၊ ကိုယ့်စိတ်တွေ လန်းဆန်းသွားအောင် မင်း ဘာလုပ်ပေးနိုင်မလဲ"

သူမထံမှ စကားသံ ချက်ချင်း ပြန်ထွက်မလာပါ။ ခဏနေတော့မှ သူ့ကို မျက်လုံးရွဲကြီးတွေနှင့် ကြည့်လာရင်း ခပ်တိုးတိုးဆိုသည်။





"အမှန်အတိုင်း ပြောရရင် ကျွန်မမှာ ယောက်ျားတွေနဲ့ ပတ်သက်တဲ့အတွေ့အကြုံ မရှိပါဘူး။ ဦးထန်မိုး နှစ်သက်သဘောကျအောင် ဘယ်လိုနေရမယ်ဆိုတာ ကျွန်မ မသိဘူး"

"အိုခေ ... ဒါဆို ကိုယ် ဘာတွေ ကြိုက်တက်လဲဆိုတာ မင်းကို ပြောပြရမလား"

သူနဲ့ အနှောင်းတို့ အကြည့်ချင်း ဆုံသွားပြီး စူးစိုက်ကြည့်မိကြသည်မှာ စက္ကန့်တော်တော်များများ ကြာမည် ထင်ပါသည်။ ခဏနေတော့မှ သူမက နည်းနည်းပြုံးလိုက်ရင်း ခေါင်းညိတ်ပြသည်။

"ကိုယ်က အရက်ကောင်းကောင်း ကြိုက်တယ်။ မိန်းမချောချောတွေ ကြိုက်တယ်၊ မာဘိုရိုစီးကရက် ကြိုက်တယ်၊ Gym ကစားရတာကို ကြိုက်တယ် ...

တင်းနစ်ပြိုင်ပွဲ ကြည့်ရတာကို ကြိုက်တယ်။ အင်း... နောက် မိန်းမချောချောတွေက ပြုစုယုယတာကို ကြိုက်တယ်"

"ဘယ်လို ပြုစုယုယတာကို ကြိုက်တာလဲ"

www.burmeseclassic.com



အဲဒီလိုမေးသော သူမမျက်ဝန်းတွေက ကျားနာမလေးတစ်ကောင်လိုတော့ ဖြစ်နေခဲ့ပါသည်။ သူက လှို့ဝှက်စွာ ပြုံးလိုက်ရင်း သူမ အနားသို့ မျက်နှာကို နည်းနည်းထပ်၍ တိုးကပ်လိုက်သည်။ သူ့ကို ကြည့်လာသော အကြည့်တွေက မာန်တင်းထားသော အကြည့်မျိုးတွေ ဖြစ်ပါသည်။

အဲဒီအချိန်မှာပဲ သူက သူမ မထင်ထားတာကို လုပ်လိုက်သည်။ အဲဒါကတော့ သူမရဲ့လည်ကုပ်သားအိအိလေးများကို ခပ်ထိထိ ခပ်မိမိ ဖက်ကြောဆွဲပေးလိုက်ခြင်းပါပဲ။ အံ့သြတကြီး ကြည့်လာခဲ့သော မျက်ဝန်းများထဲသို့ တည့်တည့်စိုက်ကြည့်ရင်း သူက ချိုမြိန်စွာ ပြောလိုက်သည်။

"ကိုယ့်ကို ဖက်ကြောဆွဲပေးတာမျိုးပေါ့"

ရယ်ရွှင်ရိပ်ဖြင့် အနည်းငယ် ချိုမြသွားသော မျက်ဝန်းတွေက ပိုမိုတောက်ပသွားသလို ရှိပါသည်။ ခဏကြာတော့မှ မနေတတ်သလို ခန္ဓာကိုယ်ကို တွန့်လိုက်ရင်း "ကျွန်မ ... လုပ်ပေးပါမယ်"ဟု ဆိုသည်။ သူက ပြုံးရင်း အသာအယာ ခေါင်းခါပြလိုက်လျှင် သူမက ဘာလဲ ဟူသော သဘောဖြင့် မျက်ခုံးပင့်ကြည့်သည်။





"ကိုယ် ရေစိမ်ချင်နေတာကွ၊ ဒါမှ Relax ဖြစ်မှာ"

သူ့ကို ပြန်ကြည့်နေသော မျက်ဝန်းများမှာ တစ်ခဏတော့ ငြိမ်သက်သွားကြသည်။ အဲဒီနောက်မှာတော့ မျက်လွှာချလိုက်ရင်း လှပသွယ်ပျောင်းသော လက်တစ်စုံသည် သူ့ရှပ်အင်္ကျီကြယ်သီးများကို ဖြည်းဖြည်းချင်း ဖြုတ်ပေးနေခဲ့လေသည်။

သူ မျှော်လင့်ပါသည်။ သူမကို ယောကျ်ားတစ်ယောက်အား ကြင်နာစွာ ပြုစုစောင့်ရှောက်တတ်သော မိန်းမတစ်ယောက် ဖြစ်လာစေဖို့ သူ မျှော်လင့်ရင်ခုန် ထားခဲ့ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၆

"ဟာ ... ဟ ...။ ငါ့ကို ဒီလို လာလုပ်လို့ ဘယ်ရမလဲ၊ မိန်းမဆိုပြီး အထင်သေးချင်တာ၊ သေသွားမယ်"

သက်နွယ်က လမ်းကြောမှာ ခေါင်းတိုးဝင်ပြီး ဖွတ်ဗိုလ်ကျချင်သော ကားတစ်စီးကို လုံးဝလမ်းမပေးဘဲ ခေါင်းမာမာနှင့် ရှေ့ကားကို ဖွတ်ကပ်ကာ မီးပွိုင့်ကို တစ်စီးစာလွတ်ရုံလေး မောင်းထွက်လာနိုင်တာကို ဂုဏ်ယူဟန်အပြည့်ဖြင့် ပြောလေသည်။ မိုးနှောင်းက သက်နွယ်ရဲ့ သွေးကြီးနေသောပုံစံကို သဘောတကျနှင့်ကြည့်ကာ ပြုံးမိသည်။

သက်နွယ်က အရာရာကို တတ်သိနားလည်ချင်စိတ်ရှိသည်။ ကားမောင်းတာကို အစောကြီးတည်းက သွားသင်ထားကာ လိုင်စင်လည်း ရအောင်ဖြေယူထားသည်။ အလုပ်ထဲမှ





သူဌေးရဲ့ကားတွေကို လစ်ရင် လစ်သလို တက်မောင်းကာ ဟိုတိုးဒီတိုက်ဖြင့် တဖြည်းဖြည်း ကျွမ်းကျင်လာခဲ့လေသည်။ ခုတော့ TOYOTA Belta ကားလေးဖြင့် ရန်ကုန်မြို့ရဲ့ စီးမျောသူတစ်ယောက်အဖြစ် ပါဝင်နေခဲ့ပြီ။

"နှင်တောင် ဆရာကြီး ဖြစ်နေပြီပဲ"

"ဘာ ... ဆရာကြီးလဲ။ ရှင်းရှင်းပြော",

"နှင် ကားမောင်းတာကို ပြောတာပါ"

"သြော် ... ကြာပြီပဲကွာ။ ငါတို့ဘဝတွေက ကိုယ့်အားကိုယ်ကိုးရမယ့် ဘဝတွေလေ။ အကုန်တတ်ထားတော့ ကောင်းတာပေါ့။ ငါ ဒီနေရာထိ ရောက်လာတယ်ဆိုတာလည်း ကားမောင်းတတ်တာကြောင့်လည်း ပါတယ်။ မြဝတီဆိုလည်း ငါက လစ်သွားလိုက်တာပဲ ...

နှင်လည်း သင်တော့လေ၊ ဒါနဲ့ နှင့်ဘဲကြီးက နှင့်ကို ကားမပေးသေးဘူးလား"

"မပေးပါဘူး"

"ဟယ် ... နှင်က မတော်င်းဘူးလား။ သူက ကားတောင် ဥရောပကားတွေ သွင်းတာတဲ့နော်။ မာစီးဒီး r Series တွေ ဘာတွေ တောင်းပစ်လိုက် ...



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ကားလောက် စီးမနေနဲ့”

“သက်နွယ်ရယ် ... အဲလိုတွေ ငါ မပြောချင်ပါဘူး”

“ဟာ ... နင်ကတော့ လုပ်ပြီ။ သူတို့တွေအတွက် အခု နင်ဇနတဲ့ ကွန်ဒိုတောင် ခပ်ပါးပါးပဲဟ။ တချို့ကျတော့ အဲလို ချွဲနွဲ့တောင်းတာကို လိုချင်တာ။ အဲလိုမှ ပေးရတာကို ပိုအရသာရှိတယ် ထင်နေကြတာ ...

နင့်ကိုတော့ အများကြီး သင်ပေးရဦးမှာပဲ။ နင် ဒီလို ခပ်အေးအေးကြီး လုပ်နေလို့ မဖြစ်ပါဘူး။ ဒီလောက် မိုက်တဲ့ Sponsor ကို ရထားတာနော်။ နင် လိမ္မာရင် လိမ္မာသလို ရမယ် မိုးနှောင်း။ သိပ်ညံ့မနေနဲ့ နင့်အတွက် ငါ ပြောနေတာ”

“အေးပါဟယ်၊ ဒါပေမဲ့ အဲဒါမျိုးတွေ ငါမှ ပြောမထွက်တာ”

“ထွတ် ... ပြောမထွက်ခဲ့သူ လုပ်မနေနဲ့၊ တိုက်ရိုက်ကြီး ပြောမထွက်ရင်တောင် စကားလမ်းကြောင်းပေးပါဟာ။ သက်နွယ်တောင် ကားမောင်းနေတာ ဟုတ်နေပြီ နှောင်းလည်း မောင်းတတ်ချင်တယ် ဘာညာပေါ့”





“ဟား ဟား ... နှောင်း ... ဟုတ်လား။ အဲလို တစ်ခါမှ မပြောဖူးဘူး”

“ဟင် ... ဒါဆို နင် ဘယ်လိုပြောလဲ”

“ကျွန်မလို့ပဲ ပြောတာလေ”

“သူ့ကိုရော ဘယ်လိုခေါ်လဲ”

“ဦးထန်မိုးလို့ ခေါ်တယ်လေ”

“အို့ မိုင် ဂေါ့ဒ်”

သက်နွယ်က ကားမောင်းနေရင်းမှ သူ့နဖူးသူ ဖိတ်ရိုက်သည်။ သက်နွယ်နဲ့ မိုးနှောင်းမှာ အလုပ်ကိစ္စတစ်ခုမှ အပြန် Junction Square သို့ သွားနေကြတာ ဖြစ်ပါသည်။ Junction Square ရောက်လျှင် ကားတစ်စီးစာ ပါကင်နေရာရဖို့ အရေးကို ပြူးပြဲပြီး ရှာရသဖြင့် သက်နွယ်က ပွစိ ပွစိ ဖြစ်နေသည်။

“ဟာ ဟ ... လူတွေ ... လူတွေ။ ပြောတော့ စီးပွားရေး ကျပ်တည်းတယ်၊ ကုန်ဈေးနှုန်းကြီးတယ် ကြီးတယ်နဲ့ သွားလိုက်ရင် Shopping Mall တွေမှာအပြည့်။ စားသောက်ဆိုင်တွေမှာ အလကားပေးနေသလား မှတ်ရတယ် ...



www.burmeseclassic.com

www.burmeseclassic.com



တကတဲ ... ကဲ ... နင် ဘာစားမှာလဲ၊ ငါကတော့ ရွှေပလ္လင်မှာပဲ ဟဲဗီးဆွဲတော့မယ်"

"ဆွဲလေ ... ငါလည်း ခေါက်ဆွဲသုပ် စားမလို့၊ လက်ဖက်ရည် ချိုပေါ့လေးနဲ့"

"အေး ... လက်ဖက်ရည်ဆိုင်ကို Shopping Mall မှာ လာဖွင့်တာ တကယ်ကောင်းတဲ့ စိတ်ကူးပဲ"

ရွှေပလ္လင်မှာ စားရင်းသောက်ရင်းနဲ့ သက်နွယ်က မိုးနှောင်းကို လက်ချာရိုက်ပြန်သည်။ သူ ပြောနေသည်မှာ ဦးထန်မိုးနှင် တွေ့ဆုံစဉ်အတွင်း ဘယ်လိုအဝတ်အစားမျိုးကို ဝတ်ပါ ဆိုတာကမျိုးအစ၊ Sexy ကျအောင် ပြောနေသဖြင့် မိုးနှောင်းမှာ ခေါက်ဆွဲသုပ်စား၍ အီလည်လည်မဖြစ်ဘဲ သက်နွယ် စကားကြောင့် အီလည်လည် ဖြစ်နေသည်။

"နင် ဘရာကို Sabina ဝယ်သုံး။ ဒီမှာ ရှိတယ် ဝယ်သွားလိုက်။ အဲဒီမှာ အပေါ်အောက် ဆင်တူတွေ ရှိတယ်။ အဲဒါမျိုးတွေ ဝတ်စမ်းပါ၊ အပေါစားတွေ မဝတ်နဲ့၊ ဟင်း ... နင်နဲ့တော့ ခက်တယ်"

"ဟယ် ... သက်နွယ်ရယ်။ ငါလည်း အပေါစားတွေ မဝတ်ရပါဘူး"





"အပေါစားဆိုတာ Brand မဟုတ်တဲ့ ဟာတွေကို ပြောတာ။ ထားပါ ... ခုပဲ ဝယ်သွားတော့ ပြီးရင်။ ဝမ်းဆက်လေးတွေ အရမ်းမိုက်တယ်။ ဒါမှ ဆွဲဆောင်မှု ရှိမှာပေါ့ မိုးနှောင်းရယ်။ နောက် အခေါ်အဝေါ်လေးလည်းပြောင်း၊ စကားပြောရင်လည်း ချွဲချွဲချိုချိုလေးတွေ ပြောတတ်ရတယ် ...

ဒီလို Sponsor မျိုးကို လိုချင်နေတဲ့ သူတွေက အများကြီးနော်။ တချို့ဆို သူတို့ကကို လိုက်ချိတ်နေတာ၊ ရသမျှပိုက်ဆံ ဘဏ်ထဲပဲ စုမနေနဲ့ သုံးသင့်တာလည်း ဝယ်သုံးရတယ်"

"အင်းပါ ... သက်နွယ်ရယ်"

သက်နွယ်နှင့်အတူ လိုက်နေသဖြင့် သက်နွယ် တစ်ယောက် ဘယ်လိုအသုံးဖြုန်းကြီးတယ်ဆိုတာတော့ မိုးနှောင်း သိပြီးသားပါ။ မိတ်ကပ် Cosmetics ၊ Skin Care ပစ္စည်းကအစ၊ အဝတ်အစား ဖိနပ်အဆုံး တန်ဖိုးကြီးပေ့ ဆိုတာတွေပဲ သုံးသည်။ တကယ့် သူဌေးသမီးတွေ သုံးတဲ့ပုံစံမျိုး။ သူ ဝယ်ကိုင်သော COACH အိတ်မျိုး ဝယ်ဖို့ဆိုလျှင် မိုးနှောင်းမှာ နှမြောလွန်းနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဝတ်တာတွေက လန်းတော့ လန်းပါတယ်။ လန်တော့ မလန်သေးဘူး"

"တော်ပါပြီ မလိုချင်တော့ပါဘူး"

"ဒါနဲ့ နင့်ကို အခု တစ်လ ဘယ်လောက်ပေးလဲ"

"ငါ့ကို ဘဏ်စာအုပ် လုပ်ပေးထားတယ်လေ။ တစ်လကို သုံးဆယ်ထည့်ပေးတယ်"

"သုံးဆယ် ! အင်း ..."

"များလို့လား"

"မများဘူး ... မနည်းဘူး"

"ဟာ ... ဟ ... နင့်စကားကလည်း"

"ဟုတ်တယ်လေ ... သိန်းသုံးဆယ်ဆိုတာ မနည်းပါဘူ ဒီခေတ်ထဲမှာ ပိုက်ဆံသိန်းသုံးဆယ်ကို ရအောင် ရှိ သားသားရှာမယ်ဆို မျက်ဖြူဆိုက်အောင် ရှာရမှာ။ ဒါပေ များလား ဆိုတော့လည်း တကယ်သုံးမယ်ဆို မများဘူ လေ။ ကဲ ... Chanel အိတ်တစ်လုံးပဲဝယ်ဦး ဆယ်သိန်း လောက်က ပြုတ်နေပြီ ...





SKII Set ပဲ ဝယ်ဦး။ ငါးသိန်း ခြောက်သိန်း ကျန် တဲ့ပိုက်ဆံက ဘာလုပ်လို့ ရမှာလဲ။ နင် ထပ်တိုးတောင်းပေါ့"

"တော်ပါပြီ ဆက်နွယ်ရယ်။ နင် ပြောတဲ့ ပစ္စည်းတွေလည်း ငါ မသုံးတော့ အဲလောက်မလိုပါဘူး။ ငါ့အတွက် မေမေတို့ အတွက် အားလုံးပေါင်းမှ ဆယ်သိန်းတောင် မပြည့်ပါဘူး"

"ခက်တယ် မိုးနှောင်းရယ်၊ နေရာချင်းသာ လဲချင်တော့ တယ်။ နင့်ရှေ့က သူ တစ်လလောက်ပဲ တွဲလိုက်တဲ့ မော်ဒယ်တောင် ကားတစ်စီးနဲ့ တစ်ရာလောက်ရသွားတယ် ပြောတယ်နော်။ သူနဲ့ နိုင်ငံခြားတစ်ခေါက်ပဲ လိုက်သွား ပေးတာ"

မိုးနှောင်းက ဘာမှပြန်မပြောဖြစ်တော့ပါ။ တစ်ခါ ဘလေကျတော့လည်း တစ်ယောက်နဲ့ တစ်ယောက်က စိတ်ချင်း ဆပ်တူ ဘယ်ကျနိုင်ပါ့မလဲလေ။ ဒီအတိုင်းလေးကပဲ အဆင်ပြေ သည်ဟု မိုးနှောင်း ထင်ပါသည်။ ဒါပေမဲ့လည်း ဘယ်အရာမဆို စမ်းသင်ယူချင်စိတ် ပြင်းထန်သူ မိုးနှောင်းမှာ ကားမောင်းတတ် ချင်စိတ်တော့ အပြည့်ရှိနေခဲ့ပါသည်။ ဒါပေမဲ့လည်း တောင်းဆို တော့ မဝံ့ရဲခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



## ၉ ၊ ၂

"ဒေါ်လာဈေးတွေ တက်လာလိမ့်မယ်လို့ နိုင်လုံတဲ့သတင်း ရုပ်ကွက်က ကြားထားတယ်နော် ကိုအောင်။ လက်ထဲ ထပ်ထည့်ထားဦး"

သူ့ ပါတနာ ကိုအောင့်ကို Massage ဝင်နေရာမှ လှမ်း၍ စကားထောက်လိုက်လျှင် အကျောထိ အကျောမိနေသော ကိုအောင်က ရုတ်တရက် ပြန်မပြောနိုင်ချေ။ သူတို့နှစ်ယောက် မှာ ဂေါ့ဖ်ကွင်းကအပြန် ဟိုတယ်ကြီးတစ်ခုမှာ Spa ဝင်ပြီး Shiatsu Massage လုပ်နေကြတာ ဖြစ်ပါသည်။ သူ့ပင်ကိုစိတ် အရဆိုလျှင် ဂေါ့ဖက်ရိုက်တာကို အဲ့ဒီလောက် ဝါသနာမပါ။





ပျင်းစရာကောင်းသည်ဟုတောင် ထင်သည်။ သူက ကိုယ်ခန္ဓာ ကြံ့ခိုင်ပြီး ယောကျ်ားပီသဖို့ သွက်သွက်လက်လက် ချွေးတစ်ရွှဲရွှဲနှင့် Gym ကစားရတာပဲ နှစ်သက်သူ ဖြစ်သည်။ သို့သော်လည်း ... လူကြီးတွေနှင့် ရင်းနှီးဝင်ထွက် ပတ်သက်ဖို့ကတော့ ဒီလမ်း ကြောင်းက အဆင်သင့်၍ဖြစ်သည်။

"အင်း ... ထည့်တော့ ထည့်ထားရမယ်။ ဒါပေမဲ့ ဈေးကွက် လိုအပ်ချက်ကြောင့် မဟုတ်ဘဲ ဆွဲတင်တာမျိုးဆို ရေရှည် မတက်နိုင်ဘူး ...

ထားပါဗျာ ... အဲဒါတွေ၊ ခင်ဗျားကတော့ ဒီပုံ အတိုင်းဆို အာရှကျားတစ်ကောင်ပါ ဖြစ်လာဦးမယ် ... ဟား ... ဟား"

"ဘာလို့လဲ ကိုအောင်ရ"

"ဟုတ်တယ်လေ၊ Relax time မှာတောင် အလုပ်အကြောင်း စဉ်းစားရဲသေးတယ်။ အဲလောက်လည်း အလုပ်ဖော ကပ်မ နေစမ်းပါနဲ့ဗျာ၊ စာမယ့် သောက်မယ့်သူလည်း ရှိတာ မဟုတ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သူ့ပုံစံက တစ်ခုခု ပြောမည်ပြင်ပြီးမှ မပြောတော့သောအခါ ကိုအောင်က အထာနပ်စွာဖြင့် Massage လုပ်ပေးနေသော ကောင်မလေးတွေကို သွားနိုင်ပြီဟု ယဉ်ယဉ်ကျေးကျေးနှင်လိုက်သည်။ ပြီးတော့ နှစ်ယောက်သားက ထိုင်ဖို့ခင်းထားသောခုံများတွင် ခြေထောက်ဆင်းကာ သက်သောင့်သက်သာ ထိုင်လိုက်ကြပြီး အသင့်ချထားပေးသော ဂျူ့စ်ကို သောက်ရင်း သူက စကားပြန်စမိသည်။

"စားမယ့် သောက်မယ့်လူ မရှိလို့ကို အလုပ်အပေါ်မှာ သဲကြီးမဲကြီး သံယောဇဉ်ငြိတွယ်နေတာ ကိုအောင်ရ"

"အမိပွာယ်ရှိမယ့် စကားပဲ၊ လင်း စမ်းပါဦးဗျ"

"မိသားစုနဲ့ ဆိုရင်တော်တော် ချမ်းသာဖို့က သိပ်မလိုပါဘူးဘယာ။ ဘဝမှာ မိသားစုလောက် တန်ဖိုးကြီးတာ ရှိဦးမလား။ မိသားစုကို အချိန်ပေးဖို့က အရေးကြီးတယ်လေ။ မိန်းမနဲ့ စကားပြောမယ်၊ ကလေးတွေနဲ့ ကစားမယ်။ ကလေး ကျောင်းကြိုသွားမယ်၊ တကယ်တော့ ကျွန်တော်က အဲဒီလို ဘဝမျိုးကို နှစ်သက်တာဗျ ...





ကိုယ့်မှာ အဲဒီလို ဘဝမရှိတော့ အလုပ်ထဲပဲ စိတ်ကို နှစ်ထားရတော့တာပါပဲ"

"အင်း ... ဒါလည်း ဟုတ်တာပဲ။ ကိုယ့်လူ အိမ်ထောင်လေးဘာလေး မပြုတော့ဘူးလားဗျ"

"ပြောရင်တော့ ရယ်စရာများ ဖြစ်နေမလား မသိဘူး ... ဟက် ... ဟက်"

သူ့ရဲ့ရယ်သံမှာ နာကြည်းရိပ်စွက်နေတာ။ ဘဝကို ခပ်လှောင်လှောင် လုပ်ချင်တာ စသဖြင့် အဲဒါတွေက သူ့ကိုယ်တိုင်ပဲ သိပါမည်။

"မဖြစ်ပါဘူးဗျာ ပြောစမ်းပါ"

"ကျွန်တော် တကယ်ချစ်တဲ့ မိန်းမတစ်ယောက်ကိုပဲ လက်ထပ်ချင်ခဲ့တာ"

"ဆိုလိုတာက ကိုယ့်လူသည် အရင်တစ်ယောက်ကိုချစ်လို့ လက်ထပ်ခဲ့တာ မဟုတ်ဘူးပေါ့"

သူ့မျက်လုံးထဲတွင် မမသူဇာရဲ့ ညှို့ဓာတ်ပြင်းသော အလှအပနှင့် စွဲမက်ဖွယ်နှုတ်ခမ်းတွေကို ပြန်မြင်ယောင်လာသည်။ ဒါပေမဲ့လည်း သူ မမသူဇာကို မချစ်ခဲ့ဖူးထင်တာပဲ။ လှပသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ကို စွဲလမ်းစိတ်တော့ ဖြစ်ခဲ့ဖူးမှာပေါ့။ ဒါပေမဲ့ အဲဒါက အချစ်ဟုတော့ သူ မသတ်မှတ်ချင်ပါ။ ရင်ခုန်တတ်စ အရွယ် ယောကျ်ားလေးတွေဟာ ကိုယ့်ထက်ကြီးတဲ့ မမများကို ရင်ခုန်ကြတာပဲ မဟုတ်လား။

မမသူဇာဟာ သူ့ထက် ရှစ်နှစ်ကျော် ကြီးသည်။ ခုချိန်ဆို လေးဆယ့်ငါးနှစ်တောင် ရှိရောပေါ့။ ရွှေမှုန့်စားကာ ရွှေဘုံပေါ် စံသူမို့ နုနယ်လှပဦးမှာပါပဲ။

"ကျွန်တော် ထင်တယ်။ လက်ထပ်ခြင်း ဆိုတာလည်း ကံတရားနဲ့ ဆိုင်လိမ့်မယ်လို့။ ကိုအောင် စဉ်းစားကြည့်လေ။ ယောကျ်ားနဲ့မိန်းမ တစ်ယောက်ကိုတစ်ယောက် သေမလောက် ချစ်တာတွေ ခင်ဗျား ကြားဖူးမြင်ဖူးမှာပါ ...

အဲဒီလို ချစ်တိုင်းလည်း ပေါင်းချင်မှ ပေါင်းရတယ်။ သူတို့မှာ ပေါင်းဖက်လို့မရတဲ့ အကြောင်းကိစ္စ ခိုင်ခိုင်မာမာ တစ်စုံတစ်ရာ ရှိကြတယ်။ ဒီလိုပဲ လက်ထပ်ဖြစ်သွားကြတယ်ဆိုတဲ့ လူတွေမှာလည်း မချစ်ဘဲနဲ့ ခိုင်မာတဲ့အကြောင်းကိစ္စတစ်ခုကြောင့် လက်ထပ်လိုက်ရတာမျိုးတွေလည်း ရှိမှာပါ"





"ခင်ဗျားက ညားတိုင်းလည်းမချစ် အုပ်စုဝင်လား"

"အင်း ... အဲဒီလို ပြောလည်း ရတာပဲဗျ။ သေချာတာတော့ ကျွန်တော့်ဘဝမှာ မိန်းမတစ်ယောက်ကို နှစ်နှစ်ကာကာ မချစ်ဖူးသေးဘူးဗျ။ ပြောရရင် လူဖြစ်ရကျိုး မနပ်ဘူးပေါ့ဗျာ"

ကိုအောင်က သူ့ကို ကရုဏာသက်သလို ကြည့်ကာ မသိမသာ သက်ပြင်းချရင်း မေးသည်။

"ခင်ဗျား တွဲခဲ့တဲ့ ချာတိတ်မတွေကရော"

"ဘာဖြစ်လို့လဲ ချာတိတ်မတွေ ... ? ? ? "

"ချာတိတ်မတွေထဲမှာရော ချစ်ခဲ့ရတဲ့သူ မပါဘူးလားလို့"

ကိုအောင့်စကားကို သူက ဟက်ဟက်ပက်ပက် ရယ်မိသည်။ ကိုအောင်တစ်ယောက် မေးမိမေးရာ မေးတယ်ဆိုတာ သိနေသောကြောင့် တကူးတက မဖြေဖြစ်တော့ဘဲ သူ့ရင်ထဲမှာရှိသော အကြောင်းအရာတချို့ကိုသာ ဖွင့်ဟထုတ်ဖော်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လေ မိန်းကလေးတစ်ယောက်ကို မြတ်မြတ်နိုးနိုး ချစ်ဖူးချင့်တယ်ဗျာ။ ကိုယ်ချစ်တဲ့ မိန်းမကို လက်ထပ်ခွင့်ရတဲ့ ယောကျ်ားတွေ တော်တော်ကံကောင်းတယ်လို့ မြင်တယ်"

ကိုမောင်က သူ့ကို နားလည်ဟန်နှင့်လား စိတ်ပျက်ဟန်နှင့်လား ဝေခွဲမရသော အမူအရာနှင့် ငေးကြည့်နေသည်။

"ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ရင်တခုန်ခုန်နဲ့ ပိုးပန်းရတဲ့ အရသာမျိုး ကျွန်တော် သိပ်လိုချင်ခဲ့တာဗျ။ ဘယ်လောက် ရင်ခုန်စရာ ကောင်းလိုက်မလဲဗျာ ...

ကျွန်တော်တို့ ငယ်ငယ်က မိန်းကလေးတစ်ယောက်ကို ချစ်တယ်၊ သူ့ဆီကအချစ်ကို ရဖို့ဆိုတာ ယောကျ်ားတို့ရဲ့ လုံ့လက တော်တော်စိုက်ထုတ်ရတာဗျ။ စကားလိုက်မပြောရဲရင် ရည်းစားစာ ရေးရတယ်။ ကိုယ်တိုင်မရေးတတ်တာပဲဖြစ်ဖြစ်၊ လက်ရေးမလှရင်ပဲဖြစ်ဖြစ် သူငယ်ချင်းကို လက်ဖက်ရည်တိုက်ပြီး ရေးခိုင်းရတာ ...

အဲဒီ ကောင်မလေးရဲ့မျက်နှာကို တွေ့ခွင့်ရဖို့ဆိုတာလည်း သူ့အတန်းရှေ့၊ သူ့အိမ်ရှေ့ သွားပတ်ရတာအမော။





အဲ ... ဂစ်တာတီးတတ်တဲ့ကောင်ဆို ဘော်ဒါကြားမှာ သိပ်မျက်နှာပွင့်တာ။ သူ့အခန်းက အရိပ်လေး မြင်လိုက်ရရင်တောင် သေလို့ရတယ် ဆိုတာမျိုး ...

ခုခေတ်ကတော့ မျက်နှာမြင်ချင်လား ဖေ့ဘွတ်မှာ တက်ကြည့်လိုက်၊ ညအိပ်ခါနီးပုံတောင် မြင်လို့ရတယ်။ ဆယ်စုနှစ်တစ်ခု အတွင်းမှာတောင် ပိုးပန်းနည်းက ပြောင်းလဲသွားတယ် ထင်တာပါပဲဗျာ။ ခုခေတ် ချာတိတ်တွေ မချစ်တတ်ကြဘူးလို့ အရမ်းကာရော မပြောချင်ပါဘူး ...

သချ္ချာတာကတော့ ပိုခက်တဲ့ အရာတွေ ... ပူတွေက ပိုစွဲလမ်းကြတယ်ဗျာ။ အဲဒါ ... ခင်ဗျား လက်ခံလား"

"ဒါကတော့ သေချာတာပေါ့ဗျာ"

"ကျွန်တော်က ချစ်တဲ့ကောင်မလေးကိုတောင် မတွေ့ရသေးဘူး။ အိမ်ထောင်ကျခဲ့ရတာ First Year မှာ ကလေးအဖေ ဖြစ်နေပြီလေ"

"အင်း ... လူတစ်ယောက်ရဲ့သမိုင်းဆိုတာ ငယ်စဉ်မှာတော့ ကိုယ် ရေးချင်သလို ရေးခွင့်မရကြတာ များပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ မိုးနှောင်းလွန်နဲ့ ခင်ဗျား တွဲလာတာ ... အဲ ... သူ့ကို Sponsor ပေးတာ တစ်လရှိရောပေါ့ ...

စိတ်တိုင်းကျရဲ့လား"

"အင်း ... ပြောရခက်တယ်ဗျ၊ စိတ်တိုင်းကျတယ်လည်း မဟုတ်ဘူး၊ မကျဘူးလည်း မဟုတ်ဘူး"

"ဟ ... အဆန်းပါလား"

"စိတ်တိုင်းမကျဘဲနဲ့ သူ့ဆီ သွားချင်နေတာကတော့ သူ့မှာ လျှို့ဝှက်ချက် တစ်ခုခုတော့ ရှိမှာပါ။ ဘာလဲတော့ မသိဘူး"

သူ့ရဲ့အဆုံးသတ်စကား တိုးတိုးလေးနောက်တွင် ကိုအောင့်ရဲ့ ရယ်သံဝါဝါကြီးက ထွက်လာသည်။ သူမရဲ့လျှို့ဝှက်ချက်ကို ဘယ်တော့များမှ သူ သိလာရမှာပါလိမ့်။

❦ ○ ❦





၈

"အင်း ... ဒါလေးက ဒီလိုထား ... ဟုတ်ပြီဟ ... ခစ် ... ခစ်"

မိုးနှောင်းက ဖုန်းမျက်နှာပြင်ပေါ်မှာ ပေ နေသည့် ဓာတ်ပုံအတိုင်း အပြင်မှာ ဝက်သားလုံးချိုချဉ်ကြော်ကို ခရမ်းချဉ်သီးတွေနဲ့ တန်ဆာဆင်ကာ ဖုန်းထဲကပုံကို ကြည့်လိုက်၊ အပြင်မှာ လက်တည့်စမ်းလိုက်နှင့် သဘောတကျ ဖြစ်နေမိသည်။ ဘာအလုပ်မှလဲ မယ်မယ်ရရ မရှိတဲ့အခိုက်မှာ တစ်ယောက်တည်း အင်တာနက်က ဟင်းချက်နည်းတွေအတိုင်း လိုက်လံလက်တည့် မ်းနေခြင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ဟို အစားသူရဲမ သက်နွယ်ကို ခေါ်ကာ ကျွေးရမည်။ နောက် စတော်ဘယ်ရီပူတင်းလေး ဖုတ်ထားတာကို မေမေ့အတွက် သက်နွယ်နဲ့ လမ်းကြုံထည့်ပေးရဦးမည်။ ဝက်သား လုံးချိုချဉ်ကြော်၊ Sea food တုန့်ယမ်းနှင့် အားလုံးနှင့် သဘော်သီး သုပ်မည် စသဖြင့် ကိုယ့်ဟာကိုယ်ချက်၊ ကိုယ့်ဟာကိုယ် သဘော ကျနေသော သက်နွယ်ရဲ့နားထဲသို့ ဘဲလ်သံတစ်ခု ဝင်လာခဲ့သည်။ ဩော် ... သက်နွယ်မ သေခဲဦးမယ်။

မိုးနှောင်းက လက်နှစ်ဖက်ကို သုတ်လိုက်ပြီး အိမ် ရှေ့သို့ ခပ်သွက်သွက် ပြေးလာခဲ့သည်။ လုံခြုံရေးကင်မရာကို လည်း ဖွင့်မကြည့်အားတော့ဘဲ · လျှို့ဝှက်ဂဏန်းနံပါတ်ကိုသာ ဖွင့်လိုက်မိလေသည်။ ဘွားခနဲ ပေါ်လာသည်မှာ သက်နွယ်ရဲ့ မျက်နှာမဟုတ်ဘဲ မျှော်လင့်မထားသူတစ်ယောက် ဖြစ်နေသည်။

"အဲ ... ဦးထန်မိုး"

သူက အံ့သြသွားသလို ဖြစ်သွားသော မိုးနှောင်းရဲ့ ပုံစံကို ရယ်ဟဟဖြင့်ကြည့်ကာ အိမ်ထဲသို့ လှမ်းဝင်လာသည်။ မိုးနှောင်းက သူ့နောက်မှ တံခါးပိတ်ပြီးနောက် အမြန်လိုက်ဝင် လာရသည်။ သူ ဘယ်လိုများ ရောက်လာတာပါလိမ့်။ အချိန် အခါ မဟုတ်ကြီး။





သူက ဧည့်ခန်းမှာ ဝင်ထိုင်လိုက်ရင်း မိုးနှောင်းရဲ့ ...တ်ထဲက မေးခွန်းကို သိနေသည့်အလား ပြောပါသည်။

"ကိုယ် ခုနကပဲ နေပြည်တော်က ပြန်ရောက်တာလေ။ အဲဒါ ဒီမှာပဲ လာနားလိုက်တာ။ မင်းအိမ်က လေဆိပ်နဲ့ ပိုနီးနေတာကိုး ... ဟား ဟား"

သူ့စကားထဲတွင် ဘာမှရယ်စရာမပါသော်လည်း ...င်းအိမ်ဟူသော စကားကြောင့် မိုးနှောင်းက ပြုံးရသည်။ တခြား ...တစ်ယောက်ယောက် ဆိုလျှင်တော့ ဒီအချိန်မှာ သူ့အနားကပ် ...ားပြီး ကျွန်မအိမ် ဟုတ်လား ! ဒါဟာ တကယ်ပဲ ကျွန်မပိုင် ...လားရှင်ဟု အခြေအနေကို မိမိရရ ဖမ်းဆုပ်လိုက်မှာပါပဲ။ ...သော် မိုးနှောင်းကတော့ အဲဒါထက် ကိုယ့်ရဲ့ဟင်းပွဲတွေထဲမှာ ...ာ အာရုံရောက်နေသည်။

သူကလည်း အကျႌအကွက်ကို လက်ခေါက်ဝတ်ကာ၊ ...ဝင်ကို ညှပ်ကလစ်နှင့် လိပ်တင်ထားပြီး အဆီဥနေသော ...နှောင်းမျက်နှာကို အကဲခတ်မိသွားဟန်ဖြင့် မေးလာသည်။

"မင်း တစ်ခုခု လုပ်နေတာလား အနှောင်း"

"ဟုတ် ... ကျွန်မ ဟင်းချက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းချက်နေတာ ! "

သူက မိုးနှောင်းရဲ့စကားကို သံယောင်လိုက်ရင်း မျက်ခုံးပင့်ကြည့်သည်။ ပြီးတော့မှ "စားဖို့ ဟင်းလား"ဟု ပြန်မေးသောအခါ မိုးနှောင်းမှာ ရယ်ရမလို ငိုရမလို ဖြစ်ရလေသည်။

"ဟုတ် ... နေ့လယ်စာ သဘောမျိုး ဆိုပါတော့"

"သြော် ... သြော် ... မင်းက ဟင်းချက်တတ်တယ်ပေါ့"

"ကျွန်မ အရင်ထဲကလည်း ချက်တတ်ပါတယ်။ အခုဟာက အင်တာနက်က ဟင်းချက်နည်းအတိုင်း အဆန်းလေးတွေ လျှောက်ချက်ကြည့်ဖြစ်နေတာပါ"

ပြောရင်းနဲ့ မိုးနှောင်းက ဆက်၍သုံးမှာမဟုတ်တော့သော ဖုန်းအင်တာနက်ကို ပိတ်လိုက်သည်။ သူက မိုးနှောင်းရဲ့ Note II ဖုန်းလေးကို တစ်ချက်လှမ်းကြည့်ကာ ...

"မင်း ဖုန်းနဲ့ အင်တာနက် သုံးနေတာလား"

"ဟုတ်"

"ကွန်ပျူတာနဲ့ အဲ ... Laptop နဲ့ရော သုံးလေ့သုံးထရှိလား"

"ဟင့်အင်း"





"ဒီကွန်ဒိုက WiFi ရတယ်လေ။ အဲဒါနဲ့ သုံးနေတာလား"

"ဟင့်အင်း ... မဟုတ်ပါဘူး။ ကျွန်မ ဖုန်းက အင်တာနက်လိုင်းပါ"

"သြော် ... ပိုက်ဆံအကုန်မခံနဲ့လေကွာ။ ဒီမှာ WiFi ရတယ်။ Connection လည်း ကောင်းပါတယ်"

မိုးနှောင်းက ဖုန်းကအင်တာနက်ကို Mobile Closing င်လိုက်ပြီးနောက် သူ့ကို မော့ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"မင်း ဘာတွေ ချက်နေတာလဲ"

သူက ပြောရင်း မေးရင်းနဲ့ပဲ နောက်ထဲက မီးဖို ချောင်ဘက်သို့ ဝင်သွားသည်။ ထမင်းစားပွဲဝိုင်းမှာ မိုးနှောင်း လက်စ ဝက်သားလုံးချိုချဉ်ကြော်ကို တွေ့မြင်သွားပါသည်။ ငွေ့တထောင်းထောင်းထကာ မွှေးရနံ့တို့ လွင့်ပျံ့နေသောဟင်း သူ့ကို ဆွဲဆောင်ပါလိမ့်မည်။ မိုးနှောင်းဘက်သို့ အံ့သြသလို ချက်လှည့်ကြည့်သောကြောင့် မိုးနှောင်းက ပခုံးနှစ်ဖက် သိမသာ တွန့်ပြလိုက်မိသည်။

"So Amazing ! "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဟင်းချက်တာ အဲလောက်တောင် ထူးခြားဆန်း ကြယ်လား ဦးထန်မိုးရဲ့"

"အင်း ... ဆိုပါတော့။ ကိုယ် ဗိုက်တောင်ဆာလာပြီ၊ နေ့လယ်စာ မစားရသေးဘူးကွ။ မင်းကို ခေါ်ပြီး အပြင်မှာ တစ်ခုခု သွားစားမလားလို့ စဉ်းစားထားတာ။ ဒီတစ်မျိုးပဲ လား ဘာတွေရှိသေးလဲ"

"ဆယ့်ငါးမိနစ်လောက် ထပ်စောင့်ရင် Sea Food တုန် ယမ်းနဲ့ ကညွတ်ကြော် ရပါမယ်"

"ဟာ ... ကညွတ်ကြော်ပါ ရနိုင်မယ် ဟုတ်လား။ ကိုယ် က ကညွတ်ကြော်ကို အရမ်းကြိုက်တာကွ။ အိုခေ ကိုယ် အဝတ်အစားလဲရင်း စောင့်နေမယ်"

"ကောင်းပါပြီ"

ထန်မိုးဟာ မိုးနှောင်းရဲ့ ကောင်းပါပြီဟူသော အပြောနောက်မှာ ငေးခနဲ ဖြစ်သွားသည်။ တစ်ခုခု ပြန်ပြောဖို့ ကြံရွယ်ပွင့်ဟသွားသော နှုတ်ခမ်းများထံမှ ဘာစကားမှ ထွက်မ လာချေ။ တစ်ခုခုတော့ မှားယွင်းနေသလိုပဲဟု သူ ထင်သည်။ မိုးနှောင်းရဲ့ရှေ့မှာ မော်လ်ဒယ်တစ်ယောက်ကို သူ Sponsor ပေး





ဖူးသည်။ သူမဆီ ရောက်သွားတိုင်း ညှို့အားပြင်းစွာ ပွတ်သီး ဖွတ်သပ် ကြိုဆို နှုတ်ဆက်တတ်တာကို သွားသတိရမိသည်။ ပြီးလျှင် ကော်ဖီတစ်ခွက်တောင် ဖျော်တိုက်ဖို့ စိတ်မကူးသော မိန်းကလေးမျိုးလည်း ဖြစ်သေးသည်။ ရေခွေးထဲ ဖောက်ထည့် လိုက်ရတဲ့ Ready made ကိုတောင်မှလေ။

ခုတော့ ဒီမိန်းကလေးကတော့ အိမ်မှားပြီး ဝင်လာ မိသလား ထင်ရအောင် သူ့ကို ကြိုဆိုပုံမှာ အိမ်ရှင်မတစ်ယောက် နှယ် အနေအထားများဖြင့် ဖြစ်သည်။ ရှပ်အင်္ကျီအကွက်လေးကို လက်ခေါက်ဝတ်ကာ ဒူးဖုံးဂျင်းကွာတားလေးနှင့်။ ဆံပင်တွေက ညှပ်တစ်ခုနှင့် ပင့်တင်ထားကာ မျက်နှာက အဆီအုသလို ပြောင် ဝင်းဝင်းလေး ဖြစ်နေသည်။ တကယ်ကို ... တကယ်ကို သူ ပြန် အလာကို ကြိုဆိုနေသော အိမ်ရှင်မလေး တစ်ခုအလား။ အနေ အထားက အနည်းငယ်တော့ လွဲချော်နေခဲ့ပေမယ့် မကျေနပ်ဘူး လား ဆိုတော့လည်း မဟုတ်။

သူ အိမ်ထောင်ကျတုန်းကတောင် ဒီလို ခံစားချက် မျိုး မကြုံခဲ့ဖူး မဆုံခဲ့ဖူးချေ။ အန်ကယ်ကျော့်ထံမှာ အလုပ်သင် လေးအဖြစ် လိုက်ပါသွားပြီး တစ်နေကုန် တစ်နေခန်း ပင်ပန်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတဲ့အခါမှာ မမသူဇာက ကြိုတော့ ကြိုနေခဲ့သည်။ ညှော်ခန်းထဲမှာပဲ လုပမွေးကြိုင်သော ပုံစံဖြင့် ပြန်လာပြီလား ဟူသော စကားကို အပြုံးတစ်ချက်ဖြင့် ကြိုဆိုခဲ့တာပါပဲ။ အိမ်တံခါးကို ကိုယ်တိုင်ဖွင့်ကာ အိမ်ရှင်မစစ်စစ် တစ်ယောက်ရဲ့ ပုံစံမျိုး ကြိုဆိုခဲ့ဖူးတာတော့ တစ်သက်လုံးမှာ မရှိခဲ့ဖူးဘူး ထင်တာပါပဲလေ။

သူက ဒီအိမ်မှာ ထား,ထားသော သူ့အဝတ်အစားထဲမှ စွပ်ကျယ်ကဲ့သို့ ပါးလျားသော GIORDANO T-Shirt တစ်ထည်နှင့် ပုဆိုးတစ်ထည်ကို လဲလှယ်ဝတ်ဆင်လိုက်သည်။ အိမ်နေရင်းမှ ပုဆိုးဝတ်ရတာကို အကြိုက်ဆုံးဖြစ်သည်။ သူ အပြင်ထွက်လာသောအခါ သူမက ထမင်းပွဲပြင်ဆင်ရင်းမှ မော့ကြည့်ရင်း ...

"စားလို့ ရပြီ"

"အင်း ... အတော်ကောင်းမယ့် နေ့လယ်စာပဲ"

"ဟုတ် ... ကောင်းကောင်းစားပါ။ ဒါက Sea Food တုန်ယမ်း၊ ဒါက ကညွတ်ကြော်၊ အင်း ... ဒါကတော့ တစ်နေ့က လုပ်ထားတာ မုန့်လာပိုးတီ"

ထမင်းပန်းကန်က တစ်ပန်းကန်ပဲ ပြင်ထားသဖြင့် သူက သူမကို မော့ကြည့်မိကာ ...





"မင်းရော မစားဘူးလား အနှောင်း"

"ဟို ... ဦးထန်မိုးပဲ စားပါ။ ကျွန်မ မဆာသေးလို့"

"အိုး ... မဆာသေးလို့ပဲ ရှိမလား။ ဆယ့်နှစ်တောင် ရှိနေပြီပဲဟာ ... လာ ... တစ်ခါတည်းစား"

"ဟုတ်"

အဲဒီ "ဟုတ်" ... "ဟုတ်" ဆိုတဲ့ စကားသံကလည်း သူ့ကို ထူးဆန်းစေသည်ဟု ထင်သည်။ သူ့ကို ဘယ်မိန်းကလေးတမှ ဟုတ်, ဟုတ်နှင့် မပြောဘူးပါ။ သူမက ထမင်းတစ်ပန်းကန်နှင့်လာကာ သူနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။ အဲဒီနောက် သူ့ပန်းကန်ထဲသို့ ဝက်သားလုံးကြော်တစ်ဖွန်း ဦးချသည်။ ပြီးတော့ ကညွတ်ကြော် ထပ်ထည့်ပေးသည်။

"အိုခေ ... ရပါပြီ ... သင့်ခ်ယူ၊ မင်းလည်း စားပါ"

"ဟုတ် ... အားမနာဘဲစားလို့ ပြောရမလား၊ ကိုယ့်အိမ်လို သဘောထားပြီးစားလို့ပဲ ပြောရမလား။ ဘယ်လိုပြောရင် အဆင်ပြေမလဲ"

"အားရပါးရစား၊ ဟင်းတွေ အကုန်စားလို့ ပြောရင်တော့ အဆင်ပြေဆုံးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... စားပါ။ ဒါပေမဲ့ ကမ္ဘာအနှံ့က အကောင်းဆုံး ဆိုတဲ့ ဟိုတယ်တွေ စားသောက်ဆိုင်တွေမှာ စားဖူးခဲ့ ဦးထန်မိုး အတွက် ကျွန်မ ဟင်းတွေက ခံတွင်းပျက် သွားစေရင်ဘဲ အတော်ကံကောင်းနေပြီနော်"

"ဟက် ... ဟက် ... မင်းက သိပ်နှိမ့်ချလွန်းတယ်"

သူမက ဘာမှမပြောတော့ဘဲ ကညွတ်ကြော်ကို ခ လိုက်လျှင် သူကလည်း တုန့်ယမ်းဟင်းရည်ကို စတင်မြည်းကြည့် လိုက်သည်။ သူ ကြည့်ဖူးသော ကြော်ငြာထဲကလို ရုတ်တရက် ထအော်လိုက်ရင် ကောင်းမလား။ ဘာတဲ့ ... အိုး အမေလက်ရာ အတိုင်းပါပဲလား"ဆိုတာလေ။ ခက်တာက သူ့ဘဝမှာ အမေ လက်ရာဆိုတာလည်း ဟုတ်တိပတ်တိ စားခဲ့ရဖူးတာ မဟုတ် တော့ ပြောဖို့တော့ ခက်သည်။ ဒါပေမဲ့ သူမ လက်ရာဟာလည်း တကယ်ပဲ ကောင်းပါသည်။

ဝက်သားလုံးကြော်လည်း ကောင်းတာပဲ။ သူဟာ အကောင်းဆုံးသော ဟင်းလျာများကို စားဖူးတယ်ဆိုတာလည်း ဟုတ်တာပါပဲ။ ဒါပေမဲ့ ဒီဟင်းလျာတွေမှာတော့ ဓာတ်တစ်မျိုး ပါဝင်နေသည်ဟု ထင်မိသည်။ ထမင်းစားရင်း အနည်းငယ်





တိတ်ဆိတ်နေသည်ဟု ယူဆသဖြင့် သူကပဲ စကားစ,ပြောလိုက် သည်။

"မင်း ... ဟင်းချက်တာ ဝါသနာပါလား"

"ဟုတ်"

"တခြား ဘာတွေ ဝါသနာပါသေးလဲ"

သူမက သူ့ကို မျက်လုံးလှန်ကြည့်ရင်း ပြောသင့် မပြောသင့် ချိန်ဆနေပုံရသည်။ ထို့ကြောင့် သူက ရဲရဲပြောဖို့ တွန်းအားပေးလိုက်ပါသည်။ သူမလေးတို့ လိုချင်တာတွေ ပြည့်စုံ ပြီး စိတ်လက်ပေါ့ပါးမှ သူနဲ့ ဆက်ဆံရေးလည်း အဆင်ပြေ ပျော်ရွှင်နိုင်မည် မဟုတ်ပါလား။

"ကျွန်မ Learning လုပ်ရတာ ဝါသနာပါတယ်"

"ဘယ်လို ! ... Learning ! ဟုတ်လား"

"ဟုတ်"

"ကဲ ... ပြောပါဦး၊ ဘာတွေ Learning ချင်တာလဲ"

"ကျွန်မက ဘာမဆို Learning လုပ်ရတာကို စိတ်ဝင်စားပါ တယ်။ လောကကြီးမှာ ကိုယ်မသိသေးတာ၊ မတတ်သေး တာတွေ အများကြီးပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မသိသေးတာ မတတ်သေးတာဆိုလို့ မင်း ကားမောင်းတတ်ပြီလား"

သူ့စကားကြောင့် သူမ မျက်နှာက ပြုံးစိစိလိုလို မချိုမချဉ်လိုလို ဖြစ်သွားသည်။ အဲဒီ မျက်နှာပေးကို တစ်ခါမှ မမြင်ဘူးသောကြောင့် သူက ငေးမောမိသွားသည်။ သူမကတော့ သူ မေးတာ မဖြေဘဲ သူ့ပန်းကန်ထဲသို့ ငုံ့ကြည့်ကာ "ထမင်း ထပ်ယူဦးမလား"ဟု မေးသည်။

"တော်ပြီ ... ကိုယ် ဗိုက်တင်းအောင် စားလေ့မရှိဘူး။ အသီးတစ်ခုခုသာ ရှိရင် စီစဉ်လိုက်ပါ"

"ဟုတ်"

သူမက ပန်းကန်တွေကို သိမ်းဆည်းရင်း ထထွက်သွားလေသည်။ သူက ဧည့်ခန်းမှာ TV ထိုင်ကြည့်နေလိုက်ပါသည်။ ခဏနေတော့ သူမက သစ်သီးတစ်ပန်းကန်ဖြင့် ပြန်ရောက်လာသည်။ သူ့ရှေ့သို့ ချပေးသောအခါ ...

"ထိုင်ပါဦး ... ခုနက ကိုယ်မေးတာ ဖြေပါဦး"

"ရှင် ... ဘာကိုလဲ"

"မင်း ကားမောင်းတတ်လား ဆိုတာ"

"ကျွန်မ ဘယ်လိုလုပ်ပြီး မောင်းတတ်မှာလဲ"





"ကားမောင်းသင်ဖို့ရော စိတ်ဝင်စားလား"

"ဟုတ်"

"အိုခေလေ ... မင်း ကားမောင်းသင်ပါ။ မင်းကို ကိုယ် ကားတစ်စီး ဝယ်ပေးမယ်"

မျှော်လင့်မထားသော စကားကို ကြားလိုက်ရသည့်အလား သူမမျက်ဝန်းတွေ လက်ခနဲ ဖြစ်သွားသည်။ တန်ဖိုးရှိသော အရာတစ်ခုကို ရတော့မှာလို ပျော်ရွှင်သွားသော မျက်လုံးတွေထဲမှာ ရိုးသားလွတ်လပ်သော ကောင်းကင်တစ်ခု ရှိပါသည်။

"လောလောဆယ် မင်း ကားမောင်းသင့်ဖို့ ရွှေပေါ်တစ်စီး ပေးထားမယ်။ ကားမောင်းသင်တာ ဆိုတော့ မင်းကြိုက်တဲ့ ကားသစ်နဲ့ဆို ထိမိခိုက်မိဖြစ်မှာစိုးလို့ မင်း သေချာမောင်းတတ်သွားရင်တော့ မင်း ကြိုက်တဲ့ကား ပြော။ ကိုယ် ဝယ်ပေးမယ်"

"ဟို ... ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ကျွန်မ ဘယ်မှာကားမောင်းသင်ရမလဲ"

"အင်း ... မင်း ဆရာတစ်ယောက်ငှားပြီး သေချာသင်လိုက်လေး အပြင်မှာ စုံစမ်းကြည့်လိုက်။ တစ်ယောက်တည်း သီးသန့်သင်ပေါ့၊ မြန်မြန်တတ်လွယ်အောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"ဘာပြောစရာရှိသေးလဲ"

"ဟို ... မရှိတော့ပါဘူး"

"အင်း ... ဒါဆို မင်းလုပ်စရာရှိတာ လုပ်လေ။ ကိုယ် ခဏနားလိုက်ဦးမယ်။ ကိုယ် ဒီနေ့ည ဒီမှာပဲအိပ်မယ်။ အိုခေ ? "

"ဟုတ်"

သူမရဲ့ ရင်ခုန်စရာမကောင်းသော "ဟုတ်"ကို သူက နှာခေါင်းမှ လေထွက်ရုံ ဟက်ခနဲ ရယ်မိသည်။ ယောက်ျား တစ်ယောက်ကို ဘယ်လိုဆွဲဆောင်ရမှန်း မသိသော မိန်းကလေး တစ်ယောက်ကို သူကလည်း ဘာကြောင့် အနားမှာ ထားမိသလဲ ဆိုတာ သူ့ကိုယ်သူတောင် ဇဝေဇဝါရယ်ပါ။ ဒါပေမဲ့ မိုးနှောင်းလွင် သည် သူ့အတွက်တော့ တအား"သစ်"သည်။ တွေ့ကတည်း ခုချိန်ထိ သစ်သည်။ ဘယ်အချိန်ထိ သစ်နေဦးမလဲ ဆိုတာတော့ သူလည်း စောင့်ကြည့်ချင်ပါသေးသည်။

❦ ○ ❦





# ၉

"ဝါး ... ကားမောင်းသင်ဖို့ ပေးတဲ့ကားက ရွှေငါးကြီး ပေါ့ ... ဟုတ်လား။ ဟာ ... ဟ ... မိုးနှောင်းတို့ ဇာတာ ကတော့ လန်းတယ်ကွာ။ ဒါနဲ့ နင် ဘယ်သူနဲ့ ကားမောင်း သင်မှာလဲ"

သက်နွယ်က မိုးနှောင်းတို့ ကွန်ဒိုရဲ့ ကားပါကင် မှာ လာရပ်ပေးထားသော 2003 Model ရွှေငါး Pearl White ကို ဘရှိက်မက်မက် မျက်လုံးများဖြင့် ပွတ်သပ်ကိုင်တွယ်ကြည့်ရင်း ဆိုသည်။ မိုးနှောင်းကတော့ ဒီကားလေးနဲ့ပဲ မေမေ့ကို ဘုရား လိုက်ပို့ကာ တူလေးကို ကစားကွင်း လိုက်ပို့ချင်လှပါသည်။ ဦးထန်မိုးရဲ့ Sponsor ကို စတင်လက်ခံစဉ်က ကိုယ့်ဘဝကိုယ် စော်ပျက် စက်ဆုပ်မိသော်လည်း ဒီကွန်ဒို၊ ဒီအဆောင်အယောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဒီကားတွေကို မြင်ရသောအခါ ပုထုဇဉ်ပီပီ မိုးနှောင်း သာယာမိပြီ။

"ငါ ကားမောင်းသင်တန်းတစ်ခုကို စုံစမ်းထားတယ်လေ။ ဆရာတစ်ယောက် ငှားလို့ရတယ်"

"လစာက"

"တစ်ပုံးခွဲ"

သက်နွယ်က ပခုံးတွန့်ပြသည်။ ပြီးတော့ ငါသင်ပေးမယ်၊ ငါ့ကိုပေးဟု လက်ဝါးဖြန့်ကာ တောင်းသေးသည်။ မိုးနှောင်းက ခပ်သောသော ရယ်မောမိသည်။ မိုးနှောင်း ရယ်နေပုံကို သက်နွယ်က ငေးကြည့်ကာ ...

"မိုးနှောင်း"

အတည်ပေါက်လိုလို လေးလေးနက်နက်လို ခေါ်လိုက်သံကြောင့် မိုးနှောင်းက မျက်လုံးပင့်ကြည့်မိသည်။

"နင် ပျော်နေပြီလား"

မိုးနှောင်း ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။ သက်နွယ်ရဲ့မျက်နှာကို အကဲခတ်ကြည့်မိတော့ တည်ငြိမ်စွာဖြင့် အကဲဖမ်းမရ ရှိနေသည်။

"ပုထုဇဉ်ပီပီ သာယာတာတော့ ရှိတာပေါ့"





"အင်းပါ ... ဒါပေမဲ့ နင်က ရိုးသားတယ် မိုးနှောင်း၊ အဲဒီအတွက် တစ်ခုခုဆို နင် ခံနိုင်ရည်မရှိမှာ စိုးတယ်"

"ငါ ကြိုးစားနေပါတယ်"

"အင်းပါ ... နင်က ဒီအတိုင်းတောင် ဘဝကို ရိုးရိုးသားသား ရပ်တည်ချင်တဲ့ မိန်းကလေးပဲ။ ဒီဘဝမှာ မနေရလည်း နင် ပျော်မှာပါ၊ ဟုတ်တယ်မလား"

မိုးနှောင်းက သစ်နွယ် မျက်နှာကို စူးစိုက်ကြည့်မိသည်။ သက်နွယ်ရဲ့မျက်လုံးထဲတွင် အရိပ်တချို့ ဖြတ်ပြေးနေသည်။

"နင် ဘာဖြစ်လို့လဲ သက်နွယ်"

"ငါ့သူဌေးက ငါ့ကို Sponsor မပေးတော့ဘူးတဲ့"

"ဟင် ... ဒါဆို ? "

"မဟုတ်ဘူး။ သူ့ဆီမှာတော့ အလုပ်က ဆက်လုပ်ခွင့်ပေးထားတယ်။ ဒါပေမဲ့ ငါ့ကို လစဉ်ထောက်ပံ့ရတာမျိုး မလုပ်ချင်တော့ဘူးနဲ့ တူပါတယ်။ အေးပေါ့လေ ... ရိုးသွားပြီ နေမှာပေါ့"

သက်နွယ်ရဲ့အပြောကြောင့် မိုးနှောင်းရဲ့မျက်နှာက [illegible]င်းခနဲ ပူသွားသည်။ ပြီးတော့ ချက်ချင်းပဲ ဦးထန်မိုးကို ပြေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်ပါသည်။ သူကရော ... သူကရော မိုးနှောင်းကို စွန့်ပစ်မှာတဲ့လား။ အတွေးကြောင့် ရင်ထဲမှာ ဆစ်ခနဲ ဖြစ်သွားသည်။

"ဒီလိုပါပဲ သူတို့ကတော့ နှုသထက်နု ငယ်သထက်ငယ် သစ်သထက်သစ်တာတွေကို ရှာဖွေဦးမှာပေါ့။ ပြဿနာ မရှိပါဘူးလေ၊ ငါကလည်း အခု ဘဲတစ်ပွေနဲ့ ငြိနေတော့ အေးဆေးပါပဲ"

"ဟင် ... နင် ဘယ်သူနဲ့ ဖြစ်နေတာလဲ။ သက်နွယ် ... နင့်ကို အဲဒါကြောင့် သူဌေးကလည်း မကြည်တာ နေမှာပေါ့"

သက်နွယ်ကိုလည်း မိုးနှောင်းက သိပ်မယုံရဲချေ။ သက်နွယ်က နည်းနည်းရှမ်းချင်သည်။

"ဟက် ... ထားပါလေ၊ ဒီဘဲကလည်း လျှော်ပါ"

"သက်နွယ်ရယ် ... လျှော်တာတွေ ဝေကျတာတွေက နောက်မှပါ၊ အရေးကြီးတာက ယုတ်မာတဲ့ယောက်ျား မဖြစ်ဖို့ဘဲ"

"ငါ့ကို စိတ်မပူပါနဲ့ဟာ။ နင့်အတွက်သာ အဆင်ပြေအောင် စဉ်းစားပါ။ နောက်တစ်ခုက နင့်အကြောင်း နင့်အမေ မသိသေးဘူးလား။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သိသွားနိုင်တာကိုလည်း ကြိုတွက်ထား ..."





သူ လုံးဝမသိသေးခင် စကားနည်းနည်းသွင်းလို့ရအောင် လုပ်ထားပေါ့ဟာ"

အဲဒီအကြောင်းကို ကြားလျှင်တော့ မိုးနှောင်း ရင်ထဲ လေးလံတင်းကျပ်သွားလေ့ရှိသည်။ မေမေ၊ ကိုကြီး၊ ယောက်မ သဖြင့် ...။ သူတို့မျက်နှာတွေကို ဘယ်လိုရင်ဆိုင်ရပါ့။ ဒါပေမဲ့ လည်း သက်နွယ် သင်ပေးထားသော စကားကိုပဲ ရင့်ထဲထည့်ထားရတော့မည်။

"နင့်မှာ ရွေးစရာလမ်း မရှိတော့ဘူး မိုးနှောင်း၊ နင် အပျိုစင်ဘဝကို ဖက်တွယ်ထားတော့ရော နင့်ကို ဘယ်သူက ဂုဏ်ထူးဆောင်လက်မှတ် လာပေးမှာလဲ။ နင့်အမေသေတာကို ငုတ်တုတ်ထိုင်ကြည့်ပြီး အဲဒီလိုပဲ နေသွားမှာလား ... ပြော"

အဲဒီစကားက မိုးနှောင်းအတွက် အသက်ရှူချောင်အသော ထွက်ပေါက်တစ်ခု ဖြစ်စေခဲ့သည်။ ဘာပဲဖြစ်ဖြစ် ဦးထန်မိုးမှာ တရားဝင်ဇနီးမယား မရှိသည့်အတွက် မိုးနှောင်း ...ပ်ပြာသနွ့်သေးသည်။ အခြေအနေတွေသည် မိုးနှောင်းကို ကမ္ဘာ ...ားတစ်ခုဆီသို့ တွန်းပို့ခဲ့တာတော့ အသေအချာပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေး … ဘာပဲဖြစ်ဖြစ် အခြေအနေတစ်ခု အတွက် မိုးနှောင်းလည်း ပြင်ဆင်ထားသင့်တာ ပြင်ဆင်ရမည်။ မိုးနှောင်းရဲ့စိတ်အတွေးကို သက်နွယ်က ရိပ်မိသလိုဖြင့် ပြောလာပါသည်။

"ဒါပေမဲ့ နင့်အခြေအနေက အရမ်းကောင်းပါတယ်။ နင့်ကို အဲဒီဘဲကြီးက တော်တော်ကြွေတယ်နဲ့ တူတယ် … ဟုတ်လား ? ? …

နင် မတောင်းဆိုရဘဲနဲ့တောင် ကားမောင်းသင်နိုင်တယ်၊ ကားဝယ်ပေးမယ် ဖြစ်နေတာ၊ နင် ဘယ်လိုတွေ စွဲအောင် ကြွေအောင် လုပ်ထားတာလဲ … ပြောစမ်း မိန်းမ"

သက်နွယ်ကို မိုးနှောင်းက ရှုံ့မဲ့စွာ ကြည့်ဖြစ်သည်။ ဦးထန်မိုးကို မိုးနှောင်း ဘာတွေနဲ့ စွဲဆောင်ထားမိလဲ။ ကိုယ့်ကိုယ်ကိုယ်တော့ အခုချိန်ထိ စွမ်းဆောင်ရည်ပြည့်မီတဲ့ မိန်းကလေးတစ်ယောက်ဟု မသတ်မှတ်မိပါ။ ဦးထန်မိုး တွေ့ဖူးသည့် မိန်းမတွေနှင့် ယှဉ်လျှင်တော့ မိုးနှောင်းက အညံ့ဆုံးပဲ ဖြစ်လိမ့်မည်။

"နင် … ငါ့အကြောင်း သိပါတယ်"

"အေးလေ … သိလို့လည်း အံ့ဩနေတာပေါ့"





"ဘာမှ အံ့ဩစရာ မရှိပါဘူး။ သူတို့က လူလည်တွေပဲ ဟာ၊ မိန်းကလေးတွေ အကြောင်းလည်း နောကျေနေရောပေါ့။ ကိုယ် မကျွမ်းကျင်တဲ့ ဘာသာရပ်ကို ဟန်ဆောင်နေရင် ပိုအထင်သေးခံရတာပဲ ရှိမယ် …

ငါ နေတတ်သလိုပဲ နေတယ်"

"ဟား ဟား ဟား … အဲဒါကိုက ညည်းရဲ့ Attrection တစ်ခု နေမှာပေါ့၊ ကောင်းပါတယ်ဟာ။ နင် ကံကောင်းပါတယ်"

"အခြေအနေတစ်ခုက ငါ့ကို ဒီဘဝရောက်အောင် တွန်းပို့ခဲ့ပေမယ့် ငါ့ကိုယ်ငါ ရေစုန်တော့ မမျောပစ်ဘူး။ မထူးဇာတ်လည်း မခင်းဘူး။ ငါ့ဘဝကို ငါ အကောင်းဆုံးဖြစ်အောင် တည်ဆောက်သွားမယ် …

နင်လည်း ဘာပဲဖြစ်ဖြစ် အကောင်းဆုံးပဲ နေထိုင်သွားပါ သက်နွယ်။ နင့်မှာ လုပ်တတ် ကိုင်တတ်တဲ့ အရည်အချင်းလည်း ရှိတာပဲ။ ကိုယ်တတ်နိုင်တဲ့ စီးပွားရေးလေးလုပ်ပြီး တစ်ချိန်ချိန်မှာ ကိုယ့်အပေါ် နားလည်တဲ့ ယောက်ျားမျိုးနဲ့ အိမ်ထောင်ပြုတာပဲ ဖြစ်စေချင်တယ်ဟာ။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ မိုးနှောင်းရာ။ နင်ကလည်း စာအုပ်ကြီးအတွေးတွေ အစောကြီး ကြိုမတွေးစမ်းပါနဲ့။ အိုစာနေဦးမယ် ကိုယ်ရနေတဲ့ ပိုက်ဆံနဲ့ သင့်တင့်တာလေးလည်း သုံးစွဲဦး-

ကဲ ... ပြောနေတာ ကြာတယ်။ နင့်ရဲ့ အကြမ်းသုံး ရွှေငါးနဲ့ ရန်ကုန်မြို့ တစ်ပတ် ပတ်ရင်း Shopping ထွက်ကြတာပေါ့။ Lot's Go ! "

သက်နွယ်က လှမ်းတောင်းသဖြင့် မိုးနှောင်းက ကားသော့ကို ပစ်ပေးလိုက်သည်။ ကားထဲဝင်ထိုင်၍ သက်နွယ်က စက်နှိုးလိုက်လျှင် Air Con က အေးစိမ့်လာသည်မှာ ချက်ချင်း။ မြူးကြွသော တီးလုံးသံနှင့်အတူ သက်နွယ်က ကားကို ပါကင်မှ ကျင်လည်စွာ မောင်းထွက်လိုက်သည်။

အင်း ... မိုးနှောင်းလည်း (၂၁)ရာစုကြီးရဲ့ မတတ်မဖြစ် ပညာရပ်ထဲမှာ တစ်ခုအပါအဝင်ဖြစ်သော ကားမောင်းပညာရပ်ကို ကျွမ်းကျွမ်းကျင်ကျင်တတ်ဖို့ လိုအပ်လှပါသည်။





## ၁၀

အရာရာကို တတ်သိနားလည်ချင်စိတ် ပြင်းထန်သော မိုးနှောင်းအတွက်တော့ သင်ယူလေ့လာမှုက မခက်ခဲခဲ့ပါ။ ဆရာကပင် အံ့သြမေးမြန်းခဲ့ရသည်။

"သမီး ... အရင်က ကားနဲ့ touch ဖြစ်လား"

"အဟင်း ... မဖြစ်ပါဘူး ဆရာ၊ ခုမှ တတ်ချင်လို့ အပူတပြင်း သင်မိတာပါ"

"ဩော် ... တော်တော်တတ်လွယ်တာပဲ၊ သတ္တိလည်းရှိတယ်"

"အဟဲ ... သူငယ်ချင်းကို အားကျလို့ပါ၊ ပြီးတော့ Auto Geer ကလည်း လွယ်လို့လည်း ပါမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... လွယ်တာ ဟုတ်ပေမယ့် စင်တီရာတိုင်ငြိမ်ဖို့နဲ့ မောင်းတဲ့အခါ အယူအဆ မှန်ဖို့ကလည်း လိုသေးတာပေါ့လေ။ ဒီအတိုင်း မောင်းတာတော့ လူတိုင်း မောင်းတတ်တာပေါ့။ ဒါပေမဲ့ ညစ်ပတ်တဲ့ကား၊ ပညာပြချင်တဲ့ကားတွေကို ရှောင်လွှားနိုင်ဖို့လည်း လိုသေးတယ် ...

ကိုယ်သွားချင်တဲ့နေရာကို ကျင်ကျင်လည်လည်နဲ့ မြန်မြန်ဆန်ဆန် ရောက်နိုင်ဖို့က အယူအဆမှန်မှန်နဲ့ မောင်းတတ်ဖို့က လိုသေးတာလေ။ အဲဒါကလည်း သတ္တိရှိရှိနဲ့မှ ဖြစ်တာ"

"ဟုတ် ... ဆရာ၊ ကြိုးစားပါ့မယ်"

တစ်ပတ်အတွင်းမှာပဲ မိုးနှောင်းက တော်တော်ဟုတ်ခဲ့ပြီ။ နှစ်ပတ်တွင်းမှာ လမ်းတချို့၌ စမ်းသပ်မောင်းနှင်ခဲ့ပါပြီ။ တစ်လမှာတော့ တော်တော်ဟုတ်ခဲ့ပြီ။ ပါကင်ထိုးတာတော့ ကိုယ့်ကိုယ်ကိုယ် စိတ်တိုင်းတော့ မကျသေး။ ဒါပေမဲ့လည်း ဆရာ့မျက်စိထဲ မကျင့်ဖြစ်လည်း ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ကျင့်ဖြစ်သည်။ သက်နွယ် အားလျှင် သက်နွယ်နဲ့အတူ ကျောက်မြောင်းထဲက လမ်းတွေထဲသွားကာ ကျပ်သပ်သော လမ်းဘေးက ပါကင်နေရာကျဉ်းလေးတွေတဲမှာ ပါကင်ထိုးဖြစ်လေသည်။





ခုမှ သင်မောင်းလိုင်စင် လုပ်ထားတုန်းမို့ နေ့ခင်းဘက်တော့ တအားကြီး မမောင်းရဲသေး။ သက်နွယ် ပါမှသာ မောင်းဖြစ်သည်။ အဲဒီနေ့ကတော့ မေမေ့ကို ဆေးရုံသွားပြရမှာမို့ မိုးနှောင်းတစ်ယောက် ဇွန့်စားဖြစ်သည်။ ဆေးရုံကနေ မေမေ့ကို အိမ်ပြန်ပို့ပြီးနောက် မိုးနှောင်းနေသော အခန်းဆီသို့ ပြန်စဉ်မှာပဲ လမ်းမှာ ကားတစ်စီးက တစ်ဖက်ယာဉ်ကြောမှ ဖြတ်အတင်းခေါင်းတိုးဝင်လာလျှင် မိုးနှောင်း လန့်ဖျပ်သွားရသည်။ ဒါကြောင့် ကိုယ့်ကို လာထိမှာစိုးသောဇောဖြင့် တစ်ဖက်သို့ ရှောင်လိုက်လျှင် တစ်ဖက်ကားရဲ့ Body ကို သွားထိသလို ဖြစ်သွားလေသည်။

ဟိုဘက်ကားက တီစနဲ့ ဟွန်းတီးကာ ရပ်ဖို့အချက်ပြသည်။ တောက်ပြောင်သားနားသော Model အသစ် MARK X အနက်ရောင်ကို ကြည့်ကာ မိုးနှောင်း ငိုချင်သွားရသည်။ တစ်ဖက်က ဒုက္ခပေးခဲ့သော ကားသမားကတော့ ဖြတ်တီးဖြင့်ကြည့်ကာ မောင်းထွက်သွားလေပြီ။ မိုးနှောင်းက အချက်ပြကာ ဘေးသို့ထိုးရပ်လိုက်ရသည်။ ကားပေါ်မှ ဆင်းလိုက်သော်လည်း MARK X ပေါ်မှ လူကတော့ ဆင်းမလာသေး။ မိုးနှောင်းက ဘေးမှာသွားရပ်ပြီး ကားမှန်တံခါးကို ခေါက်မည်အလုပ်မှာပဲ မှန်တံခါးက



www.burmeseclassic.com

www.burmeseclassic.com



လျှောကျလာသည်၊ မိုးနှောင်း မြင်လိုက်ရတာက ပန်းသွေးရောင် အသားအရေနှင့် ကောင်မလေးတစ်ယောက်။ မျက်နှာက နုငယ်သည်မို့သာ ကောင်လေးဟု သုံးနှုန်းလိုက်ရသော်လည်း လူက တော့ Muscle တွေနှင့် အထွားကြီးဖြစ်သည်။

"ဟို ... ကားထိသွားလား မသိဘူး"

"ကြည့်လိုက်လေ"

"ဟင် ... ? ? "

ထင်မထားသော အပြောကြောင့် မိုးနှောင်းရဲ့နှုတ်ခမ်းမှ ပြန်မေးမိသွားသည်။ ကောင်လေးက နားမလည်ဘူးလား ဟူသော အကြည့်မျိုးနှင့် ကြည့်လာသည်မို့ မိုးနှောင်ကလည်း တကယ်ကို နားမလည်တဲ့ပုံစံနှင့် ပြန်ကြည့်နေမိသည်။

"ကျွန်တော့်ကားကိုထိသွားလား ဆိုတာ ကျွန်တော်ကိုယ်တိုင်လည်း သေချာမသိဘူး၊ ဒါကြောင့် ခင်ဗျားကို ကြည့်လိုက်လို့ ပြောတာ"

အလို ... ဘယ်လိုကောင်လေးပါလိမ့်။ သူ့ကား ဖြစ်တာက ကိုယ့်ကြောင့်တော့ ကိုယ့်ကြောင့်ပေါ့လေ။ ဒါပေမဲ့ လည်း သူ့ကားကို ထိလား မထိဘူးလား ဆိုတာတော့ သူကိုယ်





တိုင် ဆင်းမကြည့်တာ ထူးဆန်းနေသည်။ ဘယ်လိုဖြစ်တာပါလိမ့်။ ပုံစံကတော့ သူဌေးသား ပုံပဲ။

မိုးနှောင်းက အံ့ထွေအထူး ထပ်မပြောတော့ဘဲ သူ့ကားကို ကြည့်လိုက်သည်။

သူ့ကားမှာ မျက်လုံးနှင့် သေချာပြူးပြဲကြည့်ရမှ မြင်ရသော အစင်းရာလေးတစ်ခု ရှိနေသည်။ ကားက အနက် ရောင်ဆိုတော့ သိပ်မသိသာပါ။ မိုးနှောင်းက ကြည့်ပြီးတော့ ရှေ့ သို့ ပြန်လျှောက်လာကာ ...

"မသိမသာတော့ အစင်းရာလေး ဖြစ်နေတယ်။ တို့ ဘာ လုပ်ပေးရမလဲ"

"လိုင်စင်ပေးပါ"

"ဘယ်လို ... ! "

ဒီဘဲဟာ ဘယ်လိုပါလိမ့်။ စကားအထူးအဆန်းတွေ သိပ်ပြောတာပဲ။

သူ့ပုံစံကတော့ ခပ်တည်တည်ပါပဲ။

"ဩော် ... မြန်မာစကားကို နားမလည်ဘူး ထင်တယ်။ ငါထက်ဆိုးတဲ့သူနဲ့ လာတွေ့နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဘာကြီးလဲဟ။ သူကလည်း မြန်မာစကားကို မကျွမ်းကျင်ဘူးဆိုတဲ့ အထာနဲ့ ပြောတာလား။ မိုးနှောင်း စိတ်ထဲတွင် ရယ်ရမလို ငိုရမလို ဖြစ်လာသည်။

"ခင်ဗျားရဲ့ကားလိုင်စင်ပေး၊ Driving License ကိုပြောတာ။ သိတယ်ဟုတ် ? အဲဒါ ကျွန်တော့်ကိုပေး"

"အို ... ဘာလို့ ပေးရမှာလဲ။ ရှင်က ရဲမှမဟုတ်တာ"

"ဩော် ... ဒါဆို ရဲကို ပေးချင်တာလား။ ကောင်းပြီလေ။ ဒါဆိုလည်း ရဲခေါ်တာပေါ့"

"ဟာမ် ... ဘာလို့ ခေါ်ရမှာလဲ။ ဒါ ရဲခေါ်ရလောက်တဲ့ ကိစ္စမှ မဟုတ်တာ"

"ဟား ဟား ... ရဲခေါ်ရတဲ့ကိစ္စ ဟုတ်,မဟုတ်ဆိုတာ ခင်ဗျား ဆုံးဖြတ်ရမယ့်ကိစ္စမှ မဟုတ်တာ"

သူနှင့် မိုးနှောင်းတို့ အကြည့်တွေသည် တစ်ခဏမျှ စူးစိုက်ပြီး ဆုံမိသွားကြသည်။ သူက နာရီကို တစ်ချက်ကြည့်ကာ ...

"ကဲ ... အချိန်သိပ်မရဘူးဗျာ၊ လိုင်စင်ပေးမှာလား၊ ရဲခေါ်ရမလား၊ မြန်မြန်ဆုံးဖြတ်"





မိုးနှောင်းက သူ့ကို မျက်မှောင်ကြုတ်ပြီး ကြည့်မိသည်။ သူကတော့ အမြင်ကတ်ဖွယ်ကောင်းအောင် နာရီကိုင်၍ ကြည့်ပြနေလေသည်။

"တို့မှာ လိုင်စင် မပါဘူး"

"ရတယ်လေ၊ ခင်ဗျားအိမ်ကို မောင်းလိုက်"

"ဘာပြောတယ်"

"ခင်ဗျားက နားပဲမကောင်းတာလား။ ဒါမှမဟုတ် မြန်မာစကားကိုပဲ ရေရေရာရာ နားမလည်တာလား မသိဘူး။ ပြောလိုက်ရင် Say What ? ... Say What ? ဆိုတာချည်းပဲ"

"ရှင်လည်း ရှင်ဘာဖြစ်ချင်နေတယ် ဆိုတာကို တစ်ခါတည်း မှန်မှန်လင်းလင်း ပြောလိုက်လေ။ လိုင်စင်ပဲ တတွင်တွင်တောင်းနေတာက ဘာအဓိပ္ပာယ်လဲ ...

ရှင် ယာဉ်ထိန်းရဲ မဟုတ်ဘူးဆိုတာ တို့ အသေအချာ သိနေတယ်"

"ယာဉ်ထိန်းရဲမှ လိုင်စင်ပေးရမှာလား။ ခင်ဗျား ကျွန်တော့်ကားကို ပွတ်ဆွဲမှုနဲ့ လိုင်စင်ကို တစ်ပတ်သိမ်းထားရလိမ့်မယ် ...

တစ်ပတ်ပြည့်ရင် ပြန်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှူးကြောင်ကြောင် အတွေးခေါ်ကြောင့် မိုးနှောင်းက ခေါင်းကိုမော့ကာ နှာခေါင်းမှ လေထွက်ရုံ ချိခနဲ ရယ်မိသည်။ သူကလည်း မိုးနှောင်း ရယ်တာကို ခွင့်မလွှတ်ဘူးဟူသော ဒီဇိုင်းဖြင့် ...

"အိုခေ ... ကျွန်တော် ရဲခေါ်တော့မယ်"

အပြီးတိုင် ဆုံးဖြတ်ပြီးဟန်ဖြင့် ကားတံခါးဖွင့်ကာ ဖျတ်ခနဲ ဆင်းလိုက်လျှင် မိုးနှောင်းက မျက်လုံးပြူးသွားသည်။ သူ့ရှေ့က အလျင်အမြန် ကာရပ်လိုက်တာက ဘယ်လောက်တောင် နီးသွားလဲတော့ မသိ။ သူ့ဆီက ခပ်ဖျော့ဖျော့ ရေမွှေးနံ့ကိုတောင် ရသည်။

"နေ ... နေ ... ပါဦး"

"ဘာလဲ ... ပေးမယ်ပေါ့"

"ပေးစရာ တို့မှာ လိုင်စင်မရှိဘူး"

သူက မိုးနှောင်း အဖြေကို နားထောင်ပြီးနောက် မဲ့ပြုံးတစ်ချက်ပြုံးကာ ထင်သားပဲဟုပြောလျှင် သင်း မျက်နှာကို ဆွဲကုတ်ချင်စိတ်များ တဖွားဖွား ပေါ်လို့လာလေသည်။ မျက်နှာပေးက တစ်ဖက်သားကို ချောင်ပိတ်ဖမ်းချင်သော ပေစောင်းစောင်း ရုပ်နှင့် အကော်အမြင်ကတ်စရာ ကောင်းလှသည်။





"ဒါနဲ့များ ရှည်ရှည်ဝေးဝေးတွေ လျှောက်ပြောနေသေးတယ်။ အစတည်းက မရှိဘူး ပြောလိုက်ရင် ပြီးနေမယ့်ဟာကို ... ဒီမှာ (သူက မိုးနှောင်း မျက်နှာနားသို့ ပိုမိုတိုးကပ်လျက်) ရိုးသားစမ်းပါ"

သူ့ရဲ့နောက်ဆုံးစကားလုံးက မိုးနှောင်းရဲ့နားစည်ထဲမှာ ဗုံးတစ်လုံးပေါက်သလို ဖြစ်သွားသည်။ ရှူးခနဲ သူ့မျက်နှာကို စိုက်ကြည့်မိသော မိုးနှောင်းရဲ့မျက်လုံးတွေထဲမှာ မီးစတွေ လွင့်ပါးသွားမလား။ ချက်ချင်း ကိုယ့်ကိုယ်ကိုယ် သတိပေးရသည်။ သူနဲ့ ငါဟာ ခုမှ တွေ့ဖူးတာ။ သူ မိုးနှောင်းအကြောင်း ဘယ်လိုလုပ် သိနိုင်မှာလဲ။

"လိုင်စင်မရှိရင် မှတ်ပုံတင် ပေးလိုက်ပေါ့"

မိုးနှောင်းက နှုတ်ခမ်းတစ်ချက် တွန့်မိသွားသည် ဆင်သည်။ တစ်လက်စတည်းမှာပဲ ဒီဘဲကို ဘယ်လိုကိုင်တွယ်ရလေဆိုတာ သဘောပေါက်သွားသည်။ ဒါကြောင့် ဘာမှမပြောဘဲ အနားကနေ၍ ချာခနဲ လှည့်ထွက်လာခဲ့သည်။ သူက နောက်ကနေ၍ ကပျာကယာ ပြန်ပါလာသည်။

(ဒါပဲလေ ... ဒါဟာ လောကနိယာမပဲ)။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ခင်ဗျား ဘယ်သွားမလို့လဲ"

"ရဲဆီ သွားမယ်လေ"

"သွား ... ပြီး ... တော့"

"ရှင့်ကိုတော့ တို့မှတ်ပုံတင် မပေးနိုင်ဘူး။ ဒီတော့ ရဲဆီမှာပဲ အဖမ်းခံလိုက်မယ်"

"ဟား ... ခင်ဗျား တော်တော်ခေါင်းမာတဲ့ မိန်းမပဲ။ ရှပ်ကလေး လှသလောက် ခေါင်းမာတယ်"

မိုးနှောင်းက သူ့ကို ခပ်နက်နက်သာ စိုက်ကြည့်နေမိတော့သည်။

ဘာလုပ်မှာလဲ ဟူသော မေးခွန်းကတော့ မိုးနှောင်းရဲ့မျက်လုံးထဲမှာ ပြည့်နေပါလိမ့်မည်။

"ခင်ဗျား မှားတာကိုတော့ လက်ခံတယ် မဟုတ်လား"

"ခံတယ်"

"အိုခေ ... ဒါဆိုရင် ပိုက်ဆံနဲ့အလျော်ပေးတဲ့ နည်းလမ်းကလွဲလို့ ခင်ဗျားဆီက ကျွန်တော် ကျေနပ်စေမယ့် တုံ့ပြန်မှု တစ်ခုခု လိုချင်တယ်"





ဘာပြောရမှန်း မသိ၍ ငေးကြည့်နေမိတုန်းမှာပဲ သူ့ထံက "ပိုက်ဆံအလျော်ကတော့ တကယ်မလိုချင်ဘူးဗျ" ဟူသော ထပ်ပြောလိုက်သံကို ကြားရသည်။ ဘာကြောင့်မှန်းမသိဘဲ မိုးနှောင်းရဲ့နှုတ်ဖျားမှ စကားတစ်ခွန်း ထွက်ကျသွားခဲ့သည်။

"ကော်ဖီ တိုက်ရမလား"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၁ )

"ဆရာ ... ဘာရောင်နီ ရောက်နေတယ်။ ဆရာနဲ့တွေ့ခွင့် တောင်းနေပါတယ်"

သူ့စက္ကူရီတောရဲ့ မှောင်နေက ပါကေးရှင်း အကွယ်ကနေ၍ ခေါင်းပြူထွက်လာပြီး မေးလိုက်လျှင် သူက လွှတ်လိုက်လေဟု အမြန်ပြောလိုက်မိသည်။ လူကြီးတွေအချင်းချင်း ဘာတွေပဲဖြစ်စေ ဘာရောင်နီကိုတော့ သူ ချစ်သည်။ ချစ်ဆို ဒီကလေးလေးကို သူ့အမေ ဗိုက်ထဲက ထွက်လာတည်းက သူ ချီပိုးခဲ့ရတာလေ။ ဒီကလေး ရှစ်နှစ် ကိုးနှစ် အရွယ်လောက်ထိ သူနဲ့လက်ပွန်းတတီး ချစ်ခင်တွယ်တာခဲ့ကြတာ မဟုတ်လား။

"ဒယ်ဒီ"





အခန်းထဲသို့ ဝင်လာဝင်ချင်း လက်နှစ်ဖက်ကို ဆန့်တန်းကာ ဒယ်ဒီ ဆိုသော အသံကို သံရှည်ဆွဲပြီး ဘာရောင်နီက သူ့ဆီလျှောက်လာသည်။ သူကလည်း ဘာရောင်နီ့ကို ပြန်လည်ဆက်လိုက်ပါသည်။ လူတစ်ယောက်နဲ့တစ်ယောက် နွေးထွေးစွာ ပွေ့ဖက်လိုက်ခြင်းဟာ ဝေးကွာခဲ့ရသော အချိန်တွေကို ပြန်ချုံ့လိုက်သလိုပဲဟု သူကတော့ ထင်ပါသည်။

"သား ... နေကောင်းတယ်နော်"

"ကောင်းတယ် ဒယ်ဒီ၊ ဒယ်ဒီရော ..."

"ကောင်းတယ် ... သား၊ ထိုင်"

သူက ဘေးမှာရှိနေသော ဆိုဖာကို ညွှန်ပြလိုက်ရင်း ဘာရောင်နီနှင့်အတူ ဝင်ထိုင်လိုက်သည်။ ဘာရောင်နီက မနေ့ကရောက်သည်။ ဒီနေ့ သူ့ထံ ရောက်လာလေသည်။ ကြားထဲမှာလည်း သူတို့ အဆက်အသွယ် ရှိကြပါသည်။

"ဒီမှာ ... ဘယ်လောက်နေမှာလဲ သား"

"အင်း ... one month ပေါ့ ဒယ်ဒီ"

"ဟုတ်လား ...၊ အခု ကျောင်းက ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းကတော့ သုံးလပိတ်တာပါ။ ဒါပေမဲ့ ပြောတတ်သေးပါဘူး ... ဟာ ... ဟ"

ဘာကိုမပြောတတ်တာလဲ မသိသော ဘရောင်နီက သူ့စကားသူ ပြန်သဘောကျကာ ရယ်နေသည်။ သူက ဘရောင်နီ့ကို ချစ်ခင်မြတ်နိုးသော မျက်ဝန်းများဖြင့် ငေးကြည့်နေမိသည်။ ခြောက်ပေရှိသော အရပ်အမောင်း၊ ပန်းသွေးရောင် အသားအရေနှင့် သောကဟူသမျှ မြူတစ်မှုန်မှ မခံစားဖူးသော ရွှေဘုံစံ ဘရောင်နီရဲ့ အဆင်းသဏ္ဌာန်မှာ လွတ်လပ်ပေါ့ပါးနေသည်။

အဲဒီအရွယ်တုန်းက သူဟာ လွတ်လပ်ပေါ့ပါးခြင်းဆိုတာ အတောင်ပံနဲ့လားဟု ပြန်လည်စူးစမ်းရအောင်ပင် သူ့ရဲ့ လူ့ငယ်ဘဝ မှတ်တိုင်များဟာ နွေရာသီ ရွက်ကြွေများလို ရှိခဲ့သည်ဟု ထင်ပါသည်။ ဒီလို လွတ်လပ်ပေါ့ပါးသော ဘဝမျိုး၊ အို ... ပြောရလျှင် လမ်းဘေးက ဂျာနယ်ရောင်းတဲ့ ချာတိတ်တစ်ယောက်ရဲ့ ပေါ့ပါးမှုမျိုးတောင် မပိုင်ဆိုင်ခဲ့ရစဖူး။ ဘယ်လောက်များ စိတ်နာဖို့ ကောင်းလိုက်လဲ။

"မင်းမေမေရော နေကောင်းရဲ့လား"





ဘရောင်နီက သူ့ဆီ အစိမ်းပွားယိုတစ်ခုပါသော မျက်လုံးများဖြင့် မော့ကြည့်လာသည်။ ငယ်ငယ်လေးတည်းက သူ့ကို ဒယ်ဒီဟုခေါ်ဖို့ သင်ပေးပြီး မိခင်ကိုတော့ မေမေ ခေါ်စေတာဟာ အဲဒီထဲက မမသူဇာ အတွက် Plan ဆိုတာ ရှိပြီးသားမို့ နေမှာပါပဲ။ ရင်နာသည့်ကြားမှ ဒါတွေကို မတွေးချင်ပါဘဲနှင့်သည်း တွေးနေရသေးသည်။

"ကောင်းပါတယ်၊ မေမေက အလန်းလေ၊ သူ့ကိုယ်သူ ကျန်းမာအောင် အမြဲတမ်း ဂရုစိုက်နေတဲ့ဟာ၊ ဖေဖေနဲ့သူ နောက် နှစ်(၁၀၀)လောက် အတူနေခွင့်ရဖို့အတွက် နှစ်ယောက်လုံး အသက်ရှည် အနာမဲ့ရေး ကြိုးစားကြံဆောင်နေကြတယ်"

သားသည် သူ့အဖေနဲ့ အမေကို တကယ့်စေတနာနှင့်ပြောခြင်း မဟုတ်ကြောင်း သူ့မျက်နှာတွင် အထင်းသားပေါ်လွင်နေသည်။ သူ့မိဘတွေထက် သူ့ကို ပိုလို့တွယ်တာမြတ်နိုးရသော သားအဖြစ်ကို မြင်ရတော့မှ ရှေးရေစက်နှင့် ပဋ္ဌာန်းဆက်ဆိုတာတွေကို သူ တကယ်ပဲ လက်ခံယုံကြည်ရတော့တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မပြောပါနဲ့ သားရယ်။ ထားလိုက်ပါ၊ ကဲ ... သား နေ့လယ်စာ စားပြီးပြီလား"

"မစားရသေးဘူး၊ ဒယ်ဒီနဲ့အတူ ကစ်မလားလို့"

"ဪ ... ကစ်တာပေါ့ကွာ၊ ဘယ်မှာ ကစ်ကြမလဲ"

ဘယ်မှာ ကစ်ကြမလဲ မေးပြီးမှ သူက အနှောင်းကို ဖျတ်ခနဲ သတိရသွားသည်။ ဒီနေ့ အနှောင်း ဘာဟင်းတွေများ ချက်စားနေမလဲဟု တွေးမိသွားတာ ဖြစ်ပါသည်။

"အင်း ... ကျွန်တော် ဂဏန်းစားချင်နေတယ်၊ ရွှေဂဏန်းမှာ ဂဏန်းကိုက်ချင်တယ် ဒယ်ဒီရာ"

"အင်း ... ကိုက်ကြတာပေါ့"

တကယ်တော့ သူ ဂဏန်းမကြိုက်လှပါ။ သိပ်စားလေ့စားထလည်းမရှိ။ ဒါပေမဲ့ ဘရောင်နီအတွက် သူ့ရဲ့ချစ်ခြင်းပြယုဂ်တစ်ခု ဖြစ်ချင်ပါသည်။ ဒီလိုနှင့် သူနဲ့ ဘရောင်နီ ဂဏန်းသွားစားကြသည်၊ ဒါတောင် သူက သိပ်မစားပါ။ တခြား Sea food သာ စားသည်။ ဘရောင်နီကတော့ ဟိုမှာ မစားရတာအတိုးချပြီး ဂဏန်းတွေ အားရပါးရ ကိုက်နေသည်။

"မင်း ဟိုမှာ ဂဏန်းမစားရဘူးနဲ့တူတယ် ... ဟုတ်လား"





"စားတယ် ... ဒီလောက် မကောင်းဘူး"

"အင်း ... အရမ်းအများကြီး မစားနဲ့ သား။ ခုမှ စ,စားတာဆိုတော့ မင်းအူတွေက used to ဖြစ်ဦးမှာ မဟုတ်ဘူး"

"ဟဲ ... ဟဲ ... ဆေးသောက်မှာပေါ့ ဒယ်ဒီရ"

"အေးပါကွာ ... အေးပါ။ ဒါနဲ့ သား၊ လိုချင်တာတွေ ဘာတွေရှိရင် ပြောလေ၊ ဒယ်ဒီ ဝယ်ပေးမယ်"

"ဒယ်ဒီက ဘာတွေ သဘောကောင်းနေပါလိမ့်"

"ဟော့ကောင် ... ငါ အမြဲတမ်း သဘောကောင်းနေတာပဲ၊ အထူးအဆန်းလုပ်လို့"

သူ့အပြောကို ဘရောင်နီက တဟားဟား အော်ရယ်သည်။ ဘရောင်နီ ပျော်နေတာကိုကြည့်ပြီး သူလည်းလွတ်သပ်ပေါ့ပါးသလို ခံစားရပါသည်။

"ဒါနဲ့ ဒယ်ဒီကြည့်ရတာ ခုထိ အင်း ... ဒီတစ်ခေါက်တွေ့တာ ပိုမိုက်လာသလိုပဲနော်၊ ဒယ်ဒီ နေ့တိုင်းကစားဖြစ်လား"

"အေး ... တစ်ပတ်မှာ ငါးရက်လောက်တော့ ကစားဖြစ်တယ်ကွ။ အဓိက,က ကျန်းမာရေးကြောင့်ပါကွာ။ Body ဖြောင့်လာတာတော့ ကျွဲကူး ရေပါပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"What ? ကျွဲကူး ရေပါ၊ ဘာလဲ ... ဒယ်ဒီ"

ဆိုရှယ်ကျသော မိခင်နှင့် နေရသူမို့ သားဟာ မြန်မာစကားပုံ မြန်မာစကားတချို့ကို မသိချေ။ သူက ရှင်းပြ သည်။

"သြော် ... ကိုယ်က ဒါဖြစ်ချင်လို့ ရည်ရွယ်ပြီး လုပ်တာ တော့ မဟုတ်ဘူး။ ဒယ်ဒီက Body လှချင်လို့ ကစားတာ မဟုတ်ဘူး။ ဒါပေမဲ့ ကျန်းမာအောင် လုပ်ရင်းကနေ ဒက်ဒီကပါ လှနေတာ။ အဲလို ပြောချင်တာ"

"Aw ... Aww ... I See ! "

ပေရေနေသော ဂဏန်းကိုင်လက်မကို ထောင်ပြ သည်။ သူက ဘာရောင်နီ ဘာပဲလုပ်လုပ် သဘောတကျနှင့် ဧ ကြည့်ဖြစ်ပါသည်။

"မင်းလည်း မိုက်ပါတယ် ဘာရောင်နီ။ မိုင်လီဆိုင်းယင် ရဲ့ရည်းစား လီယမ်ဟမ်းဝါ့စ်လို ဆော်ဒီမျိုးပဲဟာ။ ရုပ်တော နည်းနည်းဆင်သလိုလို"

"အဟား ဟား ... ဒယ်ဒီက မိုင်လီရည်းစားတောင် သိ တယ်ပေါ့၊ တို့ဒယ်ဒီက ဘယ်ဆိုးလို့လဲ၊ Update ဖြစ်သား ပဲ"





"ဒီထက် Up date ဖြစ်တာတောင် ပြောပြရမလား။ အဲဒီ ချာတိတ်နဲ့ မိုင်လီတို့ အခု လမ်းခွဲလိုက်ပြီလေ"

"ဟာ ...၊ ဟား ဟား ဟား ... စူပါဒယ်ဒီပဲကွာ၊ မိုက် တယ်၊ အင်းပေါ့ ... သားသာဆိုလည်း ဖြတ်မှာပဲကွာ။ မိုင်လီ ပုံစံကြီးက မိုက်မှမမိုက်တော့တာ ..."

ဘိုကေကြီး ရှိတ်ထိုးပြီးတော့ ပေါက်ကရဖက်ရှင် တွေနဲ့ စိတ်လေစရာကြီးပါ။ အရင် The last Song က ပုံစံလေးပဲ ကြိုက်တယ်။ မိုင်လီ မသိဘူးလား။ ယောကျ်ား တွေက နူးညံ့တဲ့ မိန်းကလေးတွေကိုမှ ကြိုက်တယ်ဆိုတာ ကို"

သားရဲ့စကားကို သူက ထူးဆန်းစွာနှင့် မျက်ခုံးပင့် မိသည်။ ပုစွန်အစိမ်းသုပ် တစ်ဖတ်ကို ကောက်ဝါးရင်း ပြန်မေး မိပါသည်။

"ဟုတ်လား သား၊ ယောကျ်ားတွေက နူးညံ့တဲ့ မိန်းကလေး ကို ကြိုက်ကြတာလား ... သားရော"

"ဟက် ... ဒယ်ဒီကလည်း၊ ဒယ်ဒီသာ ဆိုရင်ရောဗျာ"

"အင်း ... ဒယ်ဒီလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးထဲတွင် ဘာကြောင့်များ အနှောင်းကို ရုတ်တရက် ပြေးမြင်မိလဲ မသိပါ။ တစ်နေ့က အဆိုဉသလို ဖြစ်နေခဲ့သော မျက်နှာပြောင်ဝင်းဝင်းလေးနှင့် ဟင်းချက်နေသည့်ပုံစံကို မြင်ယောင်လာမိသည်။ ဖျတ်ခနဲပဲ အာရုံလွှဲမိလိုက်ပါသည်။

"အေးပေါ့ကွာ၊ နူးညံ့တဲ့ မိန်းကလေးပဲ ကောင်းပါတယ်"

"ဟာ ... ဟ၊ ဒယ်ဒီရော မိန်းမ့မယူတော့ဘူးလား"

"ငယ်ပါသေးတယ်ကွာ"

အဲဒီစကားကိုတော့ သားအဖနှစ်ယောက်လုံး ပြိုင်တူ ရယ်မိကြသည်။ ဒီတစ်ခါတော့ သူ့အလှည့် ဖြစ်ပါသည်။

"မင်းရောကွ"

"ဆော်လား ဒယ်ဒီ"

"ဟုတ်ပ"

သားက သူ့စကားကို သဘောကျသလို ဟက်ခနဲ ရယ်လိုက်သေးသည်။ ပြီးတော့မှ နှာခေါင်းကို တစ်ချက်ရှုံ့ကာ

"အီစီကလီလေးတွေတော့ ရှိတာပေါ့။ ဒါပေမဲ့ ဘာလို့မှန်း မသိဘူး ဒယ်ဒီရာ။ သား အဖြူမတွေကို မကြိုက်ဘူးဗျ"

"Very Good !"





သူက လက်မထောင်ပြရင်း ဆိုမိသည်။ သားမှာ အဲဒီလို စိတ်ဓာတ်မျိုးတွေ ရှိတာကတော့ နဂိုဗီဇခံက ကောင်းတာပဲဖြစ်လိမ့်မည်။ သူ့မိခင်ကြောင့်တော့ဖြင့် မဖြစ်နိုင်ပါ။

"ဒီလိုပဲ ဖြစ်ရမှာပေါ့ သား။ ဘယ်နေရာရောက်ရောက် ကိုယ်က မြန်မာဆိုတာ အမြဲသတိရ,ရမယ်"

"Sexy လေးတွေ တွေ့တော့လည်း Date လုပ်ဖြစ်တာ ရှိပါတယ်။ ဒါပေမဲ့ မြတ်မြတ်နိုးနိုးနဲ့ ချစ်လိုက်ရတာဆိုတဲ့ စိတ်မျိုး မရှိသေးဘူး ...

သားက ဆော်လိုက်ချင်တာ။ ဒယ်ဒီတို့ခေတ်ကလို ပေါ့၊ ဆော်တစ်ပွေကို သူ့အချစ်ကိုရဖို့ try ချင်တာပေါ့ ဒယ်ဒီရာ။ ဒါပေမဲ့ ဟိုမှာက အဲလိုကို လုပ်ဖို့ မလိုဘူး ဖြစ်နေတယ်"

"ဩော် ... ဟော် ... ဟော် ... ကဲ ... ဒါဆိုလည်း ဒီရောက်တုန်း ရည်းစားလေး ဘာလေးရအောင် ရှာသွားဦးပေါ့၊ ဟုတ်ပြီလား"

ဘရောင်နီဟာ သူနဲ့ စိတ်ဓာတ်ချင်းကအစ ဘာ့ကြောင့် တူနေသလဲဆိုတာ မပြောတတ်တော့ချေ။ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို မြတ်မြတ်နိုးနိုးနဲ့ ပိုးပန်းချင်တဲ့ ဆန္ဒဟာလည်း သူ လူပျိုပေါက်အရွယ်တုန်းက ဖြစ်ခဲ့တဲ့ဆန္ဒပဲ မဟုတ်လား။ အခုလည်း ဘရောင်နီက ဒီလို တောင့်တနေပြန်ပြီ။ ယောကျ်ား မှန်ရင်တော့ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို စွဲစွဲလမ်းလမ်း ပိုးပန်းချင်ကြတာ ဓမ္မတာပဲ မဟုတ်လားပေ။

သူ့တုန်းက ဆန္ဒမပြည့်ဝခဲ့ပေမယ့် ဘရောင်နီကို တော့ အလိုရှိတိုင်း ပြည့်စုံစေချင်ခဲ့ပါသည်။ ဒါကိုက သူ့ရဲ့ စုန်ရေမေတ္တာပဲ ဖြစ်လိမ့်မည်။





## (၁၂)

"ဈော ... ဒီဖုန်းက ဦးထန်မိုး မသိစေချင်တဲ့ လူတစ်ယောက်အတွက် နင်ပေးရတဲ့ ဖုန်းနံပါတ်ပါမယ့် ဖုန်းပဲ"

လို့ တစ်ချိန်က သက်နှယ် ပြောရင်း ပေးခဲ့သော ပန်းနုရောင်ခေါက်ဖုန်းလေးကို ရခဲ့စဉ်က ဘာအဓိပ္ပာယ်ဆိုတာ မိုးနှောင်း တကယ်ပဲ နားမလည်ခဲ့ပါ။ ပြန်မေးတော့လည်း သက်နှယ်က ပခုံးပဲတွန့်ပြနေခဲ့သည်။ အမြဲတမ်း ဖုန်းဖွင့်ထားခဲ့သော်လည်း ဆက်သူ မရှိခဲ့သော ဖုန်းလေးဟာ ခုတော့ တကယ့်ကိုပဲ မြည်လာခဲ့ပြီတည်း။

မိုးနှောင်းက တစ်ခဏမျှ ငေးနေပြီးမှ ဖွင့်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"မိုးနှောင်းလွန်လား ခင်ဗျား"

ပြောင်စပ်စပ် အသံကြောင့် ဘာကြောင့်မှန်းမသိဘဲ မိုးနှောင်းရဲ့နှုတ်ခမ်းဖူးလေးတွေက ကော့တက်သွားကြသည်။ မျက်လုံးထဲတွင် မိုင်လီချစ်သူ လီယမ်ဟေးဝပ်ရဲ့မျက်နှာကို မြေ မြင်ယောင်လာသည်။ အဲဒီတစ်ယောက်ဟာ ဟိုတစ်ယောက်နဲ့ သိပ်တူတာပဲ။ အဲလို ထွားထွားကြီးပဲ။

"မိုးနှောင်းလွန်ဖုန်းကို ဆက်မှတော့ မိုးနှောင်းလွန်ပဲပေါ့"

"သိဘူးလေ၊ Toilet တွေ ဘာတွေထဲ ဝင်နေတုန်း အိမ်က အစ်မတွေ ညီမတွေများ ကိုင်လားလို့"

"ဟင်း ဟင်း ... အဲလိုကိစ္စမျိုး မရှိပါဘူး"

မိုးနှောင်းနှင့် သူသည် တစ်နေ့တည်းက ကော်ဖီ ဆိုင်မှာ မိတ်ဖွဲ့ရင်း ခင်သွားခဲ့ပြီးပြီ။ တစ်ယောက်အကြောင်း တစ်ယောက် အနည်းအကျဉ်းမျှ သိခဲ့ပြီး မိုးနှောင်းကတော့ သူ့ အကြောင်းတွေ ပိုသိပါသည်။

"ဘာလုပ်နေလဲ"

"TV ကြည့်နေတာ"





"ဟုတ်လား ... ဘာလဲ ရုပ်ရှင်လား"

"မဟုတ်ပါဘူး။ အိပ်မက်ဆုံရာပါ"

"Say What ? အိပ်မက်ဆုံရာ ဆိုတာ ဘာလဲ မြန်မာကား လား"

"အဟင်း ... မဟုတ်ပါဘူး။ သူက TV Programme တစ်ခုပါ။ သီချင်းအဆိုပြိုင်ပွဲ တစ်ခုပါ။ အမေရိကန် Idol လိုပါပဲ။ ဒီမှာတော့ နာမည်ကြီးတယ်၊ လူကြိုက်များတဲ့ အစီစဉ်တစ်ခုပေါ့"

"ဟုတ်လား ... မိုးနှောင်းလွန်လည်း ကြိုက်တဲ့အစီစဉ်တစ်ခု ပေါ့"

"အင်း ... ဆိုပါတော့"

"မိုးနှောင်းလွန် ဆိုတဲ့နာမည်က ရှည်တယ်နော်။ ကျွန်တော် မိုးလို့ ခေါ်ရင် ရမလား"

မိုးနှောင်းလို့ မခေါ်ဘဲ အနှောင်းလို့ခေါ်ရင် ရမလား လို့ ဦးထန်မိုး မေးခဲ့ဖူးတာကို ဖျတ်ခနဲ သတိရမိသည်။ သို့သော် သူက "ဟင်"ဟု ထပ်မေးသောကြောင့် မိုးနှောင်း အာရုံမှာ ပြန်လွင့်သွားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုး ! အင်း ... သဘောပဲလေ"

"မိုးကို တစ်ခုမေးမယ်၊ စိတ်ဆိုးမှာလား"

"စိတ်ဆိုးမှာလားလို့ မေးတည်းက စိတ်ဆိုးစေမယ့် မေးခွန်းမျိုးကို မေးတော့မယ်နဲ့တူတယ်"

"မဟုတ်ပါဘူး။ မေးခွန်းက သာမန်အားဖြင့်တော့ စိတ်ဆိုးစရာ မဟုတ်ပါဘူး၊ သဘောထားမကြီးတဲ့ မိန်းကလေးတွေသာ စိတ်ဆိုးကြမှာ"

"အံမယ်"

မိုးနှောင်းက နှုတ်ခမ်းကို ကိုက်မိသည်။ သူနဲ့စကားပြောရတာ စိတ်ဝင်စားဖို့တော့ ကောင်းသားပဲ။ ဦးထန်မိုးနဲ့ဆုံတွေ့ရလျှင် စိတ်တွေက ရိဝေမွန်းကျပ်ရသလောက် သူနဲ့စကားပြောစဉ်မှာတော့ မြူးသလိုလို ပေါ့ပါးသလိုလို ဖြစ်နေတာလည်း ထူးတော့ ထူးဆန်းပေပြီ။

"ဘာလို့ ငြိမ်သွားတာလဲ။ သဘောထားကြီးရင် ကောင်းမလား၊ သေးရင် ကောင်းမလား စဉ်းစားနေတာလား"

"မဟုတ်ပါဘူး၊ ကဲပါ ... မေးမှာသာမေး"

"မိုးရဲ့အသက်-"





"ဩော် ... ဘာများလဲလို့"

"ဘာလဲ ... ဒါက စိတ်ဆိုးစရာ မဟုတ်ဘူးလို့ သတ်မှတ်တယ်ပေါ့"

"အင်းလေ ... ဘာစိတ်ဆိုးစရာရှိလဲ။ တို့အသက်ကို နိုင်ဇာ မှန်းကြည့်ပါလား"

"အင်း ... ကျွန်တော့်ထက် နည်းနည်းကြီးမယ် ထင်တယ်ဗျ"

သူ စကားပြောလျှင် "ဗျ"တို့၊ "ခင်ဗျ"တို့ ထည့်ပြောတတ်တာကို သတိထားမိသည်။ အဲလို ပြောတာလေးက [illegible]နှောင်းအတွက် သဘောတကျ စိတ်ဝင်စားစရာ ဖြစ်နေပါသည်။

"ဘာလို့ အဲလို ထင်ရတာလဲ။ တို့ ရုပ်က သိသိသာသာ ရင့်နေလို့လား"

"ဟက် ... ဟက်၊ အဲဒါကတော့ မိန်းကလေးတွေအကြောက်ဆုံးအရာပဲ ဖြစ်လိမ့်မယ် ထင်တယ်၊ အဲလို မဟုတ်ပါဘူး"

"ဒါဖြင့်ရင် ဘာလို့လဲ"

"မသိဘူး။ မိုး ရုပ်က အဲ ... မျက်နှာပေါ်မှာ သာမန်မိန်းကလေးတစ်ယောက်ရဲ့ မျက်လုံးမျိုး မတွေ့ရဘူး။ မျက်လုံးတွေက ... မျက်လုံးတွေက ..."



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ? ။ အတွေ့အကြုံရှိနေတဲ့ မျက်လုံးတွေလား ဟု ပြန်မေးချင်စိတ်ကို နှုတ်ခမ်းကိုက် ချိုးနှိမ်ထားရသည်။ ဟုတ်မှာပါ။ မိုးနှောင် ဘာသာ ကိုယ့်ကိုယ်ကိုယ် မသိလိုက်မသိဘာသာ နေမိချိန်မှာတောင် အကြည့်တွေက ပြောင်းလဲသွားနိုင်သည်။ အရင်လို အရမ်းရိုးသားဖြူစင်တဲ့ မျက်ဝန်းမျိုးတွေ ဘယ်ရှိတော့မှာလဲလေ။

"တို့မျက်လုံးတွေက မရိုးသားဘူးလို့ ပြောချင်တာလား"

"အာ ... No ... No ...။ I don't mean like that ! အဲ့လို ဆိုလိုတာ လုံးဝမဟုတ်ဘူး"

ဒါဆို ဘာကိုဆိုလိုတာလဲဟု စိတ်ထဲက မေးမိတာကို ကြားသွားသည့်အလား သူက ပြောသည်။

"မျက်လုံးတွေက ဘဝအကြောင်း သိနေသလို လူတွေအကြောင်း သိနေသလို ဖြစ်နေတာကို ပြောတာ။ ပြောရရင်တော့ ပြောချင်တာက မျက်လုံးတွေက လေးနက်တာ အဲ့ဒါကို ဆိုလိုချင်တာ၊ အဲ့သလို ... အဲ့ဂလို ... အဟဲ ... ဟဲ"





အဲဒီစကားကို မိုးနှောင်က မပြုံးဘဲ မနေနိုင်ပါ။ ဘာပဲပြောပြော လူငယ်အချင်းချင်း စကားပြောရတာ လွတ်လပ်ခံ့မင်ဖို့ ကောင်းသည်ဟု ထင်ပါသည်။

"နိုင်ဇာက အပြောကောင်းသားပဲ"

"အပြောကောင်းတာ မဟုတ်ဘူး။ အကောင်းပြောတာပါ"

"... ... ..."

"ကျွန်တော် ဖုန်းဆက်တာ တခြားကိစ္စဗျ"

"ဘာကိစ္စလဲ"

"ဩော် ... မနက်ဖြန်အားရင် မိုးနဲ့အတူ နေ့လယ်စာစားချင်လို့"

မိုးနှောင်း ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ မနက်ဖြန်ဟာ စနေနေ့။ စနေနေ့ဆိုလျှင် ဦးထန်မိုးက နေ့ခင်းပိုင်းလောက် ရောက်ရောက်လာတတ်ကာ စနေ၊ တနင်္ဂနွေ ညဘက်ထိ မိုးနှောင်းနှင့်အတူ ရှိနေလေ့ ရှိပါသည်။ တစ်ခါတလေ သူ့မှာ အလုပ်ကိစ္စရှိလျှင်တော့လည်း ရောက်မလာတတ်။ မိုးနှောင်း၏ ဘဝနက်ကတော့ သူ အလိုရှိချိန်တိုင်းမှာ အသင့်ရှိနေဖို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေမလား မိုးနှောင်း"

"အင်း ... အသေအချာတော့ မပြောနိုင်ဘူး။ တို့ အားရင် ဖုန်းဆက်လိုက်မယ်လေ"

"အိုခေ ... ကျွန်တော် မျှော်နေပါ့မယ်။ အင်း ... ဒါ ဟုတ်ပြီလေ၊ ဘာပြောစရာ ရှိသေးလဲ"

သူကတော့ ပြောစရာကုန်သွားပြီဆိုတဲ့ သဘောပေါ့။ မိုးနှောင်းက ရင်ထဲမှာ မရှင်းတာတစ်ခုကို မေးမိသည်။

"နိုင်က တို့မှာ လိုင်စင်ရှိတာ ဘယ်လိုလုပ် သိနေတာလဲ"

"ဟား ဟား ... သူ ဒါကိုပဲ တအား စိတ်ဝင်စားနေတယ်"

"ဘဲဥတွေသာ အဲလိုသိရင် တို့ မလွယ်ဘူးလေ။ တို့ အခုမှ သင်မောင်းလိုင်စင် လုပ်ထားတုန်းပါ"

"အင်းပေါ့ ... မိုးပုံစံက ကိုယ့်ကိုယ်ကိုယ် သိပ် Confidence ရှိတဲ့ပုံ မပေါက်လို့ပါ။ ကားမောင်းကျင့် သိပ်မရှိတဲ့ မိန်း ကလေးတွေက ဒီလိုပဲ။ ဘေးကားက နည်းနည်းညစ်ရင် လန့်သွားပြီး ဘေးကို ရို့ပစ်တာလေ။ အဲဒီကျ ဘေးကားနဲ့ ငြိရော။ ဘေးကားက ကံဆိုးတာပေါ့ဗျာ ... ဟာ ... ဟာ"





အဲဒီအဆုံးသတ်စကားကို မိုးနှောင်းက အသံမထွက်အောင် ရယ်မောမိသည်။ ဘာပဲပြောပြော သူနဲ့ မိုးနှောင်း ဆက်လက်ပတ်သက်သွားရတော့မယ်ဆိုတာ ကိုယ့်ဘာသာကိုယ်လည်း သိနေမိသည်။ ထူးဆန်းသော အတွေ့အကြုံတစ်ခု မိုးနှောင်းထံသို့ ချဉ်းကပ်လာခဲ့ပြီဟု တွေးတောနေမိလေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၃ )

ဒရင်းဘတ်ပေါ်မှာ သက်သောင့်သက်သာ လှဲရင်း စာရင်းတစ်ခုကို ဖတ်နေရာမှ ဖုန်းမြည်သံ ထွက်ပေါ်လာ၍ ကြည့်လိုက်လျှင် "Rain"ဟူသော အမည်နာမကို တွေ့လိုက်ရ၍ သူက ပြုံးလိုက်မိသည်။ ဒီနေ့ စနေနေ့ဆိုတော့ ပုံမှန်အားဖြင့်တော့ သူမထံ သွားနေကြဖြစ်သည်။ ခုချိန်ထိ ရောက်မလာသေးသော သူ့အတွက် နေ့လယ်စာ ဘာစားမလဲဆိုတာ လှမ်းမေးတာဖြစ်နိုင်ပါသည်။

"ပြော ... အနှောင်း"

"အလုပ်ရှုပ်နေလားဟင်"

"အင်း ... မရှုပ်ပါဘူး ... ပြော"





"ဪ ... အိမ်ကို ရောက်လာမှာလားလို့"

ပုံမှန်ဆိုရင်တော့ သူ သွားဖို့ စိတ်ကူးမရှိချေ။ သို့သော် အနှောင်းရဲ့အသံကို ကြားသောအခါ စိတ်ကူးက တစ်မျိုးပြောင်းသွားချင်သည်။ သူ ဖြစ်နေတာကို ပြောပြလိုက်ပါသည်။

"ကိုယ် နေမကောင်းဘူး အနှောင်း"

"ဟုတ်လား ... ဘာဖြစ်တာလဲ"

"အင်း ... ဝမ်းလျှောနေတာ ကိုယ် ..."

"အို ... ဖြစ်ရတယ်၊ ဦးထန်မိုး ဘာတွေစားလို့လဲ"

သူမနှုတ်ဖျားမှာ စိုးရိမ်သော ရိုးသားမှုအစစ်တွေ ပါဝင်နေသဖြင့် ပီတိဖြစ်ရသည်။ ဒါကြောင့် စကားဆက်ဖြစ်သည်။

"ကိုယ် ဂဏန်းသွားစားလိုက်တာ။ နည်းနည်းပဲ စားတာပဲ။ ဒါပေမဲ့ ကိုယ် စားနေကြမဟုတ်လို့နဲ့ တူတယ်"

"အခု ရုံးမှာလား။ သက်သာလား"

"မနေ့က ဆေးတစ်လုံး ထိုးထားတော့ သက်သာပါတယ်။ ခုတော့ နည်းနည်း weak ဖြစ်နေတာပေါ့။ ရုံးမှာပဲ အလုပ်လေး လက်စသတ်နေတာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



မင်း ကိုယ့်ကို စောင့်နေတာလား။ ကိုယ် မင်းကို အားနာလို့”

“ဘာကို အားနာတာလဲ”

“ဪ ... ကိုယ့်ကိုယ်ကိုယ် သိပ်မသန့်ရှင်းဘူးလို့ ခံစားရလို့”

အဲဒီစကားကို သူမက တသောသော ရယ်မောလျှင် သူသည် မိန်းမရယ်သံကို နားမထောင်ဖူးသူပမာ ကြောင်ငေး ပြီး နားထောင်နေမိသည်။ သူမရယ်သံ ရပ်သွားတော့မှ သတိပြန် ဝင်လာကာ ...

“ကိုယ် လာရမှာလား”

“ဟုတ် ... ဦးထန်မိုး သဘောပါ”

“မင်းသဘောကရော ? ? ”

သူက နည်းနည်းကျပ်လိုက်မိသည်။ သူမက မဖြေ ပါ။

“ကိုယ်လာရင် မင်း Nurse တော့ ဖြစ်မှာပဲ”

“ဟုတ် ... ရပါတယ်”

“မင်း ဘာမှတော့ ဖွယ်ဖွယ်ရာရာ ချက်မထားနဲ့ပေါ့။ ကိုယ် ဘာမှစားနိုင်မှာ မဟုတ်ဘူး”





“ဟုတ်”

“အိုခေလေ ... C U Soon”

“ဟုတ် ... ဒါပဲနော်”

သူမက ထုံးစံအတိုင်း ဟုတ်နှင့် ဖျော်ဖြေကာ ဖုန်း ချသွားသည်။ သူ့အာရုံကတော့ ချက်ချင်းပဲ သူမဆီ ရောက်သွား ပါသည်။ အလုပ်များကို လက်စသတ်ပြီးနောက် သူမထံ ရောက် သွားခဲ့သည်။ ဒီတစ်ခါတော့ ဟင်းပဲ မချက်နေလို့လား၊ သူလာ မှာကို ကြိုသိနေလို့လားတော့ မပြောတတ်။ အရင်လို အဆီဥ နေသော အိမ်ရှင်မမျက်နှာမျိုး မဟုတ်တော့ဘဲ ရှင်းသန့်နေသော အနေအထားမျိုးနဲ့ ဖြစ်ပါသည်။

ချည်သားအင်္ကျီ မီးခိုးပြာစတစ်အရှည်ဟာ တင်ပါး ... ပေါင်လယ်ထိရှည်လျက် အောက်ကဝတ်ထားသော ဂျင်း(န်) ဘောင်းဘီအတိုကို ဖုံးနေသည်။ ရုတ်တရက်ကြည့်လျှင် အမေရိ ကန် မော်ဒယ်တွေလို ရှပ်အင်္ကျီတစ်ထည်တည်းပဲ ဝတ်ထားသလို မျိုး။ ဆံနွယ်ညိုတွေထဲ လက်နှင့် သပ်ဖွပြီးမှ သူ့ကို ပြုံးပြတာဟာ ... မကောင်းချင်သလို လူကိုတောင် ရင်ခုန်လာစေပါသည်။ အို ... ဟာ တဏှာစိတ်မပါတဲ့ နှလုံးသားရဲ့ လှုပ်ရှားမှု သက်သက်ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဦးထန်မိုး ဘာစားပြီးပြီလဲ"

"No"

"ဆာနေမှာပေါ့၊ တစ်ခုခု စားမလား။ ကျွန်မ ဘာလုပ်ပေး ရမလဲ"

"မင်း အဆင်ပြေတာသာ လုပ်ပါ။ ကိုယ်နဲ့ တည့်တာမျိုး မင်း စီစဉ်တတ်မှာပါ"

"ဟုတ် ... ခဏနားလိုက်ပါဦး"

သူမက လှည့်ထွက်သွားဖို့ပြင်သည်။ နောက်ပိုင်း မြင်နေရသော တင်သားလုံးဝန်းဝန်းများနှင့် ဆယ်လူလိတ်အဆီ ပြင်မရှိသော နောက်ပိုင်းပေါင်သားများဟာ သူ့စိတ်ကို အရှိန် ဆန်လာစေပါသည်။ ရုတ်တရက်မို့ သူမလက်ကောက်ဝတ်ကို ဖမ်းဆွဲကာ လှည့်လိုက်တော့ သူမက အလိုက်သင့်ပါလာသည်။ အံ့သြသလို ပွင့်ဟသွားတဲ့ နှုတ်ခမ်းတွေကို ရုတ်တရက် လွှမ်း ထွက်သွားသောစိတ်ဖြင့် သူက နမ်းမိပါသည်။

ဆယ်စက္ကန့်လောက် ကြာတော့မှ မျက်နှာနှစ်ခု ခွာမိလျှင် သူမက မျက်လွှာချ ငြိမ်သက်နေတာကို တွေ့ရသည်။ သူက မေးဖျားကိုပင့်တင်ကာ မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက် ကြည့်ရင်း ပြောမိသည်။





"စိတ်အနှောင့်အယှက် ဖြစ်သွားလား"

"ဟင့်အင်း"

"ဆောရီး ... ကိုယ် ရုတ်တရက် နမ်းချင်စိတ် ဖြစ်လာလို့"

သူမက သူ့စကားကို ရယ်ချင်သွားဟန်ဖြင့် ပြုံးစိစိ ဖြစ်သွားသည်။ အဲဒီ မျက်နှာလေးက ဘယ်လိုကြည့်ကောင်းမှန်း မသိသဖြင့် သူက ရုတ်တရက် ငေးစိုက်သွားမိပြန်သည်။ ဒီတစ်ခါ တော့ သူမက သူ့မျက်လုံးတွေကို ပြန်ငေးနေသည်မို့ ဘယ်လို ထင်သွားလဲတော့ မသိ။ ပြန်ပြောလာသည်။

"ဦးထန်မိုး နေမကောင်းဘူးနော်"

"အင်း ... နေမကောင်းတော့ ? ?"

"ဟို ... တစ်ခုခုဖြစ်မှာ စိုးလို့ပါ"

"ဘာတစ်ခုခု ဖြစ်မှာလဲ"

သူက ရယ်ချင်စိတ်ကို မျိုသိပ်ပြီး သူမရဲ့အနားသို့ တိုးကပ်ပြီး မေးလိုက်သည်။ သူမ နားရွက်လေးတွေ နီရဲလာတာ၊ နှုတ်ခမ်းဖျားတွေ တဆတ်ဆတ် တုန်လာတာကို အံ့ဩစွာတွေ့ မြင်နေရသည်၊ ဒီကောင်မလေး ခုထိ ရှက်တတ်နေတုန်းပါပဲလား။ သူ့ရှေ့မှာ ဘယ်မိန်းကလေးကမှ ဒီလောက် အရှက်မသည်းဘူး ပါ။



www.burmeseclassic.com

www.burmeseclassic.com



"Weak ဖြစ်နေတော့လေ ... ဟိုဒင်း ..."

ပြောမတွက်ခဲ့သူ ဖြစ်နေသော အနှောင်းရဲ့ဆံနွယ်လေးများကို သူက ကြင်နာစွာ သပ်တင်ရင်း နားရွက်နောက်ကြားသို့ ထိုးပေးလိုက်သည်။ ပြီးတော့ ဖူးစင်ဝင်းမွတ်နေသော မျက်နှာကို တရှိုက်မက်မက် ငေးကြည့်ကာ ...

"Weak ဖြစ်ရင် မင်းနဲ့ အတူမနေနိုင်ဘူး ထင်နေတာလား"

"မထင်ပါဘူး"

"ဒါဆို ... ? ? "

သူမက နှုတ်ခမ်းတွေကို တင်းတင်းစေ့ကာ သူ့ကို ကြည့်သည်။ မျက်လုံးတွေက အခုနကထက် ရဲရင့်လာသည်ဟု ထင်ပါသည်။ ပါးပြင်နှစ်ဖက်က ပန်းနုရောင်ပြေးသွားသဖြင့် သဘာဝပါးနီကြောင့် ပိုစွဲမက်ဖွယ် ကောင်းလာသည်။

"ဦးထန်မိုး ခြင်ထောင်ညှော်မိမှာစိုးလို့ ကျွန်မက ပြောနေတာ"

"ဘာရယ် ... ခြင်ထောင်ညှော်"

သူက မျက်ခုံးကျုံ့၍ စိတ်ဝင်တစား မေးမိသည်။ ထူးဆန်းတဲ့ အခေါ်အဝေါ် အသုံးအနှုန်းပါလား။ သူ့ဘဝတွင်





အသက်သာ လေးဆယ်နား ကပ်လာတယ်၊ တစ်ခါမှတောင် ကြားဘူးပါ။ ဘာတဲ့ ... ခြင်ထောင်ညှော် ... တဲ့။ သူမ နှုတ်ခမ်းများကတော့ တင်းတင်းစေ့ကာ နားရွက်လေးတွေက မသိသော ပြန်ရဲလာကြသည်။ ဖွတ်ကို ရဲဆေးတင်ထားတဲ့ကြားက ရှက်သွေးတချို့က မဖုံးနိုင် မဖိနိုင် တွယ်ကပ်နေသေးသော ကောင်မလေးကို သူက ပင့်သက်ရှိုက်ကာ ကြည့်နေမိပါသည်။

"ကြက်သွန်ညှော်တို့၊ ငရုတ်သီးညှော်တို့ပဲ ကြားဖူးပါတယ်၊ ခြင်ထောင်ညှော် ဆိုတာ ဘာလဲ ? "

သူမက နှုတ်ခမ်းများကို တင်းတင်းစေ့ပြီး သူ့ကို ကြည့်သော အကြည့်တို့မှာ တကယ်မသိဘူးလားဟု ရှုးစမ်းသော အကြည့်များ ဖြစ်သည်။

"ကိုယ် တကယ်မသိဘူး၊ PLZ. Explain me ! "

"ခြင်ထောင်ညှော်ဆိုတာ သေတတ်တယ်"

"အို ... ဟုတ်လား၊ ခြင်ထောင်ကို မီးလောင်ရင် ထွက်လာတဲ့ ညှော်နံ့ကိုရရင် သေတတ်တယ်ပေါ့"

"အဲလို မဟုတ်ပါဘူး။ ဟို ... Weak ဖြစ်နေတဲ့အချိန် မိန်းမနဲ့အတူအိပ်တဲ့ ယောကျ်ားတွေ နေမကောင်းဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



သေတတ်တယ်။ နာလန်ကို မထူနိုင်တော့ဘူး ပြောတယ် အဲဒါကို ခြင်ထောင်ညှော် မိတယ် ခေါ်တယ်"

"ဟား ဟား ... တကယ် ! "

သူက တစ်ခါမှ မကြားဖူး၍ လက်ညှိုးတစ်ချောင်း ထောင်ပြီးတော့တောင် ပြန်မေးမိသည်။ ကြည့်စမ်း ... ဒီကောင်မလေးဟာ စိတ်ဝင်စားဖွယ် စကားတွေကိုလည်း ပြန်ပြောတတ်ပါလား။ သူမ ဘယ်က ကြားဖူးတာလဲ။ အဟား ... စကားလုံးက သိပ်မိုက်သည်။ ကြည့်စမ်း ... ခြင်ထောင်ညှော်တဲ့။ ဘယ်သူက များ တီထွင်ထားပါလိမ့်။

"မင်း အဲဒါ ဘယ်ကသိတာလဲ"

"ကျွန်မအမေ ပြောတာ"

"ဘာရယ် ... မင်းအမေ ! ဟုတ်လား"

သူမက ခေါင်းညိတ်ပြပြီး ချာခနဲ လှည့်ထွက်သွားသည်။ Kitchen ထဲသို့ ဝင်သွားတာဖြစ်သည်။ သူက နောက်က လိုက်ဝင်လာရင်း မေးလိုက်သည်။ သူမက ရေခဲသေတ္တာကိုဖွင့်ကာ ကြက်ရင်အုပ်တစ်ခြမ်းကို ဆွဲထုတ်နေသည်။

"မင်းအမေက မင်းကို ဘယ်လိုပြောပြတာလဲ"





သူမက ကြက်သားကိုင်ရင်းမှ သူ့ကို မျက်လုံးတစ်ချက် လှမ်းကြည့်ပုံက အသည်းယားစရာပါ။

"ပြောပါ ... ကိုယ် အဲဒီစကားကို အရမ်းစိတ်ဝင်စားလို့။ မြန်မာစကားတွေဟာ တစ်ခါတစ်ခါကျတော့ တုတ်ထိုး အိုးပေါက် ဖြစ်တတ်ပေမယ့် တစ်ခါတစ်ခါကျတော့လည်း ချစ်စရာ ကောင်းနေပြန်ရော"

"ကျွန်မသူငယ်ချင်းတစ်ယောက်ရဲ့အဖေက ငယ်ငယ်တည်းက ဆုံးသွားတာ။ ကျွန်မက ဘာလို့ ဆုံးသွားတာလဲလို့ ကျွန်မအမေကိုမေးတော့ ဒါလီတို့အဖေက ခြင်ထောင်ညှော် မိသွားတာလို့ မေမေက ပြောဖူးတယ် ...

အဲဒီတုန်းက ကျွန်မအသက်က ဆယ့်ခြောက်နှစ် လောက် ရှိပြီ။ ကျွန်မ ငယ်ငယ်က တပ်ထဲမှာ နေဖူးသေးတယ်။အဘိုးက တပ်ကဆိုတော့လေ၊ ကျွန်မသူငယ်ချင်း ကလည်း ကျွန်မတို့ ဘေးခန်းမှာ တစ်လိုင်းတည်းတူတူ နေတာပဲ။ အဲဒါ သူ့အဖေက ရှေ့တန်းပြန်လာပြီး သိပ် မကြာခင် ဆုံးသွားတာကိုတော့ ကျွန်မ မှတ်မိနေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဖျားကြီးပြီး ဆုံးတယ် ပြောကြပေမယ့် နောက်ကျမှ မေမေက ပြောပြတာ၊ ဒါလိုအဖေက ခြင်ထောင်ထျော် မိပြီး ဆုံးသွားတာတဲ့"

သူမက အဲဒီစကားတွေကို လက်ကလည်း အလုပ်လုပ်နေရင်းနဲ့ ပြောနေတာဖြစ်သည်။ လက်ကလှုပ်ရှားရင်း ပါးစပ်က စကားပြောနေတဲ့ပုံလေးဟာ သူ့ကို ငေးမောစေပါသည်။ သူ့မျက်လုံးရှေ့မှာ ဒီလို အိမ်ရှင်မတစ်ယောက် ပုံစံမျိုးနှင့် မိန်းကလေးတစ်ယောက်ကို မမြင်ဘူးတာကြောင့်လည်း အထူးအဆန်း ဖြစ်နေတာလည်းပါသည်။

သူမပြောတဲ့စကား၊ စကားပြောတဲ့ပုံစံ စတာတွေက စိတ်ဝင်စားဖို့ ကောင်းလှသည်။

"ဒါကြောင့် တပ်ထဲမှာဆို ရှေ့တန်းက နေမကောင်းဖြစ်ပြီး ပြန်လာတဲ့ စစ်သားတွေ စစ်ဗိုလ်တွေဆို အိမ်ကိုချက်ချင်း ပေးမပြန်ဘဲ စစ်ဆေးရုံကို တက်ခိုင်းတာတဲ့။ စစ်ဆေးရုံမှာ အနားယူခိုင်းတဲ့ သဘောပဲ"

"ဪ ... အိမ်မှာဆို ခြင်ထောင်ထျော် မိသွားမှာစိုးလို့ပေါ့"





သူမက ကြက်သွန်နွှာနေရာမှလား မသိ။ သူ့ကို ပြုံးစိစိ မော့ကြည့်လာသည်။ အဲဒီအကြည့် အဲဒီအပြုံးနှင့် အဲဒီမျက်နှာလေးဟာ သူ့ရင်ထဲမှာ ငလျင်အသေးစားလေး လှုပ်စေပါသည်။ ဘာမှန်းမသိ သူ့ကို အဲဒီလို ချက်ရင်း ပြုတ်ရင်းနဲ့ အလုပ်လုပ်ရင်း စကားပြောနေတဲ့ ပုံစံကို အရမ်းပဲ နှစ်ခြိုက်မိပါသည်။

"ဟုတ်လား ... တပ်ထဲမှာ အဲလိုကိစ္စမျိုးတွေ ရှိတယ်လား။ ခြင်ထောင်ထျော် ထျော်တယ်ဆိုတဲ့ စကားက တပ်ထဲက ထွက်လာတဲ့ စကားပေါ့၊ အဲလိုလား"

"အင်း ... အဲဒါတော့ ကျွန်မလည်း မပြောတတ်ဘူး၊ ဒါပေမဲ့ ဖြစ်နိုင်တဲ့ အလားအလာပဲ၊ ဘာလို့လဲ ဆိုတော့ သာမန် အတူနေရတဲ့ လင်မယားတွေမှာ အဲလိုကိစ္စသိပ် မရှိနိုင်ဘူး ...

ယောကျ်ားလုပ်တဲ့သူကလည်း နေမကောင်းဖြစ်ရင် အဲဒီကိစ္စကို အာရုံရောက်နိုင်မှာ မဟုတ်ဘူး။ မိန်းမပြုစုတာကို ခံချင်တဲ့စိတ်လောက်ပဲ ရှိမယ်။ အဲလို အဖြစ်မျိုး မရှိနိုင်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တန်းက ပြန်လာတဲ့ ယောက်ျားတွေကျတော့ မိန်းမနဲ့ ရက်ပေါင်းလပေါင်းများစွာ ခွဲခွာခဲ့ရတာ။ နေမကောင်းဖြစ်နေ weak ဖြစ်နေလည်း မိန်းမနဲ့ တစ်အိပ်ရာတည်း အိပ်ရတဲ့အခါ သွေးသားဆန္ဒဆိုတာ ရှိလာနိုင်မှာပဲ အဲဒါကြောင့် ခြင်ထောင်ညှော်မိတယ်ဆိုတဲ့ အရပ်စကားဖြစ်လာတာနေမှာ။ ဒါကြောင့် နေမကောင်းတဲ့ စစ်သားတွေဆို တပ်ရင်းမှူးက စစ်ဆေးရုံ တက်ခိုင်းတာမျိုးတွေ ရှိခဲ့တယ်။ တပ်ထဲကလာတဲ့စကားလည်း ဖြစ်နိုင်ပါတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် အဲဒီစကားလုံးကိုတော့ ကိုယ်သဘောကျသွားပြီ။ ကိုယ့်ဘော်ဒါတွေကို ပြောပြရင်လည်း သဘောကျကြမှာပဲ ...

ခုလို အသစ်အဆန်းတွေကို Share လုပ်တဲ့ မင်းကို ကျေးဇူးတင်ပါတယ်"

သူမက နှုတ်ခမ်းတွန့်ရုံပြုံးကာ မီးဖိုပေါ်သို့ အိုးတစ်လုံး တင်လိုက်သည်။

"မင်း ဘာချက်နေတာလဲ"

"ကြက်သားမြူစွပ်ပါ"

"သြော် ... မင်းရော ဘာစားမှာလဲ"





"ကျွန်မ ခေါက်ဆွဲကြော်စားမယ်၊ ကြော်ပြီးသားပါ"

"အိုခေ ... လုပ်ပါ၊ ကိုယ်ရေချိုးလိုက်ဦးမယ်"

"ဟုတ်"

သူက မီးဖိုခန်းထဲမှ လှည့်ထွက်လာခဲ့သည်။ ခဏနေတော့ သူ ရေချိုးသည်။ ရေချိုးပြီး ထွက်လာတော့ မွှေးပျံ့နေသည့် ချင်း ကြက်သွန်ဖြူနံ့နှင့် ကြက်သားမြူစွပ်အနံ့ကို ရသည်။ ဗိုက်ထဲကတောင် ဆာလာသလိုလို။ သူမနှင့်အတူ နေ့လယ်စာစားဖြစ်သည်။ ပြီးတော့ သူ သောက်နေကျ ဆေးတွေကိုတောင်းတာ သူမက ဆေးတိုက်သည်။

နောက်တော့ သူနှင့် သူမက တင်းနစ်ပွဲ ထိုင်ကြည့်ဆေးသည်။ ရှာရာပိုဗာရဲ့ရိုက်ချက်တွေကို ဝေဖန်သော သူမစကားသံတွေကို နားထောင်ကာ သူမဟာ သူမပါပဲဆိုတာ ပိုပြီးသေချာသာခဲ့သည်။ အဲဒီညက သူက အခြားအခန်းတစ်ခုမှာ သပ်သပ်အိပ်ခဲ့ပါသည်။ "ကိုယ် ခြင်ထောင်ညှော်မှာ ကြောက်လို့"ဟူသော စကားကို သူမက အသာယာပြုံးရင်း Good Night ! ဟု နှုတ်ဆက်သံက တကယ်ကို Good Night ဖြစ်စေခဲ့သည်။

နွေးထွေးစွာ နှစ်ခြိုက်စွာ သူ အိပ်ပျော်ခဲ့ရပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ( ၁၄ )

"ဘဲပုံစံကတော့ အပျံစားပဲ။ ဘော်ဒီကလည်း အမိုက်စားပဲနော်။ နင့်ကိုလည်း စိတ်ဝင်စားပုံပေါ်တယ်၊ ဘယ်လိုလဲ မိန်းမ။ နင် လှုပ်ရှားနေပြီ မဟုတ်လား"

သက်နွယ်က တစ်နေ့ကမှ နိုင်ဇာ့ကို မြင်ဖူးသွားခြင်းဖြစ်သည်။ နိုင်ဇာနှင့် ကော်ဖီဆိုင်မှာ ချိန်းသောအခါ မိုးနှောင်းက သက်နွယ်ကိုပါ ခေါ်သွားဖြစ်သည်။ အဲဒီတည်းက ယောကျာ်းလေးများ၏ ကာရိုက်တာကို အကဲခတ်ရာမှာကျွမ်းသော သက်နွယ်မှာ နိုင်ဇာ့ကို အကဲဖြတ်၊ အကဲခတ်နိုင်ခဲ့လေသည်။

ဒီနေ့ သက်နွယ်လည်း အလုပ်ပိတ်ရက်၊ ဦးထန်မိုးလည်း မလာသဖြင့် အိမ်မှာ ငါးကင်နှင့် သဘော်သီးထောင်းထိုင်စားကာ နိုင်ဇာ့အကြောင်း ဆွေးနွေးနေကြတာ ဖြစ်သည်။





"ဘာလှုပ်ရှားရမှာလဲ"

"စိတ်လေ ... စိတ်မဟုတ်တောင် ရင်ဘတ်ပေါ့"

မိုးနှောင်း ငါးကင်ကို မန်ကျည်းချဉ်ထဲ တို့မြုပ်ပြီး ငါးစပ်ထဲထည့်ကာ လေးလေးနက်နက် စဉ်းစားနေမိသည်။ နိုင်ဇာ့ကို စိတ်လှုပ်ရှားမိလား။ ဟင့်အင်း ... စိတ်တော့ မလှုပ်ရှားမိဘူးထင်တာပဲ။ စိတ်လှုပ်ရှားတယ် ၊ စိတ်လှုပ်ရှားတယ်ဆိုတာ ဘာကို ပြောတာလဲ။ ဦးထန်မိုး တစ်ယောက် မိုးနှောင်းကို ဒီအိမ်စ ခေါ်လာခါစကတော့ စိတ်တွေ လှုပ်ရှားနေမိတယ် ထင်တာပဲ။ အဲဒါက စိတ်လှုပ်ရှားတာ ရင်ခုန်တာ မဟုတ်။ အို ... ဘာတွေ နန်းလဲ မသိတော့ပါ။

"အဲလို လှုပ်ရှားတာလည်း မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ်လေ သူနဲ့ ဖုန်းပြောရတာ၊ စကားပြောရတာကို နင် သဘောကျတယ်မှလား"

အဲဒါကိုတော့ မိုးနှောင်း မငြင်းလိုပါ။ ဒီလို အထက်တန်းလွှာကယောကျာ်းလေးတစ်ယောက်နှင့် တန်းတူရည်တူ သူငယ်ချင်းအဖြစ်သွားလာပေါင်းသင်း၊ ပြောပြောဆိုဆို ရှိရတဲ့အခိုက်အတန့်လေးကို သာယာစိတ် သဘောကျစိတ်တော့ ဖြစ်မိသည်။ ကိုယ့်ကိုယ်ကိုယ် သူဌေးသမီးတစ်ယောက်လို ဖီလင်မျိုးနဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါ့ဘဝကြီး တစ်ခုလုံး လွတ်လပ်သွားသလို ခံစားရတယ်"

"ဦးထန်မိုးနဲ့တွေ့ရင် စိတ်ကျဉ်းကျပ်ရလို့လား"

"အဲလိုလည်း မဟုတ်ပါဘူး။ ဦးထန်မိုးနဲ့ တွေ့တော့လည်း ငါ့စိတ်ကို ထားတတ်အောင် ထားတာပါပဲ။ သူက ငါ့ကို ဖွတ်ဖြားယောင်း သိမ်းသွင်းခဲ့တာလည်း မဟုတ်ဘူး။ နင် လည်း ငါ့ကို နင်နဲ့ဘဝတူဖြစ်အောင် ဖြားယောင်းခဲ့တာ မဟုတ်ဘူး။ ငါ့အခြေအနေနဲ့ငါ ဒီလမ်းကို ရွေးခဲ့တာပဲ။ အဲဒီအတွက် စိတ်ပျော်တယ် မဟုတ်တောင် ငါ စိတ်ဆင်းရဲ မနေပါဘူး။ စိတ်လည်း မကျဉ်းကျပ်ဘူး ...

နိုင်ဇာနဲ့ကျတော့ သူကလည်း ငါ့ကို သာမန်ကောင်မ လေးတစ်ယောက်လို မြင်ထားတာလေ၊ သူနဲ့ငါ့ကြားက အကန့်က ပြောရရင်တော့ Romantic ဆန်တယ်"

"ဦးထန်မိုးနဲ့ကတော့ Sexy ပေါ့"

ပြုံးစိစိပြောသော သက်နွယ်ကို မိုးနှောင်းက မျက် စောင်းထိုးမိသည်။ အဲဒီအခိုက်မှာပဲ တီးလုံးသံလေးနှင့် မက်ဆေ့





ဝင်လာသည်။ နိုင်ဇာ့ထံကဟု သိလိုက်ပြီး ဖွင့်ကြည့်လိုက်တော့ "Miss U"ဟူသည့် စာတန်းလေးနှင့် မျက်လုံးတစ်ဖက်မှိတ်ပြနေ သော ကာတွန်းရုပ်လေးကို တွေ့လိုက်ရသည်။ မိုးနှောင်းက အသာပြုံးပြီး ဖုန်းကိုပြန်ချထားလိုက်သည်။

"ဟိုဘဲဆီက မဟုတ်လား"

"အင်း"

"ငါ့အတွေ့အကြုံအရတော့ သူ့ခြေလှမ်းတွေ တိုးသထက် တိုးလာလိမ့်မယ်လို့ ထင်တယ်။ သူ နင့်ကို Propose လုပ် ခဲ့ရင် နင် ဘယ်လိုတုံ့ပြန်မှာလဲ မိုးနှောင်း"

မိုးနှောင်းတစ်ယောက် သက်ပြင်းကို မသိမသာရှိုက် ရင်း လိမ္မော်ရည်ဖန်ခွက်ကို ယူကာ မှန်ပြတင်းချပ်များဆီသို့ လျှောက်လာခဲ့သည်။ အမြင့်မှကြည့်သော အရာအားလုံးဟာ မှုန် ဝါးနေကြသည်။ ရန်ကုန်မြစ်ကတော့ ငွေရောင်လက်လက်ထကာ စီးဆင်းနေလျက်။ မိုးနှောင်းရဲ့ စိတ်တွေသည်လည်း ဒီရေလေး တွေပဲ တလွှတ်တလပ် စီးဆင်းသွားရလျှင် ဘယ်လောက်ကောင်း လိုက်မလဲနော်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ တစ်ခု ပြန်မေးချင်တယ်။ ငါသာ နိုင်ဗာနဲ့ ရည်းစားဖြစ်တယ် ဆိုပါတော့ ဦးထန်မိုး သိသွားရင် ဘာတွေဖြစ်လာမယ်လို့ ထင်လဲ"

သက်နွယ်က မျက်ခုံးတွေ တအားရှုံ့သွားအောင် စဉ်းစားနေသည်။ မိုးနှောင်းက လိမ္မော်ရည်ကို တစ်ငုံ ငုံမိသည်။

"ကျွတ် ... နင်ကလည်း၊ နင့်ကို မေးတဲ့ဟာကို"

"နင့်အဖြေပေါ်မှာ ငါ့အဖြေက မူတည်ချင် တည်နေမှာမို့ပါ"

"ဘာလဲ ... ဦးထန်မိုး သိသွားမှာကို နင် မလိုလားဘူးပေါ့။ ဒါများဟာ ခက်ခက်ခဲခဲ အုံးစားလို့။ မသိစေချင်ရင် မသိအောင်နေပေါ့။ အဲဒါကြောင့် ဘယ်သူမှမသိတဲ့ ဖုန်းတစ်လုံး နင့်ကို ပေးခဲ့တာပဲလေ"

"ဩော် ... ဘယ်သူကတော့ ကိုယ့် Sopnsor ကို တမင် ပေးသိမလဲ။ ဒါပေမဲ့လည်း သိသွားနိုင်တာမျိုးတွေလည်း ရှိတတ်တာပဲလေ"

"အင်း ... တစ်ခုတော့ ရှိတယ် မိုးနှောင်း။ Sponsor ဆိုတာမျိုးက တစ်သက်လုံးကတော့ ကိုယ့်အတွက် မဟုတ်ဘူးလေ။ စာချုပ်ထားတဲ့ကိစ္စမျိုးတောင် မဟုတ်ဘူး ...





ကာလရှည်ကြာ ပေးတာရှိတယ်။ ကာလတို ပေးထားတာ ရှိတယ်။ ကိုယ်က လိမ္မာရင် လိမ္မာသလို စုမိဆောင်းမိတာမျိုးတွေ ရှိတယ်။ နင်ဆို အရမ်းစုမိဆောင်းမိမယ်။ ဒါတောင် နင်က သူများလို အတောင်းကြမ်းတဲ့သူ မဟုတ်သေးဘူး ...

ပြောရရင်တော့ Sponsor ဆိုတာ ကိုယ့်ဘဝအတွက်တော့ ဘယ်အာမခံချက် ရှိမလဲ"

"နင် ဆိုလိုတာက တခြားယောကျ်ားကတော့ အာမခံချက် ရှိတယ်ပေါ့"

"ပိုနီးစပ်တယ်လေ။ လောကကြီးမှာ ဘာမှမပြောရဘူး။ နင် နိုင်ဗာနဲ့ ရချင်လည်း ရသွားနိုင်တယ်"

အဲဒီစကားကြောင့် မိုးနှောင်း ရင်ထဲမှာ ခွေးခနဲ ဖြစ်သွားသည်။ အင်းလေ ... သက်နွယ် ပြောတဲ့ စကားတွေဟာလည်း ဟုတ်နေတာပဲ။ ဦးထန်မိုးဟာ မိုးနှောင်းကို တစ်သက်လုံး ထောက်ပံ့ပေးမှာ မဟုတ်ချေ။ သူ ကိုယ့်ကို စွဲလမ်းနှစ်ခြိုက်တုန်း ဘဝခဏသာ သူ့အနားမှာ ကိုယ်ရှိနေမှာပေါ့။ သူ စွန့်ပစ်ဖယ်ရှားလိုက်တဲ့တစ်နေ့ ကိုယ်လည်း ဘယ်ကိုလွှင့်ရမလဲ။ ဒီ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မွန်ခမ်းနားလှတဲ့ ကွန်ဒိုအခန်းကြီး ဆိုတာလည်း ခဏတာ လာရောက်ခိုလှုံခွင့်ရတဲ့ နေရာတစ်ခုသာပါပဲ။

"နင့်စိတ်ထဲမှာ ရှိတာကိုပဲလုပ် မိုးနှောင်း။ တို့တွေက သူများစိတ်ဆန္ဒကို ဖြည့်ဆည်းပေးနေရတဲ့သူတွေ ဆိုပေမယ့် တို့စိတ်ဆန္ဒ၊ တို့စိတ်ပျော်စရာ ဆိုတာလည်း ရှိသင့်တယ်လေ ...

သူများတွေလည်း ဒီလိုပါပဲ။ Sponsor ပုဂ္ဂိုလ်တွေကလည်း နားလည်တတ်ကြပါတယ်ဟာ။ တချို့ဆို သိနေတာတောင် မသိချင်ဟန်ဆောင်ပေးနေတာတွေလည်း ရှိတာပါပဲ။ ဘာလို့ဆို သူတို့လည်း သိနေတာပဲလေ။ တို့တစ်တွေက အပေးအယူနဲ့ ပတ်သက်နေကြတယ် ဆိုတာ"

မိုးနှောင်း မျက်လုံးထဲတွင် ဦးထန်မိုးကို ဖျတ်ခနဲ ပြေးမြင်သည်။ သူကရော မိုးနှောင်းကို အပေးအယူဆန်စွာ သဘောထားလား။ ဟင့်အင်း ... သူ့ပုံစံကတော့ အဲလိုမရှိဘူးဟု ထင်သည်။ ဘာလို့လဲဆိုရင် သူနဲ့ မိုးနှောင်း ထဲထဲဝင်ဝင် ပတ်သက်ဖြစ်တာ ဒီအိမ်ကို ရောက်ပြီးမှလေ။ မိုးနှောင်း အမေအတွက် ဆေးကုသစရိတ်တွေ ထုတ်ပေးပြီး မေမေ ခွဲစိတ်အပြီး၊ အားလုံးစိတ်ချရပြီ ဆိုတော့မှ သူနဲ့ မိုးနှောင်း ဇာတ်လမ်းကို စ,ခဲ့တာ မဟုတ်လား။

သူ့ဆန္ဒကို ရှေ့တန်းမတင်ခဲ့ချေ။ သူဟာ အလိုဆန္ဒကြီးမားသူ၊ အပေးအယူဆန်သူ မဟုတ်ဘူးဟုတော့ ထင်တာပါပဲ။

"ဦးထန်မိုးကတော့ သိပ်မဆိုးပါဘူး"

မိုးနှောင်းက တိုးဖွဖွဆိုလျှင် သက်နွယ်က ဟက်ခနဲရယ်သည်။

"နင်ကတော့ အကောင်းမြင်စိတ် သိပ်ထားလွန်းတာကို မိုးနှောင်းရာ"

တစ်ခုခု ပြန်ပြောဖို့ ပြင်စဉ်မှာပဲ ဖုန်းသံ မြည်လာသည်။ နိုင်ဇော်ထံမှပဲ ဖြစ်ပါသည်။ သက်နွယ်က ပြောင်စပ်စပ်လုပ်ပြရင်း ဂရုမစိုက်တော့ဟန်ဖြင့် သဆော်ာသီးထောင်းထံသို့သာ အာရုံပို့ထားလိုက်တော့သည်။ မိုးနှောင်းက ဖုန်းကိုဖွင့်ထူးလိုက်သည်။ သာယာရွှင်မြူးသော နှုတ်ဆက်သံလေးနောက်၌ မိုးနှောင်း လွင့်မျောပါသွားခဲ့လေသည်။







www.burmeseclassic.com

www.burmeseclassic.com



# ( ၁၅ )

"ရတယ် ... ကိုယ့်ဘာသာပဲ အေးအေးဆေးဆေးနေချင်တယ်"

သူက အဲဒီလိုပြောလိုက်လျှင် သူ့ဘေးနားမှာ ကပ်ထိုင်ပြီး အရက်ငှဲ့ပေး၊ ဟင်းခွဲ့ကျွေးမည့် ကောင်မလေးက အံ့သြသလိုဖြင့် တစ်ချက်ပဲကြည့်ပြီးနောက် ပြုံးစစဖြင့် နောက်ဆုတ်သွားသည်။ ကိုအောင်ကသာ ကောင်မလေးတစ်ယောက် ခွဲ့ကျွေးသော အသားကင်တစ်ဖတ်ကို မြုံပြီးနောက် သူ့ကို ထရားကျဟန် မျက်လုံးအတုများဖြင့် လှောင်ပြောင်သည်။

"ဟာ ဟ ... ဘယ်လို ဖြစ်ရတာလဲ ကိုယ့်လူရ။ မိုးနှောင်းမှ မဟုတ်ရင် အကပ်မခံတော့ဘူးလား"





"မဟုတ်ပါဘူးဗျာ၊ ကျွန်တော် အေးဆေးပဲ နေချင်လို့ပါ"

"ဘယ်သူတွေကရော အေးဆေးမနေလို့လဲဗျ"

အခြားမိတ်ဆွေတစ်ယောက်ကပါ ဝင်ပြောသည်။ ဒီညတော့ သူ အရစ်ခံရတော့မည်ဆိုတာ သိလိုက်ရပြီ။ ဒါပေမဲ့လည်း မတတ်နိုင်ပေ။ သူဆိုတာကလည်း စိတ်မပါရင် ပြုံးတောင် မပြတတ်သည့် ယောကျ်ားမျိုး မဟုတ်လား။ သူ့အနားမှာ ခုချိန်၌ မိတ်ကပ်အဖွေးသား မျက်နှာနှင့် မိန်းကလေးတစ်ယောက် ပွတ်သီးပွတ်သပ် လာလုပ်နေမှာကို ဘယ်လိုမှ ခံစားနိုင်စွမ်းမရှိချေ။ တစ်ခါတစ်ရံ ယောကျ်ားတိုင်းလည်း ဒီလိုစိတ်မျိုး ဖြစ်ဖူးကြလိမ့်မည်ဟု ထင်ပါသည်။ ဒါဟာ သူ့အတွက်တော့ မိုးနှောင်းကို သတိရလို့လည်းမဟုတ်။ ဘာ့အတွက်ကြောင့်မှ မဟုတ်ဘဲ သူ့စိတ်က သီးသန့်ဖြစ်တည်မှု ဖြစ်သည်။

"အဲလို ဆိုလိုတာ မဟုတ်ပါဘူး။ အဲဒါက ရှင်းပြဖို့တော့ သိပ်မလွယ်ဘူးဗျ"

"ဟား ဟား ... အနှောင်းက အနှောင်းမို့လို့ တော်တော့တယ်ဗျာ၊ အဦးသာဆို မလွယ်ဘူး"

"သူက တော်တော့် အပြုစုကောင်းလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တကယ်လို့ စိတ်မပါတော့ဘူးဆိုရင် ကျွန်တော် ကို ချိတ်ပေးခဲ့စမ်းပါဗျာ။ တော်တော်စိတ်ဝင်စားလာပြီ ဟာ ဟ။ ဘော်ဒီကတော့ တော်မတော်မိုက်တယ်လို့ ကြာ တာပဲ"

အဲဒီစကားကြောင့် သူ့စိတ်မှာ ထောင်းခနဲ ဖြစ်သွာ ရသည်။ လှစ်ခနဲ ထွက်လာသော ဒေါသကိုတော့ အလျင်အမြ ပြန်ထိန်းရပါသည်။ ဒီနေရာမှာ အနှောင်း အတွက်နဲ့ ထပေါ ကွဲလျှင် သူပဲ ငပေါဖြစ်လိမ့်မည်။ အခြေအနေအရ ဘာပြောသ လဲဟူသော စကားကို စဉ်းစားမိသည်။

"ကျွန်တော်နဲ့ သူနဲ့က ရေရှည်အဆင်ပြေဖို့ များပါတယ်"

"ဟော ... တွေ့တယ်မှလား။ အနှောင်းတို့ စွမ်းချက်က တော့ ... ဟား ဟား"

အလုပ်ကိစ္စကြောင့် ကျေးမွေးသည့်ခံသော ပွဲဖြစ်ေ ၍သာ ထိုင်ပေးနေရသော်လည်း သူ မထိုင်ချင်တော့ပေ။ အရ တောင် ဖွတ်တိုက်သဖြင့် နည်းနည်းပဲ သောက်ဖြစ်သည်။ စိတ် မကြည်သဖြင့် စကားတောင် သိပ်မပြောဖြစ်တော့ချေ။ အိမ်အပြ





ချင် စိတ်ကူးပေါက်သဖြင့် အနှောင်းထံ ဒရိုင်ဘာကို မောင်းခိုင်း ိုက်သည်။ ဖုန်းကြိုဆက်မထားသဖြင့် သူမ ရှိ၊မရှိဆိုတာ မသေ ာပါ။ ဒါပေမဲ့ သူက ရှိနေမည်ဟု ထင်သည်။

"မနက်စောစော လာကြိုလိုက်ကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

ဒရိုင်ဘာက ခေါင်းညွှတ်ပြီး ထွက်သွားသည်။ သူက အပေါ်ထပ်သို့ တက်လာကာ အခန်းတံခါးကို ဘဲလ်တီး ိုက်သည်။

သူမ ဘယ်လိုပုံစံမျိုးနှင့် ထွက်ကြိုမှာလဲ။ ရတ်တရက် ိုင်းသွားသော မျက်လုံးများကို မြင်ရလေမလား။ ညဝတ်အကျႌ ာပိုကရိုနှင့် မြင်ရလေမလား စိတ်ကူးနှင့် မှန်းဆချင်မိသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ သဘောကျမိမှာပါပဲ။ တွေးကြည့်တာနဲ့ ောင် ရင်ခုန်နှုန်းတွေ မြန်လာသည်။

"တင်း တောင်"

ဘဲလ်သံက သုံးလေးခါ မကခဲ့။ သူသည်လည်း ေနရာမှာတင် ခြေစုံရပ်တန့်ဆဲသာ။ သူက သက်ပြင်းတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ကို ရိုက်ရင်း Password နှင့်ပဲ ကိုယ့်ဘာသာကိုယ် တံခါးဖွင့် လိုက်သည်။ ပွင့်သွားသော အခန်းထဲတွင် အလင်းရောင်ဖျော့ဖျော့သာရှိပြီး တိတ်ဆိတ်နေပုံထောက် လူမရှိဘူးဆိုတာ ပို၍သေချာသွားပါသည်။

ဘာကြောင့်မှန်း မသိဘဲ အခုနက ထွက်ခဲ့သလို ဒေါသမျိုးက ဆူဝေစွာ ပြန်ပြီးထွက်လာသည်။ မီးဖွင့်ရင်း နာရီကို ကြည့်လိုက်လျှင် ည ၁၂ နာရီအတိကို ညွှန်ပြနေသည်။ ဒီအချိန်ကြီး အိမ်မှာမရှိရအောင် သူမ ဘယ်သွားနေခဲ့လဲ။ ဒါဟာ သူမရဲ့သရုပ်မှန် အစစ်ပဲလား။ သူ့သွေးတွေ ပွက်ခနဲဖြစ်သွားသည်ဟု ထင်သည်။ သူမကို သူ့ပါတနာတွေ ပြောခဲ့တုန်းက သူနာခဲ့တာဟာ သူမအပေါ် ထားရှိသည့် သူ့ရဲ့တန်ဖိုးတစ်ခုကြောင့်ပဲ ဖြစ်လိမ့်မည်။

ရှင်းနေတာပါပဲလေ။ သူမအပေါ်မှာ သူ တန်ဖိုးတစ်ခုတော့ ထားခဲ့ပါသည်။ သူမဟာ သူ Sponsor ပေးနေတဲ့ မိန်းကလေး ဖြစ်ပေမယ့် သူ တန်ဖိုးထားရတဲ့ အချက်တွေ သူမမှာရှိသည်။ ဒါကြောင့်လည်း အခြားမိန်းကလေးတွေနဲ့ မတူတဲ့တန်ဖိုးတစ်ခု၊ အဆင့်တစ်ခုမှာ သူပေးထားခဲ့သည်။ ခုတော့ ည ၁၂ နာရီထိုင်အောင် အိမ်မှာ သူမ မရှိ။ ဖုန်းဆက်ဖို့ စိတ်ကူးပေါ်လာသော်လည်း ချက်ချင်း ဝယ်ဖျက်ကာ သူမ ဘယ်အချိန်မှ ပြန်ရောက်လာမလဲဆိုတာ စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒီအတိုင်းမစောင့်ဘဲ ဧည့်ခန်းမှာ အရက်ထိုင်သောက်ရင်း စောင့်ဖြစ်ပါသည်။ တစ်နာရီထိုးခါနီး အချိန်မှာတော့ တံခါးက ဖျတ်ခနဲ ပွင့်သွားကာ သူမ ပြန်လာပြီဆိုတာ သူ သိလိုက်ရသည်။ တံခါးဖွင့် ဝင်လာသော သူမသည် ဧည့်ခန်းမှာ သူ ထိုင်နေတာကို မမြင်သေးဘဲ ဖုန်းပြောလာသည်။ အသံက ခပ်တိုးတိုးမို့ သိပ်မကြားရသော်လည်း တစ်စုံတစ်ယောက်ကို သူမ အခန်းထဲသို့ ရောက်ပြီဆိုတာ အန္တရာယ်ကင်း ဘေးရှင်းတဲ့အကြောင်းပြောနေခြင်းဖြစ်မည်။

စကားပြောလာသော သူမသည် ဧည့်ခန်းထဲက အဖြတ်မှာတော့ သူ့ကိုမြင်သွားလျှင် တစ္ဆေသရဲကို မြင်လိုက်ရသည့်အလား ရုတ်တရက် လန့်ဖျပ်သွားကာ လက်ထဲကဖုန်းဆောင် ကော်ဇောပေါ်သို့ ထောက်ခနဲ ပြုတ်ကျသွားလေသည်။






www.burmeseclassic.com

www.burmeseclassic.com



သူကဲ့ သူမကိုယ်ပေါ်တွင် ရိုးသားခြင်းကို လိုက်ရှာမိသည်။ အနက်ရောင်လက်ပြတ်ဝတ်စုံက ပေါင်ကျော်ကျော်ပဲရှိလျက် အညို ရင့်ရောင် လှိုင်းထဆံနွယ်များနှင့် သူမပုံစံက တကယ့်ဆွဲဆောင် မှုအပြည့်ရှိသည်။ အဲဒီ ဆွဲဆောင်မှုအပြည့်ရှိတဲ့ ပုံစံကပဲ သူ့ဒေါသ ကို ပိုဆွလိုက်တာ မဟုတ်လား။

သူမသာ တီရှပ်လေး၊ ဂျင်းဘောင်းဘီလေးနဲ့သာဆို သူ ဒီလောက် ဒေါသထွက်သွားမှာ မဟုတ်ဘဲ။ ညသန်းခေါင် ကျော်မှာ ဆွဲဆောင်မှုအားကောင်းနေတဲ့ဝတ်စုံနဲ့ မိန်းကလေးတစ် ယောက်ကို သူ များများစားစား နားလည်မပေးနိုင်ချေ။

"မင်း ဘယ်က ပြန်လာတာလဲ"

"အ ... ပြင် ... က"

"အပြင်ကတော့ ငါ သိတာပေါ့။ ဘယ်နေရာက ပြန်လာ တယ်ဆိုတာကို မေးနေတာ"

သူမ မျက်လုံးတွေ တစ်ခဏတော့ စိမ်းညို့သွားသည် ဟု ထင်သည်။ ချက်ချင်းပဲ ပြောင်းလဲသွားသော မျက်လုံးတွေက သူ့ကို တစ်ခုခု ပြန်ပြောမည့်ဟန် ပေါက်နေသည်။





"ကျွန်မကို တစ်ခုခု မယုံသင်္ကာ ဖြစ်နေတာလား ဦးထန်မိုး"

သူက ပြန်မဖြေဘဲ သူမကို စူးစူးရဲရဲ စိုက်ကြည့်နေ မိသည်။ အရက်ရှိန်ကြောင့် သူ့မျက်လုံးတွေက ပိုမိုစူးရှနေပါလိမ့် မည်။ သူ့ကို အဲဒီလို ပြန်မေးခွန်းထုတ်တာမျိုး သူ လုံးဝမကြိုက် ပါတ်ချေ။ တအားမုန်းသည်။ သူမက သူ့အကြောင်းကို သိပ်မသိ သေးသူမို့ ဒီလို ပြန်မေးရဲတာ ဖြစ်နိုင်ပါသည်

"မင်း ငါ့ကို ပြန်မေးစရာ မလိုဘူး၊ မင်းကို မေးတာပဲဖြေ"

သူမ နှုတ်ခမ်းတွေက အနည်းငယ်ဆိုရုံ ကွေးညွတ် သွားကာ ချာခနဲ လှည့်ထွက်သွားသည်။ သူ့မေးတာကို ဖြေစရာ မလိုဘူး။ ဂရုမစိုက်ဘူး ဆိုတဲ့သဘော။ မိန်းမတစ်ယောက်က သူ့ကို အဲဒီလို ဂရုမစိုက်တဲ့ အထာမျိုး လုပ်တာကို သူ အရင် ကတည်းက အမြင်ကတ် စက်ဆုပ်ခဲ့သည်။ သူမဟာ သူ့ဒေါသမီးကို မြှင့်သထက် မြှင့်ပေးနေတာပဲ ဖြစ်လေသည်။

အခန်းထဲသို့ ဝင်သွားသော သူမနောက်သို့ သူတောင် သိလိုက်ခင်မှာပဲ ခြေထောက်တွေက ဟုန်းခနဲ ထလိုက်ပါသွား သည်။ ပြီးတော့ ချက်ချင်းပဲ သူမလက်မောင်းကို ဆွဲလှည့်ပစ် လိုက်လေသည်။ သူ့မျက်နှာနှင့် နီးကပ်နေသော သူမမျက်နှာဟာ



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းထက် ပိုလှနေပြီး ကြွေသားရောင် တောက်ပြောင်နေသည်။ မျက်လုံးများက Smokey Eye ဆွဲဆောင်မှု ပြင်းလှသည်။

"ကိုယ်မေးနေတာ ဘာလို့မဖြေတာလဲ"

"ရှင့်မျက်လုံးတွေကို မကြိုက်လို့"

"ဘာရယ်"

သူ တွေဝေသွားတုန်းမှာပဲ သူမက အခွင့်ကောင်းယူကာ သူ့လက်ထဲမှ လက်မောင်းကို ရုန်းထွက်ဖို့ပြင်သည်။ အဲဒီအပြုအမူဟာ သူ့ဒေါသကို ပိုပြီးဆွပေးလိုက်ဟန်ရှိပြီး သူက ပြန်ဆောင့်ဆွဲကာ မျက်နှာနှစ်ခု တိုးကပ်ပစ်လိုက်ပြီး သူမရဲ့နှုတ်ခမ်းတွေကို ခပ်ကြမ်းကြမ်း နမ်းပစ်လိုက်သည်။ သူမက သူ့ကို ရုန်းထွက်သည်။ သူက ပို၍ တိုးဖက်ကာ နမ်းသည်။ ရုန်းလေ နမ်းလေ၊ သူ တိုးဖက်လေ သူမက တွန်းထုတ်လေ။

သူ သောက်ထားသော အရက်က သူ့ကို ပို၍သွေးဆူကာ ရီဝေစေသည်ထင့်။ သူ့စိတ်ကို လွှတ်ပေးကာ သူမကို အတင်းချုပ်နှောင် ဖက်နိုင်ဖို့ ခွန်အားတွေ ပိုရသလို ဖြစ်နေသည်။ နေ့စဉ် ကျန်းမာရေးလိုက်စားထားသော၊ သွေးဆူနေသော သူ့ခွန်အားကို သူမ မယှဉ်နိုင်ချေ။ နှစ်ယောက်စလုံး ရုန်းရင်းဆန်





ခတ်ဖြင့် မွေ့ရာပေါ်သို့ ပြိုလဲကျသွားတော့သည်။ ပထမတော့ သူမက သူ့လက်ထဲကနေ၍ နာနာကြည်းကြည်း ရုန်းထွက်ဖို့ ကြိုးစားသေးသည်။ သူ့ကို လုံးဝအကပ်မခံနိုင်ဘူးဆိုသော ပုံစံက သူ့ဒေါသကို ပို၍ဆွစေတာ ဖြစ်ပါသည်။

ဒါကြောင့် ဒေါသအလျှောက်နမ်းသော အနမ်းများမှာ ခက်ထန်ကြမ်းတမ်းနေခဲ့သည်။ ပထမပိုင်း ရုန်းကန်နေသော သူမသည် တဖြည်းဖြည်းနှင့် ငြိမ်သက်သွားခဲ့သည်။ သူမ ငြိမ်သက်သွားပေမယ့် သူကတော့ အနမ်းတွေကို မရပ်တန့်နိုင်ခဲ့ချေ။ သူပဲ ဝယ်ပေးထားခဲ့သော BOSS HUGO ရေမွှေးရနံ့သည် လည်တိုင်နှင့် ရင်ညွန့်မှာ ရီဝေစွာ ဆွဲဆောင်နေ၍ဖြစ်သည်။ သူမ ငြိမ်သက်နေသောအခါ သူ ကျေနပ်သွားသည်။

နောက်ဆုံးအနေဖြင့် သူမရဲ့ပါးကို သူ့ပါးဖြင့်အပ်မိချိန်မှာတော့ စိုစိုစွတ်စွတ် ခံစားမှုတစ်ခုကို ရလိုက်လေသည်။ သူက အလန့်တကြား ငုံ့ကြည့်မိသောအခါ လူတစ်ကိုယ်လုံး အရုပ်ကြိုးပြတ် ပုံစံဖြင့် နှုတ်ခမ်းဖတ်ပျော့ခွေကာ မှိတ်ထားသော မျက်လုံးတွေရဲ့ထောင့်က မျက်ရည်စီးကြောင်း နှစ်ခုကို တွေ့လိုက်ရသည်။ သူ တကယ်ပဲ ထိတ်လန့်တုန်လှုပ်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မင်း ငိုနေတယ် ! "

သူမက အသံမထွက်ပါ။ မှေးမှိတ်ထားပြီးသော မျက်ဝန်းထောင့်မှ မျက်ရည်စများက စိုစွတ်ဆဲ။ နှုတ်ခမ်းတွေက တင်းတင်းစေ့ထားပြီး ဖူးမွတ်နေကြသည်။ သူမ မျက်ရည်တို့ မြင်သောအခါ သူ့စိတ်ထဲတွင် အမျိုးအမည် မဖော်ပြတတ်သော ခံစားမှုတစ်ခု ဝင်ရောက်လာသည်။

"မင်း ဘာလို့ ငိုတာလဲ"

သူမက တံတွေးမျိုချလိုက်တာလား၊ ခံစားချက်တွေကို မျိုချလိုက်တာလား မပြောတတ်သော ပုံစံဖြင့် ရုတ်တရက် လှဲနေရာမှ ထလိုက်သည်။ ပြီးတော့ အဝတ်ဗီရိုထံသို့ လျှောက်သွားကာ ဗီရိုတံခါးကို ဆွဲဖွင့်သည်။ ထပ်ပြီးကျလာဟန်ရှိသော မျက်ရည်တို့ကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်း သုတ်ဖယ်လိုက်ပုံ ရလေသည်။ အဲဒီပုံစံဟာ သူ့စိတ်နှလုံးသားကို ဆွဲဆောင်ယူလိုက်သလိုရှိ၏။

အဝတ်တစ်စုံကို ဆွဲထုတ်ကာ အဝတ်အစားလဲဖို့ ကြံရွယ်နေသော သူမရဲ့အနားသို့ သူက လျှောက်သွားကာ ထင် မေးမိသည်။ နှာသီးဖျားတွေရဲနေသော သူမမျက်နှာကိုကြည့်ရင်း သူ ထိခတ်စွာ ခံစားရသည်။





"ကိုယ်မေးနေတာ ဖြေလေ အနှောင်း၊ မင်း ဘာလို့ငိုတာလဲ"

သူမက သူ့ထံသို့ စူးခနဲ စိုက်ကြည့်သည်။ ပြီးတော့ မျက်နှာခပ်လွှဲလွှဲဖြင့် ...

"ကျွန်မဘဝကို ဝမ်းနည်းလို့"

"ဘာ ... လို"

"ကျွန်မ ထပ်ရှင်းပြမှာ မဟုတ်ဘူး။ ဦးထန်မိုး မေးတဲ့ မေးခွန်းအတွက် အဖြေက အဲဒီတစ်ခုတည်းပဲ"

"ဒါပေမဲ့ မင်းကို ကိုယ်ထပ်မေးလို့ ရတာပဲ။ မင်းက ဘာလို့ဝမ်းနည်းရတာလဲ"

သူမက မဖြေပါ။ အင်္ကျီရဲ့ နောက်ကျောဇစ်ကို ဆွဲဖြုတ်လိုက်တာ တွေ့ရသည်။ အဝတ်အစားကို သူ့ရှေ့တင်လဲတော့မည့်ဟန်။ သူက မျက်နှာလွှဲလိုက်သည်။ လှုပ်ရှားသံတချို့ကြားမှာ အဝတ်စားလဲနေပြီမှန်း သိရသည်။ သူလှည့်ကြည့်မိသောအခါ သူမက ညအိပ်ဂါဝန်တစ်ထည်ကို လဲလှယ်ပြီးသားဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဘယ်ကပြန်လာတာလဲလို့ မေးတာဟာ အဲဒီ လောက် ဝမ်းနည်းဝိုကြွေးစရာ ကောင်းသွားလား အနှောင်း"

သူမက သူ့ကို ခြသေ့လည်ပြန် လှည့်ကြည့်ကာ နာကြည်းသလို ပြုံးလိုက်တာကို သတိပြုမိသည်။

"ဦးထန်မိုး"

သူမက သူ့ကို စိုက်ကြည့်ကာခေါ်သည်။ အကြည့် တွေဟာ နာကြည်းရိပ်တွေ စွက်နေသည့်ကြားမှ နှုတ်ခမ်းတွေက သရော်တော်တော် ပြုံးနေသလို ဖြစ်သောကြောင့်လည်း သူ မှို အံ့သြရသည်။ ဆံပင်ခပ်ဖွာဖွာ၊ အဖြူရောင်ခပ်ပါးပါး ညဝတ် အင်္ကျီနှင့် သူမပုံစံက မျက်လုံးအကြည့်တွေကြောင့် ပို၍ Sexy ဆန်နေခြင်းဖြစ်မည်။

"ဦးထန်မိုး အလိုဆန္ဒ သိပ်ရှိနေတဲ့အချိန် ကျွန်မဆီကို ရောက်လာတဲ့အခိုက် အိမ်မှာ ကျွန်မ အဆင်သင့်မရှိနေ တာ ကျွန်မ တာဝန်ပေါ့လျော့သလို ဖြစ်သွားရင် ဆောရီး ပါ ...

အခု ကျွန်မ ရှင်နဲ့ အတူနေဖို့ အဆင်သင့်ပါပဲ"

"ဘာ"





သူမက သူ့ရဲ့ပေါက်ပေါက်ကွဲကွဲ အသံကို ဂရု ဆောင်မစိုက်ဘဲ မှန်တင်ခုံထံသို့ လျှောက်သွားကာ နှုတ်ခမ်းနီကို အေးအေးဆေးဆေး ဆိုးနေသည်။ ပြီးတော့ လည်တိုင်ကို ရေမွှေး ဆွတ်သည်။ အဲဒီနောက် နီရဲဖူးကြွနေသော နှုတ်ခမ်းနီအရောင် ဖြင့် သူ့ကို လှည့်ပြုံးပြပုံမှာ တကယ့်ကို ထိမထင်ဒီဇိုင်း။

"ဟား ... ခွမ်း ... ချလွမ်း"

ဒေါသပေါက်ကွဲသံနှင့်အတူ သူ ပစ်ပေါက်ခွဲလိုက် သော ပန်းအိုးရဲ့ကွဲသံက တိတ်ဆိတ်သောညဝယ် ပဲ့တင်ထပ်ပြီး ကျယ်လောင်သွားသည်။ သူမက ရုတ်တရက်မို့ လန့်သွားဟန်ရှိ သော်လည်း ချက်ချင်းပဲ သူ့ကို ထိမထင် ပြန်စိုက်ကြည့်နေသည်။ သူ့ကို နွားတစ်ကောင်အလား ဆက်ဆံလိုက်တာကို သူမကိုယ် သူမတောင် သိမှသိပါလေစ။ အတော် စိတ်ထိန်းထားနိုင်၍သာ ဘာမှ မလုပ်မိခြင်းဖြစ်သည်။

"မင်း ... ကွာ"

သူမက သူ့ကို အရှည်လှဲ့စွာ ပြန်စိုက်ကြည့်နေသည်။ ဘာစ်ခုခုပြောဖို့ပြင်နေသော သူ့နှုတ်ဖျားမှ ဘာစကားမှ ထွက်မ လာနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်စကားက ငါ့ကို ဘယ်လောက် စော်ကားလိုက်သလဲ ဆိုတာ မင်းကိုယ်မင်း သိလား"

"ကျွန်မ ဘာစော်ကားလို့လဲ။ ကျွန်မ ပြောနေတာတွေဟာ အမှန်တရားတွေပဲလေ"

"အမှန်တရား ! ဟုတ်လား"

"ဟုတ်တယ်။ ဒါဟာ အမှန်တရားပဲလေ။ ကျွန်မက ရှင့်ရဲ့ Sex ကိစ္စကို ဖြည့်ဆည်းပေးဖို့ ရှင် ငှားထားတဲ့ မိန်းမ တစ်ယောက်ပဲ။ ဒီ့ထက်ရှင်းတဲ့ အမှန်တရား ရှိဦးမှာလား။ ရှင် ရောက်လာတဲ့အချိန်မှာ အဆင်သင့် ရှိမနေတဲ့ ကျွန်မကို ရှင် ဆက်ဆံလိုက်တဲ့ ပုံစံက ကျွန်မအတွက် တစ်သက် မမေ့စရာပုံစံပါပဲ။ ကျွန်မကို လက်ရှိဘဝကို မမေ့ဖို့သတိပေးလိုက်သလိုလည်း ဖြစ်တယ် ...

ရှင် ငှားထားတဲ့ အပျော်မယားတစ်ယောက်ကို ဒီလိုဆက်ဆံတာ သဘာဝကျပါတယ်။ ရှင့်ကွယ်ရာမှာ ဘယ်ကောင်နဲ့ သွားပျော်ပါးတာလဲလို့ မေးနေတဲ့ ရှင့်မျက်လုံးတွေရဲ့အဓိပ္ပာယ်ကို မဖော်တတ်တဲ့အထိ ကျွန်မ မည့်သေးပါဘူး၊ ဟုတ်တယ် မဟုတ်လား ဦးထန်မိုး ... ဟင် ? "





ဟင် ? ဘယ့်နှယ့်ရှိစ ဟု မျက်စပစ် မေးမြန်းပုံက သူ့ကို ဘယ်မိန်းကလေးကမှ ပြန်မလုပ်ဖူးသော ထိမထင်ပုံစံဖြစ်သမယ့် ထူးဆန်းစွာပဲ သူ့ဒေါသတွေအစား တကယ်ကိုမှားသွားပြီလားဟူသော အတွေးပဲ ဝင်ရောက်လာသည်။ ဒါပေမဲ့လည်း သူမကို စူးစူးနက်နက် စိုက်ကြည့်ရုံမှတစ်ပါး သူ ဘာမှမပြောနိုင်ခဲ့။ တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ရင်း သူမ အခန်းထဲမှ ချာခနဲ ထွက်လာခဲ့သည်။

နောက်ပိုင်းက ရှိက်ကြီးတငင် ငိုချလိုက်သော မိန်းကလေးတစ်ယောက်ရဲ့ ကြေကွဲဝမ်းနည်းမှုကိုတော့ သူသိနိုင်ခြည် မဟုတ်တော့ပါ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၆ )

တတိယအကြိမ်မြောက် ဖုန်း Ring မြည်လာတဲ့ အခါမှာတော့ မိုးနှောင်းက မကိုင်လျှင် မဖြစ်တော့မှန်း သိစွာ၊ ပြီးတော့ မကိုင်ရင်လည်း မကိုင်မချင်း ခေါ်နေမှာ သိသောကြောင့် ဖွင့်ကိုင်လိုက်သည်။ နိုင်ဇာ့ရဲ့မကျေနပ်သံကို စတင်ကြားရသည်။

"ဟေး ... ဖုန်းတွေ ခေါ်နေတာ ဘာလို့မကိုင်တာလဲ။ Missed Call တွေ တွေ့ရင်လည်း ပြန်မခေါ်ဘူး"

ယောက်ျားတွေဟာ အဲဒါပဲလေ။ မိန်းကလေးတစ်ယောက်ကို ဘာဖြစ်နေလဲ ဘာတွေကြုံတွေ့ ခံစားနေရသလဲ အဲသလိုတွေးဖို့ အရင်မစဉ်းစားကြ။ အပြစ်တင်စကားက အရင်စမည်။ အဲဒါဟာ ယောက်ျားတိုင်းရဲ့အတွေ့ပဲ ဖြစ်လိမ့်မည်။





"ကျွန်တော် ပြောနေတာ ကြားလား မိုးနှောင်း"

"ကြားတယ်လေ"

"ဟင် ... ကြားတယ်ဆိုလည်း တစ်ခုခု ပြန်ပြောဦးလေဗျာ။ ဘာဖြစ်နေတာလဲ တစ်ယောက်ယောက်နဲ့ အဆင်မပြေ ဖြစ်ထားလား"

အင်း ... ဒီလိုတော့လည်း ခန့်မှန်းတတ်သားပဲ။ အားပေါ့လေ ... နိုင်ငံခြားမှာတောင် ကျောင်းတက်နေတဲ့သူ ဆိုတော့လည်း ဒီလောက်တော့ ဘယ်ညံ့လိမ့်မလဲ။

"ဒီလိုပါပဲ"

"ဟား ... ဟုတ်နေတာပေါ့။ ကဲ ... ပြောပါဦး။ ဘယ်သူနဲ့ ဘာဖြစ်ထားလို့လဲ"

မိုးနှောင်း ဘယ်လိုပြောရပါမလဲ။ ဒါမျိုးက သက်နွယ်နှလွဲ၍ ဘယ်သူ့ကိုမှ ရင်ဖွင့်လို့မရသော အနေအထားမျိုး ဖြစ်ပါသည်။

"ဒီလိုပါပဲ"

"ဒီလိုပါပဲ xxx ဖုန်းတွေကြားထဲ xxx ယောင်တောင်တောင် လှည်းကြီးမောင်းရင်းနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူက ရုတ်တရက် ဆိုသလို ကျားပေါက်အသံဖြင့် သီချင်းထဆိုလိုက်သောအခါ ပထမတော့ ကြောင်နေသော မိုးနှောင်းမှာ နောက်တော့ တခစ်ခစ်နဲ့ပဲ ရယ်မောမိလေသည်။ အဲဒီလို ရယ်မောမိအောင်လည်း သူ့အသံက တကယ် ကျားပေါက်နှင့်ဆင်တူကာ အာပြဲလျှာပြဲကြီးနှင့် အော်ဆိုလိုက်တာမို့ ထူးခြားသွားရတာဖြစ်သည်။

"ဟေး ... ရယ်ရင် မုန့်ဝယ်ကျွေးရမယ်"

"ဟင်း ... ဟင်း ... ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ ခင်ဗျား ရယ်အောင် အရှက်မရှိတဲ့ သရက်စီ လုပ်ပြရတာလေ"

"အမယ် ... အဲလိုစကားတွေလည်း ဘတ်တယ်ပေါ့"

"တတ်ပါ ... တတ်ပါ"

အဲဒါက မာမိသံနှင့်မို့ တစ်ခါထပ်၍ ရယ်မောရပြန်သည်။ ဩော် ... ဒါကြောင့်လည်း လူတွေက အရယ်အမောကို ကြိုက်နှစ်သက်တာပါလား။ နှစ်ခါလောက် ရယ်မောလိုက်ရတာနဲ့တောင် အနည်းငယ်တော့ ပေါ့ပါးလွတ်လပ်သွားရသေးသည်။





"ကဲ ... ရယ်ပြန်ပြီ။ မုန့်လိုက်ကျွေးတော့ဗျာ။ ဗိုက်ဆာနေလို့ပါ ... နော်၊ မုန့်ကျွေးပါ"

"ဩော် ... ရှင့်ဘာသာ ဝယ်စားပေါ့"

"ပိုက်ဆံမရှိဘူးဗျ"

"ဟာ ... ဟာ"

"အခြေအနေ ကောင်းလာပြီ"

"ဘာကိုလဲ"

"ခင်ဗျားလေ ... ဟီးဟီး ဟားဟား ဟိုးဟိုးတွေနဲ့ အခြေအနေကောင်းလာပြီလို့ ပြောတာ။ တကယ်ပဲ မုန့်ဝယ်ကျွေးသင့်ပါပြီ မမဖုရား"

သူ့အပြောတွေက မိုးနှောင်းကို ဓပြုံးဘဲမနေစေပါ။ သေလိုင်းထဲကတောင် ပြုံးပျော်စေသည့် သူသည် အပြင်မှာတွေ့ရင်တော့ ပို၍ရယ်မောပျော်ရွှင်စေမှာပဲဟု ထင်မိတာလည်းပါသည်။

"အင်း ... ကျွေးမယ်လေ၊ ဘာစားချင်လဲ ပြော"

"ဟာ ... တကယ်ကြီး ကျွေးတော့မယ်ပေါ့။ အင်း ... ကျွန်တော် ဆူရှီစားချင်နေတယ်"

"အိုခေ ကောင်းသားပဲ။ တို့လည်း ကြိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တို့လည်းကြိုက်ရင် တို့ရွေ့လိုက်တော့၊ ပါကင်ကိုဆင်းလာခဲ့ ကျွန်တော် ရောက်နေပြီ။ ခင်ဗျား မှဒ်မကောင်းဘူး မဟုတ်လား။ ကားမမောင်းနဲ့"

ဒီတစ်ခါတော့ မိုးနှောင်း မရယ်နိုင်ဘဲ ပါးစင်အဟောင်းသား ပွင့်သွားရသည်။ သူ မိုးနှောင်းနေတဲ့ နေရာကို ဘယ်လိုလုပ်သိလဲ။ သူ့ကို တစ်ခါမှ မပြောပြဖူးဘူး ထင်ပါသည်။ မိုးနှောင်း ရင်ထဲမှာ တဒိတ်ဒိတ် ဖြစ်လာသည်။

"ရှင် တို့အိမ်ကို ဘယ်လိုသိတာလဲ"

အာ ... မှားပြီ။ တကယ်ဆို ဒီလိုမမေးသင့်ချေ၊ တို့အိမ်မဟုတ်ဘူးလို့ ပြောရမှာ မဟုတ်လား။ မိုးနှောင်းဟာ လိမ္မာပါးနပ်စွာကို စကားမပြောတတ်သေးတာပါလားနော်။

"အဟက် ... ဒါက လူပျိုကြီးစွတွေပဲ သိတာပေါ့"

"အံမယ်လေး ... လူပျိုကြီးစွပဲ ဖြစ်ရသေးတယ်"

"ဟုတ်တယ်လေ ... ဝါသနာပါတယ်၊ မိန်းကလေးတစ်ယောက်အိမ်ကို လိုက်ချောင်းကြည့်ရတာကို"

"တော်ပြီ ... ဖုန်းချတော့မယ်၊ ဆယ်မိနစ်လောက် စောင့်ပေး"





"ဆယ်မိနစ် ဆယ်ခါဆိုလည်း ရတယ်ဗျာ"

မိုးနှောင်းက စကားတောင်စားကို ဘာမှဆက်မပြောတော့ဘဲ ဖုန်းချပစ်လိုက်သည်။ ပြီးတော့ မှန်ထဲကို ကမန်းကတန်း ပြေးကြည့်လိုက်လျှင် တစ်နေကုန် ခွေထားသောကြောင့် ရွဲနေတဲ့ ကိုယ့်ရုပ်ကိုယ် ပြန်မြင်ရတာ စိတ်တိုင်းမကျချေ။ ဒါကြောင့် ရေချိုးခန်းထဲသို့ ပြေးဝင်ကာ ရေတော့ဖျန်းလိုက်သေးသည်။ ပြီးတော့ Lotion မြန်မြန်ပွတ်လူးလိုက်သည်။ မျက်နှာကတော့ BB Cream ကို ခပ်ပါးပါးပွတ်ကာ Two Way Cake ရိုက်လိုက်တာနှင့် ပြီးသွားချေပြီ။ TONYMOLY နှုတ်ခမ်းဆီလေး နှုတ်ခမ်းမှာ ပွတ်လိမ်းပြီးသောအခါ အဝတ်အစား လဲလိုက်သည်။

လွတ်လပ်ပေါ့ပါးချင်သဖြင့် ချည်သားနက်ပြာရောင်ကွက်စိပ် ရုပ်အင်္ကျီရှည်ကို လက်ခေါက်ဝတ်ကာ ဂျင်းဘောင်းဘီအနက်အတိုလေးကို. ဝတ်ဆင်လိုက်သည်။ ရုပ်အင်္ကျီရှည်နှင့် မတိမ်းမယိမ်းရှိသော ဘောင်းဘီတိုနှင့် အဲဒီလိုဝတ်ရသော Style ကို မိုးနှောင်း အလွန်ကြိုက်၏။ ဖုန်းနှင့်ပိုက်ဆံအိတ်ကို ယူပြီးအောက် အောက်သို့ သွက်သွက်ဆင်းလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ သူက ပါကင်မှာ သူ့ရဲ့ပြိုင်ကား လမ်ဘော်ဂီနီကိုမှီပြီး ရပ်နေသောအခါ မိုးနှောင်း ခြေလှမ်းတောင် မှားချင်သွားပါသည်။ အနက်ရောင်စွပ်ကျယ်နှင့် ဂျင်း(န်)တစ်ထည်ကို ဝတ်ဆင်ထားပြီး စီးကရက်ရှိုက်ဖွာရင်း လှမ်းကြည့်ပုံမှာ တကယ်ကို မိန်းမချောများအကြိုက် Style ပါပဲ။ အနားရောက်လာသော မိုးနှောင်းကို သူက လက်တစ်ချက်ပြရင်း နှုတ်ဆက်သည်။

"နှလုံးသားချင်းတော့ နီးနေပြီပဲ"

အနားရောက်လာသော မိုးနှောင်းကို ထိုသို့ ကြည့်ပြောပြီး စီးကရက်တိုကို တစ်ချက်ထပ်ရှိုက်သည်။ ကုန်ခါနီးပြီမို့ လက်ကြားထဲညှပ်၍ မရတော့ဘဲ လက်မနှင့်လက်ညှိုးကြားက ညှပ်ကိုင်ကာ အကပ်အသပ်ကို ရှိုက်ဖွာနေသည့် ပုံစံက စီးကရက်ကြော်ငြာရိုက်ဖို့ ကောင်းလှပါသည်။

"အန် ... ဘာဆိုင်လို့လဲ"

"ခြော် ... U & me r all black မို့လို့လေ"

သူမို့ စကားပြောရင် ဗမာစကားထဲကို အင်္ဂလိပ်လို ညှပ်ပြောတာက တစ်မျိုးနားထောင်လို့ ကောင်းလှသည်။





"ဟင် All Black မဟုတ်ပါဘူး"

"ခြော် ... Black မဟုတ်တောင် Match ပေါ့ဗျာ ခင်ဗျားကလည်း။ ခင်ဗျားက အနီရဲရဲကြီးတွေ အဝါတောက်တောက်ကြီးတွေ ဝတ်လာတာမှ မဟုတ်တာ"

သူ့ဘုတောစကားကို မိုးနှောင်းက မပြုံးဘဲ မနေနိုင်ပါ။ ခဏနေတော့ သူ့ရဲ့ လမ်ဘော်ဂီနီပြိုင်ကားမှာ ပြည်လမ်းပေါ်၌ ပြေးလွှားနေလေသည်။ ဒါပေမဲ့ သိပ်ကြာကြာမပြေးလွှားနိုင်ပါ။ မိုးပွိုင့်မိသွားသောကြောင့်ဖြစ်သည်။

"ဟူး ... ဒီမှာ ပြိုင်ကားမောင်းရတာလည်း အရသာမရှိပါဘူးကွာ၊ ကားတွေက လိပ်နှုန်းနဲ့ ရွေ့နေကြတာနဲ့၊ ပွိုင့်က ခဏ ခဏ မိတာနဲ့။ ညဘက်ထွက်မောင်းတော့လည်း လာဖိုက်ကြဦးမယ်"

"ဘယ်သူက ဖိုက်မှာလဲ"

"ပြိုင်ကားအချင်းချင်း ဖိုက်ရင်ဖိုက်၊ မဖိုက်ရင် ပတ်တရောင်က ဖိုက်ပေါ့။ ကျွန်တော်က ကိုယ့်ဟာကိုယ် မောင်းချင်တာ။ ကိုယ့်ဟာကိုယ် မောင်းတာကို သူများက လာဖိုက်ရင်လည်း ခံချင်မှာ မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဩော် … ခင်ဗျား ပြိုင်ကားမောင်းဖူးလား”

“No … ဟင့်အင်း”

“ဘာ No ဟင့်အင်းလဲဗျ။ မောင်းဖူးတယ်ပေါ့”

“ရော် … No ပါဆို၊ ဟင့်အင်းပါဆို၊ ဘယ်လိုလုပ်မောင်းဖူးမှာလဲ”

“ဟား ဟား … ခင်ဗျားက No ရော ဟင့်အင်းရောပြောတာကိုး။ လော့ဂျစ်သဘောတရားမှာ No No နှစ်ခါဆိုရင် Yes ဗျ၊ သိလား အဲဒါ”

“သိဘူး”

ဒီတစ်ခါတော့ သူရယ်တဲ့အလှည့် ဖြစ်နိုင်သည်။ တဖြည်းဖြည်းနှင့် စကားပြောရင်း မိုးနှောင်းရဲ့စိတ်တွေ လွတ်လပ်ပေါ့ပါးလာသလို ခံစားရသည်။ အင်း … ဒါကြောင့်လည်း စိတ်ညစ်ရင် သူငယ်ချင်းတွေနဲ့ အချိန်ဖြုန်းပါလို့ စာတွေထဲမှာ ဖတ်ဖူးခဲ့တာပဲ။

“ခင်ဗျား မောင်းချင်နေတယ် မဟုတ်လား၊ အဲ … စိတ်ညစ်နေတယ် မဟုတ်လား၊ စိတ်ညစ်ရင် ကားလျှောက်မောင်းကြည့်၊ သက်သာသွားတယ်”





“အွန် … စိတ်ညစ်ညစ်နဲ့ ကားမောင်းရင် တိုက်ကုန်မှာပေါ့လို့”

“ဩော် … အဲလောက်တော့ မညံ့နဲ့လေဗျာ”

မိုးနှောင်းက သူ့ကို မျက်စောင်းတစ်ချက် ထိုးမိသည်။ ဒီလိုနှင့် စကားပြိုင်ပြောကာ ဆူရှီဆိုင်လေးသို့ ဘယ်လိုရောက်လာမှန်းတောင် မသိလိုက်။ ဆူရှီစားရင်း သောက်ရင်းနဲ့သည်း ဟိုဟိုဒီဒီစကားပြောရင်း မိုးနှောင်းရဲ့စိတ်တွေ ပေါ့ပါးသထက် ပေါ့ပါးလာပါသည်။ သူကလည်း အဲဒါကို ရိပ်မိဟန်ရသည်။ ပြုံးစစနှင့် ကြည့်လာကာ …

“ကဲ … စိတ်ညစ်တာတွေ လျော့သင့်သလောက် လျော့သွားပြီပေါ့။ နောက်ဆုံးအနေနဲ့ စိတ်ညစ်စရာတွေကို အပြီးသတ် လက်စသတ် သွားလွှင့်ပစ်ဖို့ပဲ ကျန်တော့တယ်”

“ဟင် … ဘယ်ကို သွားလွှင့်ပစ်မှာလဲ”

“ကဲ … မောင်ခေါ်ရာ လိုက်ခဲ့တော့”

မိုးနှောင်းက သူ့ကို မျက်လုံးပြူးကြည့်ကာ တစ်ခုခုပြန်ပြောဖို့ လုပ်တုန်းမှာပဲ သူက လျှာတစ်လစ်ထုတ်ပြပြီး ကားဆီ အရင်ပြေးဝင်သွားသည်။ သူ့ကိုယ်သူ မောင်လို့ ခေါ်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ့ကို အသားယူလေတာလားဟု စိုးစဉ်းမျှ မတွေးမိ၊ စိတ်မဆိုးမိခြင်းမှာ သူ့ရဲ့ ဖကတိရိုးသားသော သွင်ပြင်မှုယာကြောင့် ဖြစ်ပါလိမ့်မည်။ လက်ရှိမှာ သူ တစ်ယောက်သာ စိတ်ညစ်ခြင်းတွေကို ဖြေဖျောက်ပေးနေတဲ့ မိတ်ဆွေကောင်း သူငယ်ချင်းကောင်းလေ။

ဘဝမှာ သောကဟူသမျှ မြူတစ်မှုန်မျှ မတွေ့ကြုံဖူးသူရဲ့ ထုံးစံအတိုင်း သူ့ကြည့်ရတာ လွတ်လပ်ပေါ့ပါးလှသည်။ သူက ကားကို မြို့ပြင်သို့ မောင်းထွက်သွားသည်။ မြို့ပြင်အမြန်လမ်းမကြီးဆီသို့ ရောက်သောနေရာမှာတော့ ကားကို ထိုးရပ်ချလိုက်လေသည်။ အချိန်က ညနေလေးနာရီခန့်မို့ ညနေစောင်းဖြစ်ကာ အမြန်လမ်းမကြီး၌ နေရောင်ဖျော့လျက် လှပနေသည်။ လွတ်လပ်သော ကောင်းကင်ပြာကြီးကို မြင်ရသည်မှာ တစ်မုဟုတ်ချင်း လွတ်လပ်သွားသလိုပါပဲ။ မွန်းကျပ်သော မြို့ပြနဲ့ အဝေးကွာလိုက်တာလေ။ အမြန်လမ်းမရဲ့ လေနုအေးတွေကလည်း မိုးနှောင်းရဲ့စိတ်ကို လန်းဆန်းစေပါသည်။

"ကဲ ... မောင်းမယ် ... မောင်းတော့"

"ဟင် ... ဘယ်ကိုမောင်းရမှာလဲ"





"မောင်းချင်တဲ့အထိသာ မောင်း၊ ဆီအပြည့်ပါတယ်"

"အို ... ဘယ်ဖြစ်မလဲ"

"ဟား ဟား ... ခင်ဗျားနဲ့တော့ မလွယ်ပါဘူးဗျာ။ နောက်လို့နောက်မှန်းလည်းမသိ။ ကဲပါ ... လွတ်လွတ်လပ်လပ် တက်မောင်းပါ ...

ညစ်နေတဲ့ စိတ်တွေကို လွှင့်ပစ်ခိုင်းတဲ့ အနေနဲ့ မောင်းခိုင်းနေတာ၊ ပြိုင်ကားဆိုတာ ဒီလိုလမ်းမှာ မောင်းလို့ အကောင်းဆုံးပဲ ... Ok "

မိုးနှောင်းက အသက်ကို ဝဝမော့ရှူလိုက်ပြီးနောက် သူ ပစ်ပေးသောသော့ကို ဖမ်းလိုက်ကာ ကားပေါ်တက်၍ စက်နှိုးလိုက်သည်။ လမ်ဘော်ဂီနီသည် ပြိုင်မြင်းတစ်ကောင်လို ဝုန်းခနဲ ပြေးထွက်သွားသည်။ စိတ်တွေသည်လည်း အဆုံးမရှိ လွင့်မျောသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၇ )

ဖုန်းနံပါတ်တစ်ခုကို ဆက်ဖို့ မဆက်ဖို့ ချိတုံချတုံ ဖြစ်နေခြင်းမှာ ထန်မိုးရဲ့ဘဝ၌ ဒါ ပထမဆုံးပါပေ။ ဒီရက်ပိုင်းမှာ အလုပ်ကောင်းကောင်း မလုပ်နိုင်ဘဲ ဘာကိုမှ စိတ်တိုင်းမကျ ခြင်း ဖြစ်နေတာကလည်း ဘဝတစ်လျှောက်လုံး၌ ဖြစ်ခဲ့သော အရာတစ်ခုဟု ပြော၍ရသည်။ နောက်တော့ သူ့ခုံမှာ နောက်ကျောမှီ ပက်လက်လှန်ချလိုက်ရင်း မျက်လုံးကိုသာ စုံမှိတ်ထားခ လိုက်တော့သည်။

အဲဒီလို မှိတ်ထားလိုက်တော့ မိုးနှောင်းရဲ့မျက်နှာက ပေါ်လာသည်။ အစဉ်သဖြင့် ရီဝေဆွေးလျှနေသော မျက်ဝန်းညို





များရဲ့ပိုင်ရှင် ထိုမိန်းကလေးနှင့် သူဟာ အဲဒီနေ့က နားလည်မှု လွဲခဲ့တာပါ။ သူကလည်း ဒီဘက်မှာ သူမကို ထိပါးပြောဆိုနေ တာတွေကြောင့် ဒေါသထွက်ခဲ့တာနှင့် သူမကိုမတွေ့ရတာနှင့် သူ့ဒေါသက ပိုမိုအရှိန်တက်ခဲ့ရသည်။ သူမကလည်း ဘာတွေ ခံစားချက် ရှိနေခဲ့လဲတော့ မသိ။ ခံစားချက်တွေ ပေါက်ကွဲထွက် ခဲ့တာကို သူ အံ့သြရသည်။

တကယ်ဆို အဲဒီညက Show ပွဲသွားကြည့်နေတာ လို့ ပြောလည်း ပြီးသွားမယ့် ကိစ္စတစ်ခုကို ဘာကြောင့် သူနဲ့ အတိုက်အခံတွေ လုပ်ခဲ့ရသလဲ။

သူမရဲ့သူငယ်ချင်း သက်နွယ်ကတော့ ဖုန်းဆက်ပြီး သူ့ကို ပြောခဲ့သေးသည်။

"ဦးထန်မိုးရယ် … ရှင်းရှင်းပြောရရင် သက်နွယ်တို့၊ မိုးနှောင်းတို့ဆိုတာ မိကောင်းဖခင် သားသမီးတွေပါ။ အဲဒီစကားက သူများအတွက်တော့ ရယ်စရာ ဖြစ်နေလိမ့် မယ်။ ဒါပေမဲ့လည်း ကိုယ့်ကိုယ်ကိုယ်တော့ သိပ်ပေါ့ပျက် တဲ့ မိန်းကလေး မဟုတ်ဘူးလို့ သတ်မှတ်ထားပါတယ်…



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မိုးနှောင်းဆိုရင် သူ့အမေကိစ္စကြောင့်သာ ဒီ Sponsor ကို မျက်စိမှိတ် လက်ခံလိုက်တဲ့သဘောပါပဲ။ ယောကျ်ားတွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံလည်း မရှိပါဘူး။ ဒါကိုလည်း ဦးထန်မိုး အသိဆုံးနေမှာပါ —

အခုလည်း ဦးထန်မိုးနဲ့ ပြဿနာဖြစ်ရတာဟာ သူ့ဘက်မှာလည်း ဆိုက်ကိုလေးတချို့ ရှိနေတာကြောင့်ပါ။ ကျေးဇူးပြုပြီး သူ့ကို နားလည်ခွင့်လွှတ်ပေးပါ၊ တစ်လက်စတည်း ပြောရရင် သူ့ကို Role လေးတစ်ခု ထားပေးပါ။ သူဟာ တခြားမိန်းကလေးတွေနဲ့ မတူပါဘူး ဦးထန်မိုးရယ်"

အဲဒီတုန်းကတော့ သက်နွယ်ကို သူ အထူးတလည်ဘာမှ မပြောဖြစ်ခဲ့ပါ။ အိုကေ ... ဟုသာ လွယ်လွယ်ပြောခဲ့သည်။ ဒါပေမဲ့လည်း သက်နွယ် ပြောတာကို သူ ကောင်းကောင်းကြီးသဘောပေါက်ခဲ့ပါသည်။ အင်းလေ ... တကယ်တော့ သူလည်းပဲ သူမကို တန်ဖိုးတစ်ခုထား Role တစ်ခုမှာ ထားခဲ့လို့သာပဲ ဒီလိုအခြေအတင်တွေ ဖြစ်ခဲ့ရတာ မဟုတ်လား။ ပြောရရင်တော့ နှစ်ဦးနှစ်ဖက်က ခံစားချက်တွေ ရှိနေတာကြောင့်လည်း ဖြစ်နိုင်ပါသည်။





အဲဒီလို တွေးမိတော့ သူက ရှုံးနိမ်းစွာ ပြုံးမိသွားသည်။ တစ်လက်စတည်းမှာပဲ မိုးနှောင်းလွန်အပေါ် ထားရှိတဲ့ သူ့ရဲ့ခံစားချက်ဟာ သာမန်မကတော့ဘူးဆိုတာ သူ့ကိုယ်သူ သဘောပေါက်လာရသည်။ ကြည့်စမ်း ... အဲဒီခံစားချက်ကို သူ ကြိုက်လိုက်တာကွာ။ စကားများ ရန်ဖြစ်ထားတဲ့ မိန်းကလေးတစ်ယောက်ကို သူက စတင်ခေါ်ဖို့ဆိုတာ ရင်ခုန်စိတ်လှုပ်ရှားဖို့တော့ အကောင်းသားပဲ မဟုတ်လား။ ပြောရလျှင် သူမနဲ့သူ မတွေ့တာ၊ အဆက်အသွယ်မရှိတာ ဒီနေ့နဲ့ပါဆို ဆယ့်တစ်ရက် တိုင်ခဲ့ပြီ။ သူက တပည့်တစ်ယောက်ကို နှင်းဆီပန်းစည်း ဝယ်ခိုင်းကာ ညနေ ရုံးဆင်းတော့ သူမဆီသို့ သွားခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အတွက်ကြောင့် မျက်ရည်ကျရသည့် မိန်းကလေးတစ်ယောက်ကို သူ ပြန်လည်ချော့မော့ချင်ပါသည်။

ဒီတစ်ခါလည်း ကြိုတင်အကြောင်းကြားမထားဘဲ သူ သွားခဲ့သည်။ ကိစ္စမရှိပါ။ သူမ မရှိလည်း ပြဿနာမရှိချေ။ နှင်းဆီပန်းများနှင့် ပိုတောင် အံ့သြစရာလုပ်လို့ ကောင်းသေးသည်ဟု တွေးထားခဲ့သည်။ တကယ်တမ်း ဘဲလ်တီးသောအခါ သူမကပဲ တံခါးလာဖွင့်ပေးပါသည်။ အနက်ရောင်ဂေါ်လာပါ



www.burmeseclassic.com

www.burmeseclassic.com



ဘလောက်စ်လက်ပြတ်အကျပ်လေးကို အင်ဒိုနီးရှားဆင် ပျော့အိအိ စကတ်အကားကြီးနှင့် တွဲဖက်ဝတ်ဆင်ထားသော သူမဟာ မတွေ့တာကြာမှ ပိုလှလာလေသလား။

“.........”

တစ်ယောက်နဲ့ တစ်ယောက် ခဏတာ စိုက်ကြည့်မိကြပြီးမှ သူမက စတင်၍ အကြည့်လွှဲသွားသည်။ ကိုယ်ကိုရို့ကာ သူ ဝင်လာနိုင်ဖို့ လမ်းဖယ်ပေးသည်။ သူက မဝင်သေးဘဲ လက်ထဲက နှင်းဆီကို ကမ်းပေးလိုက်ပါသည်။

“မင်းအတွက် ...”

အံ့ဩသွားသလို ရှိဟန်တူသော သူမမှာ ပထမတော့ ခဏမျှ စိုက်ကြည့်နေပြီးမှ နှင်းဆီများကို လက်ခံရယူလိုက်သည်။ သူကတော့ ရှေ့ကနေ၍ အခန်းထဲဝင်လာခဲ့သည်။ သူမက နှင်းဆီပန်းများ ပွေ့ပိုက်ကာ နောက်ကနေ၍ လိုက်ဝင်လာသည်။ အနက်ရောင် ခပ်ရှည်ရှည် ဝေ့ဝေ့ဝဲဝဲမှာ နှင်းဆီပန်းများကို ပွေ့ပိုက်လာပုံက (ရုတ်တရက်ပဲ) သူ့မျက်လုံးထဲတွင် မင်္ဂလာခန်းမထဲသို့ လက်ကိုင်ပန်းကို ပွေ့ပိုက်ပြီး ဝင်လာသော သတို့သမီးတစ်ယောက်ရဲ့ပုံစံကို ဖျတ်ခနဲ မြင်ယောင်မိသည်။





“မင်း ... နေကောင်းတယ် မဟုတ်လား”

“ဟုတ်”

သူက သူမ မျက်နှာကိုကြည့်ကာ အကဲခတ်မိသည်။ သူမမျက်နှာသည် အကဲဖမ်းလို့ မရအောင် တည်ငြိမ်နေသည်။ သူက သူမကို အနားသို့ခေါ်လိုက်သည်။ သက်သောင့်သက်သာ မရှိသောပုံစံနှင့် သူမကို တွေ့ရတာ သူလည်း မသက်သာလှပါ။

“ကိုယ့်ဘေးမှာ လာထိုင်ပါ အနှောင်း”

သူမက နှင်းဆီတွေကို စားပွဲပေါ်ချကာ သူ့နံဘေးတွင် ဝင်ထိုင်သည်။ သူက သူမရဲ့လက်လေးတွေကို ဆွဲယူဆုပ်ကိုင်လိုက်လျှင် သူမက အံ့ဩသလို ကြည့်လာသည်။

“တစ်နေ့က ဖြစ်ခဲ့တဲ့ကိစ္စက ကိုယ်တို့နှစ်ယောက် နားလည်မှု လွဲခဲ့ကြတာပါ။ မိတ်ဆွေတွေပဲဖြစ်ဖြစ်၊ သူငယ်ချင်းပဲဖြစ်ဖြစ်၊ နောက်ဆုံး တစ်ယောက်နဲ့တစ်ယောက် ချစ်ပါတယ်လို့ ဖွင့်ဟဝန်ခံထားကြတဲ့ ချစ်သူရည်းစားတွေမှာတောင် နားလည်မှုလွဲလို့ စကားများကြ ကတောက်ကဆ ဖြစ်ကြတာတွေ ရှိတတ်ကြတာပဲ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



သူက သူမဆီမှ အဖြေကို ပြန်စောင့်နေစဉ်မှာပဲ သက်ပြင်းချလိုက်သံလား ဘာလား မကွဲပြားသော အသံတစ်ခုကို ကြားလိုက်ရသည်။ သူက သူမလက်ဖျားလေးများကို ပို၍ဖျစ်ညှစ် ဆုပ်ကိုင်လိုက်သည်။

"ကျွန်မလည်း နားလည်မှု လွဲတယ်လို့ပဲ သတ်မှတ်လိုက်ပါတယ်"

"အိုခေ ... ကိုယ်တို့ ပျော်ပျော်ရွှင်ရွှင်ပဲ နေကြပါစို့။ အမှန်တိုင်း ပြောရရင် အဲဒီနေ့က မင်းကို တွေ့ချင်တာနဲ့ ကိုယ် ရောက်လာခဲ့တာပါ၊ ဒါပေမဲ့ ..."

"ရပါတယ်၊ အဲဒီနေ့က ဦးထန်မိုး မူးနေတယ်ဆိုတာကို လည်း ကျွန်မ သတိလက်လွှတ် ဖြစ်သွားလို့ပါ"

အင်း ... သူပြောချင်တာက တခြား။ သူမ ထင်တာက တခြား၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ နားလည်မှုလွဲတာကို သူမ လက်ခံရင် ပြီးတာပါပဲ။ သူနဲ့ သူမ ပြန်အဆင်ပြေသွားဖို့က လိုရင်းပါပဲ။ ဘာကြောင့်မှန်း မသိဘဲ သူမနှင့် ဆက်ဆံရေး တန်းနေတာကို သူ အနေခက်လှပါသည်။

"ကိုယ် ဒီည ဒီမှာအိပ်မယ်၊ မင်း အဆင်ပြေလား"





"ပြေပါတယ်"

"အိုခေ ... ပြီးတော့ မင်းလက်ရာကိုလည်း ကိုယ်စားချင် သေးတယ်။ ညစာ ဘာချက်ကျွေးမလဲ"

"ဦးထန်မိုး စားချင်တာကိုသာ ပြောပါ။ အိမ်မှာမရှိလည်း အောက်မှာ ဆင်းဝယ်ပြီး ချက်လို့ရပါတယ်"

"အင်း ... ပြောရရင်တော့ ကိုယ် ဖွယ်ဖွယ်ရာရာ ဟင်းပွဲကြီးတွေ မစားချင်ပါဘူး၊ ကိုယ် သာမန်လူတွေ စားသလိုပဲ စားချင်တယ်၊ လွယ်လွယ်ကူကူနဲ့ အရသာရှိတဲ့ ထမင်း ဟင်းမျိုးပေါ့"

သူမက မျက်ခုံးအနည်းငယ် တွန့်သွားသည်။ ပြီးတော့ ချက်ချင်းပဲ ပြေလျော့သွားပါသည်။ လျှပ်တစ်ပြက် စဉ်းစား ဉာဏ်ထုတ်လိုက်တဲ့ ပုံစံက သူ့ကို ငေးမောစေသည်။ သူမက သူ့ကို ဖျတ်ခနဲ ပြန်ကြည့်လာသောအခါ အကြည့်ချင်းတို့ ဆုံ သွားသော်လည်း သူက မျက်လုံးမလွှဲဖယ်မိချေ။ သူမကပဲ လွှဲ ဖယ်သွားပြီး ထိုင်ရာမှ ထလိုက်ကာ ...

"ဒါဆို ခဏအနားယူပါ၊ ကျွန်မ သွားစီစဉ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနှင့် သူမက ထွက်သွားဖို့ပြင်သည်။ သူက သူမရဲ့လက်ကို လှမ်းဆွဲထားလိုက်ကာ မတ်တတ်ထရပ်လိုက်တော့ သူမက နားမလည်သလို ကြည့်သည်။ သူက စားပွဲပေါ်မှ နှင်းဆီပန်းစည်းကိုယူကာ သူမလက်ထဲသို့ ထည့်ပေးလိုက်သည်။ သူမက ဘာမှမပြောဘဲ အသာအယာ လှည့်ထွက်သွားသည်။ သူက ရေနွေးကန်ထဲ ခဏစိမ်ကာ အညောင်းညာပြေစေလိုက်သည်။ ရေမိုးချိုးပြီး ပြန်ထွက်လာသောအခါ သူမက အနားသို့ရောက်လာသည်။

"ထမင်းစားလို့ ရပြီ"

"ဟုတ်လား ... အိုခေ"

သူက ထမင်းစားပွဲတွင် ဝင်ထိုင်ပြီး ပြင်ဆင်ထားသော ဟင်းအမယ်များကိုကြည့်ကာ အံ့ဩသွားမိသည်။ အင်္ဂလန်ပြည်ထုတ် ကြွေပန်းကန် အကောင်းစားများဖြင့် ပြင်ဆင်ထားသော ဟင်းအမယ်များကိုကြည့်ကာ သူက သူမကို အလန့်တကြား မော့်ကြည့်မိသည်။ သူ့ပုံစံက ဘယ်လောက်တောင်များ အထိတ်တလန့် ဖြစ်သွားစေလဲတော့ မသိပါ။ အေးစက်စက် အမူအရာများ ပျောက်လျက် ကပျာကယာပင် မေးလာသည်။





"ဘာ ... ဘာဖြစ်လို့လဲဟင်"

ထမင်းစားပွဲတွင် ပြင်ဆင်ထားသော ဟင်းလျာများမှာ လက်ဖက်သုပ်၊ ကြက်ဥမွှေကြော် (ခရမ်းသီးပါးပါး၊ ကြက်သွန်နီပါးပါးဖြင့် ကြက်ဥမွှေကြော်) စိမ်းညွန့်နေသော ကန်စွန်းရွက်ကြော် အငွေ့ထောင်းထောင်း စတာတွေကို သူမက ငုံ့ကြည့်လိုက် သူ့ကိုတစ်လှည့် မော့်ကြည့်လိုက်ဖြင့် နားမလည်စွာ ရှိနေသည်။

"ဘာဖြစ်လို့လဲ ... ဒီဟင်းတွေက အဆင်မပြေ ... ဟို ... အပေါ်စား ဆန်နေလို့လားဟင်၊ ကျွန်မလည်း ဈေးမသွားဖြစ်တော့ အိမ်မှာရှိတာနဲ့ပဲ ..."

သူမစကားက မဆုံးလိုက်ချေ။ မဆုံးအောင်လည်း သူက သူမကို ရုတ်တရက် ပွေ့ဖက်လိုက်သောကြောင့် ဖြစ်လေသည်။ နွေးထွေးအိစက်သော ကိုယ်လုံးလေးက သူ့ရင်ခွင်ထဲသို့ မြုပ်ဝင်သွားသည်။ ခဏနေတော့မှ သူက လူချင်းပြန်ခွာမိလေသည်။

"ဆောရီး"

သူ့ဆောရီးကို သူမက နားမလည်သလို ကြည့်သည်။ သူက ကောင်းပြီဟူသော သဘောဖြင့် လက်ကာပြလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီဟင်းတွေက ကိုယ် အကြိုက်ဆုံး ဟင်းသုံးမျိုးပါ အနောင်း။ အကြိုက်ဆုံးဆိုတာထက် ကိုယ့်ဘဝရဲ့အမှတ်တရအဖြစ်ဆုံး၊ ဘဝမှတ်တိုင်က ဖျောက်ပျက်လို့မရဆုံး ဟင်းဆိုလည်း ဟုတ်တယ် ...

မင်း ဒါတွေကို ဘယ်လိုစိတ်ကူးနဲ့ ချက်ဖြစ်တာလဲ"

"အိမ်မှာရှိတာကို အဆင်ပြေသလို စီစဉ်လိုက်တာပါ။ လက်ဖက်တို့ ကြက်ဥတို့ဆိုတာ အိမ်တိုင်းမှာ အလွယ်တကူရှိတဲ့ အရာတွေလေ"

"အင်းပေါ့ ... အလွယ်တကူရတဲ့ အရာတွေလည်း ဖြစ်သလို ဈေးပေါတဲ့ ပိုက်ဆံနည်းနည်းနဲ့ စားဖြစ်တဲ့အရာတွေပေါ့။ အခြေခံမိသားစုအတွက်တော့ အားကိုးစရာ ဟင်းအမယ်တွေပေါ့လေ ...

ကိုယ် စားတော့မယ်၊ မင်းပါ တစ်ခါတည်း စားလေ"

"ဟုတ် ... ကျွန်မက ကန်စွန်းပလိန်းပဲ စားမှာပါ"

ပြောပြောဆိုဆို သူမက စားပွဲတွင် ကန်စွန်းရွက်ကြော် တစ်ပန်းကန်ဖြင့် ဝင်ထိုင်သည်။

"ဘာလို့လဲ ... Diet လုပ်တာလား"





"မဟုတ်ပါဘူး၊ ညဘက်ကို ထမင်းဟင်းတွေ Heavy မစားချင်တော့လို့ပါ။ အသီးဖျော်ရည်လို အရွက်သုပ်လို ဟာမျိုးတွေပဲ စားဖြစ်တယ်"

"အင်း ... ဒါကြောင့် မင်း ဘော်ဒီစစ်သွားတယ်လို့ ထင်မိတာကိုး။ အစကတော့ အနက်ရောင် ဝတ်ထားလို့များလားလို့။ တကယ်ပဲ စစ်သွားတာကိုး"

သူက ထမင်းစားရင်းမှ အတိတ်ပုံရိပ်တချို့ကို မြင်ယောင်လာသည်။ တစ်ချိန်က သူ့ရဲ့ကျောင်းထမင်းချိုင့်ထဲမှာ လက်ဖက်သုပ်ရယ်၊ ကြက်ဥမွှေကြော်ရယ်၊ ကန်စွန်းရွက်ကြော်ရယ်ဟာ တစ်လှည့်စီ ပါဖူးခဲ့တာပဲ။ အဲဒီတုန်းက သူစားခဲ့ရသော အမေ့လက်ရာကို ဒီအချိန်မှာ ပြန်ရသလို သူ ခံစားရသည်။ သူ့ဘဝမှာ ဆုံးရှုံးခဲ့တာ ကြာပြီဖြစ်သော အမေ့ရဲ့နွေးထွေးတဲ့မေတ္တာကို ပြန်ရ ပြန်ထိတွေ့ရတဲ့ အခိုက်အတန့်လေးလိုပါပဲ။

အခု ဒီမှာ စားနေသော ပေါ်ဆန်းမွှေးရယ်၊ တစ်ချိန်က စားခဲ့သော ဆန်ကြမ်းလေးရယ်သာပဲ ကွာဟမှာပဲ။ ပုစွန်ခြောက်ပါသော လက်ဖက်သုပ်နဲ့ မပါသော လက်ဖက်သုပ်ရယ် ဒါပဲကွာမည်။ ဟင်းပွဲလေးတွေကတော့ အတိတ်က သူ့ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



တမ်းတစေပါသည်။ ပုပုနွေးနွေး ကန်စွန်းပလိန်းနဲ့ကိုပဲ သူ တော်တော်ထမင်းမြိန်ခဲ့သည်။ ထမင်းစားပြီး ညဘက် အိပ်ရာဝင်ခါနီးမှာတော့ သူက သူမထံ တစ်ခုတောင်းဆိုဖြစ်ခဲ့သည်။

"ကိုယ့်ကို မင်းရင်ခွင်ထဲမှာ ထည့်ထားပေးနိုင်မလား"

ဘယ်လိုမှ နားမလည်နိုင်သော မျက်လုံးများဖြင့် သူမက သူ့ကို ငေးကြည့်လာသည်။ Night Cream လိမ်းထားသဖြင့် အဆီဥကာ တင်းပြောင်နေသော မျက်နှာဟာ မနမ်းရက်စရာပါ။ သူမက နေရထိုင်ရခက်သော မျက်နှာနှင့် ပြန်ကြည့်နေတုန်းမှာပဲ သူက သူမရင်ခွင်ထဲသို့ တိုးဝင်မိသည်။

မိခင်တစ်ယောက်၏ ရင်ခွင်ထဲသို့ တိုးဝင်အိပ်စက်ရသော ကလေးတစ်ယောက်လို နွေးထွေးလုံခြုံသွားသည်။ ဒီထက်ပို၍ သူ့မှာ တခြားတပ်မက်ဆန္ဒများ ရှိမနေပါ။ ဒါကိုလည်း သူ့မျက်ဝန်းမှတစ်ဆင့် သူမ သိမြင်နိုင်ပါစေ။

"မင်း ကိုယ့်ဘဝ အကြောင်းကို ဘယ်လောက်သိလဲ အနှောင်း"

"ဟင့်အင်း ... ဦးထန်မိုး သိပ်ချမ်းသာတယ် ဆိုတာက လွဲပြီး ကျန်တာ သိပ်မသိဘူး"





"အင်း ... ဒီနေ့ ကိုယ့်အမေကို ထူးထူးခြားခြား အရမ်းသတိရနေတယ်၊ မင်း ချက်ကျွေးလိုက်တဲ့ လွယ်လွယ်ကူကူ ညစာဟာ ကိုယ်တို့ငယ်ငယ်က အမြဲစားခဲ့ရတဲ့ ဟင်းသုံးမျိုးပေါ့ ...

ကိုယ် ငယ်ငယ်က ဆင်းရဲခဲ့တယ်လေ"

သူမက ငြိမ်သက်သွားသည်။ သူက သူမရင်ခွင်ထဲမှာ အနည်းငယ် လူးလွန့်မိသည်။

"ဆင်းရဲခဲ့တဲ့အတွက်၊ ကျေးဇူးတရားတစ်ခုအတွက်၊ ကိုယ့်ဘဝကိုလည်း ရောင်းစားခဲ့ရသလို ဖြစ်သေးတာပေါ့။ မိန်းမတစ်ယောက်ရဲ့ နာမည်ခံလင်ယောကျ်ား ဖြစ်ခဲ့ဖူးတယ် အနှောင်း"

သူမ အနည်းငယ် တောင့်မတ်သွားသည်ဟု ထင်ပါသည်။ သူက ရင်ခွင်ထဲ ပိုမိုတိုးဝင်ကာ ဖက်ထားမိသည်။

"ကိုယ် ငယ်ငယ်က အမေ့ရဲ့ရင်ခွင်ထဲမှာ ဒီလိုဝင်အိပ်ရတဲ့ အရသာကို အရမ်းသဘောကျခဲ့တယ်၊ စိတ်ထဲမှာလည်း ဘာနဲ့မှမတူအောင် နွေးထွေးလုံခြုံတယ်လို့ ထင်တယ်။ ဒီနေ့ အဲဒီလို ဖီလင်မျိုး ကိုယ် ပြန်ရနေသလိုပဲ နှောင်း ... ကိုယ် ဒီအတိုင်းလေးပဲ အိပ်ပျော်သွားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမထံမှ ဘာစကားသံမှ ထွက်မလာပါ။ သူ
လည်း ဒီအတိုင်းပဲ ငြိမ်သက်စွာအိပ်ဖို့ ကြိုးစားလိုက်သည်။ သူ
သုံးထားသော ရေမွှေးနံ့လား ဘာနံ့လဲ မကွဲပြားသော အနံ့
သူ့အမေရင်ခွင်ထဲက ရခဲ့ဖူးသလို နံ့သာဖြူရနံ့ သင်းသင်းလေး
တစ်ချက် တစ်ချက် နှာဝသို့ တိုးဝင်လာသည်။ ဒီရနံ့လေးက
သူ့ကို နွေးထွေးသော ကမ္ဘာတစ်ခုဆီသို့ ခေါ်ဆောင်သွားသည်။

အနီးကပ်ကြားရသော သူမ၏နှလုံးခုန်သံ တဒိ
ဒိတ်သည် သူ့ကို စည်းချက်ကျကျ ချော့သိပ်နေသည့်အလား
နောက်ဆုံးတော့ အိပ်ပျော်သွားခဲ့လေသည်။

❦ ○ ❦





## ◐ ၁၈ ◑

"အိပ်မက်လေးထဲမှာ xxx မင်းနဲ့အတူ အမြဲဆုံချင်တယ် xxx
အပြင်မှာ တို့ဘဝတွေ ဝေးရရင် xxx ဝေးပေ့ ... အချစ်
လေး xxx နှလုံးသားတွေတော့ အမြဲနီးပါစေပေ့"

အဲဒီအသံသည် တိုးလိုက် ကျယ်လိုက်ဖြင့် မိုးနှောင်း
ရဲ့နားထဲမှာ ဝေ့ဝဲနေပြီးနောက် နောက်တော့ ဖုန်းလာပြီမှန်း
သိလိုက်ရကာ မျက်လုံးမှိတ်ရင်းနှင့်ပင် ဖုန်းကို လိုက်စမ်းရှာရ
သည်။ နောက်မှ ရှာတွေ့သွားပြီးနောက် ဖွင့်ကာ ထူးသည်။
မျက်လုံးကတော့ မဖွင့်နိုင်သေးချေ။ မဖွင့်နိုင်ဆို ဘယ်အချိန်ရှိ
သေးလို့လဲ၊ မနက်တောင် မိုးလင်းသေးရဲ့လား မသိပါ။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"Wake Up အနှောင်း"

အဲဒီအသံက နားထဲသို့ ကြည်လင်စွာ တိုးဝင်လာသည်။ မိုးနှောင်းကို အနှောင်းဟု ခေါ်သောသူ ဘယ်နှယောက်ရှိလို့လဲ။ မိုးနှောင်းရဲ့မျက်လုံးများ အနည်းငယ် ကျယ်သွားသည်။ မျက်လုံးကိုပွတ်ကာ မေးမိသည်။

"ဦးထန်မိုးလား"

"ဟုတ်တယ် အနှောင်း"

"အင်း ... ဘာဖြစ်လို့လဲ၊ ဒီအချိန်ကြီး"

မိုးနှောင်းက မျက်လုံးကိုပွတ်ရင်း စားပွဲပေါ်က နာရီကို ကြည့်မိသည်။ အချိန်က နံနက်ငါးနာရီခွဲကို ညွှန်ပြနေသည်။ ဘယ်လိုဖြစ်တာပါလိမ့်။

"မင်း ကောင်းကောင်းနိုးပြီလား အနှောင်း"

"အင်း ... နိုးပါပြီ၊ ဘာဖြစ်လို့လဲ"

"Happy Birthday အနှောင်း"

ရုတ်တရက် ပြောလိုက်သော အသံကြောင့် မိုးနှောင်းရဲ့မျက်လုံး ပိုကျယ်သွားသည်။ ဘုရားရေ ... ဒီနေ့ မိုးနှောင်း မွေးနေ့ပါလား။ နည်းနည်းဝေးဝေးတုန်းက သတိတရရှိပေမယ့်





နိုးကပ်တော့မှ မေ့သွားခဲ့ခြင်းဖြစ်သည်။ ဒါကို ဦးထန်မိုးက ဘယ်လိုများ သတိရ သိရှိသွားပါလိမ့်။

"ဟုတ် ... ဦးထန်မိုး ဘယ်လိုလုပ် သိတာလဲ"

"အဲဒါက အဲလောက် စိတ်ဝင်စားဖို့ မကောင်းပါဘူး။ အခန်းတံခါးဖွင့်ပြီး ကားပါကင်ကို ဆင်းလိုက် အနှောင်း"

"ကားပါကင်ကို"

"အင်း ... ဟုတ်တယ်၊ အဲဒီမှာ မင်းအတွက် မွေးနေ့လက်ဆောင်ရှိတယ်"

"ရှင်"

"ကဲ ... ကိုယ်ပြောသလိုလုပ် အနှောင်း၊ ဖုန်းကိုမချနဲ့၊ ဒီအတိုင်းပဲကိုင်ပြီး သွားလိုက် ... သွား။ ရဲရဲသွား ... မကြောက်နဲ့"

"ဟို ..."

"please, အနှောင်း"

မိုးနှောင်းက တစ်ဖက်လူ မကြားအောင် ကျစ်ခနဲ စုတ်သပ်ရင်း အိပ်ရာထက်မှ လူးလဲထလိုက်သည်။ အိပ်ချင်စိတ်လည်း အနည်းငယ် ပြေလျော့သွားပါသည်။ အနည်းငယ် ကျိန်းခဲ



www.burmeseclassic.com

www.burmeseclassic.com



နေသော မျက်လုံးများကိုပွက်ရင်း အခန်းထဲမှ ထွက်လာခဲ့သည်။ မြေအောက်ထပ် G1 ကားပါကင်သို့ ရောက်ဖို့အတွက် ဓာတ်လှေကားနှင့် ဆင်းရသည်။

"Lift ထဲမှာလား အနှောင်း"

"အင်း ..."

"အိုခေ ... ခဏနေ ရောက်တော့မှာပါ"

မိုးနှောင်းက ဘာမှပြန်မပြောမိဘဲ ဓာတ်လှေကားက ရောက်ရှိနံပါတ်တွေကိုသာ စိုက်ကြည့်နေမိသည်။ ကွန်ဒိုကြီး တစ်ခုလုံး တိတ်ဆိတ်နေသဖြင့် နည်းနည်းတော့ ကြောက်နေမိတာတော့ အမှန်ပါပဲ။ ထိုစဉ် ဓာတ်လှေကားက G1 အထပ်သို့ ရောက်သွားပြီး တခါးက ဖျတ်ခနဲ ပွင့်သွားသည်။

"ရောက်ပြီလား အနှောင်း"

"အင်း ... ရောက်ပြီ"

"အိုခေ ... တည့်တည့်ပဲ လျှောက်လာခဲ့"

မိုးနှောင်းက ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ကာ တည့်တည့် လျှောက်လာခဲ့သည်။ ကားပါကင်အထပ်မှာ မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေချေ။ တိတ်ဆိတ်နေသောကြောင့် အနည်းငယ်





ကြောက်စရာပင် ကောင်းနေသည်။ ဒီလူကြီးဟာ ထွင်တာလည်း အတော်ကို ထွင်တာပဲ။

"အိုခေ ... ရပ်လိုက် အနှောင်း။ မင်းရဲ့ဘယ်ဘက်ကို ကြည့်လိုက်"

မိုးနှောင်းက ခေါင်းကို ဘယ်ဘက်သို့ ချိုးလိုက်သည်။ မိုးနှောင်းရဲ့မျက်လုံးထဲတွင် ပြောင်လက်တောက်ပနေသော အနက်ရောင် ကားတစ်စီးကို ဖဲကြိုးအဖြူရောင်ဖြင့် မွေးနေ့လက်ဆောင်ပုံးကို စည်းသလို ကားခေါင်မိုးမှာ ဖဲကြိုးစည်းသလို စည်းထားသော ထူးထူးခြားခြား မြင်ကွင်းကို မြင်လိုက်ရလေသည်။

"မြင်လား အနှောင်း"

"ရှင် ... ဖဲကြိုးနဲ့ ကားလား"

"အင်း ... ဟုတ်တယ်၊ အဲဒါ မင်းအတွက် ကိုယ့်ရဲ့ Birthday Preset ပဲ"

မိုးနှောင်းက ဘာမှပြန်မပြောနိုင်ဘဲ ဆွံ့အစွာနှင့် ကားရဲ့အနားသို့ တစ်လှမ်းချင်း တိုးကပ်သွားမိသည်။ ရှေ့တည့်တည့်မှာ X အမှတ်တံဆိပ်ကို တွေ့မြင်ရခြင်းကြောင့် ဒီကားဟာ MARK X အမျိုးအစားဆိုတာ သိလိုက်ရသည်။ Models မြင်



www.burmeseclassic.com

www.burmeseclassic.com



မှန်း သိသာစွာ ဒီကားက Sport Tpye ဘက်သို့ သွားလျက်ရှိသည်။ အံ့သြလျက်ရှိသော မိုးနှောင်းရဲ့နားထဲသို့ သူ့အသံက တိုးဝင်လို့လာပြန်သည်။

"ကားတံခါးကို ဖွင့်လိုက်ပါ အနှောင်း၊ အထဲမှာ သော့ရှိတယ်၊ တစ်ပတ်လောက်မောင်းကြည့်၊ ဒီအချိန် ကားအရှင်းရှင်းတယ်၊ နည်းနည်းတော့ ဂရုစိုက်မောင်း"

"ဟုတ် ... ဟုတ်"

မိုးနှောင်းက ခြေလှမ်းသွက်သွက်နဲ့ပဲ ကားထဲလျှောက်သွား၍ ကားတံခါးကို ဖွင့်လိုက်သည်။ ကားထဲမှာ သော့က တပ်ရက်သား။ မိုးနှောင်းက ကားစက်ကို နှိုးလိုက်သည်။ ထွက်သည်ဆိုရုံလေး စက်သံညက်ညက်လေးက ထွက်လာသည်။ လီဗာကို ဖိနင်းလိုက်လျှင် ကားက လျှောခနဲ ထွက်သွားသည်။ Auto ပွင့်လာသော တီးလုံးသံမြူးမြူးက မိုးနှောင်းရဲ့စိတ်တွေကို ပို၍တက်ကြွလန်းဆန်းစေသည်။

ရှေ့မီးဖွင့်ကာ ဟွန်းတစ်ချက် တောက်လိုက်လျှင် ဝင်းတံခါးမှာ ဂိတ်စောင့်နေသော Security က ကမန်းကတန်းထကာ တံခါးဖွင့်ပေးသည်။ မိုးနှောင်းက အရှိန်နည်းနည်းထပ်တင်ကာ ပြည်လမ်းတစ်လျှောက် လွတ်လပ်စွာ မောင်းလိုက်သည်။ နီယွန်မီးရောင်ဖြင့် လှပတိတ်ဆိတ်နေသော ပြည်လမ်းမကြီးသည် သူ့ကျောပေါ်တွင် ကောင်မလေးတစ်ယောက် လွတ်လပ်သော နှလုံးသားဖြင့် ကားလျှောက်မောင်းနေတာကို ကြည်ဖြူကျေနပ်စွာဖြင့် ငေးကြည့်နေမည် ထင်သည်။





လမ်းဆုံရောက်သောအခါ မိုးနှောင်းက ပြန်ကွေ့လာခဲ့သည်။ လွတ်လပ်စတိုင်လ်ကျသော MARK X ကို မောင်းနှင်ရင်း မိုးနှောင်းရဲ့နှုတ်ခမ်းများမှာ ကျေနပ်ပြုံးနေကြမည်ထင်သည်။

"ကြိုက်ရဲ့လား အနှောင်း"

ဖုန်းထဲမှမဟုတ်ဘဲ နောက်ခန်းထဲကနေ ရုတ်တရက် ထွက်လာသော အသံကြောင့် မိုးနှောင်းက ဆတ်ခနဲ ဖြစ်သွားကာ နောက်ကြည့်မှန်ကတစ်ဆင့် ကြည့်လိုက်လျှင် သဘောကျတဲ့ပုံစံဖြင့် ပြုံးနေသော ဦးထန်မိုးရဲ့မျက်နှာကို တွေ့မြင်လိုက်ရသည်။ မိုးနှောင်းက ကားကို လမ်းဘေးသို့ကပ်ကာ ထိုးရပ်လိုက်သည်။ နောက်သို့ လှည့်ကြည့်လိုက်လျှင် ဦးထန်မိုးကို တစ်ခါမှ မမြင်ဘူးသော အဝတ်အစားဖြင့် တွေ့မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



V Shape ချောက်လက်ရှောင် အကျီကို တံတောင်ဆစ်ထိ လက်ပင့်တင်ဝတ်ထားကာ ဂျင်းအနက်တစ်ထည်ဖြင့် ခြေထောက်ချိတ်ထိုင်နေသော သူ့ပုံစံက အခါများစွာနဲ့က မတူဘဲ လွတ်လပ်ပေါ့ပါးနေသည်။

"ဦးထန်မိုး ဘယ်လိုလုပ် ရောက်နေတာလဲ"

"ကိုယ် ဒီကားထဲကပဲ ဖုန်းဆက်နေခဲ့တာပဲလေ။ ဘယ်လိုလဲ ... ကိုယ့်လက်ဆောင်ကို ကြိုက်ရဲ့လား"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ အရမ်းတန်ဖိုးများတယ်လို့ ထင်မိတယ်"

"မများပါဘူး၊ မင်းအတွက် အသုံးဝင်တဲ့ ပစ္စည်းပဲလေ၊ အစကတော့ မင်းကိုမေးပြီး မင်းစိတ်ကြိုက်ကားကို ဝယ်ပေးဦးမလို့ပဲ၊ ဒါပေမဲ့ မင်းကိုမေးလည်း ကိုယ်ကြိုက်တာ ဝယ်ပေးပါလို့ ပြန်ပြောဦးမှာပဲ မဟုတ်လား"

မိုးနှောင်းက အသာပြုံးရင်း မျက်လွှာချမိသည်။

"မင်းက ရွှေငါးနဲ့ အသားကျနေပြီဆိုတော့ MARK X လည်း သဘောကျလိမ့်မယ်လို့ ထင်မိလို့။ အိုခေပါတယ်နော်၊ မင်းအတွက် ပျော်ရွှင်သောမွေးနေ့ စိတ်ချမ်းသာတဲ့ မွေးနေ့ ဖြစ်ဖို့ မျှော်လင့်ပါတယ်"





"ဟုတ် ... ကျွန် အရမ်းကြိုက်ပါတယ်၊ ကျေးဇူးပါ"

"အိုခေ ... ဒီနေ့ မင်းမွေးနေ့ကို စိတ်တိုင်းကျသလို လွတ်လွတ်လပ်လပ် ဖြတ်သန်းပါ အနှောင်း၊ မင်းမိသားစုဆီ သွားချင်လည်းသွား၊ မင်းအပေါင်းအသင်းတွေနဲ့ ပျော်ချင်လည်းပျော် ... အိုခေနော် ... ဘိုင့် ဘိုင်"

သူက ရုတ်တရက် နှုတ်ဆက်ပြီး ကားပေါ်မှ ဖျတ်ခနဲ ဆင်းသွားလျှင် မိုးနှောင်းက ရုတ်တရက်မို့ ဘာပြောရမှန်း မသိပေ။ နောက်မှာ ဘယ်အချိန်တည်းကရောက်၍ ရပ်စောင့်နေမှန်း မသိသော သူ့ရဲ့လင်ခရူဆာအနက်ရောင်ကြီးပေါ်သို့ တက်သွားလေသည်။ ခဏနေတော့ လင်ခရူဆာအနက်ရောင်က ဝေါခနဲပဲ မောင်းထွက်သွားသည်။

လျှပ်တစ်ပြက် ပြောင်းလဲသွားသော အခြေအနေမှာ မိုးနှောင်းက ငေးမောကြည့်နေရုံမှအပ ဘာမှတုံ့ပြန်နိုင်စွမ်း မရှိခဲ့ပါ။ သူစီးသွားသော ကားနောက်မီးအနီလေး ပျောက်ကွယ်သည်အထိ ငေးကြည့်ကာ ဦးထန်မိုးကို ဘယ်လိုမှတ်ချက် ပေးရမှန်း မသိ ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

မိုးနှောင်းရဲ့မွေးနေ့ကို စောစောစီးစီး ထူးဆန်းအံ့ဩဖွယ်ရာ လုပ်ခဲ့ပြီးနောက် တန်ဖိုးကြီးမွေးနေ့လက်ဆောင်ကို ပေးသွားခဲ့သူ ဦးထန်မိုးသည် မွေးနေ့ပြီးတော့လည်း ပျောက်ချင်းမလှ ပျောက်သွားကာ ငြိမ်ချက်သား ကောင်းသွားခဲ့သည်။ မွေးနေ့မှာ လူသားချင်း စာနာထောက်ထားမှု ရှိသလို မိုးနှောင်း လွတ်လွတ်လပ်လပ် နေစေခဲ့ခြင်းဟာ မိုးနှောင်းရဲ့နှလုံးသားကို နူးညံ့တုန်ယင်စေပါသည်။ ပြောရလျှင်တော့ စိတ်ချမ်းသာစေသည့် နေ့တစ်ရက် ဖြစ်ခဲ့သည်ပေါ့။

မွေးနေ့မှာ မိသားစုနှင့်အတူ ဖြတ်ကျော်ခဲ့ပြီး သက်နွယ်က ခရီးထွက်သွားရသည်မို့ တစ်ပတ်နောက်ကျပြီးမှ





မုန့်ကျွေးဖြစ်သည်။ MARK X ကားအတွက် သက်နွယ်က ဝမ်းသာအားရဖြစ်လျက် မုဒိတာပွားနေလျှင် ဒီလိုသူငယ်ချင်းတစ်ယောက်ကို ပိုင်ဆိုင်ရသည့်အတွက်လည်း ကျေနပ်ရသည်။

"ဒါဆိုရင် နင် နိုင်ဇာကိုတော့ မွေးနေ့ဆိုတာ ဖွင့်မပြောဖြစ်ဘူးပေါ့"

"မပြောဖြစ်ဘူး၊ ပြောလည်း ပြောမနေချင်တော့ဘူး"

"သူနဲ့ အခြေအနေကိုရော"

"ဒီလိုပါပဲ"

"ဘာဒီလိုပါပဲလဲ"

သက်နွယ်မေးသော အမေးကို မိုးနှောင်းက ချက်ချင်းပြန်မဖြေဖြစ်ဘဲ လိမ္မော်ရည်ကို မော့သောက်လိုက်ပြီးမှ ...

"နိုင်ဇာနဲ့ စကားပြောရတာ အပျော်သဘော ဆိုပေမယ့် တဖြည်းဖြည်းနဲ့ သူ့ဆီက ဗဟုသုတရစရာတွေလည်း တိုးလာတတ်တယ်၊ အထူးသဖြင့် သူက ငါ့ကို ကျောင်းတက်ဖို့ တိုက်တွန်းတယ်လေ ...

ငါလည်း စဉ်းတော့ စဉ်းစားမိပါတယ်။ ဒီအတိုင်းကြီးပဲ ငါ့အချိန်တွေကို ဖြုန်းနေရတာ ကြာတော့ အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



မရှိသလို ခံစားလာရတယ်၊ နင်ကမှ နင့်အလုပ် နင်ရှိတော့ တော်သေးတယ်လေ ...

ဒါကြောင့် ငါ အင်္ဂလိပ်စာသင်တန်းလောက်တော့ ဖြစ်ဖြစ် တက်မယ် စိတ်ကူးတယ်၊ ဒီဘဝနဲ့လည်း ငါ ကြာကြာနေမှာမှ မဟုတ်တာ။ ဒီလိုဘဝထဲမှာ ငါတို့အဆုံး မသတ်ဘူး မဟုတ်လား။ ဟင် ... သက်နွယ်"

သက်နွယ်က မိုးနှောင်းကို အဓိပ္ပာယ်ပါပါ ငေး ကြည့်နေကာ မကြုံစဖူး သက်ပြင်းရှိုက်သည်။

"နင် နိုင်ဖာတို့ဘဝမျိုးတွေကို အိပ်မက် မက်နေပြီလား"

"အိပ်မက်, မက်တာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ငါ့ ဘဝအတွက် အာမခံချက် ရှိတာကိုတော့ ငါ စဉ်းစားရမှာ ပဲလေ။ ငါက နင့်လို စီးပွားရေးဘက်မှာလည်း လည်လည် ပတ်ပတ် မရှိတော့ ပညာသင်ပြီး ကုမ္ပဏီအလုပ်လေးနဲ့ပဲ အေးအေးဆေးဆေး ခရီးဆက်ဖို့ စဉ်းစားမိတယ်"

"ဦးထန်မိုးနဲ့ အဆင့်မပြောဘူးလား မိုးနှောင်း"

"ပြောပါတယ်၊ ဒါပေမဲ့ ဘယ်အချိန်ထိ အဆင်ပြေမယ်ဆို တာ သိမှမသိနိုင်တာ၊ သူ ကန်ထုတ်လိုက်တဲ့အခါ ငါ





ရုတ်တရက် လွင့်သွားရတာမျိုး၊ ဘာလုပ်ရမှန်း မသိတာ မျိုး မဖြစ်စေချင်ဘူး၊ ငါ့ဘဝကို စနစ်တကျ တည်ဆောက် ထားချင်တယ်၊ Plan တွေနဲ့ သွားချင်တယ်"

သက်နွယ်က ဘာမှမပြောတော့ပါ။ မိုးနှောင်းကသာ ဦးထန်မိုးကိုပြောဖို့ ကြိုးစားရပါသည်။ ဒီရက်ပိုင်းမှာ သူ ဘာတွေ ရှုပ်နေလဲတော့ မသိ။ မိုးနှောင်းထံသို့ မရောက်ဖြစ်ချေ။ ဒါကြောင့် မိုးနှောင်းကပဲ သူ့ထံသို့ သတ္တိနည်းနည်းမွေးကာ ဖုန်းဆက်ကြည့် ရသည်။

"အင်း ... ပြော အနှောင်း"

ဦးထန်မိုး ထံသို့ ဖုန်းဆက်ကြည့်လိုက်လျှင် တစ်ခု ကောင်းသည်မှာ ဘယ်လောက်ပဲ အလုပ်ရှုပ်နေပါစေ အလုပ်ရှုပ် တဲ့သဏ္ဌာန် မပေါက်ခြင်းပင်တည်း။ သူ့အသံမှာ အမြဲတမ်း အေးဆေးတည်ငြိမ်လျက်ရှိသည်။

အင်းလေ ... အဲဒါကလည်း သူ့ရဲ့အရည်အချင်း တစ်ခုပဲ နေမှာပေါ့။

"အလုပ်ရှုပ်နေလား ဦးထန်မိုး"

"မရှုပ်ပါဘူး၊ ရတယ် ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကျွန်မရဲ့ Birthday ပြီးတည်းက မတွေ့မိတာလေ၊ အဲဒါကြောင့် လှမ်းဆက်ကြည့်တာ။ Birthday မှာ ဘာမှလဲ မကျွေးဖြစ်သေးတာမို့"

"မုန့်ကျွေးချင်တာလား"

"ဟုတ် ... အပြင်မှာ ဦးထန်မိုး ကြိုက်တဲ့ တစ်ဆိုင်ဆိုင်ပေါ့၊ ကျွန်မ ကျွေးပါရစေ"

"အင်း ... ကိုယ် အပြင်မှာတော့ မစားချင်ဘူး"

"ရှင်"

"ဟုတ်တယ် ... အိမ်မှာပဲ စားချင်တယ်၊ အိမ်မှာပဲ ညစာ စီစဉ်ထားပေးလေ၊ ဒီည ကိုယ် လာခဲ့မှာပါ၊ မင်းဆီတောင် ဖုန်းဆက်ဦးမလို့ပဲ၊ မင်းက နည်းနည်းဦးသွားတာ"

မိုးနှောင်းရဲ့ နှုတ်ခမ်းတစ်ဖက်က မသိမသာ မဲ့ရွဲ့သွားမိသည်။ အင်းလေ ... သူက မိုးနှောင်းနဲ့ ဘယ်တုန်းကများ အပြင်တွေ တွဲသွားဖူးလို့လဲ။ အိမ်မှာပဲ တွေ့ကြတာ မဟုတ်လား။ မိုးနှောင်းကို အပြင်မှာ တွဲသွားတွဲလာ လုပ်ဖို့တောင် သူတို့ ဝန်လေးကြတာပဲ။ ဟက် ... ဒီလိုလူမျိုးထံမှ ဘယ်အချိန်ပဲထုတ်မလဲဆိုတာ ကြိုတင်စဉ်းစားထားသင့်သော အရာတစ်ခုပဲ ဖြစ်သည်။





"အိုခေလား ... အနှောင်း"

"ဟုတ် ကဲ့"

"ကောင်းပြီလေ၊ ဒါဆို ညနေဘက် ဆုံကြတာပေါ့၊ ကိုယ် ဖုန်းချလိုက်ပြီနော်"

သူက နှုတ်ဆက်ပြီး ဖုန်းချသွားသည်။ မိုးနှောင်းက ရင်ထဲမှာ ဘယ်လိုဝေဒနာရယ် မပြောတတ်ဘဲ တစ်ဆို့ကာ ကျန်ရစ်ခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သလို ရှက်ရွံ့သလို ခံစားမှုမျိုးက မိုးနှောင်း တစ်ကိုယ်လုံးကို ရစ်ပတ်နှောင်ဖွဲ့နေလေသည်။ မိုးနှောင်းက နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီးနောက် အသက်ကို ဝဝမော့ရှူလိုက်သည်။ ဘာမှ ခံစားခွင့်မရှိ ပတ်သက်ခွင့်မရှိ ရင်နာခွင့်မရှိ။ မိုးနှောင်း သွေးရူးတန်းရူး တစ်ချက်ရယ်မိသည်။

ညည်း ... ဘာကိုခံစားမနေတာလဲ မိုးနှောင်း။ အပြင်မှာ စုံတွဲထွက်မစားရတာကို အသည်းနာနေတာလား။ ညည်းလို မိန်းမကို သူက လူမြင်ကွင်းမှာ ပေါ်ပေါ်ထင်ထင် တွဲမထွက်တာကို ခံစားနေတာလား။ ဟက် ဟက် ... တော်တော်အသုံးမကျတဲ့ မိုးနှောင်းပေပဲ။ ညည်း Pro ပီသစမ်းပါ မိုးနှောင်း။ မိုးနှောင်းက ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်ကာ ဗီရိုသော့



www.burmeseclassic.com

www.burmeseclassic.com



ကိုဖွင့်ပြီး ပိုက်ဆံအထပ်လိုက်ကို အိတ်ထဲပစ်ထည့်လိုက်သည်။ ပြီးတော့ Shopping Mall ကြီးတစ်ခုဆီသွားကာ ဆွဲဆောင်မှုအားကောင်းသော ဝတ်စုံတွေကို ဝယ်ယူသည်။

အိမ်နဲ့ မလှမ်းမကမ်းရှိ Resturant တစ်ခုသို့ဝင်ကာ ဟင်းပွဲတွေမှာသည်။ ပါဆယ် ဝယ်သည်။ မချက်ပါ။ ဘာဖြစ်လို့ အိမ်ဖော်တစ်ယောက်လို သူစားဖို့ဟင်းတွေကို ပင်ပင်ပန်းပန်း ချက်ပြုတ်နေရဦးမှာလဲ။ ဒီလို အပေးအယူနှင့် ပတ်သက်နေရသော ယောကျ်ားမျိုးတွေဟာ အစစ်နှင့်မတန်ပါ။

အပြန်တွင် Beauty Saloon တစ်ခုသို့ ဝင်ကာ ဆံပင်တွေကို ဆက်တင်လုပ်ပြီး ကောက်ပစ်လိုက်သေးသည်။ Wave အထပ်ထပ်နှင့် ခွေခွေလိပ်လိပ် ဆံနွယ်များဟာ မိုးနှောင်းကို ပို၍ Sexy ဖြစ်စေမှာပါ။ အိမ်ရောက်တာနှင့် မိုးနှောင်းက နာရီကို ကြည့်မိသည်။ ငါးနာရီကျော်လျှင် သူ ရောက်လာတော့မှာမို့ ရေချိုးပြီး စိမ်ပြေနပြေ အလှပြင်နေလိုက်သည်။ ခါတိုင်းဆိုလျှင် မိတ်ကပ်ဆိုတာ မပြင်ဖြစ်ချေ။ ခုတော့ စိတ်တိုင်းကျခြယ်မှုန်းနေသဖြင့် မိုးနှောင်းရဲ့မျက်နှာမှာ ကြွေသားပမာ တဖြည်းဖြည်း ဝင်းမွတ်တောက်ပလာသည်။





မျက်လုံးတွေက Smokey Eye နှင့် တောက်ပနေမည်၊ ဆွဲဆောင်မှုရှိနေမည် ထင်ပါသည်။ မိုးနှောင်းက အခုနကမှ လောလောလတ်လတ် ပူပူနွေးနွေး ဝယ်လာသော ပခုံးတစ်ဖက်ပြတ် နက်ပြာရောင်ကိုယ်ကျပ်အတိ ပေါင်လယ်ခန့်ရှိသော ဝတ်စုံကို ဝတ်ဆင်လိုက်သည်။ ဘာဒီဇိုင်းမှ ရှုပ်ရှုပ်ထွေးထွေး မပါဘဲနှင့်ကို အသက်ရှူမှားစေသော ဝတ်စုံဖြစ်ပါသည်။ ပြီးလျှင် မိန်းမတစ်ယောက်၏ အဆင်တန်ဆာကို ပို၍ပြည့်စုံစေသော Mis Dior ရေမွှေးကို ဆွတ်လိုက်သည်။ ချိုအီသောရနံ့သည် ယောကျ်ားတစ်ယောက်ကို ကောင်းကောင်းဆွဲဆောင်နိုင်လိမ့်မည်ဟု ထင်ပါသည်။

ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်တာ ပြီးသွားလျှင် အခန်းထဲမှာ Romantic ဆန်အောင် ပြင်ဆင်သည်။ ဖယောင်းတိုင်မီးလေးတွေထွန်းကာ လာဗင်ဒါဆီကိုလည်း ထွန်းညှိထားသဖြင့် ဝင်လာသူရဲ့စိတ်ကို ညှို့ယူနိုင်ပါလိမ့်မည်။ ဦးထန်မိုး အတွက် သာမက ကိုယ့်အတွက်ပါ ပါဝင်သော Gold တစ်လုံးကိုလည်း လှပစွာ ပြင်ဆင်ထားပြီးချေပြီ။ စိတ်အခံက လေတောတောဖြစ်နေသည်မို့ မိုးနှောင်းက တယောသံတီးလုံးချည်း ဖွင့်ထားပြီး တစ်ယောက်တည်း Gold ပုလင်းကို ဖွင့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုစွန်တုပ် မီးဖုတ်ထားသည့် အသားတစ်ဖတ်ကို ကောက်ဝါးရင်း Gold ကို လျှာဖျားနှင့် တို့မိသည်။ ပြင်းရှရှ မွှေးတေးတေး အရသာသည် မိုးနှောင်းနှင့် စိမ်းသက်ပါသည်။ ဒါပေမဲ့ သူ့ပါးစပ်ကတော့ အဲဒီရနံ့မျိုး မကြာခဏ ရခဲ့တာမို့ မိုးနှောင်းနှင့် မစိမ်းလှပါ။ မိုးနှောင်းက နည်းနည်းထပ်မော့လိုက်သည်။ ခဏနေတော့ သွေးတွေထဲမှာ ပူနွေးလာသည်။ ခေါင်းထဲမှ ခပ်ထွေထွေ ဖြစ်လာသည်။ အဲဒီအချိန်မှာပဲ ဘဲလ်သံကို ကြားရတာဖြစ်သည်။

မိုးနှောင်းက နှုတ်ခမ်းတစ်ဖက်တွန့်ရုံပြုံးကာ တံခါးဆီသို့ လှမ်းလာခဲ့သည်။ အခန်းတံခါးကို ဖွင့်လိုက်လျှင် ဦးထန်မိုးက မိုးနှောင်းကို ရုတ်တရက်မြင်ကာ အံ့သြသွားသလို ရှိသည်။ ဒါကိုပဲ မျှော်လင့်ထားသော မိုးနှောင်းက အမိအရ ပြုံးပြလိုက်သည်။

"အနှောင်း ! "

"ရောက်လာပြီပဲ"

မိုးနှောင်းက ကိုယ်ကိုရှိ့ကာ သူ့ကို လမ်းဖယ်ပေး လိုက်သည်။ သူက ဇဝေဇဝါပုံစံနှင့် အိမ်ထဲဝင်လာပုံမှာ ရယ်ချင်စရာ ကောင်းလှပါသည်။

"အပြင်က ပြန်လာတာလား"





"No ... No. This style for you ဦးထန်မိုး ... ခစ် ... ခစ်"

အနည်းငယ် အူရှင်နေသော မိုးနှောင်းရဲ့ပုံစံကို သူက နားမလည်ဟန်ဖြင့် ကြည့်သည်။ ပြီးတော့ အခန်းအနေအထားကိုပါ ဝေ့ဝဲကြည့်ကာ လိုက်မမီဖြစ်နေပုံကို မိုးနှောင်းက သဘောအကျဆုံး ဖြစ်နေတော့သည်။ ဆွဲဆောင်အား ပြင်းထန်သော မိုးနှောင်းရဲ့ပုံစံ၊ ရီဝေဝေမျက်ဝန်းနှင့် အပြုံးအရှင်နှုတ်ခမ်း၊ အခန်းထဲက ဖယောင်းတိုင်အလင်းရောင် စတာတွေတာ သူ့ကိုနားမလည်ခြင်းများစွာ ဖြစ်စေလိမ့်မည်။

"မင်း သောက်ထားတာလား"

"အင်း ... နည်းနည်းပေါ့"

အဲဒီ နည်းနည်းပေါ့ဆိုတဲ့ လေသံကို သိတယ်မှလား။ အမူးသမားတွေကို မေးတဲ့အခါ နှုတ်ခမ်းထော်ပြီး ရီဝေ ရီဝေ ပြောတတ်တဲ့ ပုံမျိုးလေ။ ဦးထန်မိုးက View Point မှန်တံခါးချပ်နားက နှစ်ယောက်ထိုင် စားပွဲဝိုင်းပုလေးပေါ်က Gold ပုလင်းနှင့် အမြည်းတချို့ကို မြင်သွားသည်။

မိုးနှောင်းက အဲဒီနားကို လျှောက်သွားရင်းမှ ဦးထန်မိုးဘက် ပြန်လှည့်ပြီး လက်တစ်ဖက်ကို လေထဲမှာဝဲရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ အားလုံးက ကျွန်မမွေးနေ့မှာ ဘာမှညော့်မခဲ့လိုက်ရတဲ့အတွက် ဒီနေ့ Celebrate ပြန်လုပ်တာပါ ဦးထန်မိုး‗

ထမင်းမဆာသေးဘူးမှလား၊ ရေချိုးပြီး ကျွန်မတို့ အတူတူ သောက်ရအောင်လား၊ ရေသွားချိုးလိုက်လေ"

"မင်း တစ်ခုခု ဖြစ်ထားလား အနှောင်း"

"အို ... မဖြစ်ပါဘူး၊ ဘာမှ မဖြစ်ပါဘူး။ ကျွန်မအကောင်းပါရှင့် ... ဟင်း ဟင်း"

သူက မိုးနှောင်းကို မသက်သာစွာ ကြည့်ကာ ခေါင်းခါယမ်းမိသည်။ မိုးနှောင်းက သူ့အနားသို့ ပြန်လျှောက်လာကာ သူ့ပခုံးပေါ်တွင် လက်တစ်ဖက်တင်ပြီး သူ့မျက်နှာကို အနီးကပ် ကြည့်မိသည်။ ပါးမြိုင်းစိမ်းများဖြင့် ယောကျ်ားပီသလွန်းအားကြီးသော ဦးထန်မိုးရဲ့မျက်နှာကို တစ်ခါမှ ဒီလောက်စိုက်မကြည့်ဖူးခဲ့ချေ။ သူကလည်း မိုးနှောင်းကို မမိုတ်မသုန်ပြန်စိုက်ကြည့်နေသည်။ မိုးနှောင်းရဲ့လက်တစ်ဖက်က သူ့ရဲ့အကျႌကော်လာနားသို့ ရွေ့လျားကာ ...

"ရေချိုးပါလား ... ဟင်၊ ရေချိုးလိုက်လေ၊ ကျွန်မ ကြယ်သီးဖြုတ်ပေးမယ်နော်"





သူက ထင်မှတ်မထားစွာဖြင့် မိုးနှောင်းရဲ့လက်ကို ဖယ်ပစ်လိုက်သည်။ မိုးနှောင်းက သူ့ကို ဘယ်လိုဖြစ်ရတာလဲ ဟူသော ပုံစံဖြင့် မျက်ခုံးပင့်ကြည့်မိလေသည်။

"အနှောင်း"

ပြော ... ဟူသော ပုံစံဖြင့် မိုးနှောင်းက နှုတ်ခမ်းလေးကို ရှေ့သို့တွန်းထုတ်ကာ ပြန်မေးမိသည်။

"မင်း တစ်ခုခု ဖြစ်ကိုဖြစ်တယ် ကိုယ့်ကို မညာနဲ့၊ မင်း ဘယ်သူနဲ့ ဘာဖြစ်ထားလဲ ... ပြော"

"ရော် ... ခက်ပြီ၊ ဘယ်သူနဲ့ ဘာမှမဖြစ်ဘူး၊ အဲ ... အပြောင်းအလဲကို မကြိုက်ဆိုရင် ခင်ဗျားဟာ ကျရှုံးသွားမယ်တဲ့။ အဲ့ စကား ဘယ်သူပြောတာလဲ သိလား။ သိရင်ဖြေ၊ မှန်ရင် အာဘွားပေးမယ်"

လက်ညှိုးတစ်ချောင်းထောင်ကာ ပြောသော မိုးနှောင်းကို သူက စိတ်ရှုပ်ထွေးခြင်းများဖြင့် ကြည့်နေမိသည်။ အရာအားလုံးကို သူ လိုက်လို့မမီပါ။ အရှိုင်း မိုးနှောင်းဟာ သိပ်သောက်ထားတာ မဟုတ်ပါဘဲနှင့် မူးချင်ချင် ဖြစ်နေသည်။ ဒီလိုအနေအထားဟာ အရင်တုန်းက မိန်းကလေးတွေနဲ့ ဆိုလျှင်တော့ သူ့အတွက် 100% Perferct ဖြစ်တဲ့ အနေအထားပါပဲ။ ဒါပေမဲ့ မိုးနှောင်း ဆိုတာ ဒီလိုပုံစံမျိုးနဲ့ သူ သိထားခဲ့တာ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းမှာ ဒီလိုပြောင်းလဲခြင်း အကြောင်းတရား တစ်ခုတော့ တကယ်ကို ရှိနေလိမ့်မည်။

"ဖြေလေ ... လူဟာ အပြောင်းအလဲကို မကြိုဆိုရင် ကျရှုံးသွားမယ်၊ Change! ဆိုတဲ့ စကားလုံးတစ်လုံးကို ကိုင်ပြီး ကမ္ဘာကြီးရဲ့စိတ်ဝင်စားမှုကို ယူခဲ့တာ ... ဘူလဲလို့"

သူကစိတ်ပျက်လက်ပျက်နှင့် ခေါင်းကိုယမ်းမိသည်။ ပြီးတော့ အနှောင်းရဲ့လက်နှစ်ဖက်ကို သူ့ရဲ့လက်နှစ်ဖက်ဖြင့်ဆွဲကာ ဆိုဖာဆီသို့ ခေါ်လာခဲ့သည်။ အနှောင်းကို ထိုင်စေလိုက်ပါသည်။ ပြီးတော့ အနှောင်းရဲ့ပခုံးကို သူ့ဘက်တည့်တည့်သို့ ဆွဲလှည့်ကာ ...

"အနှောင်း ... မင်း ကောင်းနေပြီ မဟုတ်လား"

"ကောင်းနေပြီ ... ဘာကောင်းတာလဲ"

"ကျွတ် ... ပြောရခက်လိုက်တာ၊ ကဲ ... ကဲ ... ခဏနားနေဦး၊ ကိုယ် ရေချိုးလိုက်ဦးမယ်၊ ထပ်မသောက်နဲ့တော့နော် ... ကြားလား"

သူက လှည့်ထွက်မည် ပြုလိုက်စဉ် မိုးနှောင်းရဲ့လက်တစ်ဖက်က သူ့ရဲ့လက်ကောက်ဝတ်ဆီသို့ ဖျတ်ခနဲ ဆုပ်ကိုင်လာသည်။ သူက ချာခနဲ လှည့်ကြည့်လိုက်လျှင် သူ့ကို ရီဝေဝေဆွေးလျ





စွာ မော့်ကြည့်နေသော အနှောင်းကို တွေ့ရသည်။ ထိုင်လျက်သားမှ မော့်ကြည့်နေသော မျက်နှာပေးနှင့် ပို့စ်ဟာ သူ့ရင်ကို လှုပ်ခတ်စေသည်။ ယစ်ရွေရည်အရှိန်ဖြင့် အနှောင်းရဲ့တစ်ကိုယ်လုံးက သွေးကြောတွေက ခပ်မြန်မြန် လှည့်ပတ်စီးဆင်းနေသလားပဲ။

အနှောင်း မျက်နှာနှင့်လည်တိုင်၊ လက်မောင်းသား၊ ပေါင်သားတွေဟာ ပန်းနုသွေးရောင် ရှန်းစိုနေသည်။ သူ စိုက်ကြည့်နေတုန်းမှာပဲ အနှောင်းက နှုတ်ခမ်းဖွင့်ကာ ပြောသည်။

"မြန်မြန်ချိုး"

သူက ခေါင်းညိတ်ကာ ရေကိုသွက်သွက်ပြေးချိုးလိုက်သည်။ ရေချိုးရင်းမှ အနှောင်း ပြောင်းလဲတာကို အံ့ဩတာကသပ်သပ်၊ ရီဝေယစ်မူးဖို့ကောင်းသော အဖြစ်ပျက်ကို ရင်ခုန်တာက သပ်သပ် ခံစားချက်တွေက ရောပြွန်းလို့နေသည်။ ယောက်ျားဆိုတာကတော့ ယောက်ျားပဲလေ။ သူက အတွေးနှင့် ကျေနပ်စွာပြုံးပြီး ပြန်ထွက်လာချိန်မှာတော့ အနှောင်းက ဆိုဖာပေါ်တွင် အိပ်ပျော်နေခဲ့ပြီ။

သူက စိတ်ပျက်လက်ပျက်နှင့် ရယ်မိလေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ( ၂၀ )

ဖျတ်ခနဲ မျက်လုံးပွင့်ပြီး နိုးလာသော မိုးနှောင်းမှာ ကိုယ့်ကိုယ်ကိုယ် ပထမဆုံး ဆင်ခြင်မိသည်မှာ ငါ ဘယ်ကို ရောက်နေတာလဲ ဟူသော အတွေးဖြစ်သည်။ အနည်းငယ်ကိုက် ချင်သောခေါင်းကို ဖိနှိပ်ရင်း လှဲနေရာမှ ထထိုင်မိလေသည်။ အခန်းထဲတွင် အလင်းရောင်ဖျော့ဖျော့သာရှိပြီး မှုန်ဝါးဝါးသာ တွေ့မြင်နေရသည်။ မိုးနှောင်း ကိုယ့်အိမ်ထဲမှာပဲ ဆိုဖာပေါ်မှာ အိပ်ပျော်နေခဲ့တာပါလား။ ညက ဘာတွေ ဖြစ်ခဲ့ပါလိမ့်။

ညက ဖြစ်ခဲ့တာတွေကို တရေးရေးနှင့် ပြန်မြင် ယောင်လာသည်။ ဦးထန်မိုး ရောက်လာပြီး သူ့ကို မိုးနှောင်းက ရစ်တာလား ဘာလားမသိ။ နောက်တော့ သူ ရေသွားချိုးသည်။ ပြီးတော့ ဒီဆိုဖာပေါ်မှာပဲ မိုးနှောင်း အိပ်ပျော်သွားတာ ဖြစ်နိုင်





ပါသည်။ မိုးနှောင်းက ဆိုဖာပေါ်မှထကာ မီးခလုတ်ကို စမ်းဖွင့် လိုက်တော့ အခန်းထဲတွင် လင်းချင်းသွားသည်။ နာရီကိုကြည့် လိုက်တော့ နံနက်ခြောက်နာရီ။ တစ်အိမ်လုံးက ဘယ်သူမှ မရှိ သလို တိတ်ဆိတ်နေသည်။

သို့သော် စိတ်ထဲမှာ တစ်စုံတစ်ယောက် ရှိနေသလို ခံစားရသည်။ မိုးနှောင်းက နဂိုညင်သာသော ခြေလှမ်းကို ညင်သာ သထက် ညင်သာအောင် တိုးဖွစွာ လျှောက်လှမ်းလာခဲ့သည်။ အခန်းထဲသို့ အသာစောင်းငုံ့ကြည့်လိုက်လျှင် အိပ်ရာထက်မှာ နှစ်ခြိုက်စွာ အိပ်မောကျနေသော ဦးထန်မိုးကို တွေ့လိုက်ရသည်။ ဒါဆို ညက မိုးနှောင်းက ဆိုဖာပေါ်မှာ အိပ်ခဲ့ပြီး သူက အခန်း ထဲမှာ အိပ်ခဲ့တာပေါ့။ ဟွန်း ... မိုးနှောင်းက နှာခေါင်းတစ်ချက် ရှုံ့မိသည်။

သူ မနိုးအောင် အခန်းထဲသို့ ခပ်ဖွဖွဝင်ရင်း မျက်နှာ သစ်ဖို့ ရေချိုးခန်းထဲ ဝင်လိုက်သည်။ မျက်နှာသစ်လိုက်တော့ လူက လန်းဆန်းသွားသလိုပါပဲ။ မျက်နှာပေါ်သို့ မွေးတဘက်နု ဆေးဖြင့် ဖွဖွသုတ်နေစဉ်မှာပဲ နောက်ကနေ၍ ခါးကိုသိုင်းဖက် တာကို ခံလိုက်ရလေသည်။ ဆတ်ခနဲ လှည့်ကြည့်မိသော မိုးနှောင်း ရဲ့ပါးပြင်တွင် နွေးခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"Morning Kiss"

"ဦးထန်မိုး"

ဖျတ်ခနဲခုန်ကာ တုန်ယင်လှုပ်ရှားသွားသော နှလုံးသားအစုံဖြင့် မိုးနှောင်းက သူ့လက်ထဲမှ ရုန်းထွက်ကာ သူ့ကို မျက်နှာချင်းဆိုင် ကြည့်မိသည်။ သူက မိုးနှောင်းကို ရီဝေချိုမြစွာ ကြည့်နေသည်။ အဲဒီအကြည့်တွေ အဲဒီနှုတ်ခမ်းတွေကို မိုးနှောင်း ကြာကြာမကြည့်နိုင်ပေ။ ညကကိစ္စကိုလည်း ပြန်တွေးသတိရလာကာ မျက်နှာပေါ် ပူရှက်ဆိတ်တွေ တရှရှတက်လာသလို ခံစားရသည်။ ညက အဝတ်အစားတောင် မလဲရသေးပါ။ ခြုံစောင်လေးကတော့ ဦးထန်မိုး လွှမ်းခြုံပေးတာပဲ ဖြစ်ရမည်။

"ဒီဝတ်စုံနဲ့ ဒီ Plain face က အလိုက်ဆုံးပဲကွ … ဟင်းဟင်း"

မိုးနှောင်းက နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။ ဦးထန်မိုးကို မကြည့်ဘဲ ကိုယ့်မျက်လုံးတည့်တည့်ကျရာ သူ့ရင်ဘတ်နေရာမှ ထိုနေရာကိုသာ မမိတ်မသုန် ကြည့်နေမိလေသည်။ အဖြူရောင်ချည်သား စပို့ရှပ်ပါးပါးအောက်က သူ့ရင်အုပ်တွေ ကြွံခိုင်မှုကို အထင်းသား တွေ့မြင်နေရသည်။ ဒီရင်ခွင်ဟာ





မိုးနှောင်းအတွက် တကယ်ပဲ လုံခြုံမှုပေးနိုင်မလား။ အို … တော်စမ်းပါ၊ ငါ ဘာတွေတွေးနေတာလဲ။

"မင်း မုန့်ဟင်းခါး ကြိုက်တယ် မဟုတ်လား အနှောင်း"

ဘယ်လိုမှ အဆက်အစပ်မရှိသော စကားကြောင့် မိုးနှောင်းက သူ့ကို မော့်ကြည့်မိသည်။ သူက မိုးနှောင်းရဲ့ပါးတစ်ဖက်ကို လက်သန်းလေးတစ်ချောင်းတည်းဖြင့်သာ ပွတ်သပ်ကိုထိရင်းမှ …

"ကိုယ်တို့ မုန့်ဟင်းခါး သွားစားကြရအောင်"

"………"

"မင်း အဝတ်အစားလဲ"

"………"

"မင်း ကားမောင်းနော်။ ကိုယ် မင်းမောင်းတဲ့ကားကို စီးချင်တယ်"

"………"

"ကြာကြာစီးလို့ရအောင် အမြန်လမ်းက မုန့်ဟင်းခါးစားမယ်။ ကိုယ် 115 က Feel မုန့်ဟင်းခါး စားချင်တယ် … ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောနေတာတွေကို မိုးနှောင်းက မျက်ခုံးအပင့်သားဖြင့် နားထောင်နေကာ ဘာမှပြန်မပြောဖြစ်ခဲ့ချေ။ နောက်ဆုံးစကားကျတော့မှပဲ သူ မသိအောင် ရင်တွင်းမှ ခိုးပြုံးလိုက်ရသည်။ ဪ ၁၁၅ မိုင်က မုန့်ဟင်းခါးကိုမှ ဘဝရှင်မင်းတရားကြီးက တမ်းတမ်းတတ စားချင်တာတဲ့လား။ လူသူလေးပါး မမြင်ဖို့ရာအတွက် စပွန်ဆာပေးထားရတဲ့ ကောင်မလေးကို ၁၁၅ မိုင်အထိ ကားမောင်းခိုင်းဦးမယ်တဲ့ပေါ့လေ။

ဒီရင်ခွင်ဟာ မနှာကျင်ချင်လည်း မရတော့ပါ။

"ဦးထန်မိုးကို ကျွန်မ ပြောစရာရှိလို့"

Feel က ကြက်သွန်ဥကြီးကြီးတွေ ပါဝင်သော မုန့်ဟင်းခါးကို နှစ်သက်ခုံမင်စွာ ခံစားနေသော ဦးထန်မိုးက မိုးနှောင်းကို မော့ကြည့်လာကာ ဘာပြောမလို့လဲဟူသော မေးခွန်းကို မျက်လုံးများဖြင့် မေးသည်။ ဆောရီးပါ ဦးထန်မိုး၊ အစားစားနေတုန်းမှာ စကားလာမပြောနဲ့ဆိုတာ ရှင့်မိသားစုဆီမှာပဲ ချထားတော့ စည်းကမ်းပါ။

"အင်း ... ပြော"

"ကျွန်မ သင်တန်းတက်ချင်လို့ပါ"

"သင်တန်း ! ဟုတ်လား။ ဘာသင်တန်းလဲ"

"အင်္ဂလိပ်စာသင်တန်းပါ။ တခြား အလျဉ်းသင့်သလို စိတ်ဝင်စားတာတွေလည်း တက်ဖြစ်ချင် တက်ဖြစ်မှာပါ။

www.burmeseclassic.com



လောလောဆယ်တော့ အင်္ဂလိပ်စာကို အရင်သင်ဖို့ စိတ်ကူးထားပါတယ်"

သူက အောက်နှုတ်ခမ်းကို ပင့်တင်ကာ "အင်း" ဟု ရေရွတ်ရင်း ခေါင်းညိတ်ပြသည်။ သူ အင်မတန်စားချင်နေသော မုန့်ဟင်းခါးထဲကနေ လိပ်ပြာနည်းနည်းစွာလာသည်။ မိုးနှောင်းကို တစ်ချက်ကြည့်ရင်း ...

"ကိုယ် တစ်ခုမေးကြည့်လို့ ရမလား"

ခေါင်းညိတ်လိုက်တော့ သူက ဆက်ပြောသည်။

"တချို့မိန်းကလေးတွေက နောက်က ထောက်ပံ့ပေးနိုင်ရင် Celebrity ဖြစ်ချင်တာ များတယ်၊ မင်းက ဘာလို့ပညာရေးကို စိတ်ဝင်စားရတာလဲ"

"ကျွန်မဘဝအတွက် အမှန်ကန်ဆုံး လမ်းကြောင်းလို့ ထင်လို့ပါ"

"မင်း စာသင်ချင်နေတာလား"

"ဟုတ်တယ် ... ကျွန်မ စာသင်ချင်တယ်၊ ကျောင်းတက်ချင်တယ်၊ ဒီဘဝမှာ အမြဲရှိနေမှာ မဟုတ်ဘူးလေ၊ တစ်





ချိန်ချိန်ကျရင် ဦးထန်မိုးနဲ့ ကျွန်မ ကိုယ်လမ်းကိုယ် လျှောက်ကြရမှာပဲ ...

အဲဒီတစ်ချိန်မှာ ကျွန်မ ပညာနဲ့ရပ်တည်တဲ့ ရိုးသားစင်ကြယ်တဲ့ မိန်းကလေးတစ်ယောက် ပြန်ဖြစ်ချင်တယ်"

"ပြန်ဖြစ်ချင်တယ် ! "

သူက မိုးနှောင်းစကားကို သံယောင်လိုက်ကာ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးတော့ လူကို တစ်ခါမှ မမြင်ဖူးသောသူလို ကြည့်ပါသည်။ ပြီးတော့မှ မုန့်ဟင်းခါးကို တစ်ဇွန်းခပ်စားရင်း ...

"သင်တန်းတက်ဖို့ ကိုယ့်ဆီက ခွင့်တောင်းနေတာလား"

"ခွင့်တောင်းတာ မဟုတ်ပါဘူး။ ကျွန်မ အသိပေးတာပါ။ ဦးထန်မိုးကို ပြောပြသင့်တယ်လည်း ထင်လို့ပါ"

"ကောင်းပြီလေ၊ ကိုယ် သိထားတယ်လို့ပဲ မှတ်လိုက်တော့ပေါ့"

သူက ဘာမှဆက်မပြောတော့ဘဲ မုန့်ဟင်းခါးထဲ ပြန်လည်ဝင်စားသွားသည်။ တစ်လောကလုံးမှာ သူနှင့်မုန့်ဟင်းခါးပဲ ရှိတော့သည့်ပုံ။ မိုးနှောင်းက လည်ပင်းကြောများ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



တင်းလာသည်အထိ ခေါင်းကိုမော့ကာ နှလုံးသားထဲမှ အံကြိတ်ထားမိသည်။

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ချင်နေမှန်း မိုးနှောင်းမသိတော့ပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် မကျေနပ်တာလား၊ လောကကြီးကို မကျေနပ်တာလားလိုတော့ ဝေခွဲမရတဲ့အထိ မညံ့သင့်ဘူးလို့ ထင်တာပဲလေ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။





## ( ၂၁ )

သူက MARK X ကားလေးထိုးဆိုက်လာပြီး ပါကင်သွင်းနေတာကို ကားပေါ်မှနေ၍ မမိုတ်မသုန် အကဲခတ်နေမိသည်။ ကားပါကင်သွင်းဖို့ နေရာက သိပ်အကျယ်ကြီးမရှိ။ ဒါပေမဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ အထူးသဖြင့် ကားမောင်းတာသိပ်မကြာသေးတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ဆိုရင်တော့ သွက်လက်မြန်ဆန်သည်ဟု ပြော၍ရသည်။

ကားပါကင်ထိုးပြီးသောအခါ ကားပေါ်မှ ဆင်းလာသော မိုးနှောင်းကို တွေ့ရသည်။ ဘောလုံးပြောက်လေးများပါဝင်သော ချိဖွန်သား အင်္ကျီခါးတိုတိုပြောက်ပြောက်လေးကို အနက်ရောင် ဖိုးကွာတား ဘောင်းဘီဖြင့် တွဲဖက်ဝတ်ဆင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော သူမပုံစံလေးဟာ တကယ်ကို ရိုးရိုးရှင်းရှင်းလေးနှင့် အဆင့်အတန်းမြင့်မြင့်လေး ပညာလိုလားသည့် မိန်းကလေးတစ်ယောက်ပုံစံအပြည့်။ အနက်ရောင်ဒေါက်ဖိနပ်လေးစီးလျက် အိတ်ကလေးလွယ်ကာ ဖိုင်အိတ်လေးတစ်ခုကို ပွေ့ပိုက်လာပုံက သူ့ကို ငေးမောပင့်သက်စေပါသည်။

အင်း ... တကယ်ကို English သင်တန်းတစ်ခုလာတက်နေတာပဲ။ သူမကို ဒီလိုလာချောင်းကြည့်တာများ သိရင်ဘယ်လောက် စိတ်ဆိုးဦးမလဲ။ သူက သူမကို မယုံလို့တော့မဟုတ်ပါ။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိဘဲ သူမ သင်တန်းတက်တယ် ဆိုတာကိုတော့ ကြည့်ချင်လှသည်။ ခုတော့ တကယ့်ကိုပဲမြင်တွေ့ရပါပြီ။

"မောင်းတော့ ... ရပြီ"

သူ့ဆီက အမိန့်ရလျှင် ဒရိုင်ဘာက ကားကိုမောင်းထွက်သည်။ သူက ကားပေါ်မှာ ထိုင်လိုက်ရင်း နားထဲမှာတော့ မိုးနှောင်း ပြောခဲ့ဖူးသည့် စကားများကို ကြားယောင်လာသည်။

"အချိန်တန်ရင် ဦးထန်မိုးနဲ့ ကျွန်မက ကိုယ့်လမ်းကိုယ်လျှောက်ရမှာလေ"





ကိုယ့်လမ်းကိုယ် လျှောက်ရမှာလေ ... ကိုယ့်လမ်းကိုယ် လျှောက်ရမှာလေ ... စသဖြင့် အဲဒီစကားလုံးလေးကတော့ ပဲ့တင်ထပ်လျက် မြည်ဟည်းနေသည်။ မင်း ဒီလိုပဲ တွေးထားလားအနှောင်းရယ်။ ကိုယ်ကတော့ မင်းကို ရိုးအိမသွားဘဲ နှစ်ပေါင်းများစွာ ဆက်လက်လိုအပ်နေဦးမယ် ထင်တာပဲ။ ကိုယ့်အတွက် Amazing အနှောင်း အဖြစ်နဲ့လေ။

သူမက သူ့အတွက်တော့ တကယ်ထူးခြားပါသည်။ သူ မိန်းကလေးပေါင်း မြောက်မြားစွာနှင့် ပတ်သက်ခဲ့ဖူးသည်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ ဒီလောက်ထိ ရင်ထဲမရောက်ခဲ့ချေ။ မိုးနှောင်းရဲ့စိတ်ဓာတ်၊ ခံယူချက်နှင့် နေပုံထိုင်ပုံက သူမကို တန်ဖိုးတစ်ခုမြင့်တက်စေသည်။ ဒါကြောင့် အဲဒီတန်ဖိုးကို အဲဒီထက် မြင့်တင်ချင်စိတ်ဖြင့် သူက လူသူလေးပါးရှေ့မှာ သူမကို ပွဲမထုတ်ခဲ့။ ပေါ်တင်မတွဲခဲ့ချေ။ တစ်ချိန်ချိန်မှာ သူမအတွက် အစွန်းအထင်းတစ်စုံတစ်ရာ မဖြစ်စေချင်၍ ဖြစ်ပါသည်။

ဒါတွေကို သူမက သိရဲ့လား၊ သဘောပေါက်ရဲ့လားတော့ မသိပေ။ သူကလည်းပဲ ကိုယ်ရည်သွေးသည်ဟု ထင်ရသော စကားမျိုးကို ထုတ်ဖော်မပြောတတ်။ သူ့ခံစားချက်ကို



www.burmeseclassic.com

www.burmeseclassic.com



တာကလည်း မိန်းမတစ်ယောက်ထဲက နားလည်မှုနှင့် ချစ်ခြင်းမေတ္တာကို စကားများများ မပြောဘဲနဲ့ လိုချင်တာ ဖြစ်လေသည်။ အတွေးထဲ မျောနေတုန်းမှာပဲ သူ့ဖုန်းက ငြိမ့်ညောင်းသော တီးလုံးသံလေး ထွက်ပေါ်လာသည်။

"ဟယ်လို"

"ကိုထန် ... မိပါ"

သာယာချိုအေးသော အသံလေးက သူ့နားထဲသို့ စီးဆင်းလာသည်။ မိ ... ဪ ... မိ။ မိုကို သူ သတိမရမိတာ တောင် ကြာပြီပဲ။ သတိမရဆို အဆက်အသွယ်ကလည်း သိပ်မရှိဘဲကိုး။ စာမေးပွဲကိစ္စဖြင့် မိ အလုပ်ရှုပ်နေလိမ့်မည်။ သူမက MBA ကို အင်္ဂလန်မှာ သွားတက်နေတာဖြစ်သည်။ ခုမှ အသက် သုံးဆယ်အရွယ် နုပျိုတက်ကြွသော အမျိုးသမီးတစ်ဦး။

အင်း ... အပျိုကြီးစာရင်းထဲ ဝင်ခါစဆိုလျှင်လည်း မမှားပါ။

ဟက် ... သူ့အတွေးကို မိသာသိရင် ဘယ်လောက် စိတ်ဆိုးမလဲ။

"အေး ... မိ၊ ဘယ်ပျောက်နေတာလဲ"





"ဟက် ... သူက ဦးအောင် မေးပြန်ပြီ။ ဘယ်သူကပျောက် နေတာလဲ"

"မိက ပျောက်နေတာလေ၊ မိက ရန်ကုန်မြေက ပျောက် သွားတာ မဟုတ်ဘူးလား"

"အံမယ် ... ဟား ဟား။ ပြောတတ်တယ်နော် ... အေးပါ၊ ကိုထန်က စကားအရမ်းတတ်တော့ မိ နိုင်အောင် မပြော နိုင်တော့ပါဘူး ...(မိက ခဏငြိမ်သွားပြီးမှ)

မိ ပြန်ရောက်နေပြီ ကိုထန်"

"ဟင် ... ဟုတ်လား။ ဘယ်တုန်းက ရောက်နေတာလဲ မိ"

"မနေ့က ကိုထန်။ ဒီနေ့ ကိုထန် အားလား၊ ဆန်းဒေး ဆိုတော့လေ"

ဆန်းဒေးကတော့ ပုံမှန်ဆိုလျှင် အနှောင်းနှင့် သူ အချိန်ဖြုန်းနေကြပါပဲ။ ဒါပေမဲ့ မတွေ့တာ အနည်းငယ်ကြာနေပြီဖြစ်သော မိုကို အချိန်ပေးသင့်သည်ဟု ထင်ပါသည်။

"အင်း ... အားပါတယ်၊ ညစာ အတူစားကြတာပေါ့ မိ"

"အိုခေ ... ကိုထန့်အတွက် လက်ဆောင်တွေ အများကြီး ပါလာတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ ဒီနေ့ ညစာကို ကိုယ်ကျွေးမှာပါ မီရယ်"

"အံမယ် ... အဲဒါကြောင့် ပြောတာ မဟုတ်ပါဘူးနော်။ မီရဲ့စေတနာသက်သက်ပါ"

"ဟုတ်ပါတယ် မီရဲ့"

"ကိုထန်"

"အင်း ... ပြောလေ မီ"

"ကိုထန် ... မီ့ကို မေ့တော့ မမေ့သွားသေးဘူး မဟုတ်လား"

"ဘာလို့ မေ့ရမှာလဲ မီရယ်"

"အင်း ... ပြီးတာပဲ။ မီက မေ့သွားမှာပဲ စိုးတာ။ မီ့ အပေါ် ထားတဲ့ သံယောဇဉ်ဆိုတာလည်း မပြောင်းလဲသေးပါဘူး နော်"

"ပြောင်းလဲစရာမှ မဟုတ်တာ"

"အိုးခေ ... ဒါဆို ကျေနပ်ပြီ။ ညနေ ဆုံမယ်နော် ကိုထန် မီ့ကို ကိုထန် လာခေါ်မယ် မဟုတ်လား"

"အင်း ... ခေါ်မယ်လေ၊ ညနေ ငါးနာရီခွဲလောက် ရယ်ဒီ လုပ်ထားပေါ့ မီ၊ ကားကျပ်တာနဲ့ဆို ဒင်နာက ခုနစ်နာရီ လောက်မှ စားရမှာပါ"





"ဟုတ်တယ်နော် ... အိုခေ ... မီ စောင့်နေပါ့မယ်၊ ဘိုင့် ဆီးယူ"

မီက ရှင်လန်းစွာ နှုတ်ဆက်ရင်း ဖုန်းချသွားသည်။ သူလည်း သက်ပြင်းတစ်ချက်ကို မသိမသာ ချမိသည်ဟု ထင်ပါသည်။ တကယ်တမ်း ပြောရလျှင် မီသည် သူ့ဦးနှောက်ရဲ့နာဗ် ကြောလေးထဲများမှ ပျောက်သလို ဖြစ်နေခဲ့တာ သုံ့မ ထွက်သွား ပြီး တစ်လလောက် အရှိမှာပဲ ဖြစ်သည်။

မီ ဆိုတာက သူနဲ့ လုပ်ငန်းချင်း ပတ်သက်ဆက် စပ်ပြီး သိကျွမ်းခဲ့ရသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ မီ ဆိုတာ သူနဲ့စီးပွားဖက် နိုင်ငံခြားကုမ္ပဏီကြီးတစ်ခုက လုပ်သက် ရင့် ဝါရင့်ဝန်ထမ်းတစ်ဦးဖြစ်ပြီး ထက်မြက်ထူးချွန်တာကြောင့် ကုမ္ပဏီမှာလည်း ဦးစားပေး အာဏာရသူဖြစ်သည်။ ရုပ်ရည်က သိပ်အချောစားကြီး မဟုတ်သော်လည်း နိုင်ငံတကာကို သွားလာ ဝင်ဆံ့နေသူမို့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုလုအောင် နေရမယ်ဆို တာသိပြီး လှအောင်လည်း နေတတ်သူမို့ လှတယ်ဟု ထင်ရသည် သာဖြစ်သည်ဟု သူ သတ်မှတ်တာကို သိလျှင် စိတ်ဆိုးလေ မလား။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ မိဟာ နားလည်မှုနှင့် တွဲခဲ့ကြသည်။ တွဲခဲ့ကြစဉ်တစ်လျှောက်လုံးမှာ သူနဲ့ ပတ်သက်ကြသော မိန်းကလေးတွေကို မိက သိသော်လည်း ဘာမှမပြောခဲ့ပေ။ ဆိုရှယ်ကျသော ခေတ်မီသော မိသည် အဲဒီနေရာကျတော့ မြန်မာဆန်သောစကားကို သုံးလေသည်။ ဘာတဲ့ ယောကျ်ားကောင်းတော့ မောင်းမတစ်ထောင် မဟုတ်ဘူးလား ကိုထန်ရယ်တဲ့။ သူတောင် သဘောတကျနှင့် ပြုံးခဲ့ရဖူးသည်။ အဲဒီ မောင်းမတစ်ထောင်ထဲမှာ မိတော့ မပါဝင်ခဲ့ချေ။

ဘိုဆန်သောမိက သူ့ကို အခွင့်အရေးပေးတာမျိုးတွေ၊ ရေလာမြောင်းပေးတာမျိုးတွေ ရှိခဲ့သော်လည်း မိဆိုသောမိန်းမမျိုးသည် လက်မှတ်ထိုး လက်ထပ်ပြီးမှသာ အတူအိပ်ခွင့်ရှိသော မိန်းမဟု သူက သတ်မှတ်ပါသည်။ အချိန်မတန်ခင် မစားကောင်းသည့်အသီးထဲမှာ မိ ပါသည်။ ဒီအတွက် မိ့အပေါ်မှာ သူသည် ဆုတ်သာ တက်သာ ရှိလေသည်။

အကြောင်းသိ ရင်းနှီးလွန်းသော မိတ်ဆွေတချို့ကတော့ သူ့အတွက် ပွဲတက်မယား ဖြစ်သင့်သည်မှာ မိဟုပဲ တညီတညွတ်တည်း ထောက်ခံထားကြသည်။ မိ့အကြောင်းတွေ တွေ့နေ





ရင်းမှ အနှောင်းကို သတိရလာကာ ဖုန်းခေါ်လိုက်သည်။ သူမလာတော့ဘူးဆိုတာ သိရလျှင် သူမလည်း အခြားတစ်ခုခု စီစဉ်လို့ရတာပေါ့လေ။

"ဟုတ်ကဲ့"

သူမက သူ့ဖုန်းသံကို အဲလိုပဲ အမြဲထူးသည်။ မသိလျှင် သူ့ဝန်ထမ်းတစ်ယောက်ဆီနှယ် ဆက်သောပုံစံမျိုးပါ။

"အနှောင်း ... ညနေ ကိုယ် မလာတော့ဘူးဆိုတာ လှမ်းပြောတာ"

"သြော် ... ဟုတ်"

"ညစာ ချက်နေတာလား"

"မချက်ပါဘူး"

"ဘာလုပ်နေတာလဲ၊ အိမ်မှာပဲလား"

"ဟုတ် ... ရုပ်ရှင်ကြည့်နေတာပါ၊ အဲ ... ရုပ်ရှင်ဆိုတာလည်း Listening Skill အတွက် နားလေ့ကျင့်တာပါ"

"အဟင်း ... ဟုတ်ပါပြီ အနှောင်းရယ်၊ အိုခေလေ။ ဒီနေ့ကိုယ် အလုပ်ကိစ္စလေးတစ်ခုရှိလို့ မလာဖြစ်တော့တာပါ။ နောက်မှ ကိုယ် ဖုန်းထပ်ဆက်လိုက်မယ် ... ဆီးယူ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖုန်းချလိုက်သည်။ မျက်လုံးထဲတွင် နှုတ်ခမ်းလေး တင်းတင်းစေ့ထားမည့် အနှောင်းရဲ့မျက်နှာလေးက ပေါ်လာသည်။ အဲဒီလို နှုတ်ခမ်းတင်းတင်းစေ့ထားတတ်တဲ့ မျက်နှာပေးဟာ သူ့ရင်ထဲမှာ ဘာကြောင့် နေရာဝင်ယူလာရတာလဲ။ နောက် သူမ အင်္ဂလိပ်စာသင်တန်း သွားတက်တဲ့ ပုံစံလေးကို လိုက်ချောင်းရတာဟာလည်း ဘာကြောင့် သူ့စိတ်ကို နှပျိုသစ်လွင် လတ်ဆတ်စေရတာလဲ။ အခုဆိုလျှင် သူဟာ တစ်ပတ်မှာလေးရက် အနှောင်း သင်တန်းရှေ့မှာ တိတ်တဆိတ် ခိုးကြည့်ရတာကို ဘဝမှာ လူဖြစ်ရကျိုး အနပ်ဆုံးလို့ သတ်မှတ်သူလေ။

❦ ○ ❦





သက်နွယ်သာ ချဲထိကို မက်မက်မောမော ပုံအောပြီး မထိုးခဲ့လျှင်၊ ထိုးခဲ့သော်ငြားလည်း မပေါက်ခဲ့လျှင်၊ ပေါက်ခဲ့သော်ငြားလည်း မိုးနှောင်းကို ဟိုတယ်မှာ တက်ကျွေးရတဲ့အထိ သဒ္ဓါတရား မပေါက်ခဲ့လျှင်၊ ဟိုတယ်မှာ တက်ကျွေးသော်ငြားလည်း Chatrium Hotel ကို မရွေးခဲ့လျှင် မိုးနှောင်းရဲ့စိတ်ကို ဆူးကဲ့သို့ စူးစေမည့် ရုပ်ရှင်ပြကွက်လေးတစ်ခုအား မြင်တွေ့ခဲ့ရမည် မဟုတ်ပါ။

သက်နွယ်သည် ဘယ်လိုဗီဇဝါသနာလည်းတော့ မပြောတတ်။ ချဲထိ၊ နှလုံးထိ၊ ဘောလုံးပွဲလောင်းခြင်း စတာတွေကို အင်မတန် ဝါသနာထုံလေသည်။ ဝါသနာထုံလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း သက်နွယ်က လောင်းကစားနှင့် အကျိုးပေးသည်။ တချို့လူတွေမှာ လောင်းကစားကံပါတယ် အကျိုးပေးတယ် ဆိုတာ သက်နွယ်ကိုကြည့်ပြီး ယုံရတော့တာဖြစ်သည်။

အခုလည်း ချဲထီ တစ်သောင်းဖိုးပေါက်သောအခါ အလကားနေရင်းထိုင်ရင်း (၅၅)သိန်းတောင်ရသည်။ အဲဒီအတွက် ညစာကို ဟိုတယ်တက်စားကြမည်ဟု ကြံ့ရွယ်သည်။ Chatrium Hotel ဟာ နိုင်ငံတကာက ခေါင်းဆောင်အကြီးအကဲတွေတောင် လာတည်းခိုကြတာမို့ အစားအသောက်လည်း ညံ့မှာမဟုတ်ဟု သတ်မှတ်သည်။ အိုဘားမား၊ ဟီလာရီကလင်တန် စသဖြင့် ထင်ရှားကျော်ကြားသူတွေလာသော နေရာကို သက်နွယ်က သွားချင်သည်။ ထင်ရှားကျော်ကြားတဲ့နေရာမှာ မထင်မရှား နာကျင်ရမှာကိုတော့ ကြိုမသိခဲ့ပါ။

သက်နွယ်နှင့် မိုးနှောင်းမှာ Restaurant ရဲ့ထောင့်စွန်းလေးမှာ နေရာယူလျက် အီတာလျံအစားအစာများကို အေးအေးဆေးဆေး ထိုင်စားနေကြတာ ဖြစ်ပါသည်။ Hotel ကြီးဖြစ်သောကြောင့် လာစားနေသူများထဲတွင် မြန်မာဟူ၍ ဂိုက်ဒ်တချို့သာရှိသည်။ ကျန်တာတွေက ဖော်ရိန်နာတွေချည်း။ သက်နွယ်က





တော့ ဒီလို ဟိုတယ်တက်စားရတာကိုပဲ အတော်ကြီး သဘောကျနေဟန်ဖြင့် စားလိုက် သောက်လိုက် ဟုတ်နေသည်။

အဲဒီအချိန်မှာပဲ စကားပြောရင်းဆိုရင်း တစ်နေရာသို့ လှမ်းကြည့်မိလျက်သား ဖြစ်သွားသော မိုးနှောင်းရဲ့မျက်လုံးမြင်ကွင်းထဲသို့ စုံတွဲတစ်တွဲက ဝင်ရောက်လို့လာသည်။ အမှတ်တမဲ့ကြည့်မိသော ထိုစုံတွဲဟာ တော်တော်လိုက်ဖက်မှုရှိတာပဲဟု ကောက်ချက်ချမှုသည် ဘယ်သူ ဘယ်ဝါမှန်း မသဲကွဲခင်ကဖြစ်သည်။ သဲကွဲသွားသောအခါ မိုးနှောင်းရဲ့နှုတ်ခမ်းများက ပွင့်ဟသွားပါသည်။

"ဦးထန်မိုး"

အဲဒီအသံသည် နှုတ်ဖျားက ထွက်တယ်ဆိုရုံလေး ထွက်တာဖြစ်လျက် အစားသောင်းကျန်းနေသော သက်နွယ်ပင်လျှင် ကြားမိဟန်မတူပါ။ မိုးနှောင်းကတော့ မလှမ်းမကမ်းမှာ မြင်နေရသည့် စုံတွဲကို ခုချက်ချင်းပဲ ပျောက်သွားမှာအလားမျက်တောင်မခတ်စတမ်း စိုက်ကြည့်နေမိသည်။

ဦးထန်မိုးက ကြည်ပြာရောင် စိုတောက်နေသည့် ရှပ်လက်ရှည်ကို စတိုင်လ်ပန်ဖစ် ဘောင်းဘီအနက်ဖြင့် တွဲဖက်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားပြီး ခါတိုင်းထက် ကြည့်ကောင်းသပ်ရပ်နေသည်။ အမျိုးသမီးတွေ လည်ပြန်ငေးရမယ့် ပါဝါရှိသူမျိုးပါ။ သူနဲ့တွဲလာတာ လက်ပင်ချိတ်လာသော မိန်းမကတော့ မိုးနှောင်းတို့ထက်ကြီးမည်။ သူမက Elegant ပုံစံမျိုးဖြစ်အောင် ဖက်ရှင်ကိုပြင်ဆင်ထားပါသည်။ ဆင်စွယ်ရောင်ဇာဖက်ရှင်က အဆင့်အတန်းမြင့်လှသည်။ အတော်တန်ဖိုးကြီးမည့် ဝတ်စုံမျိုးပါပဲ။ ပါးနှစ်ဖက်ပေါ်သို့ စိုက်ကျနေအောင် တိုတိုဝဲဝဲလေး ညှပ်ထားသော ဆံပင်ပုံစံကြောင့် ခေတ်မီနုပျိုတဲ့ပုံစံ ပေါက်နေသော်လည်း ဘယ်လိုပဲဖြစ်ဖြစ် အသက်သုံးဆယ်လောက်တော့ ရှိပြီဟု ခန့်မှန်းရသည်။

သူမက စားပွဲထိုင်တာတောင် ဦးထန်မိုးရဲ့လက်ထဲ မဖြုတ်ချင် ဖြုတ်ချင်ဖြင့် ဖြုတ်ပေးလိုက်ရသည့်ပုံ။ မိုးနှောင်း ရင်ထဲမှာ မုန်တိုင်းအသေးစားတစ်ခု ဝင်ရောက်နေသလို လှုပ်လှုပ်ခတ်ခတ် ဖြစ်နေသည်။ ဘာကြောင့် ဒီလိုဖြစ်နေတာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း စဉ်းစားလို့ မတတ်ချေ။ ပြောရလျှင် ကိုယ့်ချစ်သူကို နောက်တစ်ယောက်နဲ့ တွဲခုတ်နေတာ တွေ့သွားရသည့် ဖီလင်မျိုး ခံစားနေရသည်ဆိုလျှင် ဘယ်သူတွေက မိုးနှောင်းကို ဘာပြောကြမလဲ။





ကျွတ် ... သေလိုက်စမ်း မိုးနှောင်းလွန်၊ ဒါဟာ မိုက်မဲခြင်းပဲ။

"ဒါတောင် မလျော်မှာစိုးလို့ တစ်သောင်းဖိုးပဲ ထိုးတာ၊ တစ်သိန်းဖိုးတောင် ထိုးချင်သေးတယ်၊ ဟုတ်တယ်မှုလား။ ပိုက်ဆံတစ်သိန်းဆိုတာ ဒီအတိုင်းလည်း Spa သွားရင်တောင် ကုန်နေတဲ့ဟာ၊ ဟဲ့ ... ငါပြောတာ ကြားလား ... ဘာတွေ ငေးနေတာလဲဟဲ့"

သက်နှယ်က မိုးနှောင်းရဲ့မျက်နှာရှေ့မှာ လက်ကိုလာပြီး ဝှေ့ယမ်းလိုက်တော့မှပဲ မိုးနှောင်းက မျက်တောင်ခတ်မိသွားသည်။ ဘယ်လို လှိုက်တက်လာသော ဝမ်းနည်းစိတ်ကြောင့်မသိ။ မိုးနှောင်းရဲ့လည်ချောင်းထဲက အသံက ထွက်မလာဘဲ အက်ကွဲဆို့နင့်စွာ ပျောက်ကွယ်သွားသည်။

"ဟဲ့ ... ဘာဖြစ်နေတာလဲ"

အကင်းပါးနေသော သက်နှယ်က မိုးနှောင်းရဲ့ မျက်လုံးရှိရာသို့ လိုက်ကြည့်လျှင် မြင်ကွင်းကို ဖျတ်ခနဲ တွေ့မြင်သွားသည်။ သက်နှယ်သည်လည်း မိုးနှောင်းလိုပဲ အံ့ဩစွာနှင့် ငေးစိုက်နေပါလိမ့်မည်။ ခဏနေတော့မှ မျက်တောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ခတ် ပုတ်ခတ်လုပ်ကာ မိုးနှောင်းကို ကြည့်လာသည်။ မိုးနှောင်းက ဘာမှမပြောဘဲ ပင့်သက်ရှိုက်ကာ ရှေ့ကဝိုင်းတစ်ခွက်ကို အသာမော့လိုက်သည်။

လွှဲဖယ်ထားသော အကြည့်များသည် အဲဒီနေရာမှာပဲ သံလိုက်စက်ကွင်းရှိသည့်ပမာ ပြန်ရောက်သွားပြန်သည်။ Menu ကြည့်ကာ တစ်ယောက်နဲ့တစ်ယောက် ရယ်မောစကားပြောဆိုပုံတို့မှာ နှစ်ရှည်လများက ရင်းနှီးခဲ့သည်ပုံစံ ပေါက်နေသည်။ သူတို့ပုံစံက အရမ်းကို Close ဖြစ်သည်ဟု မိုးနှောင်း ထင်ပါသည်။

"နင် ဘယ်တုန်းက မြင်ထားတာလဲ"

သက်နွယ်က သက်မဲ့ရုပ်တုလို ဖြစ်သွားသော မိုးနှောင်းကို စကားစသည်။

"သူတို့ ဝင်လာတည်းကပဲ"

"တို့ကို မြင်စရာအကြောင်း မရှိဘူးနော်၊ နင် သွားနှုတ်ဆက်မလား မိုးနှောင်း"

"ဘာဆိုင်လို့ နှုတ်ဆက်ရမှာလဲ"

အခုနက သက်နွယ်နှင့် မိုးနှောင်းတို့၏ စကားသံများဖြင့် သာယာစည်ပင်နေသော အိတာလျှံစားပွဲဝိုင်းလေးမှာ





တစ်မုဟုတ်ချင်း ခြောက်ကပ်တိတ်ဆိတ်သွားသလို ခံစားရလေသည်။ မိုးနှောင်းက နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။ သက်နွယ်က မိုးနှောင်းကို နားလည်သလို တစ်ချက်ကြည့်ကာ...

"နင် ဘာဖြစ်နေတာလဲ မိုးနှောင်း"

"ဘာဖြစ်နေလို့လဲ"

"ဒီမှာ ငါ့ကို လာဖုံးကွယ်မနေနဲ့ မိုးနှောင်း။ ငါက နင့်ကို အရှိအတိုင်း မြင်တဲ့သူ။ နင့်စိတ်ထဲမှာ ထိခိုက်ခံစားသွားတယ် မဟုတ်လား ...

ဟင် ... မိုးနှောင်း၊ အဲဒါ ဘာလို့လဲ သိလား။ နင် ဦးထန်မိုးကို ချစ်နေမိပြီမို့ပဲ"

"မဖြစ်နိုင်ဘူး"

အဲဒီစကားကိုတော့ မိုးနှောင်းက သွေးရူးတမ်းရူးဖြင့် ရေရွတ်မိသည်။ သက်နွယ်က မိုးနှောင်းကို ကရုဏာသက်သလို စိုက်ကြည့်နေသည်။ အို ... မဖြစ်နိုင်ပါဘူး။ မိုးနှောင်း ဦးထန်မိုးကို ချစ်နေတယ်ဆိုတာ ဘာလို့ဖြစ်နိုင်ရမှာလဲ။ သူ့ကို မိုးနှောင်း ဘာချစ်စရာ အကြောင်းရှိလဲ။ နိုင်ဇာလို လူမျိုးကိုသာ ချစ်ရင် ချစ်တော့မပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုယ့်ခံစားချက်ကို ပြန်ကြောက်နေသည့် ကိစ္စမျိုးက အဲဒီလိုဆိုးဝါးတဲ့ အဖြစ်မျိုးနဲ့ နီးစပ်မလား။ ဦးထန်မိုးကို သူနှင့် ဂုဏ်ရည်တူ၊ အဆင့်တူ မိန်းမတစ်ယောက်နှင့် ချစ်ခင်ရင်းနှီးစွာ တွေ့ရခြင်းဟာ မိုးနှောင်းရဲ့ရင်ကို မီးစနှင့်စိုက်ထိုးထားသည့်နှယ် ပူလောင်စူးနင့်စေသည်လေ။

"အဲဒီမိန်းမ ကြည့်ရတာ ဦးထန်မိုးအပေါ် အရည်ပျော်မျက်လုံးတွေနဲ့"

မိုးနှောင်းက အမှတ်မရှိစွာ ကြည့်မိပြန်သည်။ ချစ်စဖွယ်ကောင်းအောင် မူနွဲ့ပြနေသော ထိုမိန်းမ၏ပုံရိပ်ကို တွေ့ရသည်။ အဲဒါကို တွေ့တော့မှပဲ ဦးထန်မိုးကို တစ်ခါမှ မချွဲနွဲ့ဘူးတာ သတိရသည်။

"သူကရော"

"အင်း ... ဦးထန်မိုးကတော့ ပုံမှန်ပါပဲ။ ဒါပေမဲ့ သူတို့ တော်တော်ရင်းနှီးတဲ့ပုံ ပေါက်တယ်နော်။ အဲဒီမိန်းမက ဘယ်သူလဲ မသိဘူး ...

ဒါက စုံစမ်းလိုက်ရင် လွယ်ပါတယ်၊ ငါ စုံစမ်းပေးမယ် မိုးနှောင်း"





"နေပါဟာ ... စုံစမ်းပြီးတော့ ဘာလုပ်မှာလဲ"

"အို ... ဘာလုပ်ရမှာလဲ သိထားရမှာပေါ့။ ဒီမှာ မိုးနှောင်း၊ နင့်စိတ်ထဲမှာ ဦးထန်မိုးကို တကယ်ချစ်တယ်ဆိုရင် သူ့ကို ပိုင်ဆိုင်အောင် ကြိုးစားဖို့ဆိုတာလည်း လိပ်ပြာသန့်လို့ရတယ် ...

နင် ဒီဘဲကြီးကို တကယ် ကြွေသွားတယ်ပေါ့ ... ဟုတ်လား။ ပြောစမ်း ... ဘယ်အချိန်တည်းက ကြွေနေတာလဲ မိန်းမ"

ဘယ်အချိန်တည်းက ကြွေနေတာလဲ ... အဲဒါတော့ မိုးနှောင်း မပြောတတ်။ ဒါပေမဲ့ ဦးထန်မိုးနဲ့ ပတ်သက်လာလျှင် အလုပ်သဘော သဘောမထားနိုင်ဘဲ ခံစားချက်တွေ ပါဝင်လာတာဟာ ကြာပြီပဲလေ။ ဒါကို မိုးနှောင်းက အချစ်ဆိုသောအရာနှင့် မတွဲစပ်မိတာဖြစ်သည်။

ဒါပေမဲ့လည်း ဒါဟာ အချစ်ဟုတ်ပါ့မလားလေ။

"ငါကိုယ်ငါ မသဲကွဲပါဘူး သက်နွယ်ရာ"

"ငါ မေးမယ်။ သူနဲ့တွေ့တဲ့အချိန်တိုင်းမှာ ဘယ်လိုနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနေလဲတဲ့။ မိုးနှောင်းက ခပ်လှမ်းလှမ်းက သူ့ကို ဆွတ်ပျံ့စွာ လှမ်းပေးမိသည်။ ကြည်လင်ရှင်းသန့်နေတဲ့ သူ့ကို အဝေးက လှမ်းကြည့်ရတာတောင် နွေးထွေးလုံခြုံနေတာမျိုးလေ။ သူ့ရဲ့ သံလိုက်စက်ကွင်းက ဒီနားထိရောက်လာကာ ရစ်ပတ်ဆွဲငင်ထားတာမျိုးလို။ ရင်ခွင်ဟာ နာကျင်ရင်းနဲ့ကို ကျေနပ်သလို ဖြစ်နေတာဟာလည်း အချစ်ရဲ့ရှုံးသွပ်မှုတစ်ခုပဲ ဖြစ်လိမ့်မည်။

"သူ့ ဘဲလ်သံကြားတာနဲ့တင်ကို ငါ့နှလုံးသွေးတွေ တဒိတ်ဒိတ် ဖြစ်လာသလိုပဲ၊ သူ ငါ့အနားကို ရောက်လာရင် အင်ပါယာကြီး တစ်ခုထဲကို ဝင်သွားရသလို ကြီးကျယ်ခမ်းနားတယ်ဟာ ...

ပြီးတော့ ... ငါ ထင်ပါတယ်။ သူ ငါ့ကို Sex ကိစ္စချည်းပဲ ဦးစားပေး ဆက်ဆံတာမဟုတ်ဘူးဆိုတဲ့ အသိကအင်း ... အဲဒါကများ ငါ သွားခံစားမိတဲ့ အချက်လား မပြောတတ်တော့ပါဘူး သက်နွယ်ရာ"

"ဘယ်လိုပဲဖြစ်ဖြစ်လေ လူတစ်ယောက်ကို ချစ်မိသွားတယ်ဆိုတဲ့ ခံစားချက်က သိသာပါတယ်၊ အခု သူ့ကို အခြား





တစ်ယောက်နဲ့ တွဲတွေ့ရတာ နင့်ရင်ထဲမှာ ပူလောင်တယ်မဟုတ်လား ...

အဲဒါ ဘာလို့ ပူလောင်တာလဲ ... သိလား"

"အချစ်ကြောင့်လား"

"တစ်စိတ်တစ်ပိုင်း အားဖြင့်တော့ အချစ်ကြောင့်ပေါ့။ တကယ်တော့ Confidence မရှိတာကြောင့်ပဲ"

သက်နွယ်က ကျွမ်းကျင်ပညာရှင်နှယ် ပြောသည်။ အင်းပေါ့လေ ... တကယ်လည်း သူဟာ မိုးနှောင်းနှင့်ယှဉ်လျှင်တော့ ကျွမ်းကျင်ပညာရှင်ပါပဲ။

"Confidence ! မရှိတာ"

"ဟုတ်တယ် ... သူ့အချစ်က ကိုယ့်လက်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ရှိနေတယ်လို့ ယုံကြည်ချက် ရှိရင်တော့ အဲလို ပူလောင်တာတွေ ရှိမှာမဟုတ်တော့ဘူး"

မိုးနှောင်းက ဆတ်ခနဲပဲ ဟိုမိန်းမရဲ့မျက်နှာကို လှမ်းကြည့်မိသည်။ အဲဒီမိန်းမ မျက်နှာက Confidence ရှိတဲ့ မျက်နှာလား။ Confidence တော့ ရှိနေသည်။ ဘာကိုရှိနေတာလဲ တော့ မိုးနှောင်း မဝေခွဲတတ်ပါ။ အေးစက်သော လက်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



က ဖျတ်ခနဲ လာရောက်ဆုပ်ကိုင်ခြင်း ခံလိုက်ရသောအခါ မိုးနှောင်း လန့်တောင်သွားရသည်။

ကြည့်လိုက်သော် တောက်ပစိန်ခေါ်နေသော မျက်လုံးများဖြင့် စိုက်ကြည့်နေသော သက်နွယ်ကို တွေ့ရသည်။ သက်နွယ်ပြောသောစကားက ဟုတ်သော်ရှိ မဟုတ်သော်ရှိ မိုးနှောင်းအတွက်တော့ ရှုံးသွပ်ချင်စရာ အတိတည်း။

"ငါပြောတာယုံ၊ အဲဒီမိန်းမက ဦးထန်မိုးကို မချုပ်နိုင်သေးဘူး သိလား။ အဲဒါတော့ နင် လုံးဝယုံထားလိုက်"

❦ ○ ❦





## ၂၃

ကင်မရာမြင်ကွင်းထဲမှာ အနက်ရောင်ကားတံခါးတစ်ချပ်က ပေါ်လာပြီးနောက် အဲဒီတံခါးက ဖျတ်ခနဲပွင့်သွားကာ ဖြူဖွေးလှပသော ခြေထောက်လေးတစ်ဖက်က ထွက်ကျလာသည်။ အမည်းရောင် ကြက်ခြေခတ်ကြိုးလေးနှစ်ချောင်းသာ ရှင်းရှင်းလေးပါဝင်သော ပန်ဆယ်လ်ဟီးဖိနပ်လေးသည် မြေပြင်ပေါ်မှာ မတ်မတ်ရပ်လိုက်သည်။ ခရမ်းရောင်ချိုဖွန်သား ဘလောက်စ်ပွပွအံ့တိုလေးကို အဖြူရောင်မီနီစကတ် ဒူးအတိလေးနှင့် တွဲဖက်ဝတ်ဆင်ထားပြီး ဖိုင်လေးကို ပိုက်ထားသော မိုးနှောင်းသည် သင်တန်းလာသူလေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုံစံလေးကို သူက ချစ်မြတ်နိုးလွန်းစွာဖြင့် ငေးစိုက်ကြည့်နေမိသည်။ ဒီကောင်မလေးကို သူ ဘယ်တုန်းက ချစ်သွားလဲဆိုတာတော့ သူ မသိချေ။ ဒါပေမဲ့ တစ်ချိန်ချိန်တည်းက သူ့နှလုံးသားထဲကို ရောက်နေခဲ့တာတော့ ဖြစ်နိုင်သည်။ သူ့အဖြစ်က ရယ်လည်းရယ်ချင်စရာ ကောင်းသလို လူ့လောက လူ့နှလုံးသား၏ ထူးခြားဆန်းကြယ်မှုကလည်း အံ့သြစရာကောင်းလှသည်။ သူမကို ချစ်မိသွားပြီဟု ကိုယ့်ကိုယ်ကိုယ် သေချာချိန်မှစတင်ကာ အတူနေဖို့ထက် သူမမျက်နှာလေးကိုသာ တစိမ့်စိမ့်ထိုင်ကြည့်နေချင်စိတ် ပေါက်တော့တာပဲ ဆိုလျှင် ဘယ်သူတွေက ဘာပြောကြမှာလဲ။

သူ့အတွက်ကတော့ ဒီကောင်မလေးရဲ့သင်တန်းရှေ့မှာ လာရောက်စောင့်ကြည့်ရတဲ့ အဖြစ်က နှလုံးသားကိုလည်း နှပျိုလတ်ဆတ်စေသည်။ တစ်ချိန်က သူမက်ခဲ့သည့် အိပ်မက်အတွက်လည်း စိတ်အဆာကျွေး ဖြည့်ဆည်းပြီးသား ဖြစ်နေခဲ့ပါသည်။ သူ့ဘဝမှာ မိန်းကလေးတစ်ယောက်ကို ဒီလို ချစ်မြတ်နိုးစွာ စောင့်ကြည့်ခဲ့ဖို့ အခွင့်အရေးဆိုတာလည်း ဘယ်တုန်းကမှ မရှိခဲ့။ အခုလို မိုးနှောင်းကို တိတ်တဆိတ် ချောင်းကြည့်ပြီးမှ





ရုံးတက်ရသော ဖိလင်သည် လုပ်ငန်းခွင်ထဲမှာ အတွေးသစ်အကြံသစ်တွေကိုတောင် ပွားများစေလေသည်။ ခက်တာက ဒီမိန်းကလေးကို ချစ်တယ် ဆိုတာ ဘယ်လိုဖွင့်ပြောမလဲ။ သူမကရော သူ့ကို အဖြေပြန်ပေးပါ့မလား။ ထိုကိစ္စမှာ အတော်ခက်ခဲသော ကိစ္စပဲ ဖြစ်တော့သည်။

သူမရဲ့အနေအထိုင် စိတ်နေသဘောထား ပညာရေးအပေါ် အလေးထားသော မိန်းကလေးတစ်ယောက် စတာတွေက သူမအပေါ်မှာထားရှိတဲ့ သူ့ရဲ့တန်ဖိုးတွေပဲလေ။ ဘယ်နေရာရောက်ရောက် အကောင်းဆုံးလမ်းကို ပြန်လျှောက်ခွင့် ရှိတယ်ဆိုတဲ့ သူမရဲ့စိတ်ထားကလည်း မပြောလည်းဘဲ အရှင်းသားမြင်တွေ့နေရတာကို သဘောကျရသည်။ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ သူ့အတွက် သူမက တန်ဖိုးရှင်တစ်ယောက်ရဲ့ လက်ဆောင်နဲ့ တူပါသည်။

ဒီတစ်ပတ် သောကြာကိုတော့ သူက ရှိတဲ့ခင်နာကိုတောင်ဖျက်လျက် သူမဆီသို့ အရောက်သွားခဲ့သည်။ သူမလက်ရာလေးကိုလည်း လွမ်း၍ဖြစ်ပါသည်။ တံခါးဖွင့်ပြီး ဘဲလ်တီးလိုက်တည်းက လာဖွင့်ပေးမည့်ပုံကို ရင်ခုန်မှန်းဆနေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း လာဖွင့်ပေးတဲ့ ပုံစံလေးက သူ့ရင်ကို ဆွဲယူလှုပ်ခတ်ခဲ့လေသည်။

စိမ်းပြာရောင် စိတ္တဇဆင် စပန့်ဂါဝန်ရှည်ကြီးနှင့် ရေစိုဆံပင်များကို တဘက်တစ်ထည်ဖြင့် သုတ်လက်စ အနေအထားက သူမကို သဘာဝကျကျလှပသော မိန်းကလေးတစ်ယောက်ဖြစ်အောင် ပံ့ပိုးပေးသော အနေအထားမှာရှိသည်။ ရေချိုးပြီးစ Shower အနံ့လေးပင် သင်းပျံ့လတ်ဆတ်သော သူမအနားက ဖြတ်သွားခိုက်ဝယ် အေးခနဲတောင် ခံစားသွားရသလိုရှိသည်။ မိန်းကလေးတစ်ယောက်ရဲ့အလှစစ်ကို အိပ်ရာထချိန်မှာ သိရတယ်ဆိုလျှင် ခေါင်းလျှော်ပြီးစအချိန်ကတော့ အလှပဆုံးအချိန်များဖြစ်နေမလား မပြောတတ်ပါ။ သွေ့ခြောက်စ ခပ်ထိုင်းထိုင်းဆံနွယ်များအောက်မှ ဘာမှ မလိမ်းခြယ်ရသေးသော မျက်နှာလေးက ဖူးစင်နေသည်။

အဲဒီပါးပြင်လေးကို ဖိကပ်နမ်းလိုက်လျှင် အေးစက်နူးညံ့နေမည်။ ဒါကို သိသော်လည်း သူ ဘာကြောင့် လက်တွန့်နေရသနည်း။ ခက်တော့ ခက်သည်။

"ရေချိုးနေတာလား"





"ဟုတ် ... ပြီးနေပါပြီ"

သူက ဆိုဖာမှာ သက်သောင့်သက်သာ ဝင်ထိုင်လိုက်သည်။ သူမက သူ့ရှေ့သို့ ကြည်လင်စိမ်းမြနေသော စိမ်းဖန့်ဝါဝါရည် တစ်ဖန်ခွက် လာချပေးသည်။

"လက်ဖက်ရည်အေးပါ"

"ကျေးဇူး"

သူက ကောက်မော့လိုက်ပြီးမှ သူမကို မေးလိုက်သည်။ တကယ်လှဖသော မိန်းမတစ်ယောက်ဟာ စပန့်ဂါဝန်နဲ့လည်း အလှစစ်ကို ဖုံးကွယ်ထားနိုင်မည် မထင်ပါ။

"ဒီနေ့ညစာ ဘာစီစဉ်ထားလဲ အနှောင်း"

"ဦးထန်မိုး စားချင်တာ စီစဉ်ပေးမှာမို့ ဘာမှ မစီစဉ်ထားဘူး"

"ဟုတ်လား ... ဒါဆိုလည်း အများကြီး မစီစဉ်ပါနဲ့။ ကိုယ် ဒီည သောက်ရင်း မင်းနဲ့စကားပြောချင်တယ် — ဟိုးအရင်ကလိုပေါ့။ ကိုယ်သောက်နေတဲ့ဘေးမှာ မင်း ထိုင်ပေးနေတာလေးက အရမ်း ကြည်နူးလို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို အဓိပ္ပာယ်မဖော်တတ်သော မျက်လုံးများဖြင့် ကြည့်လာသည်။ အဲဒီမျက်လုံးများဟာ စကားတွေအများကြီး ပြောသည်။ သို့သော် ဘာပြောချင်တယ် ဆိုတာတော့ သူ မသိချေ။

"ဒါဆို အမြည်းကောင်းကောင်း စီစဉ်ပေးရမှာပေါ့၊ ကောင်းပါပြီ"

သူမက ချစ်စဖွယ် ပြောတာလား၊ တမင်ရွဲ့ပြောတာလား မသိရသော ပုံစံမျိုးနှင့်ပြောကာ လှည့်ထွက်မည်ပြင်သည်။ သူက လှမ်းပြောလိုက်သည်။

"မင်းရော သောက်ချင်ရင် သောက်လေ"

သူမက ဘာမှလှည့်မပြောပါ။ သူ ရေချိုးပြီးသွားသောအခါ မှန်ချပ်များနားကဗိုင်းတွင် Gold တစ်ပုလင်း၊ ဗိုင်တစ်ပုလင်း၊ ကန်စွန်းပလိန်း၊ ဝက်အူချောင်းကြော်၊ ငါးမုန့်ကြော်၊ ကျောက်ပွင့်နှင့်ပုစွန်သုပ် စသဖြင့် လျှပ်တစ်ပြက်အတွင်းမှာ မြိုင်မြိုင်ဆိုင်ဆိုင် အစပ်ဟပ်တည့်အောင် စီစဉ်ပေးနိုင်တာသည် သူမရဲ့အရည်အချင်းပဲ ဖြစ်လိမ့်မည်။

"ဗိုင်က မင်း သောက်မှာလား"





"ဟုတ်တယ်လေ၊ ဦးထန်မိုးက သောက်နေပြီး ကျွန်မက ထိုင်နေရမှာ ပျင်းစရာကောင်းတာပေါ့"

သူက ပခုံးတစ်ချက်တွန့်ပြီးနောက် သူမကိုပါ ထိုင်ပါဟူသော သဘောဖြင့် လက်ဝါးဖြန့် ညွှန်ပြလိုက်သည်။ ဆိုဒါနှင့် သူ အရက်စပ်နေချိန်ဝယ် သူမကလည်း ဗိုင်ကိုငှဲ့နေသည်။ အမြည်းလေးစားရင်း သူ သောက်နေချိန်ဝယ် သူမကလည်း ဗိုင်ကို ဖြည်းဖြည်းချင်း မော့နေပုံမှာ အထာကျလှပါသည်။ စပန့်ဂါဝန်နှင့် ဗိုင်သောက်နေပုံက ခပ်မိုက်မိုက်ပဲဟေ့ဟု အော်ရမယ့်ဒီဇိုင်း ဖြစ်တော့သည်။

"English သင်ရတာ ဘယ်လိုနေလဲ၊ အဆင်ပြေလား"

"ပြေပါတယ်၊ သင်တန်းမှာ ကျွန်မ အတော်ဆုံးလို့ တီချယ်က ပြောတယ်"

နောက်ပြောနေတာလားဟု ကြည့်လိုက်သော်လည်း သူမပုံစံက အတည်ပြောနေသလိုပါပဲ။

"မင်း ပညာသင်လိုစိတ် သိပ်ပြင်းထန်နေတယ်နဲ့ တူတယ် နော် ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပိုင်ကိုမော့ရင်း သူ့ကိုလှမ်းကြည့်ကာ ဘာမှ ပြန်မပြောပါ။ ဒါပေမဲ့ မျက်လုံးတွေကတော့ ဟုတ်တယ်ဟု ဖြေနေဟန်ရှိပါသည်။ Gold နှစ်ပက်လောက် ဝင်သွားချိန်မှာတော့ သူ့အာရုံတွေ သက်သွက်လက်လက် ဖြစ်လာသည်။ ဒီည သူ နည်းနည်းမူးအောင် သောက်မည်။ သူ့လစ်မစ်ကို ကျော်မည်။ လစ်မစ်ကျော်လျှင် သူ Sex ကိစ္စကို စိတ်ဝင်စားတော့မည်မဟုတ်။

စိတ်လည်း မဝင်စားချင်တော့ပါ။ အနှောင်းကို သူချစ်ကြောင်း ဖွင့်ပြောပြီး သူမကလည်း သူ့ကိုချစ်တယ်ဆိုသော ကိစ္စဟာ Sex ကိစ္စထက် အရေးကြီးသွားပြီ။ အဲဒါက သူ့အတွက် ကမ္ဘာပေါ်မှာ အရေးအကြီးဆုံးကိစ္စ ဖြစ်တော့မည်။ လောကတွင် ချစ်ခြင်းမေတ္တာတရားမှလွဲ၍ ကျန်တာတွေကို ပိုင်ဆိုင်သူအဖို့ ချစ်ခြင်းမေတ္တာက အရေးအကြီးဆုံးပဲ ဖြစ်နေလိမ့်မည်။

"မင်း ကိုယ့်ကို ဘယ်လိုမြင်လဲ နှောင်း"

"ဆောရီး ... ကျွန်မ မပြောတတ်ဘူး"

"မဟုတ်ဘူး။ မင်းပြောတတ်သလောက် ပြောပါ။ ကိုယ် မင်းဆီက Comments တွေ ကြားချင်တယ်"





သူမနှုတ်ခမ်းတွေက တင်းတင်းစေ့သွားကြသည်။ ပြီးတော့ မျက်ခုံးနှစ်ဖက်က နည်းနည်းလေး ကျုံ့သွားပါသည်။

"ဦးထန်မိုးက သနားကြင်နာတတ်တဲ့စိတ် ရှိတယ်၊ အဲလို လူလို့ပဲ ထင်တယ်၊ ကျန်တာတော့ ကျွန်မလည်းမပြောတတ်တော့ဘူး။ တခြားလူတွေနဲ့ ပြောဆိုဆက်ဆံတာလည်း ကျွန်မ မတွေ့ဖူးဘူးလေ ...

ကျွန်မတို့ ပတ်သက်မှုက ဒီအခန်းထဲမှာပဲ ရှိတာ မဟုတ်ဘူးလား"

သူက မျက်လုံးတစ်ချက် လှန်ကြည့်လိုက်လျှင် သူမကလည်း တည့်တည့်ပြန်ရင်ဆိုင်ကြည့်နေသည်။ သူမမှာ ဘာခံစားချက်တွေ ရှိနေလဲ။ သူကတော့ သူ့ခံစားချက်တွေ သူ ပြောပြဖို့ လိုသည်။

"မင်းကို ကိုယ့်ဘဝအကြောင်း တစ်ခါမှ မပြောပြဖူးဘူး ထင်တယ်နော် အနှောင်း။ တကယ်တော့ ကိုယ်ဟာ ဆင်းရဲတဲ့ မိဘက မွေးဖွားလာတဲ့သူပါ"

သူမမျက်လုံးတွေက စိတ်ဝင်တစားနှင့် နားထောင်နေမှန်း သိ၍ သူက ဆက်ပြောပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဆင်းရဲပေမယ့် ကလေးဘဝက မိစုံဖစုံနဲ့ ကိုယ်ပျော်ခဲ့ရပါတယ်။ ဒါပေမဲ့ ကိုယ် သုံးတန်းနှစ်မှာပဲ ကိုယ့်အမေက ဆုံးသွားတယ်၊ ကိုယ့်အဖေက အလုပ်ကြိုးစားလို့ သူဋ္ဌေးတစ်ယောက်ရဲ့လူယုံ ဖြစ်လာတယ်၊ သူဋ္ဌေးက အားကိုးခဲ့ရတယ်ပေါ့ ...

ကိုယ် လူပျိုပေါက်အရွယ်မှာ အရာရာဟာ ခမ်းနားလှပနေခဲ့တယ်။ မြင်သမျှ မိန်းကလေးတိုင်းကလည်း လှပြီး ချစ်ဖို့ကောင်းခဲ့တယ်။ ရင်ခုန်တတ်စ အရွယ်မှာ အချစ်ဆိုတာလည်း ကိုယ့်အတွက် ကြီးကျယ်ခမ်းနားတဲ့ အရာတစ်ခုပေါ့ ...

အဟင်း ... ကိုယ် ဆယ်တန်းမှာ မိန်းကလေးတစ်ယောက်ကို ချစ်ဖူးတယ်ကွ၊ အဲ ... အဲဒီတုန်းက ချစ်တယ် ထင်ခဲ့ရတာပေါ့လေ။ ခုတော့ သူ့နာမည်တောင် မေ့တော့ပါပဲ။ ထားပါ”

သူက စကားစကိုဖြတ်လျက် နည်းနည်း ထပ်မော့မိသည်။ ကန်စွန်းရွက်ကို နည်းနည်းယူစားသည်။





“အဲ ... ကောင်မလေးကို ကိုယ် ချစ်ခဲ့တယ်ပေါ့ကွာ။ ဒါပေမဲ့လည်း အဲ့အချိန်က ဆယ်တန်းဆိုတော့ ဖွင့်မပြောသေးဘူးပေါ့။ အကြည့်ချင်းဆုံပြီး နှစ်ယောက်သားတော့ နားလည်သဘောပေါက်ထားကြတာပေါ့ ...

ကိုယ့်အတွေးက တက္ကသိုလ်ရောက်တော့မှ နှစ်ယောက်သား လွတ်လွတ်လပ်လပ် ချစ်မယ်၊ ကိုယ်ကလည်း သူ့ကို အဲဒီတော့မှ ချစ်ခွင့်ပန်မယ်ပေါ့။ ဒါ ပေ မယ့် ... ဟက် ... ဟက် ...

လောကကြီးက ကိုယ့်ကို မင်းထင်သလို ဘယ်တော့မှ ဖြစ်မလာဘူးဆိုတဲ့ Lesson ကို စပေးတာအရမ်းပြင်းတယ်ကွာ”

“အဲဒီကောင်မလေးက သူများနောက် ပါသွားလို့လား”

သူက စိတ်ဝင်တစားဖြင့် အလောတကြီး ထမေးသည်။ သူက နာကျင်စွာပြုံး ခေါင်းယမ်းပြကာ ဖြေလိုက်ပါသည်။

“ဟင့်အင်း ... ကိုယ်က သူများနောက် ပါသွားတာ”

“ရှင်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အဖြစ်က ရုပ်ရှင်ဆန်တယ်၊ ဝတ္ထုဆန်တယ်ပဲ ပြောရမလား။ ကိုယ့်အဖေရဲ့သူငွေး၊ သူငွေးရဲ့သမီးကို ကိုယ်လက်ထပ်လိုက်ရတယ်၊ လက်ထပ်ပြီးတော့ ငါးလနေတော့ အဲဒီအမျိုးသမီး မီးဖွားတယ် ...

အင်း ... ကိုယ်ကတော့ အိမ်ထောင်သည် နာမည်ခံထားပေမယ့် လူပျိုရည်မပျက်သေးပါဘူး။ အဲဒီအမျိုးသမီးနဲ့လည်း နောက် ငါးနှစ်နေလို့ တရားဝင်ပြန်ကွာရှင်းတဲ့အချိန်အထိ တစ်အိမ်ထဲမှာ တစ်ခန်းဆီ နေခဲ့တာပါ ...

ဒီလောက်ဆို သူ့ကို ကိုယ် ဘာလို့ လက်ထပ်ခဲ့ရလဲ၊ ဘာအတွက် လက်ထပ်ခဲ့ရသလဲ ရှည်ရှည်ဝေးဝေး မစဉ်းစားဘဲ မင်း သဘောပေါက်မှာလား"

သူ့ကိုကြည့်လာသော သူမရဲ့မျက်ဝန်းတွေထဲမှာ နားလည်စာနာခြင်းတွေများများ ရှိနေပါသည်။ လူ့ဘဝဆိုတာ ဘယ်သူမှ စင်းလုံးချော မရှိခဲ့ပါဘူး မိန်းကလေးရယ်။ ပေးဆပ်ပြီးမှ ပိုင်ဆိုင်ရတဲ့ဘဝတွေလည်း ဒုနဲ့ ဒေးပါ။

"ကိုယ့်ဘဝရဲ့ အခိပ္ပာယ်ဟာ ဘာလဲဆိုတာ ကိုယ် မနည်းပြန်ရှာဖွေခဲ့ရတယ် အနှောင်း။ ဘဝရဲ့အဓိပ္ပာယ်ဆိုတာ





လုပ်ငန်းခွင်မှာ ထက်မြက်ထူးချွန်ခြင်းမဲ့လို့ ကိုယ်သတ်မှတ်လိုက်တာလည်း ကောင်းတော့ ကောင်းပါတယ်။ ကိုယ်ရလာတဲ့ အရင်းအနှီးနဲ့ စီးပွားရေးဘက်မှာ စိတ်နှစ်ပြီးလုပ်ခဲ့တယ်၊ ချမ်းသာချင်လွန်းလို့ မဟုတ်ဘဲ ကိုယ့်ဘဝရဲ့ အဓိပ္ပာယ်ကို ကိုယ်ပြန်ရှာခဲ့တာပါ ...

ယောကျာ်းတစ်ယောက် ပိုက်ဆံချမ်းသာလာရင် မိန်းမဆိုတဲ့အရာလည်း ကပ်ပါလာတတ်တယ်လေ။ မင်းလည်း သိမှာပါ။ ကိုယ် မိန်းကလေးတွေနဲ့တွဲတယ်၊ စမ်းဆာပေးတယ်။ သာယာမှု ရှာတယ်။ အထူးသဖြင့် ကိုယ် ဆယ်တန်းကျောင်းသားဘဝက မိန်းကလေးတစ်ယောက် အပေါ်ထားတဲ့ ခံစားချက်မျိုး ကိုယ် ပြန်ရှာနေတာ အနှောင်း ...

ကိုယ် မတွေ့ခဲ့ဘူးလေ"

အဆုံးသတ်စကား ပြောပြီးတော့ သူက တစ်ခွက် ထပ်မော့သည်။ သူ့လစ်မစ် ကျော်သွားပါပြီ။ သူမကတော့ သူ့ကို ငေးနေဆဲ။ ငါ မင်းကို ပါးလေးပဲ နမ်းချင်တော့တယ် အနှောင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ခုချိန်မှာတော့ ကိုယ့်ဘဝအစီပွားယ်ကို ပြန်ရှာပေး နိုင်တဲ့ တန်ဖိုးရှိတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ပြီ အနှောင်းရေ ... ဟား"

မရတော့။ အဲဒီစကားကို ပြောပြီးနောက် သူ့ခေါင်းတွေ ချာချာလည်သွားပြီ။ ဟားခနဲ ရေရွတ်ရင်း နောက်ကိုမှီချ လိုက်သည့်အခိုက်တွင် သူ ဘာမှမသိတော့။ အနှောင်းရဲ့တဆက်ဆက်တုန်ယင်လာသော နှုတ်ခမ်းများကို သူ မြင်နိုင်စွမ်း မရှိတော့ပါ။

❦ ○ ❦





## ( ၂၄ )

အဖြူရောင်ချည်သားစွပ်ကျယ်ကို ဝတ်ဆင်ကာ ရှင်းပြောင်းနေသော မျက်နှာဖြင့် မှန်ထဲမှာ မြင်နေရသော မိန်းကလေးကို မိုးနှောင်းက တန်ဖိုးရှိသော မိန်းကလေး ဟုတ်,မဟုတ် ပြန်စဉ်းစားနေမိသည်။ သေချာတာကတော့ မိန်းကလေးတစ်ယောက်ရဲ့ ရိုးသားခြင်းဂုဏ်တန်ဖိုး ဘယ်လိုလုပ် ရှိတော့မှာလဲ။ မိသားစု အတွက်ပါ ဘာအတွက်ပါ ညာအတွက်ကြောင့်ပါ ဘယ်လိုပဲပြောစေကာမူ ဘဝနဲ့ငွေကြေး အခြားအဆင်ပြေမှုများစွာကို အလဲလှယ် လုပ်ခဲ့တာပဲလေ။

မိန်းကလေးတစ်ယောက်ရဲ့ အမြင့်ဆုံးဂုဏ်သိက္ခာကို ငွေကြေးနဲ့ ပေးဝယ်သလို အပေးအယူဆန်ဆန် ရခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းအပေါ်မှာ ဦးထန်မိုးက ဘယ်လိုတန်ဖိုးမျိုး ထားရှိမှာတဲ့လဲ။ လှပကြော့ရှင်း ကျက်သရေရှိသော ပညာတတ်မိန်းမတစ်ယောက်ကို မျက်လုံးထဲမှာ ပြန်မြင်ယောင်လာသည်။ မိုးနှောင်း ဘယ်နေရာကမှ ယှဉ်လို့မရသော မိန်းမတစ်ယောက်ပေပဲ။ တန်ဖိုးဆိုတာလည်း ထိုမိန်းမတစ်ကိုယ်လုံး၌ ပြည့်သိပ်နေပေလိမ့်မည်။ နှလုံးသားက တဆစ်ဆစ်နာမှုသည် သွေးကြောအနှံ့ ထိုးဖောက်နေလေသည်။ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ထံထားသော တန်ဖိုးကို မိုးနှောင်း အလွန်အမင်းပဲ သိချင်နေတုန်းမှာ ဖုန်းတစ်ကောလ်က ဝင်လာခဲ့သည်။

နိုင်ဇာ ဆက်တာ ဖြစ်ပါသည်။

"ပြော ... နိုင်ဇာ"

"စကားပြောဖို့ အဆင်ပြေရဲ့လား"

"ပြေပါတယ် ... ဘာဖြစ်လို့လဲ"

"သြော် ... အေးအေးဆေးဆေးရှိမှ စကားပြောလို့ ကောင်းမှာမို့လေ။ အားရဲ့လား၊ စကားပြောဖို့ အဆင်ပြေရဲ့လား စသဖြင့် သူများအတွက် ထည့်စဉ်းစားပေးတာပေါ့ — အဟဲ"





သူများအတွက် ထည့်စဉ်းစားတာ ...။ အင်း ... မိုးနှောင်းလည်း သူများအတွက် ထည့်စဉ်းစားခဲ့တဲ့သူပဲ မဟုတ်လားနော်။

"မိုးနှောင်း မနက်ဖြန်မနက် ဆယ်နာရီလောက်ပေါ့ အားလား"

"အင်း ... သင်တန်းလည်း မရှိဘူး။ အားပါတယ်"

"မနက်ဖြန် ထရိတ်ဒါးစ်မှာ ဖုန်းမိတ်ဆက်ပွဲတစ်ခုရှိတယ်၊ (......)ဖုန်းထွက်ပြီလေ။ အဲဒါကို မိတ်ဆက်မှာ၊ ကျွန်တော့်အမေကလည်း အဖေမရှိတော့ မသွားချင်တော့ဘူး။ အဲဒါ ဖိတ်စာ ပေးထားလို့ ...

ကျွန်တော်နဲ့အတူ ပွဲလိုက်တက်ပါလားလို့"

ပွဲလိုက်တက်ပါလား။ အဲဒီစကားသံက မိုးနှောင်းရဲ့နားထဲမှာ ပဲ့တင်ထပ်သွားသည်။ တစ်ဆက်တည်းမှာပဲ မြင်မိတာက ဦးထန်မိုးရဲ့ မျက်နှာကိုပါ။ မိုးနှောင်းနဲ့တွဲပြီး လူမြင်ကွင်းကို ဘယ်တော့မှ မထွက်ချင်တဲ့သူ။ တစ်နေ့ကတော့ မိန်းမတစ်ယောက်နဲ့ ချစ်ခင်နှစ်သက်စွာ ညစာ စားနေတာလေ။ မိုးနှောင်းကတော့ အဲဒီလို တောင်းဆိုတာတောင် သူက ငြင်းဆန်ရှောင်လွှဲခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဇာကရော ...။ အင်းပေါ့လေ ... နိုင်ဇာ သိထားတဲ့ မိုးနှောင်းနဲ့ ဦးထန်မိုး သိထားတဲ့ မိုးနှောင်းက တူမှမတူတာပဲကိုး။

"ဘယ်လိုလဲ မိုးနှောင်း။ လိုက်တက်ပေးမလား"

"ရပါတယ်၊ တို့ ကိုးနာရီထဲက ရယ်ဒီ လုပ်ထားပါမယ်။ ဆယ်နာရီဆိုတော့ ကားကျပ်မှာနဲ့ ကိုးနာရီထဲက ထွက်ရမယ်"

"အဟဲ ... ကျေးဇူးပဲ မိုးနှောင်း။ ကျွန်တော်လည်း လကုန်ပြီးရင် ပြန်ရတော့မယ်လေ"

"ဟုတ်လား ... ကျောင်းဖွင့်တော့မှာလား"

"အင်းပေါ့ ... ကျောင်းဖွင့်တော့မှာမို့ ပြန်ရမှာပေါ့။ မဟုတ်ရင်တော့ မပြန်ချင်သေးပါဘူး"

"မေမေနဲ့ မခွဲနိုင်ဘူးပေါ့လေ"

"မေမေနဲ့ မဟုတ်ပါဘူး ... ဟာ ... ဟ"

သူက ဆက်မပြောသဖြင့် မိုးနှောင်းက ဆက်မမေးတော့ချေ။ တခြားအကြောင်းအရာတွေ ထွေရာလေးပါးပြောပြီး ဖုန်းချခါနီးမှ မိုးနှောင်းက သိချင်စိတ်ကို ဘယ်လိုမှ ထိန်းမရတော့သဖြင့် မေးဖို့ဆုံးဖြတ်လိုက်တော့သည်။





"နိုင်ဇာ"

"ခင်ဗျာ"

"ဟို ... တို့ သိချင်တာတစ်ခု ဖြေပေးပါလား"

"ပြောဗျာ"

"နိုင်ဇာတို့ ယောကျ်ားလေးတွေက မိန်းကလေးတစ်ယောက်အပေါ်မှာထားတဲ့ တန်ဖိုးဆိုတာ ဘယ်လိုအရာမျိုးကို ပြောတာလဲဟင်"

နိုင်ဇာက ရုတ်တရက်တော့ နှုတ်ဆိတ်သွားသည်။ သူ စဉ်းစားနေတာ ဖြစ်နိုင်ပါသည်။ မိုးနှောင်းကိုလည်း ရယ်ကျဲကျဲနှင့် ပြောသေးသည်။

"ခက်လေး ... ကျွန်တော့်ဘဝမှာ အဲဒီမေးခွန်းမျိုး ဘယ်မိန်းကလေးကမှ မမေးဘူးသလို အဲဒါမျိုး တန်ဖိုးနဲ့ပတ်သက်တဲ့ ကိစ္စဆိုတာလည်း တစ်ခါမှ မစဉ်းစားဖူးလို့ ဖြေရခက်နေတယ်"

"ရပါတယ် ... ဖြည်းဖြည်းပဲ စဉ်းစားပါ"

"အင်း ... တစ်ခုတော့ ရှိတယ်။ ကျွန်တော်က မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးကို ဆင်းရဲတာ ချမ်းသာတာနဲ့တော့ မဖြတ်တတ်ဘူးဗျ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ကိုယ်ပိုင်အရည်အချင်း၊ သူဘယ်လောက်စိတ်နှလုံးလှလည်း စသဖြင့် အဲဒါတွေနဲ့ တန်ဖိုးထားမိမယ်နဲ့ တူတယ်”

“ကိုယ်ကျင့်တရားနဲ့ရော”

“ကိုယ်ကျင့်တရား ဆိုတာ ကျယ်ဝန်းတယ် ထင်တယ်။ ဥပမာ တစ်ခုပြောမယ်။ မိန်းကလေးတစ်ယောက်မှာ ချစ်သူရှိတယ် ဆိုပါတော့ဗျာ။ သူက သူ့ချစ်သူနဲ့ လက်မထပ်ရသေးဘဲ အတူနေမိတယ်၊ နေတယ်ဆိုပါတော့ဗျာ ...

အဲဒီမိန်းကလေးကို ကိုယ်ကျင့်တရား မကောင်းဘူးလို့ အတပ်ပြောလို့တော့ ရမယ်မထင်ဘူးဗျ။ ဒါက သူတို့ချစ်သူချင်း နားလည်တဲ့ကိစ္စပဲလေ။ သူ့ကို ကိုယ်ကျင့်သိက္ခာမရှိတဲ့ မိန်းကလေးလို့ သွားပြောလို့ မရဘူး။ အဲလိုပေါ့ ... ဒါနဲ့ ကျွန်တော်ကို ဘာလို့ဒါတွေမေးရတာလဲ”

“ဒီလိုပါပဲ ... တွေးမိတာလေးတွေ မေးကြည့်တာပါ၊ စိတ်ဝင်တစားနဲ့ ပြေပေးတာ ကျေးဇူးပဲ နိုင်ဇာ”

“ရပါတယ် မိုးနှောင်း။ C U Tomorrow ... Bye ”





သူက နှုတ်ဆက်ပြီး ဖုန်းချသွားသည်။ မိုးနှောင်းရဲ့အာရုံသည် မျက်နှာတစ်ခုတည်းကိုပဲ ပြေးမြင်ကာ ရင်ထဲမှာ ရှုးနှင့်နေသည်။ တစ်စုံတစ်ယောက်ကို ကိုယ့်အကြောင်းကိုယ်မချွင်းမချန် ဖွင့်ပြောကာ ဒီလိုမိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးဟာ ဘာလဲဟု အော်ဟစ်မေးလိုက်ချင်သည်။ မွန်းကျပ်သည်။ မွန်းကျပ်မှု မရှိဘဲ သာယာစွာ လွင့်မျောရသော အချစ်ကို ဘယ်လိုများ ပိုင်ဆိုင်ရပါ့မလဲ။

ဘာကြောင့်များ မချစ်သင့်တဲ့ ချစ်လို့မရတဲ့ လူတစ်ယောက်ကို ချစ်မိသွားရတာလဲ။ သူကရော ကိုယ့်အချစ်ကို ယုံမှာတဲ့လား။ ကိုယ်တောင် ငွေကြေးအတွက်နဲ့ ခန္ဓာကိုယ်ကို ရောင်းစားခဲ့တာလေ။ ဒီလို မိန်းကလေးတစ်ယောက်ထံမှာ ရှင့်အတွက် ကြီးကျယ်မြင့်မြတ်တဲ့ အချစ်တစ်ခု မွေးဖွားလာခဲ့တယ်ဆိုရင် ဒါဟာ ကျွန်မအတွက် ကံဆိုးခြင်းတစ်ခုသာ ဖြစ်လာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



# (၄၂)

မိုးနှောင်းရဲ့ဘဝမှာ ဒီလိုပွဲမျိုး ဘယ်တုန်းကမှ တစ်ခါမှ မတက်ခဲ့ဖူးသဖြင့် စိတ်လှုပ်ရှားလျက် ရှိသည်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် သက်နွယ်က ဆိုင်မှာတောင် မိတ်ကပ်သွားပြင်ပေးသည်။ ဆံပင်ကို ဆံထုံး,ထုံးပေးသည်။ ငါးရိုးကျစ်ဆံမီး ဆံထုံးနောက်တွဲလေးနှင့် လိမ်းထားသည်ဟု မထင်ရအောင် ညက်ညောလင်းဖြာနေသော မိတ်ကပ်သည် မိုးနှောင်းရဲ့ရုပ်ကို တစ်မျိုးတစ်မည် အမြင်ဆန်းစေပါသည်။

ခိုပြာရောင် ဇာဂါဝန်တို လက်ပြတ်ဟာ ဒူးတိုရုံလေး ဖြစ်ပြီး လည်ပင်းအဝိုင်း လက်ပြတ် ဘာမှအဆန်းတကြယ်ကြီး မဟုတ်သော်လည်း မိုးနှောင်းကို ဝီလျှံမင်းသား၏ ကြင်ယာတော်





ကိတ်ကဲ့သို့ အဆင့်တန်းမြင့် လှပစေသည်။ လည်ပင်းမှာ မှဲ့ ပုတီးလေးတစ်ကုံးကြောင့် ပို၍တော်ဝင်ဆန်သွားစေသည်။ သာ ကြိုသော နိုင်ဇာပင်လျှင် တစုတ်တရ ချီးမွမ်းပါသည်။

"ဟာ ... ဒီနေ့ပွဲမှာတော့ မိုးနှောင်းက Celebrity တွေ ထက်တောင် ပေါ်ပြူလာ ဖြစ်ဦးမှာပဲ၊ အရမ်းလှတာပဲ မိုးနှောင်း"

"အဟင်း ... ကျေးဇူးပဲ"

"ကျွန်တော်ကသာ ကျေးဇူးတင်ရမှာပါဗျာ"

"ဟင် ... ဘာလို့လဲ"

"ကျွန်တော်နဲ့အတူ ဒီလို အလှပဆုံး ပွဲတက်ပေးလို့လေ။ နိုင်ငံခြားမှာဆို ပွဲတက်ရင် အဖော်တစ်ယောက်ပါမှ ပြည့်စုံတာမျိုးလေ။ အဲဒါမျိုးအတွက် တကူးတက Date လိုက် လုပ်ရတာမျိုးဗျ"

သူ့အပြောကို မိုးနှောင်းက အသာပြုံးကာ ကျေနပ်နေခဲ့သည်။ ဒီလိုနှင့် ဖုန်းအသစ် စတင်မိတ်ဆက်ရောင်းချရာ အခမ်းအနားရှိ ဟိုတယ်ကြီးသို့ ရောက်သွားလျှင် မိုးနှောင်းမှာ သူ့လက်ကို လိုက်ခွဲထားချင်စိတ်တောင် ပေါက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးမင်းသား မင်းသမီး၊ သူဌေးများ၊ သတင်းထောက်များ၊ အဆိုတော်များ၊ ဓာတ်ပုံဆရာများ ခြေချင်းလိမ်နေသည့် Grand Ballroom အတွင်းသို့ သူကတော့ ရဲဝံ့သောခြေလှမ်းမျိုးဖြင့် ဝင်သွားသည်။

ဒီပွဲမျိုးနှင့် စိမ်းသက်သူ မိုးနှောင်းမှာတော့ မနည်းကိုပဲ ဟန်ကိုယ့်ဖို့ လုပ်နေရလေသည်။ အဲဒီအချိန်မှာပဲ သူက မိုးနှောင်းရဲ့ လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲ လာဆွဲသည်။ မော်ကြည့်လိုက်တော့ သူက အားပေးသလို ပြုံးပြနေသည်။ အားပေးသလိုလည်း လက်ကိုတစ်ချက် ဖျစ်ညှစ်သည်။ သူ့ကို တာဝန်ရှိသူတစ်ယောက်က အပြေးအလွှား လာကြိုကာ နေရာချထားပေးသည်။ သိပ်မကြာခင် အခမ်းအနားစသည်။ မော်ဒယ်တွေက ပစ္စည်းကို မိတ်ဆက်ပြသပြီး ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက်က ရှင်းလင်းပြောကြားပြီးနောက် ပစ္စည်းကို မိတ်ဆက်ရောင်းချခြင်းနှင့်အတူ ပြသထားရာသို့ သူကခေါ်သည်။ မိုးနှောင်းကလည်း သူနှင့်အတူတူ လိုက်ကြည့်စဉ်မှာပဲ သူ့ထံက "ဒယ်ဒီ"ဆိုသောအသံကို ကြားလိုက်ရလျှင် မိုးနှောင်းကပါ လှည့်ကြည့်မိသည်။ အဲဒီအခိုက်အတန့် ... အဲဒီအခိုက်အတန့်ဟာ မိုးနှောင်းရဲ့ဦးခေါင်း





ကို မိုးကြိုးပစ်လိုက်သလိုပါပဲ။ သူ ဒယ်ဒီဟု ခေါ်လိုက်သော လူတစ်ယောက်ဟာလည်း သူနဲ့မိုးနှောင်းကို အံ့ဩသလို တစ်ချက်ငေးစိုက်ကြည့်နေသည်။ သို့သော်ဟာ ... အဲဒါဟာ ခဏလေးဆိုမှ ခဏလေးပါပဲ။

သူဟာ အတွေ့အကြုံရင့်ကျက်သော ယောက်ျားပီပီ ခဏတွင်းမှာပဲ အပြောင်းအလဲကို ဖန်တီးလိုက်နိုင်သည်။

မိုးနှောင်းရဲ့မြင်ကွင်းထဲသို့ အဖြူရောင် ပိုးချိတ်ဝတ်စုံနှင့် တစ်နေ့က တွေ့ခဲ့ဖူးသော မိန်းကလေးလည်း ပါလာသည်။ ထိုမိန်းမသည်လည်း နိုင်ဓာနှင့် မိုးနှောင်းကို အသေအချာပဲ ရှုစမ်းအကဲခတ်နေလေသည်။

"သား ... ကြည့်စမ်း၊ တိုက်တိုက်ဆိုင်ဆိုင် လာဆုံရတယ်လို့"

အဲဒီစကားဟာ ရိုးရိုးပြောတာလား၊ ဘာကိုရည်ရွယ်ပြီး ပြောသလဲဆိုတာတော့ မိုးနှောင်း မဝေခွဲတတ်ပါ။ လက်များတွေ အေးစက်လာပြီး ဒူးတွေညွတ်လဲကျသွားမတတ် ခံစားလာရသည်။ ဘယ်သူ့မျက်နှာကိုမှ မကြည့်ဝံ့ဘဲ အရာအားလုံးသည် မိုးနှောင်းရဲ့မျက်လုံးထဲတွင် ဝါးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ဟုတ်တယ် ဒယ်ဒီ။ ဒယ်ဒီ့ကို မိတ်ဆက်ပေးရဦးမယ်။ ဒါ သားရဲ့မိတ်ဆွေပါ ... မိုးနှောင်းလွန်တဲ့။ မိုးနှောင်း ... ဒါက ကျွန်တော့်ဒက်ဒီပါ"

"တွေ့ရတော ဝမ်းသာပါတယ် မိုးနှောင်းလွန်။ ကိုယ်က ထန်မိုးပါ"

ဦးထန်မိုးက ဘာမှမဖြစ်သလိုဖြင့် လက်တစ်ဖက်ကမ်းပေးသည်။ ရှင် ... ဘာလို့အပိုတွေ လုပ်နေတာလဲ ဦးထန်မိုး။ ဦးထန်မိုးက လုပ်လေဟူသော ပုံစံမျိုးဖြင့် မျက်ခုံးတစ်ချက်ဆတ်ပြသည်။ အဲဒီမျက်လုံးတွေထဲမှာ ဟန်မပျက်နဲ့လေ ဆိုသောသတိပေး အရိပ်ယောင်တွေ ပါဝင်နေသည်။ မိုးနှောင်းက လက်တစ်ဖက်ကို အားယူပြီး ဆန့်တန်းလိုက်ရသည်။

သူက ဖျစ်ညှစ်နှုတ်ဆက်လိုက်သော မိုးနှောင်းရဲ့လက်တွေကို သတိပေးသလို တင်းတင်းဆုပ်ကိုင်ပါသည်။ မိုးနှောင်းသည် စကားတောင် တစ်ခွန်းမှ ပြန်မပြောမိ။

"ဒါ ကိုထန့်သားလား ချောတယ်နော်"

ဘေးနားက မိန်းမထံမှ အသံသာကို ပထမဆုံးကြားရသည်။ သူက ခေါင်းတစ်ချက်ဆတ်ရင်း ပြုံးပြကာ "ဟုတ်တယ်"





ကလွဲ၍ ဘာမှထပ်မပြော။ မိုးနှောင်းက နိုင်ဇော့ကို ဘယ်လိုမိတ်ဆက်ပေးမလဲဆိုတာ အသည်းအသန် စောင့်နေမိသည်။ သို့သော် စကားထွက်လာဖို့ လမ်းမမြင်ပါ။ နိုင်ဇာကပဲ အကင်းပါးစွာနှုတ်ဆက်သည်။

"ကျေးဇူးခင်ဗျ၊ ကဲ ... ဒယ်ဒီတို့ ကြည့်လေ။ သားလည်းသူနဲ့ကိစ္စလေးတစ်ခု ရှိသေးလို့ သွားတော့မယ်"

"အိုခေ ... သား၊ နောက်မှ တွေ့တာပေါ့"

"ခွင့်ပြုပါ ခင်ဗျာ"

နိုင်ဇာက ဟိုမိန်းမကို ယဉ်ကျေးစွာ နှုတ်ဆက်ရင်း မိုးနှောင်းရဲ့လက်တစ်ဖက်ကိုဆွဲရင်း လှည့်ထွက်သည်။ သရုပ်ပျက်သည်ပဲဆိုဆို၊ လူရာမဝင် ညံ့ဖျင်းသည်ပဲပြောပြော မိုးနှောင်းသည် ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ နိုင်ဇော့နောက်သို့ မပြေးရုံတမယ် ပါလာခဲ့လေသည်။

ဟိုတယ်အပြင်ဘက်ရောက်တော့မှ အပြင်က ဆီးကြိုမွှေ့ဖက်လိုက်သောလေကြောင့် အသက်ရှူချောင်သလို ဖြစ်သွားရသည်။ မိုးနှောင်းရဲ့လက်တွေကို ကိုင်ထားသော နိုင်ဇာက တစ်ချက်ဖျစ်ညှစ်ပြီးမှ လွှတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်တွေ အေးစက်နေတာပဲ"

"ဟင် ... အင်း"

"နေကောင်းရဲ့လား မိုးနှောင်း"

မိုးနှောင်းက အထိတ်ထိတ် အလန့်လန့် တုန်လှုပ်နေသော မျက်ဝန်းများဖြင့် နိုင်ဇာ့ကို မော့ကြည့်မိသည်။ နိုင်ဇာက မိုးနှောင်းကို ကရုဏာသက်သော အကြည့်များဖြင့်ကြည့်လျက်ရှိနေသည်။

"ရုတ်တရက် နေမကောင်းချင်သလို ဖြစ်လာလို့ပါ၊ အိမ်ပြန်ပို့ပေးပါနော် နိုင်ဇာ"

"ပို့ပေးပါ့မယ်၊ မိုးနှောင်း အိမ်ရောက်မှ မသက်သာမှာစိုးလို့၊ ဆေးခန်းသွားမလားဟင် မိုးနှောင်း"

"ရတယ် ... အိမ်ရောက်လို့ ရှူဆေးလေးနဲ့ ခဏမှိန်းလိုက်ရင် သက်သာသွားမှာပါ"

"အင်း ... ဒါဆိုလည်း အိမ်ပြန်ပို့ပေးမယ်နော်"

ကားပေါ်မှာ မိုးနှောင်းက မျက်လုံးများကို အသာမှေးမှိတ်ရင်း လိုက်ပါလာသည် ဦးထန်မိုး ပြောပြဖူးသော အကြောင်းအရာတွေကို နားထဲမှာ ပြန်ကြားယောင်လာရင်း နိုင်ဇာဟာ





ဦးထန်မိုးနဲ့ ဘယ်လိုပတ်သက်လဲ ဆိုတာ သိလာရသည်။ အဲဒီလောက်ပဲ လောကကြီးက ကျဉ်းသလားကွယ်။ အထူးသဖြင့် မတွေ့လို၊ မမြင်လို၊ မဆုံစည်းလိုသူနှင့် ဘာကြောင့်များ တည့်တည့်ဆုံစည်းရတာလဲ။

ပြီးတော့ ဒါဟာ မပတ်သက်ကြသော သူတွေလည်း မဟုတ်။ မိုးနှောင်း ဘာကိုမှ ဆက်မစဉ်းစားချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



# ၄၂ ၁

အဲဒီအဖြစ်အပျက်ဖြစ်ပြီး တစ်ပတ်ကျော်သည်အထိ ဦးထန်မိုးထံမှ ဆက်သွယ်မှုတစ်စုံတစ်ရာ မရရှိခဲ့တော့ပါ။ နိုင်ဇာကတော့ နေကောင်းလားလို့ သာကြောင်းမာကြောင်း ဖုန်းဆက်မေးပြီး အဆက်သွယ် မရှိတော့။ မိုးနှောင်း တစ်ယောက်တည်း ဘာကိုနားလည်ပြီး နေရမယ်မှန်း မသိဘဲ တစ်ယောက်တည်း ချောက်ချားသောညတွေကို ဖြတ်ကျော်ခဲ့ရသည်။

ဒါပေမဲ့ တစ်ရက်မှာတော့ နိုင်ဇာက ဖုန်းဆက်ကာ အပြင်မှာတွေ့ဆုံဖို့ ချိန်းခဲ့သည်။ မိုးနှောင်းသည် နိုင်ဇာ့ဆီက ဘာများသိရမလဲဟူသော စိုးရိမ်စိတ် တထိတ်ထိတ်ဖြင့် သွားခဲ့သည်။ နိုင်ဇာ့ပုံစံကတော့ အေးအေးဆေးဆေး ကြည်ကြည်သာသာပါပဲ။



BURMESE CLASSIC .com



"ကျွန်တော် မိုးနှောင်းကို နှုတ်ဆက်ရင်း မုန့်ကျွေးချင်တာလည်း ပါတယ်၊ မနက်ဖြန် ကျွန်တော် ပြန်တော့မယ်လေ"

"အို ... ဟုတ်လား"

"ဟုတ်တယ် ... ကြားထဲမှာလည်း အလုပ်ရှုပ်နေတာနဲ့ မိုးနှောင်းနဲ့တွေ့ဖို့ အချိန်တောင် မပေးနိုင်ဘူး ဖြစ်နေတာ။ ဆောရီးပါ။ ခုတော့ ကျွန်တော် မိုးနှောင်းအတွက် အဖိုးတန်တဲ့ လက်ဆောင်တစ်ခု ပေးခဲ့မလို့"

"ရှင် ... ဘာပေးမှာလဲ၊ တို့ ဘာမှမလိုချင်ပါဘူး။ တန်ဖိုးကြီးတာတွေ မပေးပါနဲ့ နိုင်ဇာ"

"ဟာက် ... တန်ဖိုးဆိုတာ လူတွေရဲ့သတ်မှတ်ချက် တစ်ခုပါ။ ကဲ ... ဒီ CD လေးကို တန်ဖိုးကြီးတဲ့ အရာတစ်ခုလို့ မိုးနှောင်း သတ်မှတ်ဦးမှာလား"

သူက မိုးနှောင်းရဲ့ရှေ့သို့ ရွှေရောင် CD လေး တစ်ချပ်ကို ချပေးလိုက်သည်။ မိုးနှောင်းက နိုင်ဇာ့ကို နားမလည်သလို မော့ကြည့်မိသည်။ နိုင်ဇာက ငြိမ်းချမ်းသောအပြုံးနှင့် ပြန်ကြည့်နေသည်။

"သာမန်အားဖြင့်တော့ ဒီ CD လေးက ဘာမှမဟုတ်ဘူးပေါ့။ ဒါပေမဲ့ တန်ဖိုးကြီးနှလုံးသားတစ်စုံ ပါနေတယ် _



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းအတွက်လည်း တန်ဖိုးဖြတ်နိုင်မှာ မဟုတ်ပါဘူး။ ဒါလေးကို မိုးနှောင်း ပျော်ရွှင်အောင် ကျွန်တော် လက်ဆောင်ပေးခဲ့ပါရစေ”

သူက ခပ်ပြုံးပြုံးပြောရင်း CD လေးကို မိုးနှောင်းရှေ့သို့ ထွန်းပေးလိုက်သည်။ သူ့စကားတွေကို နားမလည်ပေမယ့်လည်း တစ်ယောက်ရဲ့အေးချမ်းမှုက တစ်ယောက်ထံသို့ ကူးစက်တတ်တဲ့သဘော ရှိလားတော့ မပြောတတ်။ ရွှေရောင် CD လေးကို မိုးနှောင်းက တုန်ယင်သော လက်များဖြင့် အသာလှမ်းယူလိုက်မိလေသည်။

❦ ၀ ❦



BURMESE CLASSIC .com



TV ဖန်သားပြင်ပေါ်မှာ မြင်နေရသော မိန်းကလေးတစ်ယောက်သည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ဖြင့် လျှောက်လှမ်းလာသည်။ ပညာကို ကြိုးစားသင်ယူမည့် အသွင်သဏ္ဍာန်မျိုး သူမရဲ့ရုပ်သွင်မှာ ပေါ်လွင်နေလေသည်။ သူမဟာ အခြားသူတော့ မဟုတ်။ မိုးနှောင်း ကိုယ်တိုင်သာပါပဲ။ နေ့စဉ်နဲ့အမျှ ဆိုသလို မိုးနှောင်း သင်တန်းတက်တဲ့ ပုံရိပ်တွေကို တစ်နေရာကနေ၍ တစ်စုံတစ်ယောက်က တိတ်တဆိတ် ရိုက်ကူးထားတာဖြစ်သည်။

ဒါတွေက နိုင်ဇာ ရိုက်ထားတာလား။ တွေးနေတုန်းမှာပဲ ဖျတ်ခနဲ ပေါ်လာတာက နိုင်ဇာရဲ့ရုပ်သွင်ဖြစ်သည်။ TV ထဲမှာ နိုင်ဇာသည် မိုးနှောင်းကို စကားလှမ်းပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးနှောင်း … မိုးနှောင်း သင်တန်းတက်တဲ့ ပုံတွေကို အချိန်မှန် စောင့်ကြည့်ပြီး ဒီလို ရိုက်ထားတာ ဒယ်ဒီပါ … (ဒိန်း … နှလုံးခုန်သံက အကျယ်ကြီး မြည်သွားသည်။)

တကယ်တော့ ဒယ်ဒီဘဝက သနားဖို့ ကောင်းပါတယ်။ ဒယ်ဒီက ကျွန်တော့်အဖေအရင်း မဟုတ်ပေမယ့် သူ့ကို ကျွန်တော့်အဖေလိုပဲ ချစ်တယ်။ သူ့ရဲ့အထီးကျန်ဘဝကို သာယာစေချင်တယ်။ သူချစ်တဲ့ သူ့ကိုချစ်တဲ့ မိန်းမတစ်ယောက် ဒီလောက ကြီးထဲမှာ ပေါ်ပေါက်လာစေဖို့ အမှန်တကယ် ဆုတောင်းခဲ့ပါတယ် …

ကျွန်တော့်ဆုတောင်း ပြည့်တယ်ပဲ ပြောရမလား။ ဒယ်ဒီက မိုးနှောင်းလွန် ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်သွားခဲ့တယ်လေ။ တစ်ချိန်က သူ စိတ်ကူးယဉ်ခဲ့သလို သူ့ချစ်သူ မိန်းကလေးကို တိတ်တဆိတ် ချောင်းကြည့်ရင်း မိုးနှောင်းကို ဘယ်လိုဖွင့်ပြောရမလဲ ဘယ်လိုပြောင်းလဲယူရမလဲဆိုတာ စဉ်းစားမရ ဖြစ်နေခဲ့တာ …

တစ်နေ့က ဟိုတယ်မှာ မိုးနှောင်း အမူအရာအရမ်း ပျက်နေတာကို ကျွန်တော် ရိပ်မိခဲ့တယ်။ ဒါပေမဲ့ ဒယ်ဒီ





နဲ့ပတ်သက်မှုကိုတော့ မသိခဲ့ပါဘူး။ ဒီအခွေကလည်း ဒယ်ဒီ့အခန်းထဲမှာ ဖွင့်လက်စကို သူ ရေချိုးနေတုန်း အမှတ်တမဲ့ သွားတွေ့ခဲ့တာပါ …

ဒါကြောင့် ဒယ်ဒီ့ကို အေးအေးဆေးဆေး ရှင်းပြခဲ့တယ်။ ကျွန်တော် ကြားထဲက မေတ္တာရပ်ခံပါရစေ မိုးနှောင်း။ ဒယ်ဒီက မိုးနှောင်းကို တကယ်ချစ်သွားတာပါ။ သူ့ဘဝရဲ့ အချစ်ဦးဆိုရင်တောင် လက်ခံလို့ရတဲ့ အနေအထားပါ …

ဒါကြောင့် ဒယ်ဒီ့အချစ်ကို အသိအမှတ် ပြုစေချင်တယ်။ ဒယ်ဒီရော မိုးနှောင်းရော ပျော်ရွှင်ကြပါစေဗျာ။ ကျွန်တော်တို့ နောက်တစ်ကြိမ် ထပ်ဆုံတွေ့ဖို့ မျှော်လင့်ပါတယ်"

နိုင်ဇာရဲ့ရုပ်သွင် ပျောက်ကွယ်သွားသည်။ ဝိုင်းဝိုင်းရဲ့သီချင်းသံနှင့်အတူ မိုးနှောင်းရဲ့ဓာတ်ပုံများက လှပစွာ Editing လုပ်ထားတာ ထွက်ပေါ်လာလေသည်။

"မိုးသဲပါစေ xxx နှင်းခဲပါစေ xxx အပြင်းဆုံးနေ xxx ပူချင် ပူပါစေ xxx အို … နောင်ဘဝထိ ချစ်ပါရစေ xxx



www.burmeseclassic.com

www.burmeseclassic.com



မပြောင်းလဲနိုင်ပါ xxx ထာဝရလေ ... ဆူးခင်းတဲ့ ဘဝလမ်းထဲ xxx နင်းမယ့်ဖဝါးတွေ မနာကျင်ဖို့လေ xxx အို ... မင်းအတွက် ... ငါကိုနင်း ... လျှောက်ပါလေ ...

တကယ်ဆိုရင်လေ xxx မင်း အချစ်ကြောင့် xxx ငါဟာ ဘဝလည်းရှိ xxx မေတ္တာရယ် xxx သိမ်မွေ့ခြင်းတွေ တကယ်ကို ကျေးဇူးပါ"

အို ... နှလုံးသားကို ထိရှစေသော သီချင်းပါလား။ မင်းအချစ်ကြောင့်တဲ့။ အဟင်း ဟင်း ... အဟင်း ... ဟင်း။

အဲလိုပဲ နှုတ်ခမ်းက ရယ်သံထွက်ရင်း အရှူးတစ်ယောက်လို ရယ်သွမ်းသွေးကာ မျက်ရည်တွေက ဘယ်လိုကျမှန်းမသိ စီးကျလာသည်။ လက်ဖနောင့်နှင့် မျက်ရည်တွေကို ပွတ်သုတ်ရင်း ကြည်ကြည်နူးနူး ပြုံးမိသည့်ကြားမှ မျက်ရည်က ထပ်ကျလာပြန်သည်။

မိုးနှောင်း ဘယ်လိုပြောပြရမလဲကွယ်။

"တင်း တောင် ... တင်း တောင်"

ဟော ... ဘဲလ်သံ။ မိုးနှောင်းက အိမ်ရှေ့တံခါးဆီသို့ တအားပြေးသွားမိသည်။ တံခါးဖွင့်လိုက်လျှင် ထင်ထားသည့်





အတိုင်း သူ့ကို တွေ့လိုက်ရလေသည်။ အနည်းငယ်ရှည်ကာ ဖရိဖရဲဖြစ်နေသော ဆံပင်၊ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲဖြင့် ရွှဲနေသလိုရှိသော ဦးထန်မိုးက မိုးနှောင်းကို ငိုငေးစိုက်ကြည့်နေသည်။

မိုးနှောင်းက လွှတ်ပေးလိုက်သော စိတ်ဖြင့် သူ့ကို တအားပြေးဖက်ပစ်လိုက်ပါသည်။ ပြီးတော့ ... သူ့ရင်ခွင်ထဲဝင်ကာ ဘာကြောင့်မှန်းမသိဘဲ ရှိုက်ငိုမိသည်။

သူက မိုးနှောင်းရဲ့ဆံပင်များကို ဖွဖွသပ်ပေးသည်။ ပြီးတော့ မိုးနှောင်းရဲ့မျက်နှာကို ဆွဲမော့စေပါသည်။

"မငိုပါနဲ့တော့ အနှောင်း"

"ကျွန် ... ကျွန်မတို့ ... ဘာလို့ ဒီလို ကြုံရတာလဲဟင်။ ဒီလို အဖြစ်မျိုး ..."

"ချစ်ခြင်းမေတ္တာ ဆိုတာ ဘယ်လိုနေရာမျိုးမှာပဲဖြစ်ဖြစ် ပေါက်ဖွားရှင်သန်နိုင်တယ်ဆိုတာ လက်တွေ့ယုံရပြီပေါ့။ ပြီးတော့ ကိုယ်တို့နှလုံးသားတွေက တစ်ခါမှ မချစ်ဘူးတဲ့ အပျိုစင်နှလုံးသားတွေ ဖြစ်နေတာကြောင့်လည်း ပါမှာပါ ... မင်းကို အရမ်းချစ်ပါတယ် မိုးနှောင်းရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကား ... အဲဒီစကားကပဲ မိုးနှောင်းကို အသက်ရှင်ခွင့် ပေးလိုက်သလိုပါ။ သူ့ကို ချစ်စကားပြန်ပြောဖို့ရာထက် ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးသော အရာတစ်ခုကိုသာ လုပ်လိုက်မိပါသည်။ အဲဒါကတော့ ခြေဖျားထောက်လျက် သူ့ပါးတစ်ဖက်ကို မြတ်မြတ်နိုးနိုး နမ်းရှိုက်မိခြင်းပါပဲ။ သူ ကျေနပ်စွာ ပြုံးနေမည်ဟု အတပ်သိပါသည်။

တစ်ခါတစ်ရံမှာ အချစ်ဆိုတာ အစီအစဉ်မကျတတ်သော ဇာတ်ညွှန်းတစ်ပုဒ်လို ဖြစ်တတ်ပေမယ့် ဇာတ်သိမ်းကောင်းဖို့သာ အရေးအကြီးဆုံးပဲ မဟုတ်လားနော်။

BURMESE CLASSIC .com

ချစ်ခင်လေးစားစွာဖြင့်

ဆုမြတ်မွန်မွန်

11: 30 (A:M)

2.7.2013

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် (၀၀၆)၊ သုမင်္ဂလာ(၆)လမ်း။ သုမင်္ဂလာအိမ်ရာ၊ သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com